

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com
BURMESE CLASSIC .com
မောင်ကျော်လှိုင်
ဝေဒနာ
စာပေ

www.burmeseclassic.com



www.burmeseclassic.com

# ရှား

## အဖော်

စာမူခွင့်ပြုချက်အမှတ် - ၅၅၃ / ၂၀၀၂ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၉၈ / ၂၀၀၂ (၇)

၂၀၀၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ် ၊ ၃၀၀/-

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလားဒုံ၊ ရန်ကုန်မြို့

ပုံနှိပ်သူ . . . ဦးကျော်လှိုင် (စေတနာ OFFSET )၅၅၇၃

အမှတ် (၅၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

# ရှူး

# စစပေါ်



စီစဥ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

# ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။


## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ခြေမှုန်းကြ။

www.burmeseclassic.com

# အပိုင်း (က)

www.burmeseclassic.com



စေတနာစာပေ

လျှပ်မီးရောင် ဝင်းခနဲ လက်သည်တွင် ထီးတည်း ဖြစ်နေသော လမ်းမနှင့် ဟိုဘက်ပလက်ဖောင်းဘေးက စတိုးဆိုင်၊ ဗီဒီယိုအငှားဆိုင် ဆိုင်းဘုတ်တွေကိုပင် ထင်ထင်ရှားရှား မြင်လိုက်ရသည်။ ကျွန်မ ခေါင်းပေါ်မှာ မီးခိုးပြာရောင် ခရိုရှေး ခန်းစီးစ အတိုလေးပင် လွင့်ခနဲ လှုပ်ခတ်သွားသည်ရယ်လို့ ထင်လိုက်မိပါသည်။ မိုးသည်းသည်းအောက်က ကတ္တရာလမ်းမကတော့ ချောက်ချားဖွယ် ကောင်းလောက်အောင်ပင် အသက်ကင်းမဲ့လို့နေသည်။ ရထားသံလမ်းပေါ် ခပ်ဖြည်းဖြည်း နင်းဖြတ်လာသည့် ကားတစ်စီး၏ အသံကိုသော်မျှ မကြားရပါ။ နေ့လယ်နေ့ခင်း ဆိုလျှင်တော့ ရထားသံလမ်းကိုဖြတ်သောကားများဆီက တဂျိန်းဂျိန်းတဂျိုင်းဂျိုင်း အသံတွေကို ကျွန်မတို့အခန်းကပင် ကြားနိုင်သည်။ တချို့ကားတွေက ရထားသံလမ်း အဖုအထစ်ပေါ် အရှိန်လျှော့ပြီး ညင်ညင်သာသာ ဖြတ်ကြပေမယ့် တချို့တွေကတော့ အရှိန်မလျှော့ပဲ ကြမ်းတမ်းလှသည်။ ပြီးတော့ အမြဲတမ်း အလျင်လိုနေသည့် ကားဟွန်း

သံတွေကိုလည်း ဆူညံနေအောင် ကြားရတတ်သည်။ သည်ညမှာတော့ မိုးသံက ဖုံးလွှမ်းထားပြီး တခြား အသံဗလံတွေအားလုံး တိတ်ဆိတ်နေသည်။ တယ်လီဖေးရှင်းက သတင်းကြေညာသံပင် ကျွန်မအခန်းထဲ ရောက်မလာနိုင်ခဲ့။ ကျွန်မကတော့ လူတွေ၊ ကားတွေ၊ စက်တွေ လည်ပတ်လှုပ်ရှားနေသည့် အသံမျိုးထက်စာလျှင် ဘာကိုမှ မကြားနိုင်လောက်အောင် ပြင်းထန်သော မိုးသံကို ပို၍ နှစ်သက်မိသည်။

ကျွန်မ ရပ်နေသော မှန်ပြတင်းပေါက်ကနေ ငုံ့ကြည့်လျှင် တစ်ဖက်ကားလမ်း၏ ပလက်ဖောင်းပေါ်က တိုက်တန်းတွေ၊ ပြီးတော့ အောက်ဆုံးထပ်က ဆိုင်တွေ တချို့ကို မြင်ရသည်။ ကျွန်မ တို့ အောက်ထပ်တွေမှာရော၊ မျက်နှာချင်းဆိုင်တိုက်တွေရဲ့ အောက်မှာပါ ဆိုင်တွေ အတော်များများရှိသည်။ သွားရည်စာမုန့်ကအစ မုန့်ပုံး၊ ကော်ဖီမစ်စ်၊ အအေးပုလင်းတွေရောင်းသည့် စတိုးဆိုင်၊ ဗီဒီယိုတိတ်ခွေအငှားဆိုင်၊ မိတ္တူဆိုင်၊ ရှမ်းခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်စသည်ဖြင့် ဆိုင်တွေ အတော်စုံစုံလင်လင်ရှိနေသည်။ ဟိုစဉ်တုန်းကတော့ ကျွန်မသည် အခုလို အထိုက်အလျောက် စည်ကားသည့်နေရာလေးတစ်ခုမှာ နေထိုင်ခွင့် ရသည့်အတွက် အတော်စိတ်ချမ်းသာရသည်။ လိုချင်တာမှန်သမျှ ဈေးအထိသွားစရာမလိုပဲ အမယ်အတော်များများကို လွင်လင့်တကူ နီးနီးနားနားမှာ ရနိုင်သည်မို့လည်း တစ်မျိုးစိတ်ချမ်းသာသည်။

ထို့ကြောင့်လည်း ကျွန်မက အိမ်ထောင်ပြုပြီး မိသားစုက ခွဲထွက်ရလျှင်တောင် သည်အနီးအနား သည်ပတ်ဝန်းကျင်မှာသာ နေလိုသည်။

ဪ . . . .

စိတ်ကူးတွေက ဦးတည်ရာမဲ့ လွင့်ပျံ့တတ်သည်မို့လား။

မှန်ပြတင်းကခွာပြီး ပိတောက်သားဖြင့် ပြုလုပ်ထားသည့် ဆော့ကုလားထိုင်ပေါ်မှာ ကျွန်မ ပြန်ထိုင်သည်။ မှန်ပြတင်းအပြင်ဖက်မှာ လျှပ်မီးရောင်ကဖြင့် တဝင်းဝင်းတလက်လက်လက်နေဆဲပင်။ မိုးကလည်း အငြိုးတကြီးသည်းပက်နေဆဲပင်။ ပြတင်းတံခါးတွေ အားလုံးပိတ်ထားပြီး နွေးထွေးလုံခြုံနေသည့် အခန်းလေးထဲမှာ ကျွန်မ အသက်ရှူကျပ်ချင်သလိုလို ဖြစ်လာသည်။ သိုးမွေးချည်နှင့် နှစ်ချောင်းထိုးအပ်ကို ပြန်ကိုင်မိပြန်သည်။ သည်တစ်ခါ ကျွန်မရွေးချယ်ထားသည့်အရောင်က ပန်းနုရောင်ဖျော့ဖျော့နှင့် နို့နှစ်ရောင် နှစ်ရောင်စပ် အထည်လေးဖြစ်သည်။ သိုးမွေးချည်နှင့် အပ်တွေပေါ် အာရုံစူးစိုက် ထားလိုက်လျှင် ရင်ဘတ်ထဲလှိုက်ပြီး မွန်းကျပ်နေသည့်ခံစားမှုတွေ နည်းနည်းတော့သက်သာနိုင်ကောင်းရဲ့။

သည့်ထက်ပိုပြီး . . . နေသာထိုင်သာရှိလျှင်တော့ ကျွန်မသည် အောက်ထပ်ဆင်းပြီး ဗီဒီယိုတိတ်ခွေတစ်ခွေ ငှားချင်

www.burmeseclassic.com

သည်။ ရယ်မောစရာ ဟာသဇာတ်ကားတစ်ကား ကြည့်ချင်သည်။ ဝမ်းနည်းစရာ ဇာတ်လမ်းမျိုးကိုတော့ အချိန်ကုန်ခံပြီး မကြည့်ချင်ပါ။ ဟိုစဉ်ကတော့ အသည်းကွဲ ဇာတ်လမ်းတွေကြည့်လည်း ဝမ်းနည်းစရာလို့ သိပ်မထင်တတ်တာမို့ ကျွန်မကို လင်းက စိတ်ဓာတ်ခက်မာသူရယ်လို့ အမည်တပ်ချင်သေးသည်။

ဒါပေမယ့် . . . ခုတော့မကြာခဏ မျက်ရည်ကျဖြစ်နေသည့် ကျွန်မကို လင်းက ဘယ်လို အမည်မျိုးပေး ချင်ဦးမည် မသိ။

လင်းရဲ့ ချစ်စရာ ဆံပင်ပျော့စင်းစင်းလေးတွေကို သတိရမြင်ယောင်မိလျှင် ကျွန်မ ရင်ဘတ်ထဲက အသက်ရှူနှုန်းတွေ မြန်ဆန်ပြီး အသက်ရှူဖို့ ပိုခဲယဉ်းပြန်သည်။ ကျွန်မ၏ လှုပ်ရှားနေသော လက်ချောင်းတွေ တုံ့ခနဲရပ်ပြီး ကုလားထိုင်ပေါ်မှာ အသက်မဲ့သူလို မလှုပ်မယှက်ငြိမ်သက်နေလိုက်မိ၏။ လက်ချောင်းများနှင့် ခန္ဓာကိုယ်ထဲက အင်အားတွေကို စုပ်ယူခံလိုက်ရသူလို အတွေးမျှင်တန်းတွေကပင် ကျွန်မကို နှိပ်စက်နိုင်ခဲ့သည်။ နွမ်းနယ်ပင်ပန်းသွားရသည်မှာ ကျွန်မ တိမ်စိုင်တွေကို စီးပြီးမျောလွင့်နေရသူလိုပါပဲ။

သည်လိုပဲ မကြာခဏ ကျွန်မက မျောလွင့်နေတတ်သည်။ ဟင်းလင်းပြင်ထဲ မျောလွင့်နေရင်းကနေ ကျွန်မ . . လင်းကို ရှာမိသည်။ အော်ဟစ်ခေါ်မိသည်။ အိပ်မက်တွေထဲမှာများ . . .

www.burmeseclassic.com


လင်းကို တွေ့ရလျှင် လင်း ဘယ်တော့မှ ရှင်ပျရိပ်မရှိ။ လင်းရဲ့ မျက်နှာက မှိုင်းညို့ကြေကွဲနေတတ်သည်။ ကျွန်မက အမောတကော လင်းကိုပွေ့ဖက်လျှင် လင်းရဲ့ခန္ဓာကိုယ်က နွေးထွေးမနေပဲ ကျောက်စိုင်ကျောက်သားလို တောင့်တင်း အေးစက် . . . လို့။

တကယ်က . . ကျွန်မသာ ဖြစ်ရမှာနော်။ သေဆုံးခြင်းဆိုသည့် အိပ်မက်တွေကို ကျွန်မက မကြာခဏ မက်တတ်သည်။ အိပ်မက်ထဲမှာပင် အသက်မဲ့နေသော ကျွန်မ ရဲ့ခန္ဓာကိုယ်ကို မြင်ရသည်မှာ သွေးပျက်ချောက်ချားဖွယ်ပင်ဖြစ်သည်။ ဒါပေမယ့်လည်း သေခြင်းတရားက လွတ်မြောက်စေဖို့ ကျွန်မ မရုန်းကန်နိုင်ခဲ့။

အင်းလေ . . .

ဒါဟာ မရှောင်လွှဲနိုင်တဲ့ ကျွန်မအတွက် လမ်းပဲ။

ဒီကမ္ဘာပေါ်မှာ ဖြစ်တည်သမျှ သက်ရှိတွေအတွက် ရွေးချယ်စရာ မရှိတဲ့ တစ်ခုတည်းသောလမ်းပဲ။

မျက်ရည်မကျဖြစ်တော့သည်က ကျွန်မ အရင်ကထက် ပိုပြီး ရင့်ကျက်လာသည်မို့ မဟုတ်နိုင်ပါ။ နောက်ထပ် မျက်ရည်ကျစရာ မျက်ရည်ဆိုတာ မကျန်ရစ်တော့သည် ကြောင့်သာ ဖြစ်ပါလိမ့်မည်။ သေခြင်းတရားဆိုသည့် စကားလုံးက ကျွန်မအတွက် အစိမ်းသက်သက် ဖြစ်နေရာကနေ လျင်မြန်စွာနီးကပ်လာပြီး ရင်းနှီးခဲ့ရတာဆိုတော့ ကျွန်မ မချောက်ချားပဲ ဘယ်နေနိုင်ပါ့

www.burmeseclassic.com


မလဲ လင်း . . . ရယ်။

အို . . .

မတွေးချင်ဘူး . . .

ကျွန်မ မေ့ထားချင်တယ်။

"သမီးရေ . . . ဆေးသောက်ချိန် ရောက်ပြီ"

အခန်းတံခါး ပွင့်လာသံ မကြားရပဲ မေမေ့အသံကို ရုတ်တရက်ကြားလိုက်ရသည်မို့ ကျွန်မနည်းနည်းတော့ ထိတ်လန့်သွားမိသည်။ ဟန်မပျက်အောင် သိုးမွေးချည်နှင့်အပ်ကို ပြန်ပြီး ကိုင်ထားလိုက်ရသည်။ မေမေက အချိန်တိုတိုအတွင်းမှာ ကျွန်မ ရှေ့ရောက်လာသည်။ ခုတင်နှင့်ကပ်လျက် မှန်ဘီရိုပုလေးရဲ့ အံဆွဲထဲ ထည့်ထားမြဲဖြစ်သော ဆေးကတ်တွေထဲက ကျွန်မ သောက်ရမည့် ဆေးတွေကို ရွေးချယ်ယူနေသည်။ မေမေ့ လှုပ်ရှားမှုတွေကို နောက်က လိုက်ငေးကြည့်ရင်းပင် ကျွန်မသည် ဘဝကို ခင်တွယ်ခြင်း၊ မိသားစုအပေါ် နှောင်တွယ်ခြင်းတို့ဖြင့် ပို ပိုပြီး သတ္တိတွေ နည်းလာပြန်၏။ သည်ဖက်ပြန်လှည့်လာသည့် မေမေ့ နှုတ်ခမ်းတွေက ကျွန်မကို နှစ်သိမ့်မြဲအတိုင်း ပြုံးလျက်ပင်။

" သမီး ဒီနေ့ အတော်လန်းတယ် နော် "

ဒီနေ့ ဟု ဆိုရပေမယ့် . . . ကျွန်မ ကြားရနေကျ အားပေးစကားတစ်ခွန်းပင်။ အဲသည် အားပေးစကားသည်ပင် ကျွန်မအတွက် ကောက်ရိုးတစ်မျှင်ဖြစ်သည်။

"ကောင်းပါတယ် မေမေ၊ အိုဗာတင်းလည်း ခွက်ကြီး တစ်ခွက်ကုန်တယ်၊ ပေါင်မုန့်ထောပတ်သုတ်လည်း စားတယ်၊ ခေါက်ဆွဲပြုတ်လည်း သောက်တယ်"

"အံမယ် . . . ဒါဆို ဒီနေ့ ဘယ်ဆိုးလို့လဲ၊ ဒါကြောင့်လည်း သမီး ဒီလောက်လန်းဆန်းနေတာပေါ့ ၊ ချည်တွေတစ်ချိန်လုံး ထိုးမနေနဲ့ သမီး၊ ခေါင်းကိုက်နေမယ်"

"ဖေဖေ အိပ်ပြီလား မေမေ"

"မအိပ်သေးပါဘူး သမီးရဲ့၊ အစောကြီး ရှိသေးတာ၊ နိုင်ငံခြားသတင်း နားထောင်ဦးမှာပေါ့၊ သမီးရောအိမ်ရှေ့ထွက်ပြီး တီဗီ ကြည့်ပါဦးလား"

"ဟင်အင်း . . . မကြည့်ချင်ပါဘူး မေမေရယ်"

မေမေက ဆေးပြားတွေကမ်းပေးပြီး . . . ကူလာ (**cooler**)ထဲကရေတစ်ခွက်ငှဲ့လျက်လှမ်းပေးသည်။ ပြီးတော့လျှပ်ရောင်လက်သည့် ပြတင်းပေါက်ဆီ လှည့်ကြည့်သည်။

"ဒီ ပြတင်းပေါက်ကိုတော့ လိုက်ကာအရှည် အထူစတွေနဲ့ လဲတပ်မှပဲ၊ မဟုတ်ရင် သမီး လန့်နေဦးမယ်"

ကျွန်မရဲ့ မီးခိုးပြာရောင် ခရိုးရှေးခန်းဆီးကလေးကို မေမေ စိတ်တိုင်းမကျနိုင်ဘူးထင်သည်။ အလှအပသက်သက်ဖြစ်ပြီး လုံခြုံဖို့ကျတော့ အသုံးမဝင်လှဘူးလေ။

ဒါပေမယ့် ကျွန်မက ခေါင်းမာလှသည်။

"မလဲပါနဲ့ မေမေရယ်၊ သမီး မကြောက်တတ်ပါဘူး"

မေမေက အပြုံးရိပ်ဖြင့် မျက်စောင်းချီရင်း . . .

"သူ့လက်ရာကို ကြွားချင်တာနဲ့ပဲ"

ဟု ကျွန်မ မခံချိမခံသာဖြစ်အောင် ကျီစယ်လေသည်။ မေမေ့အပြုံးသည် အေးမြကြည်လင်မြဲဆိုပေမယ့် တောက်ပမှုတွေတော့ ခန်းခြောက်ခဲ့ပြီထင်၏။ ကျွန်မ၏မိခင်သည် သဘောကောင်းဟန်ပေါ်လွင်သည့် မြန်မာပီသသည့် မျက်နှာကျရှိသည့် အမျိုးသမီးတစ်ဦးပင်။ အသားညိုပြီးနှာတံမပေါ်လှပေမယ့် မေမေ့နှုတ်ခမ်းက သေးငယ်သည်။ မျက်ခုံး မျက်လုံး ကောင်းသည်။ မျက်ဝန်းတွေကဆို နက်မှောင်နေပြီး ဟိုစဉ်ကတော့ တဖျပ်ဖျပ်တောက်ပ အရည်လဲ့နေတတ်သည်။ ကျွန်မ သိသလောက်ဆို . . . မေမေဟာ သားသမီးနှစ်ယောက် မွေးဖွားခဲ့ပေမယ့် အိုစာလွယ်သူမဟုတ်ခဲ့။ ခန္ဓာကိုယ်ကတော့ အသက်ငါးဆယ်ကို ချဉ်းကပ်လာနေသည့် အမျိုးသမီး တစ်ယောက်အဖြစ် ပုံမှန်ထက် တိမ်းစောင်းယိုယွင်းလာပြီပေါ့။ ဒါကလည်း ကြည့်မကောင်းအောင် ပုံပျက်ပန်းပျက် မဖြစ်သေးဘူးဟု ကျွန်မကတော့ ဖော့တွေးသည်။ ကိုယ့်မိခင်မို့ ထင်ပါရဲ့။

ဘယ်လိုပဲပြောပြော . . . မေမေဟာ ဝါးလုံးတိုင်လေးလို ချိနဲ့ဖျော့တော့လှသည့် ကျွန်မထက်တော့ ပိုပြီး ကြည့်ကောင်းနေမှာပါပဲ။

"ဒီလိုသာ တစ်ခုခု လုပ်မနေရဘူးဆိုရင်လည်း သမီး ခု ထက် အသက်တိုလိမ့်မယ်ထင်တယ် မေမေရဲ့၊ ဟိုတွေး ဒီတွေးနဲ့အတွေးတွေကလည်း စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိ"

"သမီးအဲလိုမတွေးရဘူးလေ၊ မေမေတို့ အကောင်းဆုံးဆေးဝါးတွေနဲ့ ကြိုးစားနေကြတာပဲ၊ သမီးလည်း တစ်ရက်ထက်တစ်ရက် အခြေအနေ ပိုကောင်းလာပြီပဲဟာ၊ သမီးစိတ်က တောင့်ခံထားနိုင်ဖို့အရေးကြီးတယ်၊ စိတ်ဓာတ်မကျနဲ့ သမီး"

ကျွန်မက မေမေ့စကားတွေမှာ နွမ်းဖျော့မသွားပဲ မေမေ့ကို အားပေးပြုံးဖြင့် ပြန်ပြီးပြုံးပြဖြစ်သည်။ သို့ပေမယ့် . . . ကျွန်မရဲ့အပြုံးက ဘယ်လောက်ထိ ပီပြင်နိုင်သည်ဆိုတာကို မသိပါ။

"စိတ်ဓာတ်မကျပါဘူး မေမေရယ်၊ ဒါပေမယ့် မေမေတို့ကို အားနာတာပါ ၊ သမီးမှာ ဒီအသက်အရွယ်အထိ မိဘကိုမှီခိုနေရတုန်းပဲ၊ နောက်ပြီး ကိုယ်က ပြန်မပေးနိုင်ပဲ မေမေတို့ကချည်း သမီးအတွက် ကုန်ကျနေရတာ"

ကျွန်မရဲ့ ဝါးလုံးတိုင်လို ခန္ဓာကိုယ်လေးကို မေမေက ဖေးမ,လျှက် ကုလားထိုင်ကနေ ထ,ပြီးခုတင်ပေါ် ကူးရသည်။

"သမီးရယ် . . . မိသားစုဆိုတဲ့ အနှစ်သာရက ဒါပဲပေါ့၊

www.burmeseclassic.com

လူတွေမှာ အသိုင်းအဝိုင်း ပတ်ဝန်းကျင် ရှိရတယ်ဆိုတာ အကြောင်းမဲ့မဟုတ်ဘူး သမီးရဲ့ ၊ တစ်ယောက်ကို တစ်ယောက်ဖေးမဖို့ ကူညီဖို့ အထောက်အပံ့ပေးဖို့ မဟုတ်လား၊ သမီး နေကောင်းလို့ အလုပ်တစ်ခုခုပြန်ဝင်နိုင်ရင် မေမေတို့အတွက် ဖြည့်ဆည်းပေးဖို့ ရသေးတာပဲ မဟုတ်ဘူးလား ”

“သမီးစိတ်အအားရပြီး တောင်တောင်အီအီတွေ လျှောက်တွေးမနေနဲ့လေ ၊ ဖေဖေယူလာတဲ့စာအုပ်တွေကို ဖတ်”

ဖေဖေက ကျွန်မ အိပ်ခန်းဝ ရောက်လာပြန်သည်။ အသက်နှစ်ဆယ့်လေးနှစ်ဆိုသည့် အရွယ်သည် ‘မဟာမြိုင် တောရ ဆရာတော်’ ၏ စာအုပ်တွေဖတ်ဖို့ သိပ်စောလွန်းသေးသည်ဟု ကျွန်မ မထင်ပါ။ အဲသည်လို စာအုပ်တွေက ကျွန်မရဲ့ သောကပူပန်စိတ်တွေ၊ ကြောက်ရွံ့စိတ်တွေကို အထိုက်အလျောက် ဖြေလျော့ပေးနိုင်တာ အမှန်ပင်။ သို့သော်လည်း လောကကို တွယ်တာ စိတ်ဖြင့် အမျှင်မပြတ်ချင်သော သံယောဇဉ်ကို ဘယ်လို ဖြတ်ရမည်လဲဆိုတာ ကျွန်မသိလျှင်တောင် ကြိုးစားမရ။ ကျွန်မသည် ကျွန်မရဲ့ အမြင်အာရုံ၊ အကြားအာရုံနှင့် ထိတွေ့ခံစားသမျှ အားလုံးမှာ တွယ်ငြိစိတ်တွေကိုလည်း မဖျောက်နိုင်ခဲ့။ ပြီးတော့ အရိပ်မဲ့သည့် ကန္တာရလမ်းကို တစ်ယောက်တည်း လျှောက်ရမည်ဆိုသည့် ချောက်ချားမှုကိုလည်း လျော့ပါးအောင် ကြိုးစားမရ။

www.burmeseclassic.com

အဲသည်လို ကျွန်မရဲ့ လွင့်ပါးသော စိတ်တွေကို တစ်ပါးသူတွေ မသိနိုင်အောင် ထိန်းချုပ်ဟန်ဆောင်နေရသည်က လည်း ဝဋ်ကြွေးတစ်ခုပဲ မဟုတ်လား။

"ဖတ်ပါတယ် ဖေဖေရယ်၊ သုံးလေးခေါက်ရှိပြီ ပြန်ဖတ်နေတာ"

"စာတော့ကျေနေပြီဆိုပါတော့၊ သဘောတရားတွေကိုတော့ နှလုံးမသွင်းနိုင်သေးဘူး . . . ဒီလိုလား"

"ရှင်ကလည်း. . . သမီး တရားတွေပေါက်ပြီး သီလရှင်ဝတ်သွားဦးမယ် "

ကျွန်မက မေမေတို့ကို အားနာပြီး ရယ်မောရသည်။ အဲသည် ရယ်သံကို ကျွန်မကိုယ်တိုင်ပင် မနှစ်မြို့။ ဖေဖေက အိပ်ခန်းထဲဝင်လာပြီး ကျွန်မရဲ့ လက်ဖဝါးတွေ၊ နဖူးတွေကို စမ်းသည်။ ရယ်မော မပျက်ပင်။

"သမီး နေကောင်းပါတယ် ဖေဖေရဲ့"

ဟုဖေဖေ့ကို အားပေးသည်လား မသိပဲ ပြောရပြန်သည်။ ခဏနေ ဘယ်သူမှ မရှိတော့ပဲ တိတ်ဆိတ်သွားလျှင်တော့

www.burmeseclassic.com

ကျွန်မ စာကြည့်စားပွဲမှာ ထိုင်မိဦးမည်။ ကျွန်မ လက်ချောင်းတွေကို သယ်နိုင်လျှင် စာတစ်ကြောင်း နှစ်ကြောင်းတော့ ရေးချင်သည်။

ကျွန်မရဲ့ နေ့စဉ်မှတ်တမ်းမှာ ကွက်လပ်တွေများလာပြီ။

❖❖❖

ကြက်သွေးရောင် အဖုံးနှင့် ဒိုင်ယာရီစာအုပ်သည် ကျွန်မရဲ့ ခံစားချက်တွေအတွက် ထွက်ပေါက်ဖြစ်သည်။ စာကြည့်စားပွဲပေါ်မှာ ထောင်ထားသည့် ဓာတ်ပုံမှန်အောင် သေးသေးနှစ်ခုထဲမှာ လင်းနှင့်ကျွန်မ နီးကပ်စွာရှိကြသည်။ နဖူးစည်း အပြာရောင်လေးစည်းထားသည့် လင်းသည် ဓာတ်ပုံရိုက်နေသည်ဟူသော အသိမျိုးဖြင့်မဟုတ်ပဲ သူ့နဂိုနေအတိုင်း ဟက်ဟက်ပက်ပက် ပြုံးရယ်နေသည်။ လင်းရဲ့မျက်နှာကိုသာ မှန်ဘောင် အနေအထားနှင့် ကိုက်ညီအောင် အမိအရ ညှပ်ယူထားတာမို့ လင်းရဲ့နောက်ဘက်လှမ်းလှမ်းမှာရှိသည့် အားကစားရုံ၏ အထက်ကရ ရုပ်ပုံများသည် မှန်ဘောင်ထဲမှာ မပါဝင်ပါ။ လင်းရဲ့ သည်ဖက်မှာတော့ ကျွန်မကိုယ်တိုင် မလိုတမာဖြစ်ရသည့် ကျွန်မ. . ပေါ့။ ကျန်းမာသန်စွမ်းမှုဖြင့် မို့ဖောင်းနေသည့် ပါးပြင်ကလေးများ၊ သဘာဝအတိုင်း နီစွေးသည့် နှုတ်ခမ်းကလေးများနှင့် နွေးနွေးသည် ကျွန်မကို လက်ကလေးမြှောက်ပြပြီး ရယ်မောနေသည်။ သည်ဓာတ်ပုံကိုတော့ အသက်ဝင်လှသည်ဆိုပြီး လင်းက သိပ်သဘောကျခဲ့တာ။ ဒါကြောင့်လည်း မှန်ဘောင်ထဲထည့်ဖို့ ကျွန်မ

ရွေးချယ်ဖြစ်ခဲ့တာ။ ကျွန်မ နောက်ဆုံးနှစ်ကျောင်းသူဘဝတုန်းက ကွန်ဗိုကေးရှင်းရှေ့မှာ အမှတ်တရ ရိုက်ခဲသည့်ဓာတ်ပုံကို ညှပ်ပြီး ထည့်ထားခဲ့ခြင်း ဖြစ်သည်။ အဲသည် နောက်မှာတော့ ကျွန်မ ပတ်စ်ပို့ပုံကလွဲပြီး ဓာတ်ပုံ မရိုက်ဖြစ်တော့ပါ။ ကိုကို နိုင်ငံခြားထွက်စဉ်က လေဆိပ်မှာရိုက်ခဲ့သည့် မိသားစုလှုပ်ရှားနေသည့် ဓာတ်ပုံတွေသာရှိတော့ပြီး ကျောင်းသူဘဝကလို နုပျိုရဲတင်းသည့် အပြုံးအရယ်မျိုးကိုလည်း ဓာတ်ပုံထဲမှာ မတွေ့နိုင်တော့ပါ။

"နွေးက တကယ့်ကလေးမျက်နှာလေးနဲ့၊ ရယ်နေတာကလည်း ဓာတ်ပုံရိုက်လို့ အိုက်တင်လုပ်နေတာမျိုးနဲ့ မတူဘူး၊ အဲဒီ သဘာဝလေးကို ကိုယ်က သဘောကျတာ"

လင်းက သည်ကို မှတ်ချက်ချခဲ့သည်။

ကျွန်မရဲ့ လင်းက မိတ်ကပ် နှုတ်ခမ်းဆိုးဆေး ဖုံးထားသည့် မိန်းကလေးတချို့၏မျက်နှာကို သဘောမကျတတ်သူလေ။ လင်းကအားကစားသမားမို့ အမြဲ သွက်လက်တက်ကြွနေတတ်ပြီး မိန်းကလေးတွေအပေါ် စိတ်ဝင်စားမှုကလည်း တစ်မျိုးဆန်းကြယ်ပါသည်။

"နွေးကို စ,မြင်မြင်ချင်း ကိုယ် ဘာကြောင့် သဘောကျသွားသလဲသိလား၊ နှုတ်ခမ်းဆိုးဆေးတွေ၊ မိတ်ကပ်တွေ ဘာဆိုဘာမှမရှိပဲ ကြည်ပြီးရှင်းနေတဲ့ နွေးရဲ့မျက်နှာလေးကို ကိုယ်သိပ်စွဲလမ်းသွားတာ၊ ကိုယ်က အတုအယောင်

တွေ မကြုံကြုံဘူးကွ”

အဲသည် စကားကို ကျွန်မ နားထောင်နေရသည့် အချိန်တုန်းကတော့ လင်းသည် ကျွန်မရဲ့သဘာဝအတိုင်း ပြေပျစ်နေသည့် ရုပ်ရည်အပေါ် ဂုဏ်ယူကျေနပ်ဟန်တွေ ထင်ထင်ရှားရှား လွှမ်းမိုးလို့ပေါ့။ ကျွန်မတို့ ချစ်သူတွေဖြစ်ပြီး ခြောက်ရက်မြောက်နေ့မှာပေါ့။

ကြက်သွေးရောင် ဒိုင်ယာရီ စာအုပ်ကို ကျွန်မ ဖွင့်လိုက်သည်။ ဒိုင်ယာရီ ရေးကျင့်သည် ကျွန်မ ငယ်ငယ်ကတည်းက ရှိခဲ့သည့် အလေ့ဖြစ်၏။ သို့ပေမယ့် နေ့စဉ်ရယ်တော့လည်း မဟုတ် ထွေထွေထူးထူး မှတ်စရာမရှိသည့် နေ့တွေ ဆိုလျှင်လည်း မရေးဖြစ် ပဲ နေသည့်အခါနေသည်။ သို့သော်လည်း ကျွန်မဘဝ၏ အမှတ်တရများစွာသည် ဒိုင်ယာရီတွေထဲမှာရှိ၏။ စာမေးပွဲအောင်စာရင်းထွက်သည့်နေ့တွေ၊ ခရီးထွက်သည့်နေ့တွေ၊ ကိုကိုနှင့် ရန်ဖြစ်သည့်နေ့တွေ၊ တက္ကသိုလ်စ,တက်သည့်နေ့ စသဖြင့်. . အမှတ်တရ အဖြစ်တွေကို ကျွန်မ၏ မှတ်ဉာဏ်မှာ မေ့လျော့သွားသည့်တိုင်၊ ဒိုင်ယာရီလေးတွေက သိမ်းဆည်းပေးနိုင်မည်ဖြစ်သည်။ အဲသည်လို အမှတ်တရ အကြောင်းအရာများစွာ ရှိနေသည့် ဒိုင်ယာရီ စာအုပ် လေးတွေထဲမှာ ကျွန်မနှင့် လင်း စတင် ဆုံခဲ့သည့်နေ့ရက်တစ်ရက်တော့ဖြင့် မပါဝင်ခဲ့။

ဘာကြောင့်ဆို. . . လင်းက ကျွန်မကို မြင်မြင်ချင်း

www.burmeseclassic.com

စိတ်ဝင်စား စွဲလမ်းမိရသည်ဆိုခဲ့သည့် ကျွန်မက လင်းကိုတော့ ဘယ်လိုမှ မှတ်မှတ်ရရ ဖြစ်မနေခဲ့တာကြောင့်ပင်။ လင်းသည် မိန်းကလေးတစ်ယောက်၏ အမြင်မှာ ထူးထူးခြားခြား ဖြစ်စေဖို့၊ စွဲမက်စေဖို့ ဘယ်လိုထူးခြား စွဲဆောင်နိုင်စွမ်းမျိုးမှ ရှိမနေတာကြောင့်လည်း ကျွန်မက လင်းကို သတိမထားမိခဲ့တာ ဖြစ်နိုင်သလို ကျွန်မ ကိုယ်တိုင်ကလည်း နေ့စဉ် လူအတော်များများနှင့် ဆက်ဆံရပြီး ဘယ်သူ့ကိုမှ အလေးအနက်ထားစရာ မဟုတ်ခဲ့တာကြောင့်လည်း ဖြစ်နိုင်ပါသည်။

ယခင်က ကျွန်မသည် အရောင်းကောင်တာ ဝန်ထမ်း၊ သည့်ထက်ပိုပြီး ခပ်ကြွားကြွားလေးဆိုရလျှင်တော့ အရောင်း မန်နေဂျာဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်မမျက်နှာများစွာနှင့် နေ့စဉ်ဆုံရပြီး လူအတော်များများကို ပါးရိုးတွေညောင်းနေအောင် ပြုံးပြတတ်ရသည်။ မျက်နှာများစွာထဲက ဘယ်သူ့ကိုမှ ထူးခြားပြီး မှတ်မိမနေတာကို လင်း အပြစ်မတင်သင့်ဘူး ထင်ပါရဲ့။

ဒိုင်ယာရီမှာ ဖွင့်လျက်သားစာရွက်လွတ်ပေါ် တစ်ခုခုရေး ချဖို့ပြင်သည်။ မှတ်ပြတင်းဆီက လျှပ်စီးရောင် ပြိုးပြက်သည်ကို မြင်ရပြန်၏။ မျက်ဝန်းတွေ ပူနွေးစိုစွတ်လာလျှင် တစ်စုံတစ်ယောက်က ကျွန်မကို အတင်းတားမြစ်ထားသလို ခေါင်းယမ်းလျက် အတင်းငြင်းဆန်မိပြန်၏။ ဒိုင်ယာရီမှာ ဘောလ်ပင်

အနက်ရောင်ဖြင့် ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်း ဆွဲခြစ်လိုက်သည်။

“လင်း. . . ရောက်မလာဘူး”

လက်ရေး သော့သော့ဖြင့် စာတစ်ကြောင့်သာ ရေးခြစ်မိ၏။

❖❖❖

ဘောလုံးပွဲရှိသည့် နေ့များဆို လင်းကို ကျွန်မ မမျှော်ရချေ။ ထို့အတူပဲ ကမ္ဘာ့ဖလားပွဲတွေ ဆီးဂိမ်းမ်တွေ ဆက်တိုက် ရောက်လာပြီဆိုလျှင် လင်းကို ကျွန်မ ရှာမရတတ်။ လင်းသည် သုတဏ္ဏကွင်းထဲ၊ ဒါမှမဟုတ် ဂြိုလ်ထုကတစ်ဆင့် ဖမ်းယူနိုင်သည့် ရုပ်မြင်သံကြားရှေ့မှာ ရှိနေလိမ့်မည်။ ပြီးတော့ လင်းကမ့်မ် ဝင်ရသည့်အခါတွေကလည်း ကျွန်မနှင့်လင်း ဝေးကွာရသည့် အချိန်တွေ ဖြစ်ပါသည်။

လင်းနှင့်မတွေ့ရခင်များတော့ အားကစားသမားဆိုတာ ဘယ်လိုလူစားများပါလိမ့် ဟု ကျွန်မ ယောင်ယမ်း၍ပင် မတွေးမိပါ။ ကျွန်မသည် ဘောလုံးပွဲတွေ၊ ပြေးခုန်ပစ်တွေ၊ လက်ဝှေ့ပွဲတွေကို ဘယ်လိုမှ စိတ်မဝင်စားသော သမရိုးကျ မိန်းကလေးတစ်ဦးသာဖြစ်သည်။ ကျွန်မ ခင်တွယ်ရသည် ကမ္ဘာ့လေးက သိပ်တော့ မကျယ်ဝန်းလှ။ ကျွန်မတို့မိသားစုက လေးယောက် . . . ပြီးတော့ ဝမ်းကွဲမောင်နှမတွေ၊ သူငယ်ချင်းတွေနှင့် **APRIL**သာ ကျွန်မရဲ့ ကမ္ဘာဖြစ်သည်။

အေပရယ်ရ်က ကျွန်မ အလုပ်ဝင်ရသည့် အားက

စားပစ္စည်းနှင့် ဖိနပ်တွေ၊ ဝတ်စုံတွေ၊ ဂျက်ကက်တွေရောင်းသည့် ဆိုင်ဖြစ်သည်။ အေပရယ်ရ်သည် အတော်အသင့် ပစ္စည်းစုံလင်ပြီး တင်ထားသမျှ ပစ္စည်းတွေကလည်း အမျိုးအစားမှန်ကန်သည့် တန်ဖိုးကြီးပစ္စည်းများသာဖြစ်သည်။ ကျွန်မ အလုပ်ဝင်ကာစကတော့ သောင်းကျော်ပေးရသည့် ဘောကန်ဖိနပ်တွေ၊ တစ်သောင်းနီးပါး ပေးရသည့် ဂေါ့ဖ် ဦးထုပ်တွေ၊ လက်အိပ်တွေ၊ ဒူးစွပ်တွေကို အံ့သြပြီးရင်းအံ့သြရင်း . . . သည်ပစ္စည်းတွေကို သုံးစွဲတတ်သူတွေဟာ ဘယ်လိုလူတွေပါလိမ့်ဟု နားမလည်နိုင်အောင် ဖြစ်သည်။ ကျွန်မတို့နိုင်ငံမှာ ဝင်ငွေအများကြီး ရှိနိုင်သည့် ကြေးစား အားကစားသမားဆိုတာလည်း ကြားမှမကြားမိသေးပဲ။

ဒါပေမယ့် အေပရယ်ရ်ကိုတော့ ကျွန်မက သံယောဇဉ်တွယ် ရပါသည်။

အေပရယ်ရ်က ချစ်စရာငြိမ်သက်သော ကမ္ဘာလေးဖြစ်သည်။ ရှည်မျောကျယ်ဝန်းသော အခန်းထဲမှာ မီးချောင်းတွေက မျက်နှာကြက်မှာမြုပ်လျက် တရုတ်ကပ်လို ငွေမင်ရောင်ဘောင်ကလေးများဖြင့် အုပ်ဆိုင်းထားသည်။ အလယ်က ရှိုးကေ့စ် အရှည်ကြီးထဲမှာ ဖိနပ်တွေအမျိုးမျိုး၊ ဦးထုပ်တွေ၊ လည်စည်းပဝါတွေ၊ ခေါင်းစွပ်ဒူးစွပ်တွေကို ခပ်ရှင်းရှင်း မြင်သာအောင် တစ်ခုနှင့်တစ်ခု ခြားလျက်ထားရှိသည်။ နံရံကပ် ဘီရိုတွေထဲမှာတော့ ဂျက်ကက်တွေ၊ ဘောင်းဘီရှည်တွေ ၊ ဘောင်းဘီတိုတွေ၊ ရေကူးဝတ်စုံတွေ

သူ့အကန့်နှင့်သူ ပြည့်လျှက်ရှိသည်။ အတွင်းဆုံး နံရံနှင့်ကပ်လျက်မှာတော့ ကျွန်းသားထောက်စင်များဖြင့် လှပစွာ ထောင်လျက်ထားရှိသည့် ဂေါ့ဖ်ဆက်တွေရှိသည်။ ဂေါ့ဖ်ဆက်တွေကတော့ အရောင်းရတွင်ကျယ်သည့် ပစ္စည်းမျိုးမဟုတ်ပါ။ သို့သော်လည်း ဂေါ့ဖ်တံတစ်ချောင်း၏တန်ဖိုးသည် ကျွန်မ၏ တစ်လစာ လုပ်အားခ ထက်ပင် များချင်များနေတတ်သည်။ ဂေါ့ဖ်ပစ္စည်း ဝယ်ယူသူများကတော့ များသောအားဖြင့် ငွေကြေးကိုမတွက်ပဲ ပစ္စည်းအမျိုးအစားကောင်းကိုသာ ရွေးချယ်ဝယ်ယူတတ်ကြသည်မို့ အေပရယ်ရ်၏ အရည်အသွေး ထိန်းသိမ်းတတ်သည့်ဂုဏ်ကို ရင်းနှီးပြီးသူနားလည်သူများကတော့ ကျွန်မတို့ဆိုင်၏ ဖောက်သည်များသာ ဖြစ်သွားတတ်ကြသည်။

လုပ်သက်ကြာလာတော့ ကျွန်မသည် ဆိုင်ထဲက ပစ္စည်း များ၏ အရည်အသွေးနှင့်တန်ဖိုးကို ပို၍နားလည်လာသည်။ အမေရိကန်ပစ္စည်းက ဘာအကြောင်းကြောင့် ဘယ်လိုဈေး၊ ဂျာမနီပစ္စည်းက ဘာအကြောင်းကြောင့် ဈေးနှုန်းကဘယ်လို၊ ဆွစ်ဇမိတ်က ဘယ်လိုစသည်ဖြင့် အရည်အသွေးတွေကို ခွဲခြားကြည့်တတ်လာသည်။ သည်ပစ္စည်းတွေက ဘာများထူးခြားလို့ ဒီလောက်ဈေးတွေ ပေးဝယ်နေရတာလည်းဟု နားမလည်တတ်ခဲ့သည့် ကျွန်မသည် သက်မဲ့ပစ္စည်းများနှင့်အတူ အနေကြာလေလေ ပစ္စည်းများ၏ တန်ဖိုးနှင့် ကောင်းကွက်ဆိုးကွက်တွေကို နားလည်လေလေ ဖြစ်

လာသည်။ ပစ္စည်းတစ်ခု၏ အပေါ်ခံလှပပမှုထက် ပိုပြီးနက်ရှိုင်းသည့် လက်ရာသေသပ်မှု၊ ကြာရှည်ခိုင်ခံ့ မှု၊ ကိုင်တွယ် ဝတ်ဆင်ရာမှာ အဆင်ပြေအံ့ဝင်မှုဆိုတာတွေ ကွဲပြားသည်နှင့်အမျှ ပစ္စည်းတန်ဖိုးမှာလည်း ကွဲပြားတတ်သည်ဆိုသည့် သင်ခန်းစာတွေ အတော်များများကို ရရှိပိုင်ဆိုင်ခဲ့ပါသည်။

အေပရယ်ရ်မှာ ကျွန်မလက်အောက် ဝန်ထမ်းတွေက မိန်းကလေးငါးယောက်၊ ယောကျ်ားသုံးယောက်ရှိပြီး ပစ္စည်းထိန်း (စတိုး) တာဝန်ခံလက်အောက်ဝန်ထမ်းက ယောကျ်ားလေးလေးယောက် စုစုပေါင်း ဆယ့်လေးယောက်ဖြစ်သည်။ အလုပ်ရှင်က ဆိုင်မှာ လာထိုင်လေ့ မရှိပါ။ အေပရယ်ရ်လို စတိုးမျိုး သုံးလေးဆိုင် ရှိနေတာမို့ အဲသည်ဆိုင်တွေကို လှည့်ပတ်သွားနေရင်းပင် တစ်ရက်မှာ နာရီဝက်၊ တစ်နာရီလောက် ဆိုင်ကို ဝင်လာတတ်သည်။

ဘယ်လိုပဲဖြစ်ဖြစ်. . . လူဆယ့်လေးယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်စရာ၊ မာနထားစရာ၊ ငြူစူဝန်တိုစရာလည်း သိပ်မရှိလှတာမို့ ကျွန်မတို့ရဲ့ အေပရယ်ရ်က ပျော် ဖို့ကောင်းပါသည်။ ဆိုင်ဖွင့်ချိန်ကနေ ပိတ်ချိန်အထိ တာဝန်က အပြည့်မို့ ဘယ်မှလည်း ထွက်မလည်ရပဲ ကျွန်မတို့ ကမ္ဘာလေးထဲမှာ ကျွန်မတို့ အုပ်စုကလေးတစ်ခုအနေဖြင့် သီးခြားဖြစ်နေခဲ့သည်။ အဲသည် ကမ္ဘာလေးထဲ လင်း ရောက်လာတော့ တည်ငြိမ်

www.burmeseclassic.com

နေသည့် ရေပြင်ထဲ ခဲသေးသေးကျသလို ကယက်သေးသေးတွေ တော့ ထ,ခဲ့သေးသည်။

အချစ် ဆိုတာ ပျော်စရာတွေချည်း ပြည့်နှက်နေသည်ရယ် လို့ မထင်ပေမယ့်. . . စိတ်ရှုပ်ထွေးစရာ၊ ပူပန်စရာတွေချည်း ပြည့်နှက်နေမည်လို့လည်း မထင်ခဲ့တာကြောင့် ကျွန်မရဲ့ နှလုံးအိမ်ကို တံခါးခေါက်ဝင်လာသည့် အချစ်ကို ကျွန်မက ရင်ခုန်စွာပင် ကြိုဆိုခဲ့သည်။

တကယ်တော့. . . ရိုးရိုးလေးပါပဲနော်။

နည်းနည်းလေးမှ မဆန်းပြားသည့် အချစ် ဇာတ်လမ်းလေး တစ်ပုဒ်ပေါ့။

ဒါပေမယ့် . . . ကျွန်မကတော့ ကိုယ့်ကိုယ်ကို သူရဲကောင်း လို ထင်မှတ်ခဲ့သေးသည်။ စွန့်စားခန်းတစ်ခုလို ထင်ခဲ့သေးသည်။

လင်းနှင့်ကျွန်မ ဆုံရသည်ကတော့ ဘယ်လိုမှ မထူးခြားသည့် နွေလယ်ရက် တစ်ရက်ပါပဲ။

အဲသည်တုန်းက လင်းရဲ့ရုပ်သွင်ကို ပြန်တွေးကြည့်မိလျှင်လည်း ရေရေရာရာ ကွဲကွဲပြားပြားမရှိလှ။

လင်းရဲ့ ဆံပင်ရှည်သလား၊ တိုသလား . . .

လင်း ဘာအရောင် ဝတ်ထားသလဲ . . .

လင်းက ကျွန်မကို ငေးကြည့်နေခဲ့သလား . . .

ဘာတစ်ခုကိုမှ ကျွန်မ မမှတ်မိတော့ပါ။

ခပ်ရေးရေး မှတ်မိတာကတော့ ဖိနပ်တစ်ရံ . . .

နာမည်ဆန်းဆန်းလေးနှင့် အားကစား ဖိနပ်တစ်ရံကို ဖြစ်သည်။

❖❖❖

ကျွန်မတို့ နေ့လယ်စာ စားပြီးချိန်တွေက အမြဲပဲ ငြိမ်းငွေ့ အိပ်ငိုက်ချင်စရာဖြစ်နေတတ်သည်။ ဈေးဝယ်သူတွေက နေပူပြင်းသည့် နေ့လယ်ခင်းအချိန်တွေမှာ သိပ်လာလေ့မရှိ။ လေအေးစက်ကြောင့် အေးမြနေသည့် အခန်းထဲမှာ နိုင်ငံခြား သီချင်းတစ်ပုဒ် ခပ်တိုးတိုးပျံ့လွင့်နေတတ်သည့် အချိန်မျိုးဆို ကျွန်မတို့ စကားသံ တိတ်ဆိတ်ပြီး အိပ်ငိုက်သူကလည်းငိုက်၊ စိတ်ကူးယဉ်တတ်သူကလည်း စိတ်ကူးယဉ်ပြီး ငြိမ်သက်နေတတ်သည့် အချိန်မျိုး။

အဲသည်လို အချိန်မျိုးမှာ လင်းက ရောက်လာခဲ့တာ ထင်ပါရဲ့။

သေချာ မှတ်မိနေတာကတော့ ကျွန်မရဲ့ ကောင်တာ စားပွဲပေါ် ဖိနပ်တစ်ရံ ရောက်လာတာကိုပင်။ ဖိနပ်က အညိုနုရောင် ရှူးဖိနပ်ဖြစ်ပြီး ခြေဖဝါးတွေကို မနာကျင် မပွန်းရှစေအောင် အတွင်းပိုင်းက နူးညံ့သည့် မွေးနုအသားဖြင့် ချုပ်ထားပြီး သားရေ ဆိုးလ် အောက်မှာ အဖုကလေးတွေခံထားသည့် ပေါ့ပါးသည့် ဘောကန်ဖိနပ်မျိုးဖြစ်သည်။ ရှူးဖိနပ်တွေထဲမှာ အဲသည့်

ဖိနပ်က အတော်ပင် ပေါ့ပါးပါသည်။

“မမ . . . ဒီဖိနပ် ဆိုက် အသေး လိုချင်လို့တဲ့”

ကျွန်မရှေ့ ရောက်လာခဲ့တာ သီရိပဲ ထင်ပါရဲ့ . . . ။ ကျွန်မ သေချာ မမှတ်မိတော့။ သီရိနှင့်အတူ ကျွန်မရှေ့မှာ လာရပ်သူကတော့ လင်းပဲပေါ့။ ဒါပေမယ့် အဲသည် အချိန်ကတော့ လင်းရယ်လို့ မသိသေး။ အသားညိုညို ကောင်လေးတစ်ယောက်လို့သာ သမန်ကာလျှံကာ ကြည့်မိသည်။ ပြီးတော့ အညိုနုရောင် ဖိနပ်ကလေးကိုသာ သတိထားပြီး ကြည့်ဖြစ်သည်။

“ဒီထက် သေးတဲ့ ဆိုက်ဇ် လိုချင်တယ်”

စကားသံက အနည်းငယ် မာကျောပြီး ထောင့်သည်။

သို့ပေမယ့် လူတန်းစားပေါင်းစုံကို ဆက်ဆံရသည်မို့ မဆန်းတော့ပြီဖြစ်သော ကျွန်မအဖို့တော့ အဲသည်စကားသံကို စိတ်အနှောက်အယှက် မဖြစ်မိပါ။

“ခဏလေး . . . ရှာကြည့်ပေးမယ်နော်၊ မိုးလွင် ရေ . . . ”

ကျွန်မ စတိုက ကောင်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး . . .

“ မောင်လေး . . . ခဏထိုင်စောင့်နော်”

ဟု ကျွန်မ၏ ကောင်တာ စားပွဲရှေ့ ရပ်နေသည့် ကောင်လေးကို ပြောလိုက်သည်။ မောင်လေးဟု ခေါ်လိုက်ပေမယ့်

သူ့မျက်နှာကို ကျွန်မ သေချာမကြည့်မိပါ။ သူ ကျွန်မထက် ပို ပြီး အသက်ကြီးသလား ငယ်သလားဆိုတာကို ကျွန်မ စိတ်မဝင်စား ပါ။ အပေါ်ယံ ခပ်လျှမ်းလျှမ်း ကြည့်မိလျှင်တော့ လင်းသည် အ သားညိုပြီး နှုတ်ခမ်းလွှာတွေက သွေးရောင်ဖြင့်ရဲနေသည်။ မျက် ဝန်းတွေက စူးတောက်လွန်းသည်။ အရှိန်အဝါတစ်ခုခု ရှိနေသည် ရယ်လို့ ပြောရမလားမသိ။ ကျွန်မနှင့်လင်းကြားမှာ စားပွဲတစ်လုံး (ခပ်ကွေးကွေး ဘီရိုပုတစ်လုံး) သာရှိနေပြီး စားပွဲမျက်နှာပြင်ပေါ် မှာ တယ်လီဖုန်းတစ်လုံး၊ စာရင်းစာအုပ်နှင့်ဂဏန်းပေါင်းစက် တစ် လုံးရှိနေသည်။

"ခု လောလောဆယ် မရှိသေးလည်း ပစ္စည်းတွေ ရောက် တတ်ပါတယ်၊ မောင်လေး တခြားအမျိုးအစား မကြိုက် ဘူးလား၊ ဒီကောင်ကိုမှ လိုချင်တယ်ဆိုရင်လည်း လှမ်းမှာ ပေးလို့ရတယ်လေ၊ ဒီပစ္စည်းတွေမျိုးကျတော့ အရံအများ ကြီးမှာမထားနိုင်ဘူး မောင်လေးရဲ့၊ ပစ္စည်းက ကောင်းပြီး ဈေးကလည်းကြီးတယ် မဟုတ်လား၊ ပစ္စည်း ပြတ်သ လောက်ရှိမှ ထပ်မှာရတာ"

ကျွန်မက အရောင်းဝန်ထမ်း ပီသစွာပင် ဝယ်သူ စိတ်မကွက်စေဖို့ မျက်နှာချိုချိုထားပြီး ဧည့်ခံနေရသည်။ သူက စကားနည်း သူ ထင်ပါရဲ့။ နီစွေးသော နှုတ်ခမ်းတွေက ပြုံးရုံသာ ပြုံးပြီး ကျွန်မကို စိုက်ကြည့်နေသည်ရယ်လို့ထင်မိသည်။ သို့ပေ

မယ့် မိုးလွင် ပြန်ရောက်လာပြီး . . .

"ဆိုက်ဇ်သေး မရှိတော့ဘူး အစ်မ၊ ဒီလို ဆိုက်ဇ်မျိုး နောက်ထပ် တစ်ရန်ပဲကျန်တော့တယ်၊ နဝဒေးက ဆိုင်မှာတော့ ရှိဦးမလား မသိဘူး"

ဆိုတော့ ကျွန်မ တာဝန် ကုန်ဆုံးသွားသလို စိတ်ပေါ့ပါး သွားရသည်။

"နဝဒေးလမ်းမှာလည်း အေပရယ်ရ်တစ်ဆိုင် ရှိသေးတယ် မောင်လေးရဲ့၊ အဲဒီမှာ ရှာကြည့်ပါလား"

"ဟင်အင်း . . . မသွားတော့ဘူး၊ မှာလို့ရတယ် ဆိုရင်သာ မှာထားပေးပါ"

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒါဆို . . . မ, လှမ်းမှာပေးမယ်နော်၊ မောင်လေး လိုချင်တဲ့ နံပါတ်လေး ပြောခဲ့"

သူက သူ့ခြေထောက်အတိုင်း ဖိနပ်နံပါတ်ကို ပြောပြီး ကျွန်မက မှတ်တမ်းစာအုပ်ထဲမှာ မှတ်ထားပေးလိုက်သည်။

"မောင်လေး တစ်ပတ်ကျော်ရင် ကြုံတဲ့နေ့ ဝင်မေးကြည့်လိုက်ပေါ့နော်"

"ပစ္စည်းရောက်ရင်လည်းချန်ထားပေးဦးနော်၊ သူများ ယူသွားဦးမယ်"

"ချန်ထားပေးမှာပေါ့၊ စိတ်ချ . . . မ, မရှိလည်း ဆိုင်မှာထိုင်မယ့်တစ်ယောက်ကို မှာထားပေးမယ်၊ မောင်လေးနာမည်

www.burmeseclassic.com

ပြောခဲ့လေ”

“ကျွန်တော့် နာမည် လင်းသန့်”

“သြော . . . သြော ”

လင်းသန့် ဟူသော ထူးထူးခြားခြား အတွဲထူးသည့် နှစ်လုံးတွဲ နာမည်ကလေးတစ်ခုသည် အေပရယ်ရ်၏ မှတ်တမ်း စာအုပ်လေးထဲမှာ ယနေ့တိုင် ရှိနေပေလိမ့်မည်။ သို့ပေမယ့် ကျွန်မ ဦးနှောက်ထဲမှာ မှတ်မှတ်ရရမရှိခဲ့သည့် အဲသည်နေ့ကတော့ သူ ဆိုင်ထဲကထွက်သွားချိန်မှာ ကျွန်မ သူ့ကို သတိမရတော့။ ကျွန်မ ခေါင်းထဲမှာ မှတ်ထားရသည်က ဂျာမဏီဖြစ် အားကစားဖိနပ်တွေ မှာပေးရန် ဟူသော အလုပ်ဝတ္တရားတစ်ခု သက်သက်သာ ဖြစ်ပါ သည်။

လင်းကို ကျွန်မ သတိမထားမိဘူးဆိုလျှင်လည်း လင်း စိတ်ဆိုးမည် မဟုတ်ပါဘူးကွယ် . . . နော်။

လင်းကိုယ်တိုင်ကလည်း မိန်းကလေးတွေဆို စိတ် ဝင်စားလှသည်မဟုတ်ပဲ။ ထို့ကြောင့်လည်း လင်းနှင့်ကျွန်မ ကြားမှ နောက်ထပ် ပတ်သက်စရာမရှိဘူးဟု ထင်ချင်လည်း ထင် နိုင်ပါသည်။

အံ့သြစရာက . . .

လင်းက တစ်ကြိမ်သာ မြင်ခဲ့ရသည့် ကျွန်မကို စွဲ လမ်းခဲ့သတဲ့။

ကျွန်မသည် ထူးခြားဆန်းကြယ်သည့် လင်းရဲ့စွဲမက်မှုမှာ ကိုယ့်ကိုယ်ကို ကျေနပ်မိလျက် မသိမ်မွေ့ပေမယ့် အားကြီးလှသည့် လင်းရဲ့အချစ်ကို မတွန်းလှန်နိုင်အောင် ဖြစ်သည်လေ။

ဒါပေမယ့် . . . လင်းရယ် . . .

ကျွန်မတို့ စကတည်းက မတွေ့ခဲ့ရင် အကောင်းသားလို့လည်း တွေးမိချင်တယ်။

❖❖❖

အဲသည်ရက်၏ နောက်ပိုင်းမှာတော့ ကျွန်မ လင်းကို သတိမထားချင်၍ မရတော့ပါ။ လင်းသည် တစ်ရက် တစခါ ဆိုသလို ရောက်လာပြီး ကျွန်မရှေ့မှာ ရပ်လာတတ်တော့သည်။

"ကျွန်တော် . . . မှာထားတဲ့ . . ဖိနပ်ရောက်ပြီလား"

လင်းက ပြုံးတော့မလို တည်တော့မလို မျက်နှာမျိုးဖြင့် မေးတတ်သည်။ ကျွန်မကတော့ လင်း တမင်သက်သက် ညစ်နေသည်ရယ်လို့ပဲ ထင်မိပါသည်။ ကိုယ့်နိုင်ငံထဲမှာ ဖြစ်သည့် နည်းမျိုးဆိုလျှင်တောင် ချက်ချင်းရဖို့ အခက်အခဲဆိုတာ ရှိတတ်သေးတာ။အဲသည် လင်းက ဝတ္တရားမပျက်လာပြီး မေးနေတတ်တာကတော့ ကျွန်မကို လှောင်နေသလိုပင်။ ဒါပေမယ့် ကျွန်မတို့လို အရောင်းဝန်ထမ်းတွေ ၊ ကုန်ပစ္စည်းရောင်းဝယ်သည့် ကုမ္ပဏီဝန်ထမ်းတွေ ဆိုတာက မျက်နှာပျက်၍မရပါ။ စိတ်မရှည်၍ မရပါ။ ကျွန်မ နှုတ်ခမ်းတွေ ပြုံးနေကျအတိုင်း အမြဲပြုံးလျက် . . .

"ရောက်မှာပါ မောင်လေးရယ်၊ မ,တို့ အီးမေးလ်နဲ့ လှမ်းပြောထားပါတယ်၊ ချက်ချင်းကြီးတော့ မရဘူးပေါ့နော်၊ နည်းနည်းလေး စိတ်ရှည်ရှည် ထားပေးနော် "

---

ဆိုပြီး ပြောတော့လည်း လင်းက ဘာမှပြန်မပြောတော့ပဲ ခေါင်းကလေး ဆတ်ကနဲညိတ်ပြီး ဆိုင်ထဲက အဝတ်အထည်တွေ၊ အားကစားပစ္စည်းတွေ လှည့်ပတ်ကြည့်ပြီး ပြန်ထွက်သွားတတ်သည်။ သုံးလေးကြိမ်လောက်ရောက်လျှင် လင်းကို အားလုံးက မှတ်မိလာပြီ။ လင်းမှာ ထူးခြားပြီး ဆွဲဆောင်နိုင်သည့် ယောကျ်ား တစ်ယောက်၏ သွင်ပြင်မှုယာမရှိ။ လင်းသည် အသက်နှစ်ဆယ်အရွယ် ယောကျ်ားလေးတစ်ယောက်၏ စတိုင်လ်မျိုးထက် နည်းနည်းမှ ပိုမထူးခြားပါ။ အဲသည့် မထူးခြားသည့် သာမန်သာဖြစ်သည့် ယောကျ်ားပျိုတစ်ယောက်အနေဖြင့်ပဲ လင်းက ကျွန်မကို လွှမ်းမိုး စိုးပိုင်နိုင်ခဲ့တာ။

လင်းရဲ့မျက်လုံးတွေက တောက်ပလွန်းပါရဲ့။

လင်းရဲ့နှုတ်ခမ်းတွေကလည်း သွေးရောင်ဖြင့် နီမြန်းပြီး အမြဲ စိုစွတ်နေတတ်သည်။ အဲသည် မျက်လုံးတွေ၊ နှုတ်ခမ်းတွေက လင်းရဲ့ထူးခြားချက်ဆိုပေမယ့် အများကြားလည်း သတိထားမိရလောက်အောင်တော့ ထင်ရှားမနေပါ။ လင်းရဲ့တောက်ပစူးရှ သည့် မျက်လုံးတွေက ကျွန်မဆီ ဝေ့ဝဲရောက်လာတတ်တော့ ကျွန်မရဲ့ ညီမလေးတွေက ကျွန်မကို ကောင်းကောင်း ကျီစယ်ပါတော့သည်။

သူတို့ ဘယ်လိုပဲ ကျီစယ်ပေမယ့် ကျွန်မ ရှက်အမ်းအမ်း မဖြစ်ပါ။ စိတ်ထဲမှာလည်း လှုပ်လှုပ်ရှားရှား မဖြစ်မိပါ။

ဒါဟာ သမရိုးကျပြဿနာတစ်ခုပဲဟုသာ ကျွန်မ ခေါင်းအေးအေး ထားခဲ့သည်။ ကျောင်းသူဘဝတုန်းက မကြာခဏ ရင်ခုန်လှုပ်ရှား ဖူးပါရဲ့။ ဒါပေမယ့် ဟုတ်ဟုတ်ငြားငြားလည်း အချစ်ဆိုတာကို မတွေ့ခဲ့။ ချစ်ရသူကို မကြုံခဲ့။ ကျွန်မ ချစ်ချင်သူတွေကို စိတ်ကူး ယဉ် ချစ်ခဲ့ပြီး အချိန်ကာလတွေ သိပ်မရှည်ကြာပဲ မေ့လျော့သွားခဲ့ ပြန်တော့ အချစ်ဆိုတာ စိတ်ကူးယဉ်သက်သက်ပါပဲဟုသာ ထင် ခဲ့သည်။

တကယ်တော့ ဘယ်ဟုတ်နိုင်မလဲ နော်။

ကျွန်မဟာ ရင်ထဲက စွဲမြဲနင့်သည်းလျက် လှိုက်နေ အောင် ခံစားရသည့် အချစ်ဆိုတာကိုမှ မကြုံခဲ့ရသေးပဲ။

လင်းကိုကျမှပဲ . . .

လျှပ်စစ်မီး ဖျတ်ခနဲ ပျက်သွားတော့ နေရာမရွေ့မိပဲ စာကြည့် စားပွဲရှေ့မှာသာ မလှုပ်မယှက်ထိုင်နေမိသည်။ ဒါပေမယ့် ခဏသာပါပဲ။

မီးချောင်းရောင် ပြန်လင်းလက်လာပြီး ကျွန်မ အခန်း ရှေ့ ရောက်လုဆဲဆဲ ခြေသံက လမ်းခုလပ်မှာတင် ရပ်တန့်သွား သည်။

"ဟောတော့ . . . ပြန်လာပြန်ပြီ"

ဟူသော မေမေ့အသံကို ခပ်ဝေးဝေးကလို ကြားရ သည်။ဖွင့်လျက်သား ဒိုင်ယာရီစာအုပ်၏ စာမျက်နှာသည် စာလုံး

တွေ အပြည့်ဖြစ်နေ၏။ ရက်စွဲက မတ်ချ်လကုန်ပိုင်း နှစ်ဆယ့်ရှစ်ရက် ဖြစ်နေသည်။

အဲသည် ရက်ဟာ လင်းသန့်ဆိုသည့် အမည်နာမတစ်ခု၊ ကျွန်မနဲ့ ကြက်သွေးရောင်အဖုံးနှင့် စာအုပ်ထဲ စတင်ရောက်လာခဲ့သည့်နေ့ရက်တစ်ရက်ပေါ့။

ကြည့်ပါဦး . . .

အဲသည်တုန်းက လင်းအပေါ် ကျွန်မရဲ့ သဘောထားဟာ ဘယ်လောက်များ ပေါ့တိမ်လိုက်ပါလိမ့်။

"လင်းသန့်ဆိုတဲ့ ကောင်လေးလေ . . . သိပ်ရယ်ရတာပဲ။ ငါတို့ဆိုင်ရှေ့မှာ တမင်လာစောင့်နေတာကိုး။ ငါကလည်း တုံးလိုက်တာ။ သူငါ့ကိုလာစောင့်နေတာလို့ နည်းနည်းမှ မရိပ်မိဘူး . . .

ဒီကောင်လေးနဲ့တော့ ပြဿနာပဲ။ နောက် ရက်တွေ နေ့တိုင်းလာစောင့်နေရင် သူများပြောစရာ ဖြစ်တော့မှာ။ သူ့ကိုများတော့နည်းနည်းမှစိတ်မဝင်စားလို့ကို မရပါဘူး။

လင်းနှင့်ပတ်သက်ပြီး ကျွန်မရဲ့ခံစားချက်က အဲသည်လောက်ပဲ. . . တဲ့။ ပြန်စဉ်းစားမိတော့လည်း ကျွန်မသည် လင်းနှင့် ပတ်သက်ပြီး အဲသည်ကာလတွေကို မှတ်မှတ်ရရ မဖြစ်ခဲ့။ လင်းရောက်လာသည့် အဲသည်ညနေကိုတော့ အတော်များများ မှတ်မိနေသည်။

www.burmeseclassic.com

ကျွန်မတို့ ဆိုင်ပိတ်ပြီးချိန်ဆို အရောင်းဝန်ထမ်းမိန်းကလေးတွေ ပြန်နှင့်ပြီ။ ကျွန်မနှင့် စတိုးတာဝန်ခံ မဝါ သာ ကျန်ရစ်သည်။ မဝါက ပစ္စည်းထိန်းမို့ ပစ္စည်းတွေ စာရင်းကိုက်စစ်ဆေး၊ ကျွန်မကလည်း ရောင်းရငွေနှင့် ပစ္စည်းအမျိုးအစားဈေးနှုန်းတွေ သေချာပြန်စစ်ဆေးပြီးမှ . . . ကျွန်မတို့ ပြန်ကြရသည်။ ကျွန်မ နှင့်မဝါက တစ်လမ်းစီမို့ ဆိုင်တံခါးသော့ခတ်ပြီးသည်နှင့် နှုတ်ဆက် လမ်းခွဲကြမြဲပင်။ လင်းသည် အဲသည် အလေ့အထကိုပဲ သိနေလေသလား။ ကံကောင်းစွာ တိုက်ဆိုင်သည်လားမသိ။ ကျွန်မတစ်ယောက်တည်း အိမ်အပြန် ဆိုင်နှင့် မလှမ်းမကမ်းမှာ လင်းနှင့် ကျွန်မ ဆုံရသည်။ လင်းက ဘက်ဂီဘောင်းဘီပွပွနှင့် ချာတိတ်ကလေး တစ်ယောက်လို နုပျိုနေသည်။ လင်းရဲ့ ဝတ်စား ဆင်ယင်ပုံ စတိုင်လ်ကို ကျွန်မ မှတ်မှတ်ရရ သတိထားမိတာကလည်း အဲသည် ညနေမှာပဲဖြစ်သည်။ လင်းကို ပုဆိုးဖြင့် ကျွန်မ မမြင်ရတတ်။ လင်းကိုမြင်ရသမျှ အကြိမ်တွေမှာ သူနှင့် လိုက်ဖက်သည့် ဘောင်းဘီရှည် အရောင်အမျိုးမျိုးနှင့်သာ ဖြစ်သည်။ လင်းက ကျွန်မနှင့် မျက်နှာချင်းဆိုင်ကနေ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လျက် လျှောက်လာနေသည်။

ကျွန်မတို့ အိမ်ပြန်ချိန်တွေက အလင်းရောင်ပျောက်နေပြီဆိုပေမယ့် အေပရယ်ရဲ့က လူစည်ကားသည့် မြို့လယ်ခေါင်နှင့် ဂိုးကျော်တံတားတစ်ခုသာခြားသည်မို့ ကျွန်မတို့ ဘယ်သူမှ

စိုးရိမ် ကြောင်းကျ မရှိပါ။ ကိုကို ရှိလျှင် ကျွန်မကို လာကြိုတတ်ပြီး ကိုကိုမရှိသည့် အချိန်တွေမှာ ကျွန်မတစ်ယောက်တည်း ပြန်နေကျပင်။ အနီရောင်ဘက်လုသောနီယွန်မီးများ၏ အရောင်သည် ညကို နေ့ကဲ့သို့ပင် လင်းထိန်နေစေပါသည်။

ကျွန်မတို့ဆိုင်နှင့် နှစ်ဆိုင်ကျော် အအေးခန်း ကော်ဖီဆိုင်ရှေ့မှာ ကျွန်မတို့ ဆုံကြသည်။ လင်းရဲ့ အပြုံးက ပေါ့ပေါ့ပါးပါးပင်။ လမ်းမှာတွေ့သည့် အသိမိတ်ဆွေတစ်ယောက်ကို ကြုံကြိုက်နှုတ်ဆက်သည်လိုပင်။ ကျွန်မကလည်း လင်းကို ဘယ်လိုမှ ဆန်းဆန်းပြားပြားမတွေးမိပဲ ကျွန်မတို့ဆိုင်ဘက် လာသည်ဟုသာ ထင်သည်။ လင်းရဲ့ အပြုံးက မနူးညံ့လှပါ။

"ဟော . . ."

"ဆိုင် ပိတ်ပြီလား"

နှုတ်ဆက်စကားဟု ဆိုရမည်လား မသိ။ ကျွန်မနှုတ်က အာမေဋိတ်သံတစ်ခု လွင့်ထွက်ချိန်မှာ လင်း ကလည်း ကျွန်မကို မေးသည်။

"ဆိုင်ပိတ်ပြီ မောင်လေးရဲ့၊ ဆိုင်ကိုလာတာလား"

"ဆိုပါတော့"

"ဖိနပ် လာကြည့်တာလား"

"ဟုတ်"

"မရောက်သေးဘူး မောင်လေးရဲ့"

www.burmeseclassic.com

ကျွန်မ ရယ်ချင်လျက်က အားလည်းနာရသည်။ ပစ္စည်းတွေမှာရသည်က မျက်မြင်မဟုတ်တော့ စိတ်တိုင်းကျ မရပါ။ လိုချင်သည့် ပစ္စည်းကို လွယ်လွယ်ကူကူ ရသည့်အခါရှိသလို အချိန်အကြာကြီး စောင့်ရသည်မျိုးလည်းရှိသည်။ ဒါကို ဝယ်သူတွေဘက်ကလည်း နားလည်နိုင်တာမျိုးမဟုတ်တော့ ကျွန်မတို့ကသာ ကြားက မျက်နှာပူရသည်။

"မောင်လေးကိုသိပ်အားနာတာပဲ၊ ပစ္စည်းကရောက်မလာသေးဘူး၊ ဘာကြောင့်ကြာနေသလဲမသိဘူး၊ နှစ်ပတ်ဆိုရင်တော့ အလွန်ဆုံးပါပဲ၊ ရောက်လာမှာပါ၊ မ,ကလည်း အရောင်းဘက်ကဆိုတော့ပစ္စည်းမှာတဲ့ အပိုင်းကိုသိပ်မသိဘူး"

ကျွန်မက အားနာမှုဖြင့် သူ့ကို ဖော်ရွေပြနေမိသည်။ သည် လိုပြောတော့ သူက ဟက်ခနဲ ရယ်လိုက်ရင်း . . .

"ကိစ္စ မရှိပါဘူး"

ဟု လူငယ်တစ်ယောက်၏ ခပ်ရွှတ်ရွှတ် လေသံဖြင့် ပြော၏။

"အဲဒီဖိနပ်မရောက်သေးတာကပိုကောင်းပါတယ်၊ ကျွန်တော်ကတော့ ကြာလေ ပိုကြိုက်လေပဲ"

"ရှင်"

သည်တော့မှ ကျွန်မ လင်းမျက်နှာကို မော်ကြည့်

ဖြစ်သည်။ သေချာကြည့်တော့ အသားညိုညိုစိမ့်စိမ့်ကပင် လင်း မျက်နှာနှင့်ပိုလိုက်ဖက်ပြီး အကြည့်ခံသည်ဟုထင်လာမိသည်။ လင်းရဲ့ညာဘက်မျက်ခုံးအစွန်မှာ အနာရွတ်ခပ်သေးသေး တစ်ခု ကို ကျွန်မ သတိထားမိခဲ့သည်။

"ဖိနပ်မရောက်သေးဘူးဆိုတော့ အေပရယ်ရ်ကို ကျွန်တော် နေ့တိုင်းလာလို့ရတာပေါ့"

"ဪ . . . "

"ဖိနပ် ရပြီးသွားရင် ကျွန်တော့်အတွက် အကြောင်းပြချက် က သိပ်ရှားသွားပြီ"

ကျွန်မ စိတ်မလုံသလို ဖြစ်လာပြီး . . .

"မ . . . နားမလည်ပါဘူး"

ဆိုပြီး မျက်နှာခပ်လွှဲလွှဲ ပြောမိသည်။

"ကျွန်တော် . . . မ,ဆီ လာလည်ချင်တယ်"

လင်းရဲ့အကြည့်တွေက စူးရှလွန်းသလို လင်းရဲ့ စကားတွေကလည်း ရဲတင်းလွန်းလှသည်။ အဲသည်လို ရဲတင်း သည့် ယောကျ်ားမျိုးတွေကို ကျွန်မကမုန်းတီးပါသည်။ ဒါပေမယ့် လင်းကို ကျတော့ ခွင့်လွှတ်နိုင်ခဲ့သားပင်။ လောကအကြောင်း သိပ် နားမလည်သည့် လူစားမျိုးလားဟု ထင်မိသည်။

"အဲလိုတော့ မဖြစ်နိုင်ပါဘူးကွယ်၊ မ,မှာ ဧည့်ခံဖို့ အချိန် လည်း မရှိပါဘူး၊ ဧည့်ခံနေရလောက်တဲ့ ယောကျ်ားလေး

www.burmeseclassic.com

ညေ့်သည်လည်း မရှိပါဘူး”

ကျွန်မက ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်ရသည်။ ကျွန်မ စိတ်ထဲမှာ လက်တည့်စမ်းချင်သည့်စိတ်မျိုး၊ ရည်ရွယ်ချက်မျိုးဖြင့် ကျွန်မကို ချဉ်းကပ်လာသည်ဟုပဲ ထင်မိသည်။ ယောကျ်ား တွေဆီက အချစ်ပဲဖြစ်ဖြစ်၊ ‘အချစ်’ ဆိုတာ သက်သက်ကိုပဲဖြစ်ဖြစ် ကျွန်မ စိတ်ကူးယဉ်မနေဖြစ်တော့တာကြာပြီ။ အချစ်ထက်ပိုပြီး ခံစားရမည့်ကိစ္စများစွာ ကျွန်မထံမှာရှိသည်။ ကျွန်မရဲ့ဘဝအတွက် ဒါမှမဟုတ် ကျွန်မတို့မိသားစုအတွက် စီးပွားရေးအခြေခံတစ်ခု တည်ဆောက်ဖို့ကိစ္စသည် ကျွန်မအတွက်တော့ စိတ်ကူးယဉ် အချစ် ထက်ပိုပြီး အရေးကြီးနေခဲ့၏။ ထို့ကြောင့်လည်း ကျွန်မ အာရုံထဲမှာ ကျောင်းတုန်းကလို လှပသည့် စိတ်ကူးယဉ်အချစ်ဆိုတာ ရောက်မလာနိုင်ခဲ့ဘူး ထင်ပေမယ့် အမှတ်တမဲ့ မေ့လျော့နေသည်လည်း ဖြစ်နိုင်ပါသည်။

ကျွန်မ ဦးနှောက်ထဲမှာတော့ ငြင်းပယ်ရမည်ဆိုသော အသိပဲရှိသည်။ ဒါတွေဟာ သဘာဝအလျောက် စိတ်ရဲ့ လှုံ့ဆော်မှုတွေ ပဲ ထင်ပါရဲ့။

“ကျွန်တော့် နာမည် လင်းသန့်”

“အင်း . . . မှတ်မိပါတယ်”

“မ,နာမည်က နွေးနွေး နော်”

“ သိလှချည်လားကွယ် . . . နွေးနွေးနေခြည် ပါ ”

"ကျွန်တော် အိမ်ပြန်လိုက်ပို့လို့ ရမလား"

"မရဘူး"

ကျွန်မ မျက်နှာတွေ ပူနွေး နီမြန်းလာပြီး အသက်ရှူ မြန်လာသည်။ မျက်ခုံးတွေကို ကျုံ့ပြီး လင်းကို ခပ်စူးစူးကြည့်မိ၏။

"မင်း . . . တို့ကို ဘယ်လိုအတန်းအစား ထင်လို့လဲ"

"ဟာ. . မဟုတ်ပါဘူး . . . မဟုတ်ပါဘူး၊ ကျွန်တော် မရိုးမသား ပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့် နွေးကို ကျွန်တော် မြင်မြင်ချင်း . . . "

စကားတွေ ထစ်ထစ်ငေါ့ငေါ့နှင့် လင်းက ကျွန်မကို ဖြေရှင်း ဖို့ကြိုးစားရှာသည်။ သို့ပေမယ့် လင်းက စကားပြောကောင်းသူမဟုတ်။ ဘယ်လို လှည့်ပတ် သွယ်ဝိုက်ပြီး စကားလှအောင် ဆိုရမည်ဆိုသည့် ဝက်ဝုတ္တိကို နားမလည်။

ကျွန်မကတော့ လင်းရဲ့ ရိုးစင်းမှုကို နားမလည်နိုင်တာမို့ ဒေါသတွေသာ စွတ်ထွက်နေရသည်။

"ကျွန်တော် . . . မြင်မြင်ချင်း . . . ချစ်မိ"

"ဘာ . . . "

"ဟာဗျာ. . . နွေးကလည်း. . . အဲလောက်ကြီး မအော်လိုက်ပါနဲ့၊ ကျွန်တော် နှောက်ယှက်တာမှ မဟုတ်ပဲ၊ ကျွန်တော့် စိတ်ထဲရှိတာကို နွေးသိအောင် ဘယ်လို ပြောရမှန်း မသိ

လို့"

"ဟုတ်ပြီလေ . . . ခု ပြောပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့"

သည်လိုတော့လည်း လင်းက ခေါင်းညိတ်တတ်သည့် ပုတ်သင်ညိုဖြစ်ပြန်သည်။

"ပြန်တော့"

"ပြန်မှာပါ နွေးရာ၊ အဲလောက်ကြီးတော့ မစိမ်းကားပါနဲ့၊ ဖိနပ်လည်း မြန်မြန်ရောက်အောင် လောစရာမလိုဘူးနော်၊ အေးဆေးပဲ၊ ကျွန်တော် ဆိုင်ကို နေ့တိုင်းလာမေးမယ်"

"အဲလိုတော့ မလုပ်နဲ့လေကွာ"

အဲသည် အခိုက်အတန့်မှာတော့ ကျွန်မ အတော်စိတ်ရှုပ်ရပါသည်။ လင်းရဲ့သွင်ပြင်က ရိုင်းရိုင်းစိုင်းစိုင်း မဟုတ်ပေမယ့် ခေါင်းမာပြီး ပေကပ်ကပ်နိုင်လှသည့် မျက်နှာမျိုးလေးမို့ ကျွန်မ နည်းနည်းတော့လန့်မိသည်။ အန္တရာယ်ဆိုတာမျိုး မတွေးမိပေမယ့် အများက ကျီစယ်အရှက်ရစရာမျိုးလည်း မဖြစ်ချင်ပါ။

"ဘာဖြစ်လို့လဲ နွေးရယ်၊ ကျွန်တော် မလာရဘူးလား"

"လာရပါတယ်၊ တို့က ပစ္စည်းရောင်းတဲ့ဆိုင်ပဲ၊ ဈေးဝယ်လာတာ အဆန်းမှမဟုတ်ပဲ၊ ဒါပေမယ့် လူပြောစရာမျိုးဖြစ်လာမှာစိုးရတယ်လေ၊ တို့က မိန်းကလေး သိက္ခာကျမှာ ပေါ့၊ တို့ကို အဲလို အရိုးသားတဲ့ ရည်ရွယ်ချက်မျိုးကို

လည်း မကြိုက်ဘူး၊ ချစ်တာတွေ မေတ္တာတွေလည်း လာ
မပြောနဲ့ . . .

တို့ မင်းကို **customer** တစ်ယောက်အနေနဲ့ လိုက်လျော
ပြီး ဖော်ဖော်ရွေရွေဆက်ဆံတာကလွဲရင် ဘယ်လိုစိတ်မျိုး
မှ မရှိဘူး၊ မင်းအတွက် ဘာမျှော်လင့်ချက်မှမရှိဘူး၊ အဲ
တော့ . . . နောက်ထပ် မနှောက်ယှက်ပါနဲ့"

ကျွန်မက သူ့ရှေ့ကနေ ရှောင်တိမ်း ထွက်လာခဲ့သည်။ သူ နောက်က လိုက်လာမည်လား စိုးရိမ်မိပေမယ့် လင်းက လိုက်မလာပါ။

ဘတ်စ်ကားဂိတ် ရောက်သည်အထိ ကျွန်မ ကျော မလှုံပဲ လျှောက်ခဲ့ရသည်။ ရင်ထဲက တလှပ်လှပ် တုန်လှုပ်နေပြီး ချွေးစေး တွေလည်း စို့နေသည်။ ဒေါသလား၊ ကြောက်စိတ်လား၊ သူ့စကား ကြောင့် စိတ်လှုပ်ရှားသည်လား . . . ကျွန်မ ကိုယ်တိုင် လည်း ဝေခွဲမတတ်။ သည်လိုနှင့်ပဲ အထိတ်ထိတ်အလန့်လန့်နှင့် ကျွန်မ အိမ်ပြန်ရောက်ခဲ့သည်။

❖❖❖

www.burmeseclassic.com

မိုးသံတွေ မကြမ်းတမ်းတော့ပဲ တဖျောက်ဖျောက် မိုးစက်ကျသံကိုသာ ကြားရသည်။ ကြက်သွေးရောင်စာအုပ်ဖုံးကို ပြန်ပိတ်ပြီး ကျွန်မပြတင်းပေါက်ဆီသွားရပ်မိပြန်၏။ ခပ်ဝေးဝေးကလာသည့် ကားမီးရောင်တွေ လင်းခနဲ လက်ခနဲမြင်ရလျှင် ကျွန်မ ဘာသာ မသိပဲ ဖျတ်ခနဲရင်ခုန်ချင်သည်။ မမျှော်တော့ဘူး ဆိုပေမယ့် မသိစိတ်က မျှော်မိသည် ထင်ပါရဲ့ လင်းရယ်။

ကားမီးရောင်အလင်းတန်းအောက်မှာ ဆိုင်ကယ်လ် တစ်စင်းကို မြင်ရတော့ ကျွန်မ အသက်ရှူရပ်သွားသလို ဒုတ်ခနဲ ရင်ဘတ်ထဲကမြည်သွားပြီး ချက်ချင်းပင် ဆို့ကျပ်လာသည်။ စိတ်လှုပ်ရှားမှုတွေက ကျွန်မကို မြန်မြန် အသက်တိုစေမှာနော်။

ဆိုင်ကယ် ဟွန်းသံတွေ တစ်ခုနှင့်တစ်ခု မတူပေမယ့် ဆိုင်ကယ်ဟွန်းသံတွေမှန်သမျှ ကျွန်မစိတ်ကို လှုပ်ရှားစေနိုင်သည်ပင်။ အနီရောင်ဟွန်ဒါဆိုင်ကယ်လေး လမ်းမကြီးပေါ် ဝေါခနဲ ဖြတ်ကွေ့ပြီး အမှောင်ထုထဲရောက်သွားတော့ ကျွန်မ မောပန်း ကျန်ရစ်သည်။ ခြေထောက်တွေထဲ အင်အားမရှိတော့သလိုနုံးခွေချင်သည်မို့ ပြတင်းပေါက်နေ ခွာပြီး . . . ခုတင်ဆီ ခပ်ဖြည်း

ဖြည်း လျှောက်မိ၏။ ခြေထောက်တွေက တကယ်ပင် တရွတ်ဆွဲ လာသည်။ လက်ချောင်းတွေက ခုတင်တိုင်ကို ဆုပ်ကိုင်မိသည်မှာ ပင် မိမိရရမမြဲမြံချင်။ ခုတင်ပေါ်က ပန်းနုရောင်အဖုံး မွေ့ယာပေါ် သို့ ကျွန်မခန္ဓာကိုယ် လေးလံစွာပစ်ကျသွားသည်။

မဟုတ်ပါဘူး . . .

ခပ်စောစောကတောင် နေကောင်းနေသားနော်။

ဟောသည် လက်ချောင်းတွေနဲ့ သိုးမွေးထိုးအပ်ကို ဆုပ်ကိုင်နိုင်သားပဲ။ ချည်ခင်တွေကို ဆုပ်ကိုင်နိုင်သားပဲ။ ကျွန်မ ကိုယ် ကျွန်မ ခံနိုင်ရည်နည်းပါးသူလို့ ဘယ်တုန်းကမှ မထင်ခဲ့ ပါ။ ဒါပေမယ့် ကျွန်မသည် ငယ်ရွယ်လှသည်ဟုထင်ဆဲ ဝေဒနာ ဆိုးကို လက်ဆောင်တစ်ခုလိုရကာ ကျိတ်မှိတ်သည်းခံခဲ့ရသည်။

မယုံနိုင်စရာပါလား နော်။

မောပန်းနေလျက်ကပင် ကျွန်မသည် အမြင်အာရုံ တွေ ရီရီဝေဝေနှင့် ငေးမိငေးရာ တစ်နေရာထဲသို့ စိုက်ငေးမိ၏။ နံရံ စိမ်းနုပေါ် မြင်နေကျ ပြက္ခဒိန်သည်ပင် ပုံသဏ္ဍာန်တစ်မျိုး ပြောင်းနေသည် ထင်ရ၏။ ပြက္ခဒိန်က တရုတ် ဝါးပန်းချီလေးတွေ သာ ဖြစ်သည်။ နဂါးရုပ်လိုလို၊ တိမ်စိုင်တွေလိုလို ပန်းချီကားထဲ က အရုပ်တွေကို ပုံသဏ္ဍာန်မကွဲပြားတော့ပေမယ့် အောက်ခြေက အင်္ဂလိပ်ဂဏန်းတွေကိုတော့ မြင်နေသေးသည်။

ဇန်နဝါရီလ ဆယ့်ကိုးရက် . . . တဲ့။

www.burmeseclassic.com

မဟုတ်ပါဘူး နော်။

ခုဟာက မိုးတွင်းကြီးပဲ၊ ဂျူလိုင်လကြီးထဲမှာ။ ပြီးတော့ နှစ်ထောင်ခုနှစ်ထဲ ရောက်ခဲ့ပြီ။ ကိုးဆယ့်ကိုးခုနှစ်မဟုတ်တော့ပါပဲလား။

"သိပ်ပြီး ခမ်းခမ်းနားနားကြီးလည်း မလိုပါဘူးကွာ နော်၊ မင်္ဂလာဆွမ်းကျွေး အလှူတစ်ခုဖြစ်မြောက်သွားရင် ရပြီပေါ့၊ နွေးက ဟိုတယ်လ်ကြီးတွေမှာ ထိုင်မသိမ်းနဲ့ လက်ထပ်ချင်သေးတာလား၊ ကိုယ်ကတော့တိုက်ပုံအင်္ကျီနဲ့ ပုဆိုးကို အချိုးကျအောင် ဝတ်တတ်မှာမဟုတ်ဘူးနော်"

"ပုဆိုးမဝတ်တတ်လည်း ဆု(ထ်) ဝတ်လို့ရတာပဲနော်"

ခုချိန်မှာတော့ ကျွန်မ စကားသံတွေကို ပြန်သတိရလည်း မရယ်မောနိုင်တော့ပါ။ မျက်ဝန်းအိမ်မှာ မျက်ရည်များပင် စို့လာသည်။ ဒါပေမယ့် ရှိုက်ငိုပစ်လိုက်ဖို့ပင် အင်အားမရှိချင်တော့။ ကျွန်မ ကိုယ်ရော စိတ်ပါ မောပန်းနေပြီ။ လက်ချောင်းလေးတွေ ဆတ်ခနဲ ဆတ်ခနဲ တုန်ချင်နေသည်။ လျှာတွေ လည်ချောင်းတွေ ခြောက်သွေ့ပြီး အက်ကွဲကုန်ပြီဟု ထင်မိသည်။

သေချာပါပြီ။

နက်ဖြန်ဆို ကျွန်မ ဆေးရုံတက်ရဦးမှာ . . . ။

ပြီးတော့ ကျွန်မ မုန်းတီးလှသည့် နီညိုညို သွေးအိတ်တွေကတစ်ဆင့် သွေးစက်တွေ ကျွန်မ ခန္ဓာကိုယ်ထဲ ရောက်

www.burmeseclassic.com


ရဦးမှာ။

အမျိုးအမည် ဘယ်သူဘယ်ဝါ . . . ဘယ်လိုဗီဇ ရယ်လို့ မသိရပဲ ကျွန်မ ခန္ဓာကိုယ်ထဲ သွေးတွေရောနှောလည်ပတ်နေကြဦးမှာ။ ကျွန်မ သည်လိုပုံစံဖြင့် ဘယ်လောက်ကြာကြာဆက်ပြီး အသက်ရှင်နေရဦးမှာလဲကွယ်။

ချစ်သူနှင့် လက်ထပ်ဖို့ မျှော်လင့်ချက်အပြည့်ဖြင့် ပျော်ရွှင်နေသည့် မိန်းကလေးတစ်ယောက်ကို ကံကြမ္မာက သည်လို ဒဏ်ခတ်ဖို့တော့ မသင့်ဘူး ထင်ပါရဲ့။

ခုတင်ခြေရင်းက မဟော်ဂနီရောင်ဘီရိုထဲမှာ မချုပ်ရသေးသည့် နို့နှစ်ရောင်ဇာတစ်အုပ်ရှိသည်။ နူးညံ့မွအိနေသည့် အပွင့်စိပ်စွပ် ဇာကလေးတွေပေါ် လက်ဖဝါးဖြင့် ထိသည်ဆိုရုံ . . . ကျွန်မ မကြာခဏ ကိုင်တွယ်ကြည့်ခဲ့ဖူးသည်။ အသစ်ဖြစ် လာမည့် မျှော်လင့်ချက်တွေ ပြည့်နေသည့်၊ တက်ကြွလန်းဆန်းနေသည့် ဘဝတစ်ခုအတွက် ကျွန်မနှင့်လင်း အချိန်များစွာ ကြိုတင် ရင်ခုန်ခဲ့ရတာနော်။

ဘာကြောင့်များ မျှော်လင့်သည့်ဘဝကို မရနိုင်သည်လဲ။

"သမီးရေ"

ဟော . . .

မေမေ လာပြီ။

"ဟယ် . . . သမီး မောလို့လား ဟုတ်လား၊ အသက်ရှူ လို့ ရရဲ့လား၊ ရင်ဘတ်ထဲ ကျပ်နေသလား"

အိပ်ရာပေါ်က ကျွန်မကို မြင်သည်ဆိုလျှင်ပဲ မေမေ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီ ကျွန်မအနား တင်ပလ္လင် ဝင်ထိုင် လျက် မေးခွန်းတွေ တရစပ်မေးရင်း ကျွန်မ မျက်လုံး အောက်ခြေ မျက်အိမ်ထဲ လှန်ကြည့်သည်။

"မေမေ"

"သမီး . . . ဖေဖေ့ကို သွားခေါ်လိုက်ဦးမယ် နော်"

"ဟင်အင်း မေမေ သမီး ဆေးရုံမတက်ချင်ဘူး၊ ဆေးရုံ ကိုမသွားချင်တော့ဘူး၊ သွေးတွေဖောက်ရဦးမယ်၊ စစ်ရ ဦးမယ်၊ ပြီးရင် . . . သွေးထပ်သွင်းရဦးမယ်၊ သွေးအိတ်တွေ တစ်လုံးကနေ နှစ်လုံး၊ နှစ်လုံးကနေသုံးလုံး လေးလုံး၊ တော်ပါပြီ မေမေရယ် . . . သမီး စိတ်ကုန်လာပြီ"

ရင်ထဲမှာ တလှပ်လှပ်ခါအောင် မောနေသည့်ကြား ထဲက ကျွန်မ ဇွတ်မှိတ်ငြင်းဆန်နေမိသည်။ မေမေကလည်း . . .

"ဘယ်ဖြစ်ပါ့မလဲ သမီးရယ်"

ဆိုတာက စပြီး ဟောင်းနွမ်းရိုးအီနေပြီဖြစ်သော ကျိုးကြောင်း ပြစကားများစွာဖြင့် ကျွန်မကို နှစ်သိမ့်ဖို့ ကြိုးစားပြန် လေသည်။ ကျွန်မ အားလုံးကို မုန်းတီး စိတ်ကုန်နေပြီဆိုတာ ကျွန်မကိုသိပ်ချစ်သည့်မေမေ မသိပါ ။ ဒါပေမယ့် သေခြင်းတရား

ကို ကြောက်လန့်သည့်စိတ်နှင့် ဘဝကို ခင်တွယ်နေသေးသည့် တပ်မက်မှုကသာ ကျွန်မမှာ နောက်ဆုံးရှိသမျှ အင်အားကို ကျား ကန် ပေးထားသည်။

“စိတ်မလျှော့လိုက်နဲ့လေ သမီးရဲ့၊ သမီး အသက်ငယ်ငယ် လေး ရှိသေးတာ၊ သမီးတို့ အသက်အရွယ်တွေဆိုတာက ခဏာလေးနဲ့ အင်အားပြည့်လွယ်တဲ့ အရွယ်ပဲ၊ သမီးပြန်ပြီး ကျန်းမာလာဦး မှာ၊ ဒါပေမယ့် ဆေးရုံကိုတော့ကြောက်နေ လို့ မဖြစ်ဘူးနော်၊ သမီး ကိုကိုလည်း ပြန်လာတော့မှာ၊ ကိုကို ပြန်လာလို့ သမီးကို ခုလို ဝေဒနာကြီးနဲ့မြင်ရရင် ကိုကိုက ဘယ်စိတ်ကောင်းနိုင်မှာလဲ၊ ဒီတော့ . . . သမီး အမြန်ဆုံး ကျန်းမာအောင် ကြိုးစားရမယ်နော်”

ဖေဖေက ကျွန်မ လက်ချောင်းတွေကို ဆုပ်ကိုင်ဖျစ် ညှစ်လိုက်သည်။ မေမေ့အပြုံးသည် တစ်နေ့လုံး နေပူမိထားသည့် ပန်း တစ်ပွင့်လိုပင် နွမ်းရော်နေ၏။ ခေါင်းအုံးဘေးဘက် လက်ဖ ဝါး ရောက်သွားတော့ စိတ်ပုတီး ချောမွတ်မွတ်ကလေးကို စမ်းမိ သည်။ ရင်ထဲမှာ ယောက်ယက်ခတ်လာသည့် ခံစားမှုတွေကို ထိန်း သိမ်းမရနိုင်သည့်အခါတိုင်းမှာ ကျွန်မ ပုတီးစိပ်ဖို့ ကြိုးစားရပေ မယ့် . . . ကုသိုလ်ရဖို့တော့ မမျှော်ကိုးရဲချေ။ မြတ်စွာဘုရား၏ တရားတော် တွေထဲ မကောင်းမှု၌သာ မွေ့လျော်ကြကုန်သည့် ပုထု ဇဉ်တွေဆိုသည့်အတိုင်းပင် ကျွန်မသည် ငြိမ်းအေးရာလမ်းကို မြင်

ရုံသာ မြင်လျက် မလျှောက်ဖြစ်ခဲ့။

ခုလို အချိန်မျိုးမှာ တောင် . . .

ကျွန်မ ရင်ထဲ မျှော်လင့်ချက်ဖြင့် မွတ်သိပ်နေခဲ့သေးသည်။

ဘယ်လောက် ဆိုးရွားလှပါလိမ့်။

တကယ်ဆို . . . ဟိုး ကန္တာရထဲ သွားရမယ့်သူက ကျွန်မ တစ်ယောက်တည်း နော်။

"သမီးရေ"

ဖေဖေ့ ခေါ်သံကို ခပ်ကျယ်ကျယ် ကြားရသည်။ သည် အသံက လန်းဆန်းနေသည်ထင်မိ၏။ မေမေက စိုးရိမ်ကြီး မျက်ဝန်းများဖြင့် အခန်းတံခါးဆီ လှမ်းကြည့်ရင်း နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်လျက် ဖေဖေ့ကို သတိပေးသည်။

"ထူးထူးဆန်းဆန်း ဧည့်သည် လာလို့ပါကွာ"

ဧည့်သည် . . .

ပြုံးနေသည့် ဖေဖေ့မျက်နှာကို အခန်းတံခါးဝမှာ မြင်ရပြီး တစ်ချိန်တည်းမှာပင် ဖေဖေ့နောက်ဘက်က အရိပ်သဏ္ဍာန်သည် ကျွန်မ မြင်ကွင်းထဲမှာ ထင်ရှားလာခဲ့၏။

"လင်း"

တင်းထားသည့် စိတ်တွေ ဖြေလျှော့လိုက်ရသူလို

ကျွန်မ ပိုပြီး မောပန်း နုံးခွေသွားလျက်ကပင် လင်းကို ပြုံးပြနိုင်ဖို့တော့ အားယူ ကြိုးစားဖြစ်လေသည်။

ကျွန်မရဲ့ ပျားရည်စက်ကလေး . . .

အင်အားတွေ ပေးလှည့်ဦးကွယ်။

❖❖❖

"လင်း . . . ခုတလော ပွဲများနေသလား ဟင်"

လင်းက ပြုံးမြမြနှင့် ခေါင်းယမ်းသည်။

"ကြည့်စမ်း . . . ချက်ချင်း နေကောင်းသွားပြီ"

ဟု မေမေက ကျွန်မကိုမေးငေါ့လျက်ကျီစယ်ပြန်သည်။

"ပွဲ မရှိပါဘူး၊ ကမ့်မ် ဝင်နေလို့ပါ၊ ခု ခဏလေး လစ်ထွက်လာတာ ၊ နည်းပြကို တောင်းပန်ပြီးတော့"

"လင်းရယ် . . . တော်ကြာ အပြစ်ကျနေပါဦးမယ်"

တကယ်တော့ ကြည်နူးနေတာနော်။ မဟုတ်ဘူးလား။ လင်းက ကျွန်မရင်ထဲ မြင်ကြည့်တတ်ပုံပါပဲ။ မေမေက ကျွန်မ ဆေးရုံမတက်ချင်ဘူး ပြောခဲ့တာကို လင်း ရှေ့မှာ တိုင်တည်နေပြန်သည်။ လင်းကို ကျွန်မ ကြောက်ရသည်ကိုး နော်။ လင်းကတော့ မေမေ့စကားတွေကို ခပ်ပြုံးပြုံးသာ နားထောင်နေသည်။ မေမေ့ စကားဆုံးအောင် စိတ်ရှည်လက်ရှည် နားထောင်နေပြီးမှ . . .

"နက်ဖြန် ကျွန်တော် ကိုးနာရီလောက် လာခဲ့မယ်၊ ဆေးရုံ

ကို ကျွန်တော်လိုက်ပို့မယ်လေ ” တဲ့။

ကျွန်မရဲ့ ငြင်းဆန်မှုကို အသိအမှတ် မပြုဘူးဆိုသည့် အဓိပ္ပါယ်ပေါ့။

နောက်ပြီး . . . ကျွန်မဟာ လင်းရဲ့ အစီအမံဆိုလျှင် လိုက်နာဖို့ အမြဲအသင့်ဖြစ်နေသည်ဆိုတာကို လင်းက သေချာနေပြီးသားပေါ့။

ကျွန်မ နှုတ်ခမ်းလုံးတွေ မောပန်းပြီး အောင့်နေသည့်ကြားကပင် လင်းကို မျက်စောင်းထိုးမိသည်။

ကျွန်မ မတုံ့ပြန်ပဲ ငြိမ်နေတော့မှ မေမေက စိတ်အေး လက်အေးဖြစ်သွားပြီး . . .

“ထမင်း စားသွားနော်”

ဆိုပြီး ထိုင်ရာကထသည်။ လင်းကလည်း မငြင်းမဆန် . . .

“ဟုတ်ကဲ့ မေမေ”

ဆိုပြီး ခေါင်းညိတ်သည်။

အဲသည် အခိုက်အတန့်သည်ပင် ကျွန်မအတွက် ဘဝကို တွယ်ဖက်နေချင်မိစေသည်။ ကျွန်မကို ဆွဲခေါ်နေသည့် လက်တွေ ကြားထဲက ကြောက်လန့်တကြား ရုန်းကန်ချင်မိသည်။

မေမေ ထွက်သွားသည့်အခါ လင်းနှင့်ကျွန်မ နှစ်ယောက်က ကျန်ရစ်သည်။ ကျွန်မတို့ နှစ်ဦးသားကြားထဲက တိတ်

www.burmeseclassic.com

ဆိတ် မှုသည် ကြောက်မက်ဖွယ်ပင်။ တဖျောက်ဖျောက်ကျနေသော မိုးသံနှင့် ကျွန်မ၏ စည်းချက်မမှန်သော အသက်ရှူသံပြင်းပြင်းသည် ကျွန်မနှစ်ဦးသားကြား ကမ္ဘာငယ်ကလေးကို လွှမ်းမိုးထား၏။ လင်းက တုန်ရီနေသော ကျွန်မ လက်ချောင်းတွေကို လာဆုပ်ကိုင်သည်။ အရိုးပေါ် အုပ်ထားသည့် အရေပြားသက်သက်မျှသာဖြစ်သော လက်ချောင်းနှင့်လက်ဖဝါးတွေကို ခပ်ဖွဖွ ဆုပ်ထား၏။ စူးရှပြီး တဖျပ်ဖျပ် အရောင်လက်တတ်သော လင်းရဲ့ မျက်ဝန်းတွေက ခုတော့ဖြင့် တစ်စုံတစ်ခုကို သိမ်းကွယ်ထားသလိုပင်။ ပြီးတော့ နူးညံ့သိမ်မွေ့လှသည်။

ကျွန်မ လက်ချောင်းလှီလှီ ကလေးတွေကို သူ့လက်နှစ်ဖက်ထဲ ထည့်ဆုပ်ထားရင်း . . .

"နွေး"

ဟု နှုတ်ခမ်းလှုပ်ရုံ တိုးတိုးခေါ်သည်ကို အဝေးကြီးက နှုတ်ဆက်သံလို ကျွန်မ ကြားရသည်။

လင်းဟာ ကြေကွဲစိတ်တွေကို သိမ်းထားရသည် ထင်ပါရဲ့။ ကျွန်မကို အားပေးရမည်လေ။

"နွေး . . . မသေနိုင်ပါဘူး"

ဆိုတဲ့ သီအိုရီ တစ်ခုကို စကားကို ရေရွတ်ရင်း ကျွန်မကို အားပေးမည် ဆိုလျှင်တော့ ဝမ်းနည်းစရာ ကောင်းမှာပဲ လင်းရယ်။

---

ဒါပေမယ့် ကျေးဇူးတင်ဖို့ ကောင်းလောက်အောင်ပင် လင်းက ဘယ်တော့မှ အဲသည်လို မပြောခဲ့။ လင်းဟာ ကျွန်မ ရင်ထဲက စကားတွေကို အလိုလို သိနေသလိုပါပဲ။ လင်းနှင့်ကျွန်မ စိတ်ချင်းနီးစပ်သည်လို့ ဆိုရမည်လား။

သည်လိုတော့ မပြောနိုင်ပါ။

ဘာကြောင့်လဲ ဆိုတော့ လင်းရဲ့ အတွင်းစိတ်ကိုတော့ ကျွန်မက မဖမ်းတတ်ခဲ့ဘူးလေ။

"နက်ဖြန် ဆေးရုံသွားလိုက်ရအောင် နော်"

လင်းက နူးညံ့လှသည့် လေသံဖြင့် ပြောသည်။

"လင်း"

လင်းက ပြန်မထူးဘဲ . . . တိုတောင်းလှသော သံခိပ်စကားဖြင့် မေးဆတ်ပြသည်။

"ဆေးရုံကို လိုက်ပို့မယ်ပေါ့"

"အင်း . . . ဟင် . . . "

"ကုန်ခဲ့တဲ့ နှစ်လကမှ တို့ ဆေးရုံက ဆင်းခဲ့တယ် နော်"

"ဒါပေမယ့် . . . "

"တဖြည်းဖြည်းနဲ့ ဆေးရုံတက်ရတဲ့အကြိမ်တွေစိပ်လာပြီ"

"မဟုတ်တာတွေ မပြောနဲ့ နော်"

လင်း မျက်ဝန်းတွေ ဖျတ်ခနဲ လက်သည်။ ထိတ်လန့်တကြား တားမြစ်လိုက်သည့် စကားသံနှင့် ပိုပြီးသေချာသည့်

ခံစားချက်ကို လင်း မျက်ဝန်းထဲမှာ ကျွန်မ သေချာ မြင်လိုက်ရသည်။ ကြေကွဲမှုမဟုတ်ဘူး ထင်မိသည်။

လင်း . . .

ကျွန်မကို နှမြောနေတာလား။

ဒါမှမဟုတ် . . .

လျှပ်ပြက်သလို ဖျတ်ခနဲ မြင်လိုက်ရသည့် လင်းရဲ့ မျက်အိမ်ထဲက အရိပ်ကို ကျွန်မ ခပ်ကြာကြာလေး မြင်ချင်ပေမယ့် လင်းမျက်ဝန်းထဲမှာ အရိပ်တွေက လျင်မြန်စွာ ပြောင်းလဲသွားသည်။ သည်ကာလအတွင်းမှာ မျိုသိပ်တတ်သည့် ပညာကို ကောင်းစွာတတ်ကျွမ်းခဲ့ပြီထင်၏။

"ကိုယ့်ကိုယ်ကိုလည်း အားမရဘူးကွယ်"

"ဟာ . . . အဲလို မတွေးရဘူးလေ၊ ခံနိုင်ရည်ရှိတဲ့ နွေးဆို၊ သတ္တိရှိတဲ့ နွေးနွေးနေခြည်ဆို၊ အားလျော့တဲ့ စကားတွေ မပြောစမ်းပါနဲ့နွေးရယ်၊ ဒီတစ်ခေါက် ဆေးရုံက ဆင်းရင် နွေး အားလုံး အိုကေသွားပြီလို့ မှတ်လိုက်၊ ပြန်ပြီး အားမွေးမယ်၊ ပြီးရင် လက်ထပ်မယ်"

"လျှောက်ပြော"

"တကယ်ပဲလေ . . . အားလုံး ပြင်ဆင်ထားပြီးပြီပဲဥစ္စာ"

"လင်း"

ကျွန်မက မျက်ခွံတွေကို ပိတ်ထားရင်း ခေါ်လိုက်

သည်။

“ဗျာ”

ဒါဟာ အနူးညံ့ဆုံးပဲ . . .

ကျွန်မ ရင်ခုန်နှုန်းတွေ ပိုမြန်လာသည်။

“တကယ်လို့ နွေး သေသွားခဲ့ရင် . . . လေ”

“နွေး”

မျက်လွှာတွေကို ပြန်ဖွင့်ကြည့်လိုက်တော့ ကျွန်မကို အကြည့်လွှဲသွားသည့် လင်းကို မြင်ရသည်။ တကယ်တော့ ကျွန်မ က လင်းရဲ့ မျက်လုံးတွေထဲကို မြင်ချင်တာ။

ဒါပေမယ့် . . . လင်းက ကျွန်မ ရင်ထဲကို သိနေလျက် သူ့အကြည့်တွေကို သိမ်းကွယ်ထားခဲ့သည်။

“ကိုယ် မကြိုက်ဘူးကွာ၊ အဲလို စကားတွေ မပြောပါနဲ့၊ တို့ နှစ်ယောက်အတွက် အချိန်တွေ အများကြီး ရှိနေသေးတယ်လေ”

“မဟုတ်ဘူး လင်း၊ ဒါ ပြောသင့်တဲ့ စကားပါ ၊ လင်းကို ချုပ်နှောင်မထားသင့်ဘူးလို့ ထင်တယ်၊ အိပ်ရာပေါ်မှာလဲနေတဲ့ ရောဂါသည် မိန်းမတစ်ယောက်ကို မသေမချင်း စောင့်နေရမယ် ဆိုတာ အဓိပ္ပါယ်မရှိဘူး”

စကားတစ်ခွန်း နှစ်ခွန်းဖြင့်ပင် ကျွန်မ နွမ်းဟိုက်သွားသည်။ နှလုံးခုန်နှုန်းတွေ မြန်ဆန် ပြင်းထန်လာပြန်သည်။

www.burmeseclassic.com

မျက်လုံးတွေမှိတ်ပြီး အားစိုက် အသက်ရှူရင်းကပင် ကျွန်မ ပတ်ဝန်းကျင်က လေထုကြီးသည် ကျွန်မနှင့် မထိတွေ့နိုင်သလိုပင်။ ကျွန်မ အနားမှာ ခေါ်သံတိုးတိုးကိုကြားနေရသည်။ အေးစက် နေသော ကျွန်မ လက်ချောင်းတွေကို ဆုပ်ထားသည့် လက်ဖဝါးက ပိုပြီး တင်းကျပ်လာသည်။ မောပန်းနေသည့်ကြားကပင် လင်းဆီက တုံ့ပြန်စကားကို မျှော်မိ၏။

ကျွန်မ မရှိသည့်နောက်မှာ လင်းသည် ကျွန်မကို ဘယ်လောက်ကြာကြာ လွမ်းဆွတ်တမ်းတ နေနိုင်မှာလဲ။ ဒါပေမယ့် ကျွန်မ၏ စိတ်ကူးယဉ် ကမ္ဘာလေးထဲမှာတော့ လင်းသည် ကျွန်မကို လွမ်းဆွတ်တမ်းတရင်းဖြင့် အထီးကျန်လျက်ရှိသည်။ လင်းရဲ့ ကွဲကြေနေသည့်နှလုံးအိမ်ကို မြင်ရပေမယ့် . . . ကျွန်မ ကျေနပ်ပါသည်။

ကျွန်မ မရှိတော့သည့်အခါ လင်းရဲ့ဘဝက လိုက်ပြီး သေဆုံးသွားနိုင်မှာလား။

ကျွန်မ လောဘတွေ ကြီးနေမိပြန်ပြီ။

"နွေးရယ် . . . ကိုယ် စောင့်ပါ့မယ်၊ ဘယ်နှစ်လ ဘယ်နှစ်နှစ်ကြာကြာ ကိုယ် စောင့်ပါ့မယ် ၊ နွေး ပေါက်ကရတွေ လျှောက်မတွေးနဲ့ . . .

အသက်ရှူရခက်နေလား . . . မောနေလား ဟင်၊ ကိုယ် ပွေ့ထားမယ်လေ"

---

**စေတနာစာပေ**

ကျွန်မ ကိုယ်လုံးလေး ခပ်မတ်မတ်ဖြစ်အောင် . . . လင်းက ထူပွေ့လိုက်ပြီး သူ့ရင်ခွင်ထဲမှာမှီစေသည်။ လင်းရဲ့ ကိုယ်ငွေ့က နွေးထွေးလှပါရဲ့။ ကျွန်မသေဆုံးချိန်မှာ လင်း . . . ကျွန်မ အနားမှာ ရှိနိုင်ပါ့မလား။ လင်းရဲ့ရင်ခွင်မှာ ကျွန်မ ခုလို ခေါင်းမှီနေခွင့်ရလျှင်ဖြင့် ကျွန်မရဲ့ အသက်တာကို ဆွဲဆန့်ထား၍ ရနိုင်မည်လား။

"နွေး . . . မြန်မြန် နေကောင်းအောင်ကြိုးစားနော်၊ ကိုယ့်ကို အားပေးမယ့်သူ မရှိတော့ ခြေက သိပ်မသွက်ချင်ဘူးကွ၊ ဘောလုံးထဲ စိတ်မရောက်ဘူး ဖြစ်နေတယ်"

လင်းက ကျွန်မကို စိတ်ပြေလက်ပျောက် ဖြစ်စေချင်သည် ထင်ပါရဲ့။

မဟုတ်သေးပါဘူး လင်း ရယ် . . .
လင်းကို အားပေးမယ့်သူ ရှိနေပါတယ်။

❖❖❖

လင်းကို အားကစားသမားရယ်လို့ သိပြီး အံ့သြရသည်က ကျွန်မဘဝမှာ အတော်ရယ်စရာကောင်းသော အဖြစ်တစ်ခုပင်။ လင်းက တိုင်း လက်ရွေးစင် ဘောလုံးသမားတစ်ယောက်တဲ့။ မျိုးဆက်သစ် လူငယ်တွေထဲကနေ မြန်မာ့လက်ရွေးစင်အထိ ဖြစ်လာပြီး အားကစားဂျာနယ်တွေထဲမှာ မကြာခဏ သတင်းနှင့် ဓာတ်ပုံတွေပါနေကျတဲ့။ ကျွန်မကဖြင့် မသိပါ။ ကျွန်မ ပတ်ဝန်းကျင်မှာလည်း လင်းကို သိနှင့်နေသူ မရှိပါ။

လင်းကို ကျွန်မပြုတ်ပြုတ်သားသား ဆန့်ကျင်လိုက်သည့်အခါ လင်းတစ်ယောက် ဆိုင်ဘက်ခြေဦးလှည့် မလာတော့ချေ။ လင်းမှာ ထားသည့် ဖိနပ်ကတော့ လင်း . . . ကျွန်မရှေ့က ပျောက်သွားပြီး တစ်လကျော်ကျော်မှာ ရောက်ရှိလာခဲ့ပါသည်။ အဲသည် ဖိနပ် ကို ကျွန်မ သိမ်းထားပေးဖို့ စိတ်ကူးမရှိခဲ့။ မိန်းကလေးတွေကို လက်တည့်စမ်းပြီး ကြုံသလို ရည်းစားစကားပြောတတ်သည့် ယောကျ်ားအမျိုးအစားထဲ လင်းကို ထည့်သွင်းထားလိုက်တာ ကျွန်မ အပြစ်မဟုတ်နိုင်ပါ။ သူ မှာလိုက်သည့် ဖိနပ်လေးကို ပြန်မြင်ရချိန်မှာတော့ ကျွန်မ လင်းကို ဖျတ်ခနဲ

သတိရလိုက်ပါသေးသည်။ ပြုံးချင် ရယ်ချင်လည်း ဖြစ်မိသည်။ သည့်နောက်မှာ တော့ ကျွန်မ ပြန်ပြီး မေ့လျော့နေခဲ့တာပါပဲ။

လင်းနှင့် ပြန်ဆုံရသည်က ဘယ်လိုမှ မထင်မှတ်သည့် အဖြစ်။ ကိုကို့ မိတ်ဆွေ ကိုသန်းညွှန့်နှင့် လေးဆယ့်သုံးလမ်းထဲက သူ့အလုပ်ခန်းမှာ တွေ့ရာက စ,သည်။ ကိုသန်းညွှန့်က အထက်တန်း ကျောင်းမှာကတည်းက ကိုကိုနှင့်အတန်းဖော် . . . အတော်ခင်သည့် သူငယ်ချင်းဖြစ်သည်။ အိမ်မှာ အမြဲတစေ ဝင်ထွက်နေပြီး ကိုကို သဘော်တက်မှ အဆက်အသွယ်ပြတ်ကြသည်။ ကျွန်မတို့ မောင်နှမ နှစ်ယောက် ဘိုကလေးဈေးက အထွက် ဂမုန်းပွင့်ကုန်တိုက်ရှေ့ အရောက်မှာ ကိုသန်းညွှန့် နှင့်ဆုံသည်။ ကိုသန်းညွှန့်သည် အရင်ကတော့ဓာတ်ပုံဆရာ ဖြစ်၏။ ခုတော့ အားကစားဂျာနယ် ထုတ်နေပြန်သည်တဲ့။

"မတွေ့တာကြာပြီကွာ၊ အေးအေးဆေးဆေး စကားပြောရအောင်၊ ငါ့အလုပ်ခန်းလည်း ရောက်ဖူးတယ်ရှိအောင် လိုက်ခဲ့ကွာ"

ကိုသန်းညွှန့်ကခေါ်သည်မို့ ကိုကိုနှင့်ကျွန်မ ကိုသန်းညွှန့် ရဲ့ အလုပ်ခန်းကို ရောက်ရသည်။

အဲသည်မှာ လင်းနှင့် ဆုံရတာပေါ့။

လင်းကလည်း ကိုသန်းညွှန့်နှင့် ရင်းနှီးနေသည်။ အဲသည် နေ့ က လင်းသည် ကိုသန်းညွှန့် အလုပ်ခန်းဆီ ဘယ်လို

အကြောင်း ကိစ္စနှင့် ရောက်လာသည်မသိ။ အဲသည် အကြောင်းကို ကျွန်မတို့ ရင်းနှီးခဲ့သည့် ကာလတစ်လျှောက်လုံးမှာလည်း ပြန် မမေးဖြစ်တော့။

ကိုသန်းညွှန့်၏ ရုံးခန်းကလေးက ရှည်မျောမျော ခပ်ကျဉ်းကျဉ်းပေမယ့် လျှပ်စစ်မီးရောင်ဖြင့် လင်းလျက်ရှိသည်။ လေအေးစက်ကြောင့် အေးစိမ့်နေပြီး မီးခိုးရောင်မှန်ချပ်များဖြင့် ကာရံထားသည်။ အထဲမှာ ကွန်ပျူတာနှစ်လုံး၊ ဓာတ်ပုံတွေ၊ စာ ရွက်တွေ၊ နိုင်ငံခြားမဂ္ဂဇင်းတွေနှင့်သာ ပြည့်လျက် . . . ဧည့်သည် တွေအတွက်တော့ နိုင်ငံခြားဖြစ် ခေါက်ကုလားထိုင်လေးတွေ တန်း စီချထားသည်။ ဂျာနယ် ဖောင်ပိတ်ပြီးသည့်ရက်မို့ ရုံးခန်းမှာတော့ လူသူရှင်းနေသည်။ ကိုကိုက ဘောလုံး ဝါသနာအိုးမို့ ကိုသန်းညွှန့် ရဲ့ အားကစားဂျာနယ်ကိုတော့ စိတ်ဝင်တစားရှိသားပင်။ စီးပွား ရေးအရ တွက်ချေကိုက်သည် ဆိုတော့လည်း အရင်းအနှီး ထည့် ချင်ပြန်သည်။

ကျွန်မက ရုံးခန်းထဲက ဓာတ်ပုံတွေကို စပ်စုနေစဉ် မှာ လင်းရဲ့ ဓာတ်ပုံကို မထင်မှတ်ပဲ မြင်လိုက်ရတာပေါ့။ လင်းရဲ့ ကိုယ်တစ်ပိုင်းပုံမှာ လင်းက မပြုံးမရယ် တည်သောမျက်နှာထား ဖြင့် ဓာတ်ပုံရိုက်သည်ကို အာရုံမထားပဲ တစ်ယောက်ယောက်နှင့် စကား ပြောနေပုံမျိုး တီရှပ် အပြာရောင်နှင့် လင်းသည် ဓာတ်ပုံထဲ မှာဆို အပြင်မှာလို ကြည့်မကောင်းလှချေ။ မျက်ခုံးတွေကတော့

ဓာတ်ပုံထဲမှာ ပို၍ ထင်းနေသည်။

"အစ်ကို သန်းညွန့် . . . ဒါ ဘယ်သူလဲ"

ကိုကိုနှင့် စကားပြောရာကနေ ကိုသန်းညွန့်က . . . ကျွန်မကို လှမ်းကြည့်သည်။ ကျွန်မက ဓာတ်ပုံကို ကိုသန်းညွန့်ဘက် လှည့်ပြလိုက်သည်။

"ဩော် . . . လင်းသန့် လေ"

လင်းသန့် . . . လေ . . . တဲ့။

လင်းသန့် ဆိုတာနှင့်ပဲ ကျွန်မက သိရတော့မည် လို့။

"ဟုတ်ပါပြီလေ . . . အဲဒီ လင်းသန့်က ဘာလဲ"

"နင် မသိဘူးလား"

"ဘယ်လိုလို့ သိမှာလဲ"

"လင်းသန့်ဆိုတာ ဘောလုံး **selection** လေဟာ၊ ဘောလုံး လောကမှာတော့ လူသိများတာပေါ့၊ တို့အားကစားဂျာနယ်တွေမှာတော့ သူတို့က မြန်မာဇာတ်လိုက်တွေပေါ့၊ နိုင်ငံခြား မင်းသား တွေလည်း ရှိသေးတယ်၊ အိုဝင် . . . တို့၊ ဘက်ဟမ်း . . . တို့"

"ဟာ . . . သူက ဘယ်သိမှာလဲ၊ အားကစားဆို ငယ်ငယ်က သားရေပင်တောင် ကောင်းကောင်း ခုန်တတ်တာ မဟုတ်ဘူး၊ တစ်ခါ နှစ်ခါ ခုန်ပြီးရင် မောနေပြီ"

ကိုကိုက ကျွန်မကို နှိုပ်ကွပ်လေသည်။

"ဩော် . . . သူက ဘောလုံးသမားကိုး"

"နင်က သိလို့လား"

ကိုသန်းညွန့်က မေးသည်။ ကိုကိုက ကျွန်မကို လှမ်းကြည့်နေတော့ ကျွန်မ အဖြေရခက်သွားပါသည်။

"ဆိုင်ကို လာလာနေတာလေ၊ အားကစားပစ္စည်းတွေကို အတော် စိတ်ဝင်စားသားပဲလို့တော့ အောက်မေ့တာ"

"နင်တို့ဆိုင်က အားကစားပစ္စည်းဆိုင်လား"

"အင်း . . . အဲဒါတွေလည်း ရှိတယ်၊ တခြား အဝတ်အထည်နဲ့ ဖိနပ်တွေ၊ သားရေအိတ်တွေလည်း ရှိတယ်၊ သူ မကြာခဏ လာကြည့်နေတာ"

"ရိုးမှရိုးရဲ့လား . . . ငါ့ညီမကို လာရှိတ် နေတာများလား"

ကိုကိုကတော့ ညီမ ဖြစ်သူကို နှမြောမရှိ ကျီစယ်မြဲပင်။

"ဟော့ . . . ဟုတ်ပြီ၊ နင်တို့ဆိုင်က အေပရယ်ရဲ မဟုတ်လား"

"ဟုတ်တယ်လေ"

ကိုသန်းညွန့်က စားပွဲမျက်နှာပြင်ကို ဖြန်းခနဲပုတ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ"

"ဟုတ်ပြီ ဟုတ်ပြီ . . . ပေါက်စ နာမည်က နွေးနွေး မဟုတ်

လား၊ သူကပြောတော့ ငါဒီနာမည်မျိုး ကြားဖူးပါတယ် အောက်မေ့နေတာ”

“ဘာတွေလဲ . . . ကိုသန်းညွှန့်ကြီး ဘာတွေ ရှုပ်နေတာလဲ”

ကိုကိုကတော့ ကျွန်မကို ကြည့်လိုက် ကိုသန်းညွှန့်ကို ကြည့်လိုက်ဖြင့် အူကြောင်ကြောင် ဖြစ်နေပါသည်။ ကိုသန်းညွှန့်က ကိုကို့ပခုံးကို ဖျတ်ခနဲ ပုတ်ပြီး . . .

“အဟုတ်ပဲ . . . ဒီကောင် မင်းညီမကို ကြိုက်နေတာ”

ဆိုတော့ ကိုကို့ မျက်နှာကြီးမည်းပြီး အောင့်သက်ပုပ်သိုးသွားပုံက ရယ်စရာကောင်းလှသည်။ ကျွန်မကတော့ ကိုသန်းညွှန့် စကားမှာ အမှတ်မထင်ပဲ စိတ်လှုပ်ရှားသွား မိလေသည်။

“ဒီလိုကွာ . . . ဒီလိုကွာ . . . ဒီကောင်လေးက ဘောလုံးသမား၊ ဒီကောင်လေးရဲ့ အဖေက ငါတို့လိုပဲ အရင်က ဂျာနယ်လစ်ဖ်၊ ခုတော့ သူတို့က ကာလာခွဲစက်တွေ၊ ရိုက်စက်တွေဝယ်ပြီး ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေလုပ်တော့ အတော်လေး ဟန်ဟန်ပန်ပန်ပေါ့ကွာ ၊ ငါတို့ထက် အများကြီး အတွေ့အကြုံ ရှိပြီပေါ့၊ အသက်ကလည်း အများကြီး ပိုကြီးပါတယ် . .

တို့ အားကစားဂျာနယ်လုပ်တော့ သူတိုနဲ့ ဆက်သွယ်မိပြီး. . . ကျွန်တော့်သားက ဘောလုံးသမား မိတ်ဆက်ပေးမယ်ဆိုပြီး ဒီကောင်လေးနဲ့ ရင်းနှီးလာတာ၊ အလုပ်သ

ဘောရော မိသားစု ပုံစံရောပေါ့ကွာ"

ကိုသန်းညွှန့်ရဲ့ အချီးတွေ နိဒါန်းတွေကို ကျွန်မ သည်းခံ နေရ၏။

"ဟို တလောက . . . သူနဲ့ သူ့အိမ်မှာတွေ့တော့ ငါက နောက်တယ်၊ ဒီအသက်အရွယ်ရှိနေပြီ . . . နာမည်ကြီး ဘောလုံးသမား ဖြစ်နေပြီ၊ ရည်းစားလေး တစ်ယောက် တောင်မရသေးဘူးလားလို့ဆိုတော့ . . . သူ ကြိုက်တဲ့ ကောင်မလေးက ပြန်မကြည်လို့ စိတ်လေနေတယ် . . . တဲ့၊ အဲဒါနဲ့ ငါက အစ်မေး,မေးတော့ ကောင်မလေးက မျက်နှာ ကြည်ကြည် ရှင်းရှင်းလေးတဲ့၊ ဒါပေမယ့် ရေရေလည်လည် ပြတ်သားတယ်တဲ့၊ သူ့ကို ဟောက်ထုတ်တယ်ဆိုပဲ၊ နာ မည်တောင် သူက ပြောလိုက်သေးတယ် . . . နွေးနွေး . . . တဲ့ . . . ၊

ပြီးတော့ ငါ့ကိုလည်း ဂျာနယ်ထဲ ထည့်မရေးနဲ့ . . . တဲ့၊ ဒီတုန်းကတော့ ငါဒီနာမည်မျိုး ကြားဖူးပါတယ်လို့ . . . နောက်ဆုံးတော့ ပေါက်စ ဖြစ်နေတာကိုး"

"ဟာ . . . ကိုသန်းညွှန့်ကြီးကလဲ"

"အေးကွာ . . . ငါ့ညီမကို ကြိုက်မယ့်သူ ရှိသေးသားနော်"

ကိုကို့ မျက်နှာ ကြည်လင်လာပြီး ကျွန်မကိုပင် ကျီ စယ်နေသေးရဲ့။ ကိုကိုက ရယ်စရာလို သဘောထားပေမယ့် . . .

ကိုသန်းညွန့်က ရယ်စရာရယ်လို့ သဘောထားပုံ မရပါ။ ပြီးတော့ အောင်သွယ်လုပ်ဖို့ ဝါသနာထုံလှသည့် လူပျိုကြီး ကိုသန်းညွန့်သည် လင်းသန့်ရဲ့ ကောင်းကြောင်း တော်ကြောင်းတွေကို ချီးမွမ်းခန်း ဖွင့်ပြီး . . .

"နင်နဲ့ဆို ငါသဘောတူတယ်"

ဆိုပြီး ပြောင်ပြောင် ပြောပါတော့သည်။

"အံမယ် . . . ဘာသဘောတူတာလဲ၊ ဒီက စဉ်းစားရမှာပါ နော်"

"အေးလေ . . . မင်းက ငါ့ညီမကိုများ ကြားက ပွဲစားလုပ်ချင်သေးတယ်၊ ငါပြောရမယ့်စကားကို မင်းက ပြောနေပြီးတော့၊ မင်း . . . ငါ့ညီမကို အတင်း အောင်သွယ်လုပ်မနေနဲ့၊ သူက အပျိုကြီး လုပ်ပြီး မိဘတွေကို ပြုစုမှာ"

"လာပြန်ပြီ . . . သူ မိန်းမ ယူချင်တိုင်း သူများကို အပျိုကြီး လုပ်ခိုင်းနေတယ်၊ ညီမလေး အပျိုကြီး လုပ်မယ်၊ ကိုကိုလည်း မိန်းမ မယူရဘူး . . . ဒါပဲ"

လင်းသန့်ရဲ့ ချီးမွမ်းခန်းက လမ်းကြောင်း လွဲချော်သွားခဲ့ ပေမယ့် . . . အဲသည် တိုက်ဆိုင်မှုအကြောင်းအရာတွေက ကျွန်မ စိတ်ကို လှုပ်ရှားစေနိုင်ပါသည်။ အမှတ်မထင်ရှိခဲ့သော လင်းသန့် ဆိုသည့် ကောင်လေး၏ ပုံရိပ်က ကျွန်မ နှလုံးသားမှာ စတင် အရိပ်ထင်လာခဲ့သည်။

---

ပြန်ကာနီးမှာတော့ ကျွန်မသည် စိတ်ထဲမှာ ရှိနေသည့် ပုံရိပ်တစ်ခုကို မကွယ်ဝှက်နိုင်ပဲ . . .

"သူမှာတဲ့ ဖိနပ် ရောက်နေပြီလို့ အဲဒီ လင်းသန့်ကို ပြောလိုက်ဦးနော် ကိုသန်းညွန့်"

ဆိုပြီး ပလက်ဖောင်းဘေးက အငှားကားပေါ် ဖြုန်းခနဲ တက်လိုက်သည်။ ကျွန်မက မျက်နှာကြည်လင်သူမို့ စိတ်လှုပ်ရှားမှုက သိသာလှသည်။ ကျွန်မရဲ့ ပါးလွှာသည့် အရေပြားပေါ် သွေးကြောတွေ နီရဲယှက်ဖြာပြီး အသက်ရှူမြန်ကာ ကျွန်မ ဘာသာ မသိခင်မှာ ကျွန်မ အနားရှိနေသည့် တစ်ယောက်ယောက်က အရင်ဆုံး သိရတတ်သည်။ ကျွန်မ စကားကို ကိုသန်းညွန့် ကြားမကြား မသိပါ။ ကိုကိုကတော့ ဂျာနယ်ထွက်လျှင် သူ့ဆီ ပို့ပေးဖို့ မှာနေသည်။ ကိုသန်းညွန့်က . . .

"ပေါက်စရေ . . . နင့်ဆီ ငါလာလည်မယ်နော်၊ ညွှန့်သည် တစ်ယောက်ပါ ခေါ်ခဲ့မယ် သိလား"

ဟု ရယ်ကာ မောကာပြောနေသည်။

ကျွန်မကလည်း ရယ်မောစရာ သက်သက် ဟုသာ သဘောထားခဲ့ပါသည်။

❖❖❖

ရယ်စရာ ပျော်စရာ စကားဟု သဘောထားခဲ့ပေမယ့် . . . ကျွန်မ နောက်ထပ် အံ့ဩစေရအောင်ပင် ကိုသန်းညွန့်က တကယ်ပဲ လင်းကို ခေါ်ပြီး အိမ်ရောက်လာခဲ့သည်။ အဲသည်နေ့ က အိမ်မှာ ကိုကို မရှိပါ။ သင်တန်းတစ်ခု သွားတက်နေရသည်။ ကိုကိုသာ ရှိလျှင်တော့ ကျွန်မ တကယ့်ကို မျက်နှာထားရခက်မှာ။

တံခါးဘဲလ်သံကြားတော့ ကျွန်မ ရေချိုး ခေါင်းလျှော်ပြီးစ၊ သနပ်ခါး ပါးပါးလိမ်းပြီးစ ဖြစ်သည်။ ဆံပင် ရေမခြောက်တခြောက်ကို ကျော်ပေါ်ဖြန့်ထားလျက် တံခါးဖွင့်လိုက်တော့ အံ့ဩ ဖို့ကောင်းစွာပင် လင်းကို တွေ့ရလေသည်။

"ဟင်"

ကျွန်မ အံ့ဩတကြီး မျက်လုံးပြူးနေပေမယ့် . . . လင်းကတော့ ထုံးစံအတိုင်း ခပ်တည်တည် မျက်နှာနှင့်ပေါ့။ မျက်နှာကို တင်းထားရမှာလား၊ ချိုလိုက်ရမှာလား . . . ကိုယ့်ဘာသာ ဝေခွဲ မရပဲ ကျွန်မ တံခါးဝမှာ ကြောင်စီစီ ရပ်နေမိခဲ့သည်မှာ. . . ကိုသန်းညွန့် ကျွန်မ ရှေ့ရောက်လာသည်အထိပါပဲ။

"ဟာ. . . ဧည့်သည်ကို တံခါးဝမှာ မတ်တပ်ကြီးထားတော့မှာလား"

ကျွန်မက ကိုသန်းညွှန့်ကို မျက်စောင်းထိုး ကြည့်မိသည်။

"ဇာနည် ရော"

"မရှိဘူး"

"ဟဲ့ . . . ဘယ်သူတွေလဲ"

မေမေက အိမ်ရှေ့ဧည့်ခန်းထဲ ရောက်လာပြီး ကျွန်မကို လှမ်းမေးတော့ ကျွန်မ မဖြေရသေးခင်မှာပင် ကိုသန်းညွှန့်က

"ကျွန်တော် သန်းညွှန့်ပါ အန်တီ"

ဆိုပြီး လှမ်းပြောသည်။ အဲသည် အချိန်အထိ လင်းသည် စကားတစ်ခွန်းမှ မပြောပဲ မပြုံးမရယ် မျက်နှာဖြင့် ကိုသန်းညွှန့် ဘေးမှာ ခပ်ကုပ်ကုပ် ရပ်နေခဲ့သည်။

"ဟဲ့ . . . အထဲဝင်လေကွယ်"

မေမေက ပြောတော့ ကိုသန်းညွှန့်က ကျွန်မကို ပြုံးဖြီးဖြီး ကြည့်လျက် . . .

"နင့်ဆီလာတာ မဟုတ်ပါဘူး . . . ဇာနည် ဆီလာတာ"

ဆိုပြီး လင်းကို ဧည့်ခန်းထဲ ဝင်ထိုင်ဖို့ ဖိတ်ခေါ်နေလေသည်။

"အန်တီတို့ အိမ်က ခေါ်ထားတဲ့ ကောင်မလေးက သိပ်

ဆက်ဆံရေး ကျဲတာပဲနော်”

ဆိုပြီး ကျွန်မ မခံချင်အောင် ကျီစယ်နေသေးသည်။

“မင်းကလည်း ဇာနည် မရှိတာနဲ့ အိမ်ကို အဝင်အထွက် မလုပ်တော့ဘူး၊ ခု ဂျာနယ် လုပ်နေတယ်ဆို”

“ဟုတ်ပါတယ် အန်တီ၊ ခုလည်း ဂျာနယ် ထွက်ရက်မို့ သူ့ကို လက်ဆောင်ပေးရအောင် ဝင်လာရင်းနဲ့ . . . ဒီက လင်းသန့်ကလည်း ပေါက်စနဲ့ . . . အသိမိတ်ဆွေတွေဆို တော့”

ဘုရားရေ . . .

မုန်းစရာကောင်းပါဘိတော့ . . .

မေမေ့ရှေ့မှာမို့ ကျွန်မကိုသန်းညွန့်ကို ရန်ထောင်ဖို့ အချိန်မရလိုက်ပါ။ မေမေက ကျွန်မမျက်နှာကို ဇဝေဇဝါဖြင့် လှမ်း အကဲခတ်နေတာမို့ ကျွန်မ လင်းကို ပြုံးကြည့်နေလိုက်ရသည်။

“အေပရယ်ရ်မှာဈေးဝယ်ရင်း . . . မျက်မှန်းတန်းမိကြတာပါ၊ သမီးတို့ဆိုင်ကို အားပေးနေကျ ဖောက်သည် လေ မေမေရဲ့၊ ဟိုနေ့ကမှကိုသန်းညွန့်ဆီရောက်တော့ စကား စပ်မိကြတာ၊ လင်သန့်က မြန်မာ့လက်ရွေးစင် ဘောလုံး သမား . . . တဲ့ မေမေ”

“ဩော် . . . ဩော် . . . ”

မေမေ့မျက်နှာ ထူးထူးခြားခြား ပြောင်းလဲမသွားပါ။ မေမေသည် သမရိုးကျ မိန်းမများနည်းတူ ဘောလုံးပွဲတွေ၊ အားကစားပွဲတွေကို မဆက်စပ်မိပါ။ ဘောလုံးသမားဟူသော ဂုဏ်ပုဒ်က မေမေ့အတွက် ထူးခြား ပြောင်းလဲသွားစေဖို့ ဘာအကြောင်းမှ မရှိပါ။ ပြီးတော့ မေမေသည် လင်းသန့်ဟူသော ကောင်လေးကို သမီးဖြစ်သူနှင့်ဆက်စပ်ပြီး မြင်မိတွေးမိပုံလည်း မပေါ်။

"ဒါကြောင့် အားကစား ဂျာနယ်သမားနဲ့ တွဲမိနေတာပေါ့ ဟုတ်လား"

ဟုပင် လင်းကို ကျီစယ်သလို မေးလိုက်သေးသည်။

"ဇာနည်ကတော့ မရှိဘူး သားရဲ့၊ သင်တန်းသွားတက်နေတယ်၊ သူတို့လည်း ပြန်ရောက်တာနဲ့ သင်တန်းတွေ တစ်ခုပြီး တစ်ခုပဲ"

ကျွန်မက စကားဝိုင်းကို ရှောင်လွှဲဖို့ကြိုးစားပေမယ့် မေမေက တစ်ခုခုသောက်ရအောင်ကွယ်ဆိုပြီး စွေ့ခနဲ ထ,သွားတော့ ကျွန်မနှင့်လင်းသည် ကိုသန်းညွန့်ရှေ့မှာ တစ်ယောက်နှင့်တစ်ယောက် ခပ်အမ်းအမ်းဖြစ်လျက် ခဏတော့ ငြိမ်သက်နေမိသေးသည်။ သို့ပေမယ့် . . . ကျွန်မသည် အရောင်းတာဝန်ခံအဖြစ် အချိန် အတော်ကြာ လုပ်သက်ရလာပြီဆိုတော့ လူတစ်ယောက်ကို ကြည်ကြည်လင်လင် ပြုံးပြဖို့ သိပ်ပြီး အားထုတ်စရာမလိုပဲ သူ့

ကိုလည်း စိတ်ထဲမှာ မုန်းတီးရန်လိုစိတ်မျိုးတွေမရှိ။ စကတည်းက မေမေ့ပျောက်ပျောက်မို့ လင်းနှင့်ပတ်သက်ပြီး သူ့ရှေ့မှာ စိတ်ကျဉ်းကျပ်နေတာမျိုးလည်း မဖြစ်မိပါ။ ကျွန်မ အိမ်အထိ ရောက်လာသည့် လင်းရဲ့ တဇွတ်ထိုး စိတ်ကလေးကိုတော့ အသိအမှတ်ပြုမိသည်။

သည်တစ်ခါ လင်းက ဂျင်း(န်)ဘောင်းဘီ အနက်ရောင် နှင့် လာကို့စ် စပို့ရှပ်နက်ပြာ လိမ္မော်အစင်းကြားကို ဝတ်ထား၏။ လင်းရဲ့ အဝတ်အဆင်ကို အရောင်ကအစ ကျွန်မပထမဆုံး မှတ်မိနေသည့် အကြိမ်လည်းဖြစ်သည်။ လင်းရဲ့မျက်လုံးတွေက စူးလက် လွန်းပေမယ့် ငြိမ်နေသည်။ လင်းရဲ့ မျက်ဆံအိမ်မှာ ကျွန်မ ပုံရိပ် ရှိနေသည်လား မသိ။ ရင့်ကျက်ပြီဟု ကိုယ့်ကိုယ်ကို ထင်သော ကျွန်မက အားလုံးကို အမှတ်မထား မေ့ဖျောက်ခဲ့ပြီဆိုသည့် ပုံစံမျိုးဖြင့် . . . ။

"ဆိုင်ဘက် ရောက်မလာဘူး နော်"

ဟု လောကဝတ် ပြုမိသည်။

"ဟုတ်ကဲ့ . . . ကျွန်တော် မလာရဲလို့ပါ"

ဟောတော် . . .

ခက်ရချည်ရဲ့။

စကားဆက်ဖို့ ခက်သည့်ကြားကပင် . . . ပြုံးမိသေးသည်။

www.burmeseclassic.com

"ကိုသန်းညွန့်ကြီး အတင်း ခေါ်လာတာ မဟုတ်လား"

"မဟုတ်ပေါင်ဗျာ၊ ငါလည်း ပြောပြလိုက်ရော . . . ရောဂါတွေတက်ပြီး တွေ့ချင်တယ် . . . တွေ့ချင်တယ် ဖြစ်တာ"

"ဟာဗျာ . . . အစ်ကိုကလည်း"

လင်းရဲ့ ခပ်ရှည်ရှည် အရယ်က ကျွန်မကို နှစ်ခြိုက်စေနိုင်ခဲ့တာ အံ့သြစရာပင်။ လင်းမှာ ခပ်သေးသေး သွားစွယ်ချွန်လေး တွေရှိသည်။ အဲသည်လို ပြုံးရယ်တာကို မမြင်ဘူးခဲ့တာမို့ လင်းရဲ့ ပုံရိပ်သည် ကျွန်မနှလုံးသားမှာ စွဲမက်ဖွယ်စွဲထင်နေခဲ့၏။ ဒါပေမယ့် ချက်ချင်းတော့ ကျွန်မ နားမလည်နိုင်ပါ။ လင်းကို ချစ်နေသည် ရယ်လို့ ကိုယ့်ဘာသာ လက်ခံနားလည်လာရသော အချိန်သည် သိပ်တော့ မတိုတောင်းလှပါ။

"မင်း . . . မှာတဲ့ ဖိနပ်လည်း ရောက်လာပြီ သိလား"

"ဟုတ်လား . . . ဒါဆို ကျွန်တော် လာယူမယ်"

သူ တကယ်ပင် ဝမ်းသာအားရ ဖြစ်သွားခဲ့သည်။

"ကြာတောင် ကြာလှပြီ၊ မင်းက မပေါ်လာဘူးကိုး"

ကျွန်မက တမင်ပဲ တင်တင်စီးစီး . . . 'မင်း . . . ငါ' နှင့် ပြောလိုက်သည်။

"လာချင်တာပေ့ါ ဗျာ၊ မ, စိတ်အနှောက်အယှက် ဖြစ်မှာစိုးလို့ပါ"

"ဘာမှမဆိုင်ဘူး နော်၊ တို့က ဖိနပ်လာယူဖို့ ပြောတာ ၊

ကိုယ်ရေးကိုယ်တာနဲ့ အလုပ်တာဝန်ကို ရောထွေးပစ်လို့ ရတာမျိုး မဟုတ်ဘူး၊ တို့အနေနဲ့ ဆိုင်ကို လာတဲ့ ဈေးဝယ် သူတိုင်းကို ဖော်ဖော်ရွေရွေ ဆက်ဆံရမှာပဲလေ"

"ဟော့ . . . ငါ့ရှေ့မှာ ရန်မဖြစ်ကြနဲ့နော်"

"ကိုသန်းညွန့်ကိုလည်း ပြောထားရဦးမယ်နော်၊ ကိုသန်း ညွန့် ရဲ့ ရည်ရွယ်ချက်က မရိုးသားဘူးလို့ ထင်တယ်၊ ကိုကို နဲ့ ပြန်တိုင်မှာနော်"

မေမေ ညှော့ခန်းထဲ ပြန်ဝင်မလာခင် . . . ကျွန်မရင် ထဲမှာ တိုးဌေ့ပြည့်သိပ်နေသည့်စကားတွေ ကရားရေလွှတ် တ တွတ်တွတ် ပြောမိသည်။ ကျွန်မ ရင်ထဲမှာ ဘာကိုမှ သိမ်းဝှက် မထားချင်မိ။ ကျွန်မက ပွင့်လင်းတတ်သူဖြစ်သည်။ ကျွန်မ ပြော သမျှကို မျက်ခုံးတစ်ချက်မတွန့်ပဲ ပြုံးနေသူကတော့ လင်းပင် ဖြစ်သည်။

နောက်တော့ လင်းသည် ကျွန်မတို့ စကားဝိုင်းမှာ ဝင် မစွက်တော့ပဲ မျက်လွှာချလျက် ငြိမ်သက်နေခဲ့သည်။ မေမေက ကိုကိုပြန်ရောက်သည်အထိ စောင့်ခိုင်းနေသေးသည်။ ကိုသန်း ညွန့် က နောက်ဆုံးထုတ် ဂျာနယ်အပြင် ဂျာနယ်အဟောင်း တချို့ ကိုပါ ပေးထားခဲ့သည်။ အဲသည် ဂျာနယ်တွေကစပြီး အားကစား ဆိုသည့် ကဏ္ဍက ဟိုးအရင်ကလို ကျွန်မနှင့် အဝေးကြီးမှာ မဟုတ် တော့ပဲ အတော်အသင့် ရင်းနှီးလာခဲ့ရသည်။

---

ပြီး . . . ထူးဆန်းစွာပင် ကျွန်မသည် လင်းရဲ့ ဘောလုံး ကစားနေဟန် လှုပ်ရှားနေသည့် ဟန်ကလေးတွေမှာ စိတ်အာရုံ နစ်ဝင်လျက် ရှင်သန်လှုပ်ရှားနေသည့် လင်းရဲ့အရုပ်တွေကို စတင် စွဲလမ်းမိတော့သည်။ ဘောလုံးကို တော့ကစားနေဟန်၊ တစ်ဖက်ကို အနိုင်ဂိုးသွင်းနိုင်ခဲ့သည့်အတွက် ဝမ်းသာအားရ ခုန်ပေါက်မြူးတူးဟန်၊ ဘောလုံးဆီ အလောတကြီး ပြေးလာသည့်ဟန်တွေကို ကျွန်မ ဘယ်ကဘယ်လို နှစ်သက်သွားမိသည်ဆိုတာမသိပါ။ တက်ကြွသော အမြဲရှင်သန်နေသော လင်းသန့်သည် ကျွန်မနှလုံးသားထဲ ပုံရိပ် တစ်ခုအဖြစ် တစ်စထက်တစ်စ စိုးမိုးသိမ်းပိုက်လာနိုင်ခဲ့သည်က ထူးဆန်းအံ့ဖွယ်ပါပဲ။

ဘောလုံးသမားတစ်ယောက်ကို ကျွန်မ ချစ်မိတာလား၊ လင်းသန့်ဆိုသည့် ကောင်လေးကိုပဲ ချစ်မိသည်လားဆိုတာ ကျွန်မ ဘာသာလည်း ခုချိန်ထိ ဇဝေဇဝါဖြစ်ဆဲပင်။ လင်းကို ကျွန်မ ချစ်သလို လင်းရဲ့ ဘောလုံးသမားဘဝကိုလည်း ကျွန်မလိုလို ချင်ချင်ပင် လက်ခံခဲ့သည်ဆိုတာတော့ ကျွန်မဘဝမှာ အသေချာဆုံးပင်။

လင်းနဲ့ ပတ်သက်မှု ဘာကိုမဆို ကျွန်မ ကျေနပ်နိုင်ဖို့၊ မြတ်နိုးနိုင်ဖို့ဆိုတာ ကြိုးစားယူဖို့ မလိုပဲ လွယ်ကူနေခဲ့သားနော်။

ဒါပေမယ့် . . .

လင်းကို ခွဲခွာသွားဖို့ ဆိုတာကတော့ သိပ်ခက်တယ်ကွယ်။

❖❖❖

ပြာသောကောင်းကင်ကြီးအောက်မှာ အချစ်ဆိုတာက အရိုးစင်းဆုံးသော ကဗျာတစ်ပုဒ်ပင် ဖြစ်ပါလိမ့်မည်။

လင်းကို ဘာကြောင့် ချစ်မိပါလိမ့် . . .

လင်းကို ဘယ်လို ချစ်မိပါလိမ့် . . .

ကျွန်မ တကယ်လို့ မတွေးတတ်ပါ။

လင်း ကျွန်မတို့ ဆိုင်သို့ ရောက်လာပြန်ပြီး ဖိနပ်တစ်ရန် လာယူသည့်နေ့က စ,ကာ ကျွန်မနှင့်လင်းသည် ရင်းနှီးသူတွေလို့ သတ်မှတ်ရမည့် အနေအထားမျိုး ရောက်ခဲ့သည်။ ကျွန်မကိုယ်တိုင်က လင်းကို နှစ်လိုလက်ခံချင်လာတာက လွဲလို့ ဘာများ ဖြစ်နိုင်ဦးမှာလဲ။ နှစ်ဦးက လင်းနှင့် တွေ့ပြီး နှစ်တစ်နှစ်အကုန်ပိုင်း ဒီဇင်ဘာမှာ ချစ်သူတွေဘဝ ရောက်ခဲ့ကြသည် နော်။

အို . . .

လင်းက ကျွန်မကို သိပ်ချစ်တာပါ။

ကျွန်မကို . . .

ကျန်းမာသန်စွမ်းသောခန္ဓာကိုယ် ကြည်လင်သော မျက်နှာလေးနှင့် နွေးနွေးကိုပေါ့။

❖❖❖

လင်းက ရုပ်ရှင်တွေ၊ စာအုပ်တွေကို စိတ်ဝင်စားမှု နည်းပါးသူဖြစ်သည်။ လင်းကို အဖြေပေးဖို့ ကျွန်မ စိတ်ကူးယဉ် ခဲ့သည့်နေ့ က လင်းနှင့် နှစ်ယောက်အတူ ရုပ်ရှင်ကြည့်ဖြစ်ကြ သည်။ကျွန်မတို့ရဲ့ အလုပ်ပိတ်ရက်တွေက ရှားပါးလှပါသည်။ အလှည့်ကျ နှင့် နားရပြီး ထမင်းစားချိန်သည်ပင် အလှည့်ကျစနစ် နှင့်ဖြစ်သည်။ အဲသည်လို ရှားပါးခက်ခဲသည့်ကြားက လင်းနှင့် ရုပ်ရှင်ကြည့်ဖို့ ကျွန်မ မိုက်မဲစွာပင် ကြိုးစားဖြစ်သည်။ လင်း. . ရုပ်ရှင်ကိုစိတ်ဝင်စားသူလား ဆိုတာ ကျွန်မ ကြိုတွေးမထားခဲ့ပါ။

"နဝဒေးမှာ တင်နေတဲ့ကား သွားကြည့်ရအောင်၊ မ,ကြည့် ချင်တာ ဘယ်သူမှ အဖော်စပ်လို့ မရဘူး"

ဆိုတော့ လင်းက ဝမ်းသာအားရပင် ခေါင်းညိတ် ပါသည်။ ရုပ်ရှင်က နာမည်ကြီးလှသည့် တရုတ်မင်းသား ချောင်-ပါဝင်သော ကားဖြစ်သည်။ ရုံထဲမဝင်ခင် လင်းက နေကြာစေ့၊ ဖရုံစေ့တွေ ရှောက်ပေါင်းယိုထုပ်တွေ ဝယ်သည်။

"ဘာလုပ်ဖို့လဲ လင်းရဲ့"

"နွေး . . . စားဖို့လေ "

www.burmeseclassic.com

" ဟင် . . . နွေးမှ အဲဒါတွေ မကြိုက်တာ "

"ဟုတ်လား . . . ကိုယ်မသိဘူး၊ မိန်းကလေးအတော်များများ ရုပ်ရှင်ကြည့်ရင် ဒါမျိုးတွေ စားကြတာပဲ မဟုတ်လား"

ကျွန်မ . . . လင်းကို ဘယ်လိုကြည့်မိသည်လဲ မသိပါ။ စိတ်ထဲမှာတော့ သံသယဖြင့် နည်းနည်းတော့ အောင့်မျက်မျက် ဖြစ်မိသည်။ ကျွန်မသည် မိန်းကလေး အတော်များများ၏ စိတ် ကောက်တတ်သည့်၊ သဝန်ကြောင်တတ်သည့် အလေ့အကျင့်ကို တွန်းလှန်ဖို့ကြိုးစားနေသူဖြစ်သည်။ သဘောထားကြီးပြီး ရင့်ကျက်သူ ဟူသည့် ဂုဏ်ပုဒ်ကို မက်မောသူဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်မရင်ထဲက ဝန်တိုစိတ်တွေကို ချိုးနှိမ်ထားရင်း ကိုယ်စိတ်ကို ဖြေဖျောက်ဖို့ ကြိုးစားနေမိသည်။

သို့ပေမယ့် အလင်းရောင်နည်းပါးသည့် မှောင်ရိပ်ထဲမှာပင် . . . လင်းက ကျွန်မမျက်ဝန်းများ၏ အဓိပ္ပာယ်ကို ကောင်းစွာ နားလည်နိုင်ခဲ့သည်။

"ကိုယ်က မြင်ဖူးတာပါ၊ ကိုယ်တိုင်တော့ မကြုံဖူးပါဘူး၊ မိန်းကလေးတွေနဲ့လည်း တစ်ခါမှ ရုပ်ရှင်မကြည့်ဖူးဘူ"

" နွေး ဘာပြောလို့လဲ "

" ပြောပါတယ် "

"မပြောမိပါဘူး လေ"

" စိတ်ထဲကတော့ ပြောနေတယ် မဟုတ်လား၊ နွေး မျက်လုံး

တွေထဲမှာ ကိုယ်မြင်တယ်လေ၊ နွေးရဲ့ မျက်နှာက ကြည်ကြည်ရှင်းရှင်းလေး၊ နွေး စိတ်ထဲရှိသမျှ အကုန်မြင်ရတယ်”

ကျွန်မ ရှက်သွားပြီး သူ့ကို စကားမပြောပဲ ရုပ်ရှင်ရုံ ကန့်လန့်ကာ ဖွင့်သည်မှစပြီး စိတ်ဝင်စားဟန်ဆောင် ကြည့်နေမိသည်။ သူက ဖရုံစေ့တွေ အခွံသင်ပြီး ကျွန်မ လက်ဖဝါးထဲ ထည့်ပေးသည်။

“ ဟင် . . . မကြိုက်ဘူး ဆို ”

“ကိုယ်လည်း မကြိုက်ဘူး ၊ ဒါဆို လွှင့်ပစ်လိုက်ရမလား”

မိန်းမ ပီပီ ကျွန်မက မူလိုက် နွဲ့လိုက်ချင်သေးသည်။ စိတ်ကောက်ကြည့်လိုက်ချင်သည်။ ဒါပေမယ့် ကျွန်မက ဘယ်တုန်း ကမှ ခပ်ချွဲချွဲ ခပ်နွဲ့နွဲ့ နေတတ်ခဲ့သည်မှ မဟုတ်တာ။ စိတ်က လည်း မကောက်တတ်တာမို့ . . .

“ သဘောပဲလေ”

ဆိုတော့ သူက နှမြောနေပြန်သေးသည်။ သည်တော့ ကျွန်မက သူနှင့်အတူ ဖရုံစေ့တွေ ဝိုင်းနွှာပြီး မြန်မြန်ကုန်အောင် စားပစ်လိုက်သည်။

“နွေးက သိပ်ပြီး မိန်းမ မဆန်လှဘူးနော်၊ ကိုယ်က အဲလို ရိုးရိုးစင်းစင်းလေးကို သိပ်ချစ်တာ သိလား”

တဲ့။ အဲသည် စကားကပဲ လင်းကို ချစ်သူရယ်လို့

---

www.burmeseclassic.com

အသိအမှတ် ပြုစေခဲ့တာ။ ကျွန်မတို့နှစ်ဦးသားကြားမှာ ရိုးစင်းမှု ဆိုတာ တစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်တာပါပဲ။ မျိုသိပ်တတ် သူ ဆိုပေမယ့် လင်းက မိန်းကလေးများနှင့် ပတ်သက်လျှင်တော့ အခွင့်အရေးယူတတ်သူမဟုတ်။ အဲသည် ရိုးသားမှုအတွက် ကျွန်မ က ဂုဏ်ယူရပြန်သည်။

ရုပ်ရှင်ရုံထဲမှာ ဖရုံစေ့ ခွာပေးတာကလွဲပြီး . . . လင်း သည် ကျွန်မရဲ့လက်ဖဝါးကို ထိကိုင်ဖို့မကြိုးစား။ ကျွန်မ နား အထက်က ဆံခြည်မျှင်တွေ ဖွာလွင်သွားအောင် ချစ်တယ်လို့ တိုး တိုးမပြော။ လင်းက ငြိမ်သက်နေတော့ ရင်ခုန်နေသည့် ကျွန်မ ကသာ မချင့်မရဲ ဖြစ်ရသည်။ ရုပ်ရှင်ထဲ စိတ်ရောက်သည့်အခါ ရောက် . . . မရောက်သည့်အခါလည်း လင်းဆီ ဝေ့ဝဲလွင့်ပျံ့ပေါ့။ ကျွန်မ မျှော်လင့်ထားသည်က တစ်မျိုး . . .

လင်းက ကျွန်မ ခင်းပေးသည့် လမ်းကို ရဲရဲနင်းပြီး

[ကျွန်တော့် ကို ချစ်လား . . . ]

ဆိုတာမျိုးပဲ ဖြစ်ဖြစ် . . .

[တို့နှစ်ယောက် ချစ်သူတွေ ဖြစ်ပြီနော် ]

ဆိုတာမျိုးကိုပဲ ဖြစ်ဖြစ် . . .

ရင်ခုန် မျှော်လင့်ထားခဲ့တာ။

တကယ်တမ်းကျတော့ . . .

ကျွန်မရဲ့ လင်းက ရုပ်ရှင် အစအဆုံး အိပ်ပျော်နေ

သတဲ့။ ရုပ်ရှင်ပြီးမှ သိရတော့ ကျွန်မ ရယ်ရမလိုလို ငိုရမလိုလို။

"ကိုယ်မှ ရုပ်ရှင်မကြိုက်တာ၊ မဖြစ်နိုင်တာတွေ ရိုက်ပြနေတာ သိနေတာပဲဥစ္စာ၊ ကြည့်ရင်းနဲ့ ပျင်းပြီး အိပ်ပျော်သွားရော"

တဲ့။ တော်ပါသေးရဲ့။

လင်းဟာ . . . အသံကျယ်ကျယ် ဟောက်တတ်သူ မဟုတ်လို့။

လင်း အိပ်ပျော်နေသည်ကို နံဘေးက ကျွန်မပင် မသိခဲ့။

"ဒါနဲ့များ လင်းရယ် . . . စောစောက ပြောပါတော့လား"


"ဟင်အင်း . . . မပြောပါဘူး၊ နွေးက ဒီကား သိပ်ကြည့်ချင်နေတဲ့ဥစ္စာ၊ ကိုယ် ဘေးကလိုက်ထိုင်ပေးရတာ ဘာများထိခိုက်တာ မှတ်လို့၊ တစ်ရေးတောင် ရသေးတယ်"

ကျွန်မ ရယ်လိုက်ရတာ . . .။ အိမ်ရောက်တော့လည်း ရယ်ပြီးရင်းရယ်ရသည်။ ကံကောင်းထောက်မပြီး အဲသည်နေ့က ကျွန်မတို့ချစ်သူတွေ တရားဝင်မဖြစ်ရပေမယ့် တစ်ယောက်ကို တစ်ယောက် လိုက်ရော နားလည်ပေးလိုစိတ် ဆိုတာကို နှစ်ဦးလုံး မြင်သာခဲ့ရသည်။

❖❖❖

www.burmeseclassic.com

# အပိုင်း (၈)



စေတနှာစာပေ

လျှော့တွဲတွဲ ပလပ်စတစ် အိတ်ထဲက နီစွေးစွေး စေးပျစ်ပျစ်သွေးရည်တွေကို မြင်ရသည်မှာ စိတ်မသက်သာစရာ ကောင်းလှပေမယ့် နှာခေါင်းမရှုံ့ရဲ။ ခုတင်ပေါ်က နွမ်းပျော့ဖြူလျော် နေသည့် မျက်နှာလေးကို သနားငဲ့ညှာမိရသည်နှင့်အမျှ နှလုံးသား ထဲက နာကျင်စိတ်. . . သည့်နောက်မှာတော့ ကျွန်တော် ကိုယ်တိုင် အသိအမှတ်မပြုချင်သည့် ထုံထိုင်းအေးစက်သည့် စိတ်တစ်မျိုး သည် အဲသည် သွေးရည်စက်တွေလိုပဲ ကျွန်တော့် နှလုံးအိမ်ကို ခြေမွပစ်နေသည်။ ကျဉ်းမြောင်းလှသော အခန်းလေးထဲမှာ လူနာ ခုတင်တစ်လုံး၊ ဘီရိုပုတစ်လုံး၊ သွေးပုလင်းချိတ် ထောက်တိုင်၊ စားပွဲတစ်လုံး စားပွဲပေါ်မှာ နှလုံးခုန်နှုန်းတိုင်းသည့် စက်တစ်လုံး၊ ဘီရိုပုလေးပေါ်မှာတော့ အအေးပုလင်းတွေ၊ ကော်ဖီခွက်တွေ၊ ဇွန်းနှင့် ဓားသေးသေးတစ်ချောင်း၊ လက်သုတ်ပဝါ၊ ဓာတ်ဗူးအနက် ရောင်တစ်လုံး . . . စသဖြင့် ပစ္စည်းပစ္စယတွေ ပြည့်နှက်နေသည်။ ပစ္စည်းတွေ ပြည့်နေသည့် အခန်းကျဉ်းကလေးသည် အသက်ရှူ

ကျပ်ချင်စရာပင်။ ကျွန်တော်သာဆို သည်လို အခန်းကျဉ်းထဲမှာ နာရီဝက် ပြည့်အောင်ပင် နေနိုင်ပါ့မလား။

သို့ပေမယ့် . . . ခုတော့ သည် အခန်းကျဉ်းထဲမှာ ကျွန်တော် ရှိနေသည်။ ဖျော့တော့ပြီး ပါးချပ်နေသည့် လက်ဖဝါး တစ်ခုကို ဆုပ်ကိုင်ရင်းပေါ့။ အဲသည်လို ချို့တဲ့သော လက်ဖဝါး ပိုင်ရှင်က ကျွန်တော့် ချစ်သူဖြစ်သည် . . . တဲ့။

မယုံချင်ပါဘူး။

ကျွန်တော့် ချစ်သူ နွေးရဲ့ အရေပြားတွေက ကြည် လင်ပြီး သွေးကြောမျှင်ကလေးတွေ ယှက်ဖြာနေသည်ကိုပင် မြင် နိုင်သည်။ လက်ဖဝါးလေးတွေဆို ဖောင်းပြည့်ပြီး အမြဲ နီမြန်းနေ ခဲ့တာ။ နားကွင်းခပ်သေးသေး ဆွဲထားသည့် နားရွက်ဖျားလေးတွေ သွေး ရောင် လွှမ်းနေတတ်တာကိုလည်း သွားဖြင့် ခပ်ဖိဖိ ကိုက်ဆွဲ ကျီစယ် နေကျ။ ကျွန်တော့်သူငယ်ချင်းတွေဆို နွေးရဲ့ အချိုးအဆစ် ကျနလှပသည့် ခန္ဓာကိုယ်ကို ချီးမွမ်းသလိုလို ကျွန်တော့်ကို သဝန် တိုအောင် ကျီစယ်နေကျ။ ခြေဖဝါး ခြေဖမိုးလေးတွေက အစ ဖောင်းပြည့် တင်းအိနေတတ်တာ။ ပြီးတော့ အမြဲ ကြည်လင်နေ သည့် မျက်နှာလေးနဲ့ တက်ကြွနေတတ်တာ။

ခုတင်ပေါ်က ဖြူဖျော့သောမျက်နှာသည် မျက် တွင်းတွေ ချိုင့် ဝင်လျက် နားထင်တွေညိုလျက် မေးစေ့လုံးလုံးက ရှုံ့တွတွလေး ဖြစ်နေသည်။ ကြည်လင်သော မျက်အိမ်နှင့် မျက်ဆံ

နက်များသည် ခုတော့ဖြင့် အရောင်မှိန်လျက် ဖေးရီနေ၏။ နှုတ်ခမ်း တွေက သွေ့ခြောက်ဖြူရော်နေသည်။ သို့ပေမယ့် ခြောက်သွေ့ကွဲအက်နေသည့် နှုတ်ခမ်းတွေက မပီတပီ ပြုံးနေခဲ့သေး၏။

‘လင်း’ ရယ်လို့ နှုတ်ဆက်ချင်ဟန်ရှိသည်။

မျက်နှာ လွှဲပစ်လိုက်ချင်သည်။

နွေး ရယ် . . .

ကိုယ် စိမ်းကားတာ မဟုတ်ရပါဘူး . . .

ဒါပေမယ့် မမြင်ရက်ဘူးကွယ်။

နွေး၏ မိခင် ဒေါ်ရီရီမြသည် ခုတင်ခြေရင်းမှာ ကုလားထိုင် တစ်လုံးပေါ် မျက်လွှာချလျက် စိပ်ပုတီးစိတ်ရင်း ယပ်တောင် တ ဖျပ်ဖျပ်ခတ်နေ၏။ မျက်နှာကြက် ပန်ကာ ပျက်နေသည်။ ပိုက် ရှည် သေးသေးထဲ စီးဝင်နေသည့် ညိုနီနီ သွေးစက်တွေက နွေး၏ လက်မောင်းသွေးကြောတွေထဲ ခပ်ဖြည်းဖြည်း စီးဝင်နေကြသည်။

သွေး လေးပုလင်းခန့် ခန္ဓာကိုယ်ထဲ ရောက်လျှင် နွေးရဲ့ မျက်နှာမှာ သွေးရောင်လွှမ်းလာလိမ့်ဦးမည်။ နွေးသည် ပကတိ ကျန်းမာလာသလို ထင်ရဦးမည်။

ဒါပေမယ့် ဘယ်လောက် ကာလ ရှည်မည်ရယ် တော့မသိ။

ဘဝဟာ တိုတောင်းလှသတဲ့။ ကျွန်တော်က မယုံ

www.burmeseclassic.com

နိုင်ခဲ့။ လင်းသန့်နှင့် နွေးနွေးအတွက် အချိန်တွေ အများကြီးရှိသေးသည် ထင်ခဲ့မိ၏။ အဲသည် အချိန်များစွာမှာ ကျွန်တော်နှင့် နွေး လက်ထပ်ရဦးမည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုများစွာနှင့် ဘဝတစ်ခု တည်ဆောက်ရဦးမည်။

ပြီးတော့ . . .

ကျွန်တော်တို့ ဘဝအတွက် ပြီးပြည့်စုံမှု . . .

"လင်း"

ခေါ်သံ တိုးတိုးသဲ့သဲ့လေး ကြားရသည်။

"ပြန်တော့လေ"

တောင့်တင်းနေသည့် ခန္ဓာကိုယ်ထဲက အကြောအခြင်တွေ ရုန်းကြွလာသည်။ လျှောင်ချိုင့်ထဲက လွတ်သည့် ငှက်တစ်ကောင်လို တောင်ပံတွေ တဖျပ်ဖျပ် ခတ်ချင်မိ၏။ ကျွန်တော်ခြေထောက် အစုံက ပိုးမွှားအကောင်ငယ်လေးတွေ တရွရွတက်လာသလို ခံစားရသည်။ ဘောလုံးသမား တစ်ယောက်၏ ခြေထောက်တွေက သည်အခန်းငယ်ထဲမှာ ကြိုးတုပ်ခံထားရလျှင်ဖြင့် ဘီးတပ်ကုလား ထိုင်ပေါ်က လူနှင့် ဘာထူးမှာလဲ။

"အင်း"

လည်ချောင်းထဲက ညည်းညူသံသည် ဘယ်လို အဓိပ္ပါယ်မှန်း မသိ။

"ပြန်မှာပါ"

---

ပြန်ချင်နေတာ မဟုတ်လား။

အမြဲ နားလည်ခဲ့ရသည့် နွေးရဲ့ မျက်ဝန်းထဲ အရိပ်တွေကို ရဲရဲ မကြည့်ရဲ။

"နောက်ရက်တွေလည်း ထွက်လို့မရရင် မလာနဲ့နော်၊ နိုင်ငံခြားပွဲတွေက နီးနေပြီ မဟုတ်လား"

"အင်း . . . အခြေအနေအရပေါ့၊ ထွက်လို့ရရင်လည်း လာခဲ့မှာပေါ့၊ ကိုယ် မလာရင်လည်း နွေးက မျှော်နေမှာ မဟုတ်လား"

"မျှော်တော့ မျှော်မှာပေါ့"

ကိုယ်ကို ကိုင်းပြီး မျက်နှာအနား ငုံ့နားထောင်ရသည်။နွေး အသံက သဲ့သဲ့ကလေးမျှသာ။ ကျွန်တော့်ခြေထောက်တွေက မြောက်ကြွနေပြီ။ ကျွန်တော့်ခြေထောက်တွေကို သည် အခန်း ကျဉ်းလေးထဲမှာ မြဲနေအောင် ဘယ်အရာကများ ချုပ်နှောင်ထား နိုင်ပါလိမ့်။

ပါးလျား ပိန်ချပ်သော ခန္ဓာကိုယ်နှင့် ဖြူလျော်သော မျက်နှာနှင့် မိန်းကလေး . . .

ကျွန်တော့်ရဲ့ ချစ်သူလေးပေါ့။

သည်လိုဆိုတော့ ကျွန်တော့်ရဲ့ လိပ်ပြာက ကျွန်တော့်ကို လှောင်ရယ်လေသည်။

မဟုတ်သေးပါဘူးလေ . . .

www.burmeseclassic.com

အားနာမှုနဲ့ ငဲ့ညှာခြင်းပါ။

ယောကျ်ားတစ်ယောက်သည် သူ့ချစ်သူ . . . ဒါမှ မဟုတ် သူ့အိမ်သူထံမှ ဘာတွေကို မျှော်လင့်ထားပါသလဲ။

ပြီးတော့ ဘာတွေ တုံ့ပြန်ပေးနိုင်မည် ထင်သလဲ။

ကျွန်တော်သည် မေးခွန်းတွေကို ဖြေဖို့ ကြိုးစားနေမိသည်မှာ နွေးရဲ့ ဒုတယအကြိမ် ဆေးရုံသက်တမ်းကတည်းက ဖြစ်သည်။

"ဒါပေမယ့် လင်းရယ်၊ နွေးအတွက် အချိန်ပေးရတာက နှမြောစရာ၊ အလဟဿဖြစ်လွန်းပါတယ်"

"နွေးရယ် ဒီလို မပြောပါနဲ့"

ကျွန်တော့် ရင်ထဲ ဒိတ်ခနဲ သွေးခုန်နှုန်း ဆောင့်တိုးသည်။ ချစ်သူကို ချစ်ဖို့ကလွဲပြီး သိပ်ပြီး မသိနားမလည်လှသော မိန်းကလေးလို့ ကျွန်တော် ထင်ထားခဲ့သော ချစ်သူလေးသည် ခုတော့ ကျွန်တော့်မျက်ဝန်းတွေကတစ်ဆင့် စိတ်ခံစားမှုကို ဖတ်နိုင်ပြီလား။

မဖြစ်နိုင်ပါ။

ကျွန်တော့်လောက် မျိုသိပ်နိုင်သူမရှိ။ ကျွန်တော့်လောက် ပိရိမင်သေသူ မရှိနိုင်။

လင်းသန့်သည် ကိုယ့်ကိုယ်ကို အထင်ကြီးဆဲပင်။ သို့ ပေမယ့် ကျွန်တော့်ခြေထောက်ထဲ လိုသလိုဆွဲယူ လှည့်ပတ်လို့

ရသည့် ဘောလုံးကလေးသည် နွေး မဟုတ်။

ထို့အတူ လင်းသန့် ကိုယ်တိုင်မဟုတ်။

ဘောလုံး တစ်လုံး၏ အရှိန် အနှေး အမြန် . . . အမြောက် အကျတွေကို တွက်ဆ ပိုင်နိုင်သည့် ကျွန်တော်သည် ကျွန်တော့်ဘဝ ကျွန်တော့်စိတ်နှလုံးကိုပင် နိုင်နင်းအောင် မသိမ်းသွင်းနိုင်ခဲ့ပါပဲ ဘဝင် မြင့်လှသည် ထင်မိ၏။

"ခု . . . သွေးသွင်းပြီးရင် နွေး နေကောင်းသွားတော့မှာလေ၊ နွေး ကျိုက္ကဆံဘုရား သွားချင်တယ်ဆို၊ ဒီတစ်ခါ ကိုယ်တို့ နွေး ဆေးရုံကဆင်းရင် သွားကြမယ်နော်"

ကလေး စကားတွေ . . .

တကယ်တော့ နွေးနွေးနေခြည်သည် ကလေးတစ်ယောက် မဟုတ်တော့။ ဆယ်ကျော်သက် မိန်းကလေး မဟုတ်တော့။ နွေးက ရင့်ကျက်သည့် သဘောထားကြီးသည့် နားလည်လွယ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ အဲဒါတွေကြောင့်လည်း နွေး အပေါ်မှာ စိတ်ရော ကိုယ်ပါ မနှစ်မြုပ်နိုင်သည့် ကိုယ့်ကိုယ်ကို အပြစ်ရှိသလို ခံစားခဲ့ရတာ။

"လင်း ရေ"

နွေးက ကျွန်တော့်လက်ဖျံကို ကယောင်ကတမ်းလိုလို ဖမ်းဆုပ်သည်။

"နွေးလည်း ဒရက်ကူလာ ဖြစ်နေပြီ ထင်ပါရဲ့"

www.burmeseclassic.com

ပေါက်ကရ နွေးရယ်၊ အဲလို ကျက်သရေ မရှိတဲ့ စကား တွေမပြောစမ်းပါနဲ့၊ လူ့ခန္ဓာကိုယ်ဆိုတာ ဒီလိုပဲ . . . ပျက် လွယ်ပြင်လွယ်ပေါ့၊ ကျန်းမာရေးဆိုတာ အမြဲ ဘယ်ကောင်း နေနိုင်မလဲ. . . ဒါပေမယ့် သေချာ ဂရုစိုက်ပြီး ကုသလိုက် ရင် ပျောက်သွားတာပဲ မဟုတ်လား"

"လင်းကျတော့ အမြဲ ကျန်းမာနေတာပဲ နော်"

"ဒီလို ဘယ်ဟုတ်ပါ့မလဲ နွေးရယ်၊ မထင်မှတ်ပဲ ဖြစ်တတ် တာတွေလည်းရှိတာပဲ၊ ခြေခေါက်ပြီး ချော်လဲတာတို့၊ ရုတ် တရက်ကြီး ထိခိုက်မိတာတို့၊ ပြီးခဲ့တဲ့. . . မလေးနဲ့ ပွဲတုန်း ကတောင် ကိုယ့်ဗိုက်ကို ဟိုဘက်က ဒူးနဲ့တိုက်မိလို့ အဲဒီ နေ့က နားလိုက်ရတယ်လေ . . .

ဟုတ်ပြီ . . . နွေး ဆေးရုံက ဆင်းမှာနဲ့ ကိုယ်တို့ ချစ်ကြည် ရေး ပွဲစဉ်တွေစ,မှာနဲ့ အတော်ပဲနွေး၊ ကိုယ့်ကိုလာအား ပေးဦးနော်"

နွေးက လက်ခနဲ ပြုံးလိုက်သည်။ ဘယ်လိုပင် ဖျော့ တော့ဖြူ ရော်နေပေမယ့် နွေးရဲ့မျက်နှာလေးကတော့ ကြည်လင်နေ မြဲပင်။ ကျွန်တော် နွေးကို စတွေ့စဉ်က အဲသည် ကြည်လင်လှ သည့် မျက်နှာလေးကို သတိထားမိပြီး စွဲလမ်းခဲ့ရတာပေါ့။ နွေး ကို မြင်သူ တိုင်းက နှစ်လို ချစ်ခင်ကြမည်ဟု ကျွန်တော် ထင်သည်။ နွေးရဲ့ ကြည်လင်ရှင်းသန့်လှသည့် မျက်နှာလေးထက် ပိုပြီး စွဲမက်

www.burmeseclassic.com


ဖွယ်ကောင်းသည့်အချက်က နွေးရဲ့နားလည်လိုက်လျောတတ်မှုပင်။

နွေးကို ချစ်သူအဖြစ် ရခဲ့တာ ကျွန်တော် ကံကောင်းလှသည်လို့ ကျေနပ်နေမိလျက် . . .

"နွေး အိမ်ကနေ အားပေးနေသားပဲ လင်းရဲ့၊ ကွင်းထဲကို လာရဲဖို့တော့ ခုထိ ကြိုးစားလို့ မရသေးပါဘူးကွယ်"

သေချာပါတယ် . . .

နွေးဟာ ယောကျ်ားချည်းရှိနေသည့် ဘောလုံးကွင်းထဲဝင်ပြီး အော်ဟစ်အားပေးရဲသည့် မိန်းကလေးမျိုးမဟုတ်။

တခြား ဘယ်နေရာမဆို မကွယ်မဝှက် ပွင့်လင်းရိုးသားပေမယ့် . . . ရဲဝံ့သူဖြစ်ပေမယ့်. . . နွေးသည် သာမန်မိန်းမတစ်ယောက်သာဖြစ်သည်။

"အစားအသောက် ကျန်းမာရေး ဂရုစိုက်နော်၊ နွေး . . . နေကောင်းနေပါပြီ၊ လင်းပြန်ချင်ပြန်တော့၊ ဆေးရုံဆင်းတဲ့နေ့မှ ဖုန်းဆက်လိုက်မယ်လေ"

"ကိုယ် လာကြိုမှာပေါ့"

နွေးက ခေါင်းညိတ်ပြတော့ စိတ်ထဲ ပေါ့ပါး လွတ်လပ်သွားသည်။

"ဒါဆို ကိုယ် ပြန်မယ် နော်"

"အင်း"

www.burmeseclassic.com

ကျော်ပိုး သားရေအိတ်ပျော့လေးကို ကောက်ယူလိုက်ရသည့် အချိန်သည် ကျွန်တော့် တစ်ကိုယ်လုံး ကြိုးတွေ လျော့ပြေသွားရသည့် ကာလတိုကလေးပင်ဖြစ်သည်။

❖❖❖

"လင်းသန့် . . . ခုတလော ဘာတွေစိတ်လေနေလဲ၊ လူရွေးပွဲ ကနီးလာပြီနော်၊ နိုင်ငံခြားပွဲတွေမှာ ပြုတ်ကျန်ခဲ့ရင် အလားအလာ သိပ်မကောင်းဘူး"

ထမင်းစားချိန် တန်းဖြုတ်ဖို့ ခရာသံ အဆုံးမှာ . . . နည်းပြက ကျွန်တော့်အနား ရောက်လာသည်။ ချွေးဖြင့် ဆိုရွှဲနေသည့် စွပ်ကျယ်အင်္ကျီကို ချွတ်လိုက်ပြီး ပခုံးပေါ် ပစ်တင်လိုက်၏။ ကျွန်တော့် ခြေထောက်တွေ အရင်လိုမသွက်တော့ဘူးလား ကျွန်တော် တကယ်ပဲမသိ။

"ကျွန်တော်က တောင်ပံကစားနေကျပဲ ဆရာ၊ နောက်တန်းမှာ မနေချင်ဘူး"

"မင်းတို့ကောင်တွေက အဲလိုကြီးပဲ၊ သိပ်ချေးများတဲ့ကောင်တွေ၊ **Line up** ကို ပုံသေထားလို့ ဘယ်ဖြစ်မလဲကွ၊ မင်းတို့ရဲ့ ခြေပေါ်မှာကြည့်ပြီးပြောင်းသင့်တာပြောင်း ပြင်သင့်တာပြင်ရမှာပဲ၊ အရင်ကမင်းကိုတောင်ပံထားတယ် ဆိုတာ ဟုတ်တယ်၊ မနှစ်ကပွဲတွေဆို မင်းကို တိုက်စစ်နေရာတောင် ပေးကစားခိုင်းတာ မဟုတ်လား၊ အဲဒီတုန်းက ပွဲ တွေကို

www.burmeseclassic.com

မင်း ပြန်စဉ်းစားစမ်း၊ တစ်ကွင်းလုံး မင်း ပတ်ပြေး နေနိုင်တယ် မဟုတ်လား၊ သူတို့လူတွေရဲ့ကြားကလည်း ဘောလုံးပါအောင် လုနိုင်တယ်၊ ကော်နာသွင်းတာလည်း မင်းနိုင်တယ် . . . ၊

ခုကျတော့ရော . . . အေး . . . ခု ဘယ်လိုဖြစ်သလဲဆိုတာ မင်း မင်းကိုယ်မင်း အသိဆုံး နေမှာပေါ့ကွာ ၊ အားကစား သမားတစ်ယောက်မှာ စိတ်ဓာတ်လည်းအရေးကြီးတယ် နော်၊ဘောလုံးကန်တယ်ဆိုတာ ခြေထောက်နဲ့ချည်း ကန် ရတာဆိုပေမယ့် မင်းတို့ရဲ့ ခြေထောက်တွေကို သယ်နေ တာ မင်းတို့ရဲ့ စိတ်ဓာတ်ပဲ မဟုတ်ဘူးလား"

ပြေးလမ်း၏ နက်မှောင်နေသည့် ကတ္တရာ မျက်နှာ ပြင်ကိုသာ ကျွန်တော် ငုံ့ကြည့်နေမိသည်။ ဆရာ့စကားတွေကို ကျွန်တော် မငြင်းဆန်နိုင်ပါ။ မတုံ့ပြန်နိုင်ပါ။

"လင်းသန့်က အားပေးမယ့်သူ လိုနေတယ် ဆရာ၊ အဲဒါ ကြောင့် သူ ဖီးလ်ငုပ်နေတာဖြစ်မှာ"

အနားကဖြတ်သွားသည့် အသင်းခေါင်းဆောင်က ခပ်ရွှတ်ရွှတ် ဝင်ပြောသည်။

"ယောကျ်ားပဲကွာ . . . အားတင်းထားမှပေါ့၊ သူရဲ့ ကံကြမ္မာ ကလည်း ရှိသေးတယ်လေ၊ လူ့ဘဝဆိုတာက ဝမ်းနည်း နေရုံနဲ့ပြီးတာမဟုတ်ဘူး၊ ကိုယ့်အလုပ် ကိုယ့်တာဝန်လည်း

ကျေအောင်လုပ်ရမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

လင်းသန့်နှင့်နွေးကို တွဲပြီးမြင်နေသေးသည့် ဆရာ့ကို ကျေးဇူးတင်မိသည်။ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ရသည်။ ဘောလုံး အားကစားရဲ့ အတွင်းသဘောကိုက အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုက အဓိကပဲမို့ လင်းသန့်ရဲ့ဘဝမှာ ဘောလုံး ကစားဖက် သူငယ်ချင်းများကလည်း အတော့်ကို အရေးပါခဲ့သည်။

သူတို့က နွေးကို ခင်ကြသူတွေ၊ နှစ်လိုကြသူတွေ။

နွေးရဲ့ လက်ရာ မုန့်ဟင်းခါး၊ ကော်ရည်ခေါက်ဆွဲ၊ ကြာဇံချက် စသဖြင့် နွေးတို့အိမ်မှာ ဧည့်မြှောင်လုပ်ပြီး မြည်းစမ်းစားသောက်ဖူးသူတွေ . . . ။

အဝတ်အစားထည့်သည့် သားရေမျှောကြိုးနှင့် အိတ်ကလေးကိုယူပြီး အိပ်ဆောင်တွေဆီ ပြန်ခဲ့သည်။ ရှေ့ကသွားနှင့်သော အဖွဲ့နှင့် အတော်ပြတ်ကျန်ခဲ့ပြီ။ ရယ်သံတွေတော့ လွင့်မျောရောက်လာခဲ့၏။

[လူ့ဘဝဆိုတာ ဝမ်းနည်းနေရုံနဲ့ ပြီးတာမဟုတ်ဘူး . . . ]

တဲ့ . . . ။

ဝမ်းနည်းနေခဲ့သည်လား . . .

စိတ်ပျက်နေတာလား . . . ။

www.burmeseclassic.com

ကွန်ကရိလမ်းပေါ် ခေါင်းငိုက်ပြီး လျှောက်ခဲ့စဉ် နောက်ကျောဘက်က ကားဟွန်းသံကို ကြားရသည်။ အပေါင်း အသင်းတွေက ခြေစုံရပ်ပြီး ကျွန်တော့်ဆီ ပြန်လှည့်ကြည့်ကြ၏။ ကျွန်တော်ကို စောင့်သည်ပဲထင်သည်။ ဒါပေမယ့် ဘယ်လိုလုပ် မလဲ။

ကြိုးတွေက များလှသည်။

ဆန်နီ ပစ်ကပ် အဝါရောင်ကလေးသည် ကျွန်တော့် ရှေ့ ခပ်လှမ်းလှမ်းမှာ ညင်ညင်သာသာပဲ ရပ်သွား၏။

"ကိုလင်းသန့် . . . ထရိန်နင် ပြီးသွားပြီလား"

ကျွန်တော့်အပြုံးတွေ လန်းဆန်းနုမြစ်သွားသည်ဟု ထင်သည်။

ဘာကြောင့် စိတ်လွတ်လက်လွတ် မပျော်နိုင်ရမည်လဲ။

လူသားပီသမှုအတွက် အပြစ်မရှိဟုထင်သည်။ ကား အဝါရောင်နား ခြေလှမ်းကျဲကျဲဖြင့် ရောက်သွားပြီး . . .

"ခုပဲ ပြီးသွားတယ်"

ဟု နှုတ်ဆက်လိုက်သည်။ နှုတ်ခမ်းဆိုးဆေး အ ရောင်ဖျော့ဖျော့ ဆိုးထားသော နှုတ်ခမ်းတစ်စုံက အပြုံးသည် ကျွန် တော့်ကို ယစ်မူးစေအောင် စွဲဆောင်နိုင်၏။ နံနက်ခင်း နေရောင် အောက်မှာ ကျွန်တော် မသောက်ပဲ မူးနေပြီ။

"ဒါဆို စောင့်မယ်လေ၊ မနက်စာ သွားစားရအောင်"

"ကျွန်တော် . . . "

"ကားထဲမှာပဲ စောင့်နေမှာပါ၊ သိပ်တော့ မကြာစေနဲ့ပေါ့ နော်"

ငြင်းမည်ဆိုလျှင် ဘာကို အကြောင်းပြ ငြင်းမည် လဲ။ ငြင်းစရာ အကြောင်းပြချက် များစွာရှိနိုင်သလို . . . လုံးဝမရှိ တာမျိုးလည်း ဖြစ်နိုင်သည်။ မိန်းကလေးတစ်ယောက်နှင့်အတူ လူ မြင်ကွင်းမှာ နံနက်စာအတူစားဖို့ ကျွန်တော် လိပ်ပြာ သန့်နိုင်ပါ သည်။

သို့ပေမယ့် . . .

မျက်ဝန်းပြာများ၏ ညှို့ချက်မှာ မိန်းမူးမိလျှင် . . .

မွှေးရနံ့သင်းသော နှုတ်ခမ်းများကို မွတ်သိပ်မိလျှင်

ကျွန်တော် တစ်စုံတစ်ယောက်ကို သတိရမိမှာ စိုး သည်။

"ကျွန်တော် မလိုက်တော့ဘူး နန္ဒာ"

"ဟင်"

"မအားလို့ပါ . . . ညနေပိုင်း ကွင်းထဲဆင်းရဦးမှာ၊ ပြီးတော့ အပြင်ထွက်ဖို့ဆိုရင် ဆရာ့ကိုပြောရဦးမှာ၊ ကျွန်တော် . . . မပြောချင်တော့ဘူး"

ဆိုးဆေးရောင် နှုတ်ခမ်းတွေ အနည်းငယ် တင်း

www.burmeseclassic.com

သွားသည် ထင်မိ၏။ ငြင်းဆန်ရတာ ပင်ပန်းလွန်းလှသည်။ နုပျို ငယ်ရွယ်သော လူငယ်တစ်ယောက်ဘဝမှာ အဲသည်လောက်အထိ အချုပ်အနှောင်တွေ များသင့်သည်လား။ တောင်ပံညှပ်ခံရသည့် ငှက် တစ်ကောင်ဘဝမျိုး ကျွန်တော့်ကိုယ်ကျွန်တော် ခံစားရသည်။

"ဟုတ်ပြီလေ . . . ဒါဆို နန္ဒာ ပြန်မယ်နော်"

"ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်"

"အင်း"

"စိတ်မရှိနဲ့ နော်"

"ရပါတယ် . . လင်းသန့်ပဲ ဥစ္စာ . . . နော "

လိမ္မော်ရောင် နှုတ်ခမ်းသားတွေ ခပ်မဲ့မဲ့ပြုံးလျှင်ပင် နန္ဒာကလှပါသည်။နွေးရဲ့နှုတ်ခမ်းတွေကတော့ ဆေးရောင်ကူ စရာမလို ဘဲ ပကတိအတိုင်း နီစွေးလှပခဲ့ဖူးသည်။ တစ်ချိန်တုန်းက ပေါ့။

ပြီးတော့ . . . နွေးဟာ ပွင့်လင်းရဲဝံ့သူ ဆိုပေမယ့် လည်း ယောကျ်ားလေးတစ်ယောက်ကို ညစာ ကျွေးဖို့ ကားနှင့် ကိုယ်တိုင်လာခေါ်တတ်မည့် မိန်းမကလေးမျိုး မဟုတ်။

အဲသည်လို တည်ငြိမ်သည့်စိတ်နှလုံးကို ကျွန်တော် က လေးစားမြတ်နိုးခဲ့တာ မဟုတ်လား။

အဝါရောင် ကားလေး ချိုးကွေ့ပြီး ပြန်ထွက်သွား သည်အထိ ကွန်ကရိလမ်းပေါ် ကျွန်တော် ခြေစုံရပ်မိဆဲပင်။

[လင်းသန့်ပဲ ဥစ္စာ . . . နော . . . ]

နှုတ်ခမ်းမဲ့မဲ့တစ်စုံက နှမြောစရာကောင်းလှသည်။ ဒါပေမယ့် ထိုမိန်းကလေးထံက ကျွန်တော် မျှော်လင့်မိသမျှသည် နွေးထံက မျှော်လင့်မိသမျှနှင့်တော့ ဘယ်လိုမှ ထပ်တူမကျနိုင်ပါ။

လင်းသန့်သည် စက်ရုပ်တစ်ရုပ်မဟုတ် . . .

လင်းသန့်သည် လူပီသသော လူသားတစ်ယောက်သာဖြစ်သည်။

❖❖❖

ဂစ်တာသံကို ကြားရပေမယ့်လည်း စည်းချက်လိုက် မညည်းမိ။ နားထဲစွဲနေသည့် သီချင်းပေမယ့် စာသားတွေလည်း တစ်ပိုင်းတစ်စ သံစဉ်ကလည်း မပီမသနှင့် ကျွန်တော်သာ သီချင်းညည်းလျှင်တော့ သူများ လှောင်စရာဖြစ်မှာ သေချာသည်။ သုဝဏ္ဏကွင်း၏ ညသည် တိတ်ဆိတ်လှ၏။ ခြောက်သွေ့လှ၏။ တောမြို့ကလေးတစ်မြို့လို တစ်နေရာနှင့်တစ်နေရာလည်း အလှမ်းကွာဝေးလှသည်ထင်သည်။ ပွဲကြည့်ရုံဘက်မှာတော့ မီးရောင်တွေ ထိန်လင်းနေလိမ့်မည်။ စားသောက်ဆိုင်မှာ သည်အချိန်ဆို လူစည်ကား နေမည်လား။

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး ကွန်ကရစ်လမ်းပေါ် စိတ်အေးလက်အေးလျှောက်နေမိသည်။ သည်လိုတော့လည်း ငြိမ်းချမ်းသားပဲ။ တစ်ယောက်တည်း နေလို့ဖြစ်သားပဲ။ သို့ပေမယ့် လူသားပီသစွာ ချစ်မြတ်နိုးစိတ်နှင့် တစ်ဖက်က ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ဆိုတာလည်း ရှိနေတုန်းပါပဲလား။

ကောင်းကင်မှာ မှိတ်တုတ်လက်နေသည့်ကြယ်တွေဆီ မော့ကြည့်သည်။ အိပ်ဆောင်တွေဆီက မီးရောင်သည် လမ်းမ

အထိ ခပ်ပါးပါး လင်းလက်နိုင်သေး၏။ လမ်းမီးရောင်က လင်းသည့်နေရာလင်း . . . မှောင်သည့်နေရာလည်း မှောင်နေသည်။ လမ်းပေါ် ကျနေသည့် ကိုလာသံဗူးခွံလေးတစ်ခုကို ဖိနပ်ဦးဖြင့် ခပ်ဆတ်ဆတ် ကန်ပစ်လိုက်သည်။ အညိုရောင် ရှူးဖိနပ်လေး၏ ပြောင်လက်နေသော ထိပ်ပိုင်းသည် ကျွန်တော့်မျက်စိထဲ ဖျက်ခနဲ လင်းလက်သွား၏။

မထင်မှတ်သည့် ဆုံဆည်းမှု . . .

သည် ဖိနပ်တစ်ရံသည် ကျွန်တော့်ဘဝ၏ အစိတ်အပိုင်း များစွာထဲက တစ်ခုဖြစ်၏။

နွေးကို ဆုံခဲ့ရသည်လေ။

နွေးရဲ့ မျက်နှာကြည်ကြည်လေးကို စတင်စွဲလမ်းမိတာဆိုပေမယ့် နွေးကို ချစ်မိရခြင်းကသာ အရင်းခံ အကြောင်းတရားဖြစ်သည်။ မျက်နှာကြည်လင်သော မိန်းကလေးတွေကို ကျွန်တော် သဘောကျတတ်ပါသည်။ နွေးကိုမဆုံရခင်က မိန်းကလေးချောချော လှလှတွေကိုလည်း ကျွန်တော့်ပတ်ဝန်းကျင်မှာ ပတ်သက်စရာ များစွာကြုံရဖူးပါသည်။ နွေးကိုကျမှ ကျွန်တော် မမြင်ရမနေနိုင် အောင် စွဲလမ်းခဲ့မိတာ. . . နွေးကို နွေးမို့သာ ချစ်ခဲ့မိတာလို့ ရိုးရိုး စင်းစင်းပင် မှတ်ချက်ချရပါလိမ့်မည်။

အေပရယ်ရ်ကို ကျွန်တော် ရောက်သည့်နေ့က မှတ်မှတ်ရရ ပင် ကျွန်တော် အိန္ဒိယမှာ ဘောလုံးသွားကန်ပြီး ပြန်ရောက်

www.burmeseclassic.com

သည့် နေ့ဖြစ်သည်။ ကျွန်တော့်ကိုယ်ပိုင်ငွေထဲက အဝတ်အစားဝယ်ဖို့၊ ဘောကန်ဖိနပ် အသစ်တစ်ရံဝယ်ဖို့ အေပရယ်ရ်ကို ကျွန်တော် ရောက်ခဲ့သည်။ အေပရယ်ရ်သည် အားကစားပစ္စည်း ဆိုင် စစ်စစ်တော့ မဟုတ်။ အဝတ်အထည်တွေ၊ သားရေအိတ်တွေ၊ ဖိနပ်တွေထဲ အားကစားပစ္စည်း တချို့တလေထည့်သွင်း ရောင်းချ သည့်ဆိုင်မျိုးဖြစ်သည်။ အဝတ်အထည်တွေထဲမှာတော့ အားကစား နှင့် ပတ်သက်သည့် ဘောင်းဘီ၊ ဂျာကင်လို ပစ္စည်းမျိုး ရှိတက်ပါသည်။ ကျွန်တော်က အညိုရောင် ရှူးဖိနပ်လေးကို သဘောကျမိသည်။ အားကစားဖိနပ်ဟုတစ်သက်မတ်တည်းသတ်မှတ်မရနိုင်ပေမယ့်ပေါ့ပါးပြီး ခြေဖဝါးကို နူးညံ့စေသည့်အတွေ့က ကျွန်တော့်ကို ဆွဲဆောင်နိုင်ခဲ့သည်။

ထို ဖိနပ်ညိုလေးနှင့် နွေးသည် ကျွန်တော့်ကို မှတ်မှတ်ရရ ဖြစ်စေနိုင်ခဲ့သည်။ နွေးရဲ့ ဆံပင်တွေက ဖြောင့်စင်းပျော့အိပေမယ့် အုပ်ထူပြီး နက်မှောင်နေသည်။ ရှေ့နောက်တစ်ညီတည်း ရှည်လျားသည့်ဆံပင်ကို နောက်လှန်လျက် ခပ်ဖွဖွသိမ်းထားပြီး လည်တိုင်နောက်မှာ ကလစ်တစ်ခုဖြင့် သိမ်းထားသည့်အခါ . . . နွေးရဲ့မျက်နှာလေးက ရှင်းလင်း ကြည်လင်နေပြီး မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းလွှာလေးတွေအားလုံး ခဲခြစ်ကောက်ကြောင်းရာတွေ လို ထင်ရှားနေခဲ့သည်။ သစ်ရွက်စိမ်းရောင် လည်ပင်းစေ့ အကျႌလေးမှာ ရွှေဆွဲကြိုးမျှင်မျှင်လေး ခပ်လျော့လျော့ကျနေတာက

အစ. . . ကျွန်တော့်အာရုံထဲမှာ ချစ်စရာ မြတ်နိုးစရာဖြစ်နေခဲ့တာ။ သည် နောက်ပိုင်းမှာ နွေးရဲ့နောက်က ကျွန်တော် အရိပ်လို ကပ်ပါ နေခဲ့တာကို နွေးက လုံးဝ သတိမထားမိခဲ့။

မိန်းမဆို သိပ်ပြီး မိန်းမဆန်လှသည့် မိန်းမမျိုးတွေကို ကျွန်တော်က မနှစ်သက်သူမို့ မိတ်ကပ်၊ ဆိုးဆေး ဘာတစ်ခုမှ ရှိမနေပဲ ရှင်းပြီး ဝင်းပနေသည့်နွေးကို၊ နွေးရဲ့ ကိုယ်ပိုင်ဟန်ပန်ကို ကျွန်တော် တိတ်တခိုး ချီးမွမ်းခဲ့သည်။ ပြီးတော့ ကျွန်တော့် နွေးက ဟန်လုပ်တက်သည့် မိန်းမမျိုးမဟုတ်။ နွေး စကားပြောသည့်အခါ ပွင့်လင်းဖော်ရွေဟန်ကို သူ့အပြုံးမှာ မြင်ရတက်သည်။ တာဝန် ဝတ္တရား ကျေပွန်ရုံဆိုတာထက် သူ့နဂို ဖော်ရွေတက်မှုက လှိုက်လှဲ သောအပြုံးမှာ ထာဝစဉ်ထင်ဟပ်နေတက်ပါသည်။

ဒါပေမယ့် ချစ်သူဘဝ၏ နေ့ရက်များစွာ . . . နွေးရဲ့ အပြုံးတွေကိုရနိုင်ခဲ့လျက် ကျွန်တော်က ခုမှနှမြောပြန်သည်။ လန်းဆန်းသည့် ရေစက်ရေပေါက်လို နွေးရဲ့ အပြုံးကြည်ကြည်လေးတွေ ကို ဘယ်တော့မှ ပြန်မရနိုင်တော့ဘူးလား။

မျက်နှာကို လက်ဖဝါးဖြင့်အုပ်ပြီး အကြာကြီးငြိမ်သက် နေမိသည်။ သည်လိုဆိုတော့ သွေးတွေ နွေးထွေးသွားသလို ထင်မိ ၏။ ဂစ်တာသံကို မကြားရပြန်တော့။ လက်ဖက်ရည်ကျစိမ့် တစ်ခွက်လောက် သောက်ချင်စိတ်ဖြစ်လာသည်။

လက်ဖက်ရည်သောက်လျှင် ကျွန်တော်က မျက်စိ

www.burmeseclassic.com

ကြောင် တက်သည်။

“လင်းသန့်”

ပုခုံးကို နောက်ဘက်က ဖျတ်ကနဲ ပုတ်သည်။

“လိုက်မလား”

“ဘယ်လဲ”

“လက်ဖက်ရည် ဆိုင်”

“ကောင်းသားပဲ . . . လိုက်မယ်လေ”

ဝင်းဆွေနှင့် ကျော်ကျော်ဦးက ကျွန်တော့် ဟိုဘက်သည်ဘက်ရပ်လာသည်။ စိတ်ပြေလက်ပျောက်ပေါ့ ဟု ကိုယ့်ဘာသာ ဖြေသိမ့်တွေး တွေးမိ၏။ လူပျို လူငယ်တစ်ယောက်အတွက် စိတ်ပြေစရာဆိုတာ သိပ် ခဲခဲယဉ်းယဉ်း ရှာစရာမလိုဘူးထင်သည်။

“ညစာ ထွက်မစားဘူးလား”

ဟု ဝင်းဆွေက ကျီစယ်ပြုံးဖြင့်ဆိုသည်။

“မစားဖြစ်ပါဘူး”

“ဖုန်းရော ဆက်ပြီးပြီလား”

“ဘယ့်သူ့ဆီကိုလဲ”

သူတို့နှစ်ယောက်က ကျွန်တော့်ကို ရယ်သည်။ သက်ပြင်းမော တစ်ခု ရှိုက်ဖြစ်၏။

“မင်းကြည့်ရတာ ပင်ပန်းတယ်ကွာ”

တဲ့။ ကျော်ကျော်ဦးက လေးတွဲ့တွဲ့ ရေရွတ်လေ၏။

“မင်း ကောင်မလေး အခြေအနေက မျှော်လင့်ချက်မရှိတော့ဘူးလား”

နားထဲမှာ ခါးသက်လိုက်တာ . . .

ဒါပေမယ့် . . . အမှန်တရားကို ရင်ဆိုင်ဖို့ ကြိုးစားရမည်။ အမှန်တရားဆိုတာရော ဘယ်မှာရှိသည်လဲ။ အငွေ့တထောင်းထောင်းထနေသည့် ရေနွေးပန်းကန်ထဲမှာလား။ ချေး အထပ်ထပ် တက်နေသည့် အနီရောင်ဓာတ်ဗူးထဲမှာလား။ ဒါမှမဟုတ် သွေးစုတ်ဖြူလျော်နေသည့် မျက်နှာတစ်ခုပေါ်မှာလား . . . ခေါင်းငုံ့ထားရင်း ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးသွင်းလိုက်သည်။

“ရိုးတွင်းခြင်ဆီခန်းတဲ့ ရောဂါ . . . တဲ့၊ သွေး ကျေပျက်နှုန်းများလာတာနဲ့အမျှ . . . ”

“အမြဲ . . . ဒီလိုပဲ သွေးသွင်းနေရမှာပေါ့”

“အင်း . . . အသက် ရှင်နေသ၍ပေါ့”

“ပြန်ကောင်းဖို့ ကုထုံးတွေ မရှိတော့ဘူးတဲ့လားကွာ”

“မသိပါဘူးကွာ၊ ဒီလို သွေးသွင်းပေးဖို့ကလွဲပြီး နည်းလမ်းမရှိဘူး ထင်ပါရဲ့၊ ဒီလိုနဲ့ပဲ တဖြည်းဖြည်း . . . ”

www.burmeseclassic.com

သုံးယောက်သား စကားသံ တိတ်ဆိတ်သွားသည်။ စာပွဲ ဝိုင်းတွေမှာလည်း စားသောက်နေသူတွေ သိပ်မရှိလှတော့။ စခန်းသွင်း လေ့ကျင့်ခြင်း ပြီးဆုံးလျှင် ပြိုင်ပွဲတွေ ဆက်တိုက်ဝင်ရတော့မည်။ ဘောလုံးကိုပဲ ဘဝတစ်ခုလို ဖက်တွယ်နေရအုံးမည်။

မပျော်ရွှင်နိုင်တော့သည်လား . . .

ဝါသနာကြီးလှသည်မို့ နိုင်ငံခြားသဘော်ာတက်ဖို့ အခွင့်အရေးကိုတောင် စွန့်လွှတ်ခဲ့ရတာ။ ဖေဖေမေမေနှင့် အတိုက်အခံ ပြုခဲ့ရတာ။

လက်ရွေးစင်အဆင့် မရောက်နိုင်လျှင် ဘောလုံးကို စွန့်လွှတ်ရမည်ဟု ဖေဖေက ကျွန်တော့် ကံကြမ္မာကို ဆုံးဖြတ်ပေးခဲ့တာတွေကို ရိပ်ခနဲ ရိပ်ခနဲ ပြန်သတိရ မြင်ယောင်နေမိသည်။

"မင်းတော့ မိန်းမ မရပဲ မုဆိုးဖိုဖြစ်ရမယ့်ကိန်း ဆိုက်နေပြီပေါ့"

"မင်း . . . . . ."

ခပ်နာနာလေး ကျိန်ဆဲလိုက်ရတာကို စိတ်ထဲ ပေါ့ပါးသည်။ ကျော်ကျော်ဦးကို ကျိန်ဆဲရသည်မထင်။ ကံကြမ္မာကို ကျိန်ဆဲရသည် ထင်မိ၏။ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်သည်။

"နွေးနွေးသာ သိရင် အသေအဖြောင့်မှာ မဟုတ်ဘူး"

ဝင်းဆွေမျက်နှာက ရယ်မြူးရိပ် မပျောက်။ နွေး

ကိုလည်း သူတို့ ချစ်ခင်ရင်းစွဲ ရှိသည်ပင်။ နွေးရဲ့ ဖော်ရွေမှု သဘောထား ပြည့်ဝမှုတွေကို ကျွန်တော့်သူငယ်ချင်းတွေက အမှတ်ပြည့်ပေး ထားသည်။ ဒါပေမယ့် လူငယ်စိတ်ပီပီ ဘယ်လို ခံစားချက်ကိုမဆို ခပ်ဖော့ဖော့ ထားလိုကြသည်။

"ဘာကိုလဲ"

"ကိုလင်းသန့်...ကိုလင်းသန့်...နဲ့ ခဏခဏ မနက်စာညစာ ကျွေးတတ်တဲ့ ကောင်မလေးလေ"

"အင်း. . . ပါးစပ်ပါနေတော့လည်း စားမိတာပေါ့ကွာ"

ကြက်ဥကြော်ကို ဖြူးထားသည့် ငရုတ်ကောင်းနံ့ကို ရှိုက်မိ သည်။ ရယ်နေမိသည့်နှုတ်ခမ်းတွေ ချက်ချင်းကုပ်ကျသွား၏။

]နွေးရေ. . . ငါးရံ့ခေါင်းချဥ်ရည်ကို ငရုတ်ကောင်းလေးနဲ့ သောက်ချင်တယ်ကွာ[

သည်လို အေပရယ်ရ်ကို ဖုန်းဆက်လိုက်ရင်. . .

]ညကျ အိမ်လာခဲ့လေ[

ဆိုပြီး အိမ်အပြန် ဈေးဝယ်ချက်ပြုတ် အဆင်သင့်ပြင်ထားတတ်တာ လေးတွေကအစ ဂုဏ်ယူခဲ့ရတာ မဟုတ်လား။

[လင်းသန့်ကို ကြည့်ထားနော်၊ ဘယ်လောက် အရွေးတော်သလဲ၊ မိန်းမဆိုတာ ရုပ်ကလေးလှရုံနဲ့ ပြီးတာမဟုတ်ဘူးကွ၊ ဣန္ဒြေ ရှိရမယ်၊ အိမ်ထောင်မှု နိုင်နင်းရမယ်၊ ပြီး

တော့ ကျွန်းမာသန်စွမ်း ရမယ်]

[ကျွန်းမာမှ သားသမီးများများ မွေးနိုင်မှာ မဟုတ်ဘူးလား]

ရယ်သံတွေ. . . .

ချက်ချင်း ပြန်ပြီး နီးကပ်လာသလိုပဲ နော်။

"ဆီးဖုတွေ ဆူကီတွေလည်း အရသာရှိတာကိုးနော်"

အိပ်မက်ထဲမှာလိုလိုနှင့် ကျော်ကျော်ဦး အသံ ပြန်ပေါ်လာသည်။

"ခုတော့လည်း ဆီးဖုတွေ ဆူကီတွေ ကြိုက်သွားရပြန်ပြီးပေါ့၊ ကြာဇံချက်တို့ မုန့်ဟင်းခါးတို့ ဂဏန်းချဉ်ရည်တို့ ရိုးသွားပြီပေါ့လေ"

ဝင်းဆွေနှင့် ကျော်ကျော်ဦးအတွက် ကျွန်တော်က ရယ်စရာ သတ္တဝါတစ်ကောင် ဖြစ်နေခဲ့သည်။ ဒါပေမယ့် သည်လိုစကား တွေကို ကျွန်တော့်အတွက်တော့ ရိုးအီ နေပါပြီလေ။

ခုတော့. . . ရိုးသွားပြီးပေါ့. . .

တစ်ချိန်ကတော့ ရှုးသွပ်လုမတတ်ဖြစ်ခဲ့သည်။

"ဟင်အင်း. . မဟုတ်ပါဘူးကွာ၊ အဲဒီ အစားအသောက်တွေ ကို နွေးရဲ့လက်ရာ ချဉ်ရည်ဟင်းတစ်ခွက်နဲ့ မလဲနိုင်ပါဘူး"

"အလဲ့. . . လွမ်းစရာကောင်းလိုက်တာနော်"

"ဒါပေမယ့်ကွာ . . . လူငယ်ဆိုတော့. . . "

"ပြီးတော့ ယောက်ျား ဆိုတော့လို့လည်း ထည့်ပြောဦးလေကွာ"

ဝင်းဆွေက ကျွန်တော့်စကားကို ဝင်ထောက်သည်။ ရယ်တော့ ရယ်မိ ပြန်သည်။ ဟက်ဟက်ပက်ပက် အရယ်တော့ မဟုတ်။

"အေးပါ. . မင်းကို ကိုယ်ချင်းစာပါတယ်ကွာ၊ ဒါဟာ သဘာဝတစ်ခုပဲ မဟုတ်လား၊ ရဲရဲတင်းတင်းပေါ့ကွာ၊ စိတ်လေ မနေစမ်းပါနဲ့၊ သေသွားတဲ့သူနဲ့အတူလိုက်ပြီး မြေမြှုပ် ခံရမယ်ဆိုတဲ့ အယူအဆမျိုးတွေလည်း မရှိတော့ပါဘူး . . .

ချစ်သူရဲ့ ဝိညာဉ်နဲ့အတူ ကိုယ့်ဘဝလည်း သေဆုံးသွားပါပြီဆိုတဲ့. . ဝတ္ထုထဲက စကားတွေ မင်းရွတ်နေဦးမှာလား၊ အဲလိုရွတ်နေပြီး မင်းကိုယ်မင်းရောယုံကြည်မှာလား. . .။ မင်း. . . နန္ဒာ့ကို စိတ်ဝင်စားတယ် မဟုတ်လား"

"အင်း"

"ဒါဆိုလည်း. . . "

"ဒါပေမယ့် . . . နွေး ရှိနေသေးတယ်လေ"

"ဩော်. . ဒါဆို နွေးကပဲ မြန်မြန် သေပေးရဦးတော့ မလိုပါလား"

"မဟုတ်ဘူး"

ရင်ဘတ်ထဲ တင်းကျပ်လာပြန်ပြီး အော်ပစ်လိုက်သည်။ ကျွန်တော်တို့ကို သိနေသည့် တခြားဝိုင်းတွေက လှည့်ကြည့်ကြ၏။ ဝင်းဆွေက မျက်ခုံးတွေ ကုပ်ကျသွားပြီး ကျွန်တော့်ကို ငြူငြူ စူစူ ကြည့်လျက် နှာခေါင်းကိုပွတ်နေသည်။ ကျော်ကျော်ဦးကတော့ ရေနွေးတွေ ငုံထားလျက်က တဟိဟိ ရယ်နေ၏။

"နွေးကိုပဲ ငါချစ်တာ"

"ဩော်"

အဲသည့် . . ဩော် . . ခနိုးခနဲ့ အသံမှန်းသိသာသည်။ ကျော်ကျော်ဦးက ရေနွေးကို အသံမြည်အောင်မျိုချလိုက်၏။

"နွေး . . အသက်ရှင်မယ်ဆိုရင် ငါဘယ်လိုပဲ ပေးဆပ်ရ ပေးဆပ်ရ . . . ပါ ၊ ဒါပေမယ့် . . . "

"တော်စမ်းပါ လင်းသန့်ရာ၊ မင်း ကိုယ့်ကိုယ်ကို ညာနေတာ၊ သိပ် စိတ်ကူးယဉ် မနေစမ်းပါနဲ့၊ ဘယ်အရာမှသဘာဝကို ကျော်လွန်ပြီး မဖြစ်နိုင်ဘူး၊ နွေး သေသွားရင် မင်း ဒီတစ်သက် မိန်းမမယူပဲ နေမှာလား . . . ပြော"

ကျော်ကျော်ဦး မျက်နှာကို ခပ်ကြောင်ကြောင် ငေးမိသည်။

"နှစ်ချီပြီး အိပ်ရာထဲ လဲနေတဲ့ ဝေဒနာသည် တစ်ယောက်ကို မင်းလက်ထပ်မယ်လို့ စိတ်ကူးနေသေးတယ် ဆိုရင်

တော့ မင်းကိုယ်မင်း ညာနေတာပဲ ဖြစ်လိမ့်မယ် လင်းသန့်ရေ ငါတို့တော့ မယုံနိုင်ဘူး”

သူတို့စကားတွေထဲ ကျွန်တော့်ရဲ့ စိတ်အလျှဉ်က ဖဲကျဉ်စ ပြုသည်။ နန္ဒာ့ကို ဖုန်းဆက်မည်ဟု ကတိပေးခဲ့သည်။ တကယ်တမ်းကျတော့ ဖုန်းမဆက်ဖြစ်။ ဖုန်းပြောချင်စိတ်ပင် မရှိ။ နန္ဒာ သည် ကျွန်တော့်အတွက် ကစားစရာ အရုပ်ကလေးတစ်ရုပ် လိုသာ ဖြစ်သည်။ ကျွန်တော့်ကို စိုးပိုင်နိုင်သည့်အင်အားမျိုး၊ ဆွဲဆောင်မှုမျိုး နန္ဒာမှာမရှိချေ။

ဘောလုံးသမား တစ်ယောက်၏ ချစ်သူဖြစ်ဖို့ ဘယ်လို ထူးထူးခြားခြား အရည်အချင်းမျိုးမှမလိုအပ်ပါ။ သို့ပေမယ့် ကျွန်တော် က ဘောလုံးကိုချစ်သည်ဆိုလျှင် ထိုသူမက ဘောလုံးကို စိတ်ဝင်စားနိုင်ရမည်။ ကျွန်တော်နှင့် ကျွန်တော့်ရဲ့အသင်းအဖွဲ့အပေါ် နားလည်မှုထားနိုင်ရမည်။ နွေးသည် ကျွန်တော့် စိတ်တိုင်းကျ လည်းဖြစ်သော ၊ ကိုယ်တိုင် ချစ်ခင်မြတ်နိုးရသော ချစ်သူပဲ မဟုတ်လား။

ဒါကို လက်ခံနိုင်လျှင် ကျွန်တော် . . . နန္ဒာကို ပြတ်ပြတ်သားသား ငြင်းပယ်နိုင်ရမည်။

“တို့က မင်းနွေးအပေါ် သစ္စာမဲ့တယ်လိုက စွပ်စွဲနေတာ မဟုတ်ပါဘူးကွာ၊ လူ့သဘာဝ အထူးသဖြင့် ယောကျ်ားဆိုတဲ့ သဘာဝကို ပြောတာ ၊ စိတ်ကူးယဉ် ဆိုတာထက်

www.burmeseclassic.com

လက်တွေ့ကျတဲ့ သဘာဝကို မင်းနားလည်အောင် ပြော
တာပါ ၊ မင်းကို အပြစ်တင်တာမျိုး ဝေဖန်တာမျိုး ငါတို့
မလုပ်ပါဘူး . . .

ဘာကြောင့်လဲ ဆိုတော့ မင်း နေရာမှာ ငါတို့ဆိုရင် . . . ”

ဝင်းဆွေက စကားကို တမင်ပဲ ရပ်ပစ်လိုက်သည်။ ကျော်ကျော်ဦးက . . .

“စကားနဲ့တောင် ဆက်မပြောနိုင်တော့ဘူး မဟုတ်လား”

ဟု ဝင်းဆွေကို ဟားသည်။ ဝင်းဆွေက ဘာမှ မတုံ့ပြန်ပဲ ပြုံးရုံသာ ပြုံးနေခဲ့၏။ နှုတ်မဆက်မိပဲ၊ အကျိုးအကြောင်းပင် မပြောမိပဲ. . . ကျွန်တော် သူတို့ ရှေ့က ထွက်လာခဲ့သည်။ ကားလမ်းမကြီးပေါ်မှာ အရှိန်ပြင်းပြင်းမောင်းသွားသည့် ကားစက်သံတွေကို ကြားရဆဲပင်။ အိပ်ဆောင်တွေဘက်မှာ မီးရောင်တွေ တချို့ လင်းလက်ဆဲ။ တချို့လည်း အမှောင်ထု၏ ဟင်းလင်းပြင်ထဲမှာ ငြိမ်သက်စွာ ထီးတည်းရှိနေကြသည်။

နှုတ်မဆက်ခဲ့သည့်အတွက်. . . သူငယ်ချင်းတွေက ကျွန်တော့်ကို အပြစ်တင်မည်လား၊ အထင်လွဲမည်လား။ သည်လိုတော့မထင်ပါ။ ကျွန်တော့်သူငယ်ချင်းများသည် ဘယ်လို ကိစ္စမျိုးကိုမဆို အလွယ်တကူ မေ့ပျောက်ဖို့. . ဒါမှမဟုတ် နားလည်နိုင်ဖို့ ကြိုးစားတတ်သူတွေ ဖြစ်နိုင်ပါသည်။ ကျွန်တော့် ပတ်ဝန်း ကျင်မှာ ကျွန်တော့်ကို အပြစ်တင်လိုသူတွေ၊ရှုံ့ချသူတွေ ရှိနေမလားဆိုတာ

www.burmeseclassic.com


ကို ကျွန်တော် တွေးနေဖို့ မလိုအပ်ဘူးထင်သည်။

ကျွန်တော်သည် ကိုယ့်ကိုယ်ကို စိတ်သက်သာရာရ သွားသူ တစ်ယောက်လို လိမ်ညာလျက်ခေါင်းစဉ် မမှတ်မိတော့ သော သီချင်းတစ်ပုဒ်ကို လေချွန်ညည်းရင်း အိပ်ဆောင်သို့ ပြန် ရောက်ခဲ့သည်။

❖❖❖

www.burmeseclassic.com

ကျွန်တော့် အနက်ရောင် ဆူဇူကီး ဆိုင်ကယ်လေး အိမ်ရှေ့မှာ ရပ်မိလျှင် မေမေက သော့ခတ်ထားသည့် သံပန်း တံခါးကို အပြေးလာဖွင့်ရင်း . . .

"အတော်ပဲ သားရေ. . ခုနကတင် ဖုန်းလာသေးတယ်"

ဟုကျွန်တော့်ကို လှမ်းပြောသည်။

"ဘယ်သူ့ဆီကလဲ မေမေ"

"နွေး. . လေ. . ဆေးရုံက ဆင်းလာပြီတဲ့"

"ဟုတ်လား"

ဆိုင်ကယ် သော့ကို နှုတ်ယူရင်း ကျွန်တော် မေမေ့ကို လှမ်းကြည့်လိုက်မိသည်။ မေမေကလည်း ကျွန်တော့်ကို ခပ်စိုက်စိုက် ကြည့်နေသည်နှင့် အကြည့်ဆုံသည်။ ကျွန်တော် ယောင်ယောင်မှားမှားဖြင့် ကိုယ့်ရင်ဘတ်ကိုယ် ငုံ့ကြည့်မိ၏။ ကျွန်တော့် ရင်ခုန်နှုန်းတွေ နည်းနည်းမှ ပြောင်းလဲမသွားပါ။ ကျွန်တော့် နှလုံးအိမ်တွေ နွေးထွေးမလာပါ။

နွေးဆေးရုံက ဆင်းပြီဟူသောသတင်းသည် ကျွန်တော့်အတွက် အဆန်းတကြယ် မဖြစ်စေနိုင်ရုံမျှမက ကျွန်တော့်

ရင်ကို အနည်းငယ်မျှပင် မလှုပ်ခတ်စေနိုင်တော့ပါလား။

လှေကားထစ်တွေရဲ့ အောက်ဆုံးမှာ ကျွန်တော် ခြေစုံရပ်လိုက်မိသည်။

"ဒါပေမယ့်သားရယ် ...မကြာခဏ သွေးစစ်နေရမှာတဲ့"

"အရင်အခေါက်တွေလည်း ဒီလိုပါပဲ မေမေရယ်"

"ဟုတ်လား. . ဒါဆိုရင် ခမျာ သနားစရာပါကွယ်၊ သိပ်ပြီး အခြေအနေမကောင်းဘူး ထင်ပါရဲ့"

ကျွန်တော့်မေမေသည် ထုံထိုင်းသည့် အမျိုးသမီးတစ်ယောက် မဟုတ်ပေမယ့် ပါးနပ်သူလည်း မဟုတ်ပါ။ ပြီးတော့ ကိုယ်တိုင်က ကျန်းမာရေးကောင်းသူမို့ ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတလည်း မရှိလှ စိတ်လည်းမဝင်စားလှပါ။ မေမေ စိတ်ဝင်စားတတ်တာတွေက ဆန်ဈေး ဆီဈေးအပြင် အတ်တ်ပေပါ ဈေး၊ အတ်တ်ကတ်ဈေး၊ ပုံနှိပ်မှင်အရောင်များ၏ ဈေးနှုန်းနှင့် ဘယ်အချိန် မီးပျက်မလဲဆိုတာလောက်သာ ဖြစ်သည်။ ရိုးသားပြီး ရင်းနှီးစရာ အကြောင်းအရာလည်း များများစားစား မရှိတတ်သည့် မေမေသည် နွေးကို သမီးတစ်ယောက် လို သံယောဇဉ်တွယ်ရှာ၏။ မေမေက သားချည်း သုံးယောက်ဆက်တိုက် မွေးခဲ့သူဖြစ်သည်။

ကျွန်တော့်အစ်ကို နှစ်ယောက်နှင့် ကျွန်တော်သည် နှစ်နှစ်ကြီး နှစ်နှစ်ငယ် ဖြစ်၏။ ကျွန်တော့်အစ်ကိုတွေက ပညာတော် ကြပြီး ဘောလုံးသမားဖြစ်ဖို့ဆိုသည့် ရည်ရွယ်ချက်မျိုး သူ

www.burmeseclassic.com

တို့ နှစ်ယောက်မှာ မရှိခဲ့တာမို့. . နှစ်ယောက်လုံး ပညာရေးမှာ ထူးချွန်သထက် ထူးချွန်ချင်သူတွေသာ ဖြစ်နေကြသည်။ နိုင်ငံခြားမှာ အလုပ်လုပ်ရင်း ကျောင်းတတ်နေသည့် ကျွန်တော့် အစ်ကိုနှစ်ယောက်အတွက် မေမေ့မှာပူပန်စရာမရှိပါ။ ကျွန်တော့်အစ်ကိုကြီးက ထိုင်ဝမ်မှာ အလုပ်သွားလုပ်သည်။ မေမေက ပြန်လာဖို့လည်း စာရေးပြီး မခေါ်ပါ။ ခုလောလောဆယ်မှာတော့ မေမေ့ဘဝ မေမေ့ကမ္ဘာသည် လင်းသန့်ပဲဖြစ်နေ၏။ ထို့ကြောင့်လည်း မေမေသည် နွေးကို သွေးသားရင်းချာသဖွယ် သံယောဇဉ် တွယ်ရသည်လား မသိ။

"အဲဒါ. . . သားသွားလိုက်ဦးနော်၊ မေမေလည်း မင်းဖေဖေအားတဲ့တစ်ရက် သူ့ပါခေါ်ပြီး သွားလိုက်ဦးမယ်"

"သားသွားမှာပါ ၊ ပြီးရင်. . . နွေးကို ခေါ်ခဲ့မယ်လေ"

"ဟဲ့. . မဟုတ်တာ၊ ပင်ပန်းနေမှာပေ့ါ"

"သူ့ရောဂါကဒီလိုပါပဲ မေမေရာ၊ သွေးသွင်းလိုက်ရင် လူကောင်းလို ပြန်ဖြစ်သွားပြီး လန်းဆန်းလာတာပဲ၊ နောက်တဖြည်းဖြည်းနဲ့ ပြန်ပြီး သွေးဆုတ်လာပြန်ရော။ နောက်ထပ် သွေးသွင်းရပြန်ရော၊ သွေးနဲ့ အသက်ဆက်နေရတဲ့ ရောဂါမျိုးပေ့ါ "

"ဘာပဲဖြစ်ဖြစ်လေ. . . ကုလို့ရနေဖို့အရေးကြီးတာမဟုတ်လား"

မေမေကတော့ နွေးရဲ့အခြေအနေကို ဘယ်လောက်မှ နက်နက်ရှိုင်းရှိုင်း မသိ။ သိအောင်လည်း ကျွန်တော်ကမပြောမိ။ ခမည်းခမက်မတော်စပ်ရသေးပေမယ့် မေမေသည် နွေးတို့မိသားစုနှင့် တတ်နိုင်သမျှ ရင်းရင်းနှီးနှီး နေလိုသည်ထင်၏။ ထို့ကြောင့်လည်း ဖေဖေသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ပြီး နွေးရဲ့ရောဂါ အခြေအနေကို မဆွေးနွေးခဲ့။

မေမေက ကျွန်တော့်နောက်က ထပ်ချပ်လိုက်လာသည်။ အိပ်ခန်းထဲထိ လိုက်လာမည် ထင်မိပြီးမှ ထမင်းစားခန်းဘက် ကွေ့ဝင်သွားခဲ့သည်မို့ မေမေ့ကို ကျေးဇူးတင်ရသည်။ ကျွန်တော့်မျက်နှာပေါ်က အရိပ်တွေကို မေမေ ဖတ်မိမှာစိုးသည်။ အိပ်ခန်းတံခါးကို ပြန်ပိတ်ပြီးသည့်အခါ . . . ကျွန်တော့် မတ်ရပ်ဘီရိုရှေ့သို့ ကျွန်တော် လျှောက်သွားလိုက်သည်။ ဘီရိုကပ်မှန်ထဲမှာ မြင်နေသည့် ကျွန်တော့်မျက်နှာသည်အနည်းငယ်ပင် မှုန်မှိုင်းနေသေး၏။ တွန့်နေသည့်မျက်ခုံးတွေကို ဖြေလျှော့ပြီး နှုတ်ခမ်းတွေကို ခပ်ရေးရေး ပြုံးကြည့်လိုက်သည်။

"ယူက. . ရယ်လိုက်ရင် သိပ်ချစ်ဖို့ကောင်းတာပဲ သိလား၊
သွားစွယ် ချွန်လေးတွေနဲ့"

သွားစမ်းပါ။

မျက်ခွံတွေကို ယောင်ယမ်း မှိတ်ပစ်လိုက်သည်။

www.burmeseclassic.com

အဲသည်လို ရဲတင်းသည့် မိန်းကလေးမျိုးကို ဘယ်တုန်းကမှ သဘောကျခဲ့တာ မဟုတ်ဘူး နော်။

ဒါပေမယ့် . .

ဒါပေမယ့် . . . အဲသည် မိန်းကလေးနှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်ခဲ့ကြတာ။ ပြီးတော့ . . .

မှန်ထဲက ပုံရိပ်ကို စက်ဆုပ်စွာ မျက်နှာလွှဲပစ်မိသည်။ နောက်ထပ် ကိုယ့်ကိုယ်ကို ရင်မဆိုင်ရဲတာလည်း ဖြစ်မှာပါ။ ကျွန်တော့်အိပ်ခန်းကလေးက အခါတိုင်းလိုပင် ငြိမ်သက်မြဲဖြစ်ပေမယ့် ဝမ်းနည်းဖွယ်အသွင်ဆောင်နေသည်ဟု စိတ်ထဲ ခံစားမိသည်။ ကျွန်တော့် အိပ်ခန်းပြတင်းက ခန်းဆီးကို မေမေလည်း တပ်ပေးထားသည်။ အပြာရောင် ခန်းဆီးပျော့သည် လေမှာ ခပ်နော့နော့ လှုပ်ခတ်နေ၏။ အမှတ်ရစရာ သက်မဲ့ပစ္စည်းများစွာမရှိသောကျွန်တော့်အိပ်ခန်းလေးထဲမှာ စိတ်ကူးယဉ်ချင်ဖွယ်ဟူ၍ ချစ်သူ၏ ဓာတ်ပုံကလေး တစ်ပုံသာ ရှိနေခဲ့သည်။

> “ကိုယ်က သိပ်စိတ်ကူးယဉ်တတ်တာမဟုတ်ဘူး၊ ဓာတ်ပုံဆိုတာလည်း မှတ်တမ်းတင်ပုံလောက်ပဲရှိတာကွ၊ ဒါပေမယ့် . . နွေးရဲ့ ဓာတ်ပုံကိုတော့ ခေါင်းအုံးဘေးမှာ ထားချင်တယ် သိလား”

သည်လိုပြောပြီး နွေးရဲ့ဓာတ်ပုံကို တောင်းခဲ့ရတာ။

ဓာတ်ပုံထဲက နွေးသည် ကျွန်တော့်ကို ပြုံးတုံ့တုံ့

စိုက်ကြည့်နေခဲ့၏။

"လင် း. . . ဘယ်ကပြန်လာတာလဲ. . ပြောစမ်း၊ ကောင်မလေးတစ်ယောက်နဲ့ ရုပ်ရှင်သွားကြည့်တယ်မဟုတ်လား"

ယောင်ယောင်မှားမှားဖြင့် ခေါင်းညိတ်ပြမိသည်။ ဓာတ်ပုံထဲက နွေး ရယ်သံကိုကြားရ၏။ ပြီးတော့ ကြည်လင်နေသည့် မျက်ဝန်းလေးတွထဲက စွတ်စိုသော ငွေ့ရည်တွေကို ခပ်ဝါးဝါး မြင်ရပြန်သည်။

"လင်းရေ. . . လင်းဟာ သစ္စာမဲ့တတ်သူ မဟုတ်ဘူးဆို၊ အချစ်အတွက်ကလွဲရင် မိန်းမတွေကို မလိုအပ်ဘူးဆို"

"နွေး"

နှုတ်ခမ်းတွေ တရွရွတုန်လှုပ်လာသည်။ ခေါင်းအုံးပေါ် မျက်နှာကို မှောက်ချပြီး အတော်ကြာအောင် ငြိမ်သက်နေမိ၏။

"ယူ့မှာ ရည်းစားတစ်ယောက်ရှိဖူးတယ်ဆို၊ ခု . . . အဲဒီကောင်မလေးရော"

ခပ်တိုးတိုး. . . အမေးစကားသံကို ပြန်ကြားရပြန်သည်။ နွေး အသံတော့မဟုတ်။ နွေးရဲ့အသံက နူးညံ့ပေမယ့် တိတိ ပြတ်ပြတ်ရှိသည်။ ပီသ ကြည်လင်သည်။ ကြားရသည့်အသံက ခပ်နွဲ့နွဲ့ ချွဲချွဲလေး . . . အဲသည်လို အသံမျိုးက ညှို့ငင်နိုင်သည်မှန်း သိလျက် . . . ကျွန်တော် တိုးဝင်မိခဲ့တာပဲနော်။ ရုပ်ရှင်ရုံထဲက

ခပ်နွေးနွေး ကိုယ်ငွေ့။ စတော်ဘယ်ရီသီးနံ့လို ချိုချဉ်ချဉ် နှုတ်ခမ်းစိုလေးဆီက ရနံ့ဖျော့ဖျော့လေး။ ပါးပြင်နှင့်လည်တိုင်းရင်းမှာ လာထိသည့် ဆံစနုပျော့ပျော့လေးတွေ။ လောလောလတ်လတ်ပင် ကျွန်တော့်အနားမှာ တစ်စုံတစ်ယောက် ရောက်လာသလို ခံစားရသည်။ မွှေးပျံ့သောရနံ့ ၊ နူးညံ့သည့်အတွေ့တွေ ရစ်သိုင်း သင်းထုံဆဲ. .

မိတ်ကပ်ဖြင့် မွတ်ညက်သော ပါးပြင်ကလေး နီးသထက် နီးကပ်လာပြီး ရင်ခုန်သံတွေ တဒိတ်ဒိတ် ဆောင့်ခုန်လာသည်။ ရင်ဘတ်ထဲ ပြင်းပြင်းထန်ထန် မွန်းကျပ်မွတ်သိပ်ပြီး လည်ချောင်းတွေ၊ နှုတ်ခမ်းတွေ သွေ့ခြောက်လာသည်။ ဂီတသံတိုးတိုးကလေး က အဝေးဆီကနေ ငြိမ့်ညောင်းစွာ၊ ပြီးတော့ အားကောင်းစွာ လွင့်မျောရာကနေ တဖြည်းဖြည်း ကျယ်လောင်လာ . . .

အဲသည်မှာ. .

"လင်း"

တဲ့။ ဖြူဖျော့နွမ်းလျသော မျက်နှာတစ်ခုနှင့် နီစွေးစေးထန်သည့် သွေးရည်အိတ်တွေ. . .

ဟင်အင်း. .

ဆတ်ခနဲ့ ခေါင်းအုံးကခွာပြီး ခုန်ထပစ်လိုက်သည် ။ နှလုံးက ပင်ပန်းစွာ ခုန်နေပြီး တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနင့်နေခဲ့၏။ ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးသွင်း ဖိသိပ်ပြီး

နားထင်ကြောတွေကို လက်ဖနောင့်နှင့် ဖိထားမိသည်။

နွေးရဲ့. . . . ရယ်သံ

အက်ရှ ကြေကွဲနေသည့် ရယ်သံ။

နွေး. . ရယ်. . .

ကိုယ် ဘာတွေ ဖြစ်နေတာလဲ။

(နှစ်ချီပြီ အိပ်ရာထဲ လဲနေတဲ့ ဝေဒနာသည်တစ်ယောက်ကို လက်ထပ်မယ်လို့ စိတ်ကူးနေသေးတာ ဆိုရင်တော့ မင်းကိုယ်မင်း ညာနေတာပဲ ဖြစ်မယ်)

ခေါင်းကို ခပ်သွက်သွက် ယမ်းပစ်လိုက်သည်။ ရေချိုးလိုက် ရမည်။ ခေါင်းပေါ် ရေအေးအေး လောင်းချလိုက်လျှင် အတွေး ပူပူတွေ ငြိမ်းသွားနိုင်မလား။

ဘာပဲဖြစ်ဖြစ်. . .

သည်ည နွေးဆီသွားရမည်။

နွေးကို မျက်နှာချင်းမဆိုင်ရဲလောက်အောင် ပျော့ညံ့သူတော့ မဖြစ်ရဘူးနော်။

❖❖❖

www.burmeseclassic.com

လှေကားထစ်တွေပေါ်က. . . ဖိနပ်ခွာသံကို ကျယ်လောင်စွာကြားနေရသည်။ အဲသည်အသံက တုံ့ဆိုင်းလေးလံ လှသည် ထင်မိ၏။ ကျွန်တော့် ခြေထောက်တွေက တကယ်တော့ လေအပြည့် ဘောလုံးတစ်လုံးကို ကွင်းလယ်ကနေ တစ်ဖက် ဂိုးစည်းကျော်သွားအောင်ကန်နိုင်ခဲ့သည့် ခြေထောက်တွေဆိုတာ မယုံနိုင်လောက် အောင်ဖြစ်ရသည်။ နွေးတို့ အိမ်ခန်းက ပထမထပ်မှာဆိုပေမယ့် ကျွန်တော့်အတွက်တော့ တောင်ထိပ်ဖျားကို တတ်ရသလိုပင် ပင်ပန်းနေခဲ့သည်။ အခန်းတွေရဲ့ တံခါး အထက်မှာ လှေခါးနှင့် ကော်ရစ်ဒါအတွက် မီးထွန်းထားလေ့ ရှိသော်လည်း လှေကားထောင့်ချိုးတွေကတော့ အလင်းရောင်ကွယ်ပြီး မှောင်ရိပ်ကျနေတတ်သည်။ ကျွန်တော် အိမ်လာလည်သည့် တချို့ရက်တွေမှာ နွေးက ကျွန်တော့်ကို လှေကားထစ်တွေထိ လိုက်ပို့ နှုတ်ဆက်တတ်၏။ မှောင်ရိပ်ကျနေသည့် လှေကားထောင့်ချိုး အကွယ်လေးမှာ နွေးရဲ့ နဖူးပြင်ကို ခပ်ဖွဖွ ရှိုက်မွှေးရသည့်အခါတိုင်း ကျွန်တော် ရင်ခုန်လာတတ်သည်။ချွေးစေးများဖြင့်အေးစက်စိုထန်းနေသည့် နွေးရဲ့ လက်ဖဝါးလေးတွေကို ဆုပ်ကိုင်ထားသည့်အခါ . . . အင်မတန်

ဣန္ဒြေဆည်တတ်သည့် နွေးရဲ့မျက်နှာတွေ ရှက်သွေးရောင်ဖြင့် နီမြန်းလာတတ်ပါသည်။

ကျွန်တော်နှင့်နွေးကြားမှာ အောက်မေ့တမ်းတဖွယ် အတိတ်အချိန်တွေများစွာရှိခဲ့ပါလျက်... ခုချိန်ထိလည်းကျွန်တော် တို့ကြားမှာ စိတ်အခန့်မသင့်စရာ သဘောထားကွဲလွဲစရာ ဘာတစ်ခုမှ မရှိခဲ့ပါလျက်. . .

တံခါးရှေ့မှာ ရပ်လျက် လူခေါ် ဘဲလ်ကို နှိပ်ရင်းပင် ပင့်သက်ရှည်ကို ရှိုက်ဖြစ်၏။ ကျွန်တော့် ပင့်သက်ရှိုက်သံကို တစ်စုံတစ်ယောက် ကြားသွားမှာကိုလည်း စိုးရိမ်မိပြန်သည်။ ဒါပေမယ့် ကျွန်တော့်ရင်ဘတ်ထဲက လေးလံမှုကို တံခါးရဲ့ ဟိုဘက် အထိ ယူဆောင်သွားဖို့ မဖြစ်နိုင်ပါ။

တံခါးပွင့်လာသည့်အခါ နွေးရဲ့မိခင်က ကျွန်တော့်ကို နွမ်းလျသော အပြုံးဖြင့် ကြိုဆိုနှုတ်ဆက်သည်။ ကျွန်တော့်အတွက် စကားများစွာ ဧည့်ခံပြောဖို့ မလိုအပ်ဘူးဟု သူတို့ဘာသာ နားလည်ထားသည်မို့ထင်၏။ ရုပ်မြင်သံကြားရှေ့မှာ ရှိတတ်မြဲဖြစ်သည့် နွေး၏ဖခင်ကိုပင် မမြင်မိ။

"အတော်ပဲ သားရေ. . မေမေဘုရားကန်တော့ချင်လို့"

"ဖေဖေရော မတွေ့ပါလား"

"ဆရာဝန်ကြီးအိမ် ခဏသွားတွေ့တယ်သားရဲ့၊ ပြန်လာလိမ့်မယ်"

www.burmeseclassic.com

ကျွန်တော် တံခါးပြန်ပိတ်ပြီး ဖိနပ်ချွတ်နေချိန်မှာ နွေးရဲ့ မေမေက ယောဂီသဘက်ကို ပခုံးမှာသိုင်းပြီး ဘုရားစင် ရှေ့လျှောက်သွားတော့သည်။ နွေးအခန်း၏ အလျှူမီနီယမ်ဆွဲ တံခါးက စေ့ရုံစေ့ထားသည်။ အခန်းဝမှာ အသံတိတ်ဆိတ်ပြီး ရပ် နေသည့် ကျွန်တော့်ကိုနွေးက သိသိမှတ်မှတ်မရှိဟန်ဖြင့် ဘီရို ပုလေး ရဲ့ အံဆွဲထဲက တစ်စုံတစ်ရာကို ထုတ်ယူနေသည်။ နွေးကို လှုပ်လှုပ် ရှားရှား မဖြစ်ချင်ပဲ. . . ကျွန်တော် ရပ်မြဲတိုင်းရပ်နေ လိုက်သည်။ နွေးက ခုတင်ပေါ်မှာ တင်ပလွဲထိုင်လိုက်ပြီး လက် ထဲက အဖြူရောင် ခပ်ပါးပါးပိတ်စကလေးကို ဖြည်လိုက်သည်။

နွေးလက်ထဲကပြောင်လက်နေသည့် . . . ကြေးဖြင့် သွန်း ထားသည့် ဆုတံဆိပ်ကလေးကို ကျွန်တော် မြင်လိုက်ရသည့် အခါ အေးစက်ထိုင်းမှိုင်းနေသည့် ကျွန်တော့်ရင်ဘတ်ထဲ ပူနွေး သည့် ရေစီးကြောင်းလေးတစ်ခု ဖြတ်သန်းစီးဆင်းသွားခဲ့သည်။

နွေးက အကောင်းဆုံး ဘောလုံးသမား ဆုတံဆိပ် ကလေး ကို တန်ဖိုးကြီး ရတနာတစ်ခုကို ကိုင်တွယ်သလို ခပ်ဖွဖွ ပွတ်သပ် နေလေသည်။

ကုန်လွန်ခဲ့သည့်ကာလငယ်တစ်ခုသည် ကျွန်တော့် ဆီ လျှင်မြန်စွာ ပြေးဝင်ချဉ်းကပ်လာနေ၏။ ခြေသံကို အတတ် နိုင်ဆုံး ခပ်ဖွဖွလှမ်းလျက် . . . နွေး အနားသို့ ကျွန်တော်ရောက် သွားသည့်အခါ နွေးက အံ့ဩပျော်ရွှင်မှုကြောင့် အရည်လဲ့နေသည့်

မျက်ဝန်းတစ်စုံဖြင့် ကျွန်တော့်ကို ဆီးကြိုသည်။

"ဘဲလ်သံတော့ ကြားသား . . ဖေဖေပြန်လာတယ်ထင်လို့"

နွေးကို ရင်ခွင်ထဲ ဆွဲပွေ့လျက် ခပ်တင်းတင်း ဖက်ထား လိုက်မိသည်။ ကျွန်တော့်ရင်ထဲမှာ ရုန်းကန် တွန်းထိုးနေသော အလွမ်းတွေလား၊ အချစ်တွေလား၊ ကြေကွဲမှုတွေလား၊ အကြင်နာတွေလား . . . ဘယ်လိုမှ ဝေခွဲမရနိုင်ပါ။

"နွေး . . . နေကောင်းသွားပြီ နော်"

နွေးက ကျွန်တော့် ရင်ခွင်ထဲကနေ မော်ကြည့်လျက် ကလေးတစ်ယောက်လို ခစ်ခနဲ ရယ်လေသည်။

"ဆိုပါတော့"

"နွေး . . . ဒီပစ္စည်းလေးကိုထုတ်ကြည့်ပြီး ဘာတွေတွေးနေတာလဲ၊ ကိုယ်သိချင်တယ်"

ကျွန်တော်က နွေးရဲ့ ဆံပင်တွေကို ခပ်ဖွဖွမွှေးရင်း မေးလိုက် သည်။ မေးခွန်း ဆိုပေမယ့် ဖြေစရာမလိုအပ်ပါ။ နွေးရဲ့ အဖြေကို ကျွန်တော် သိပြီးသားဆိုတာ နွေးကိုယ်တိုင်လည်း သိနေပါ လိမ့် မည်။ နွေးက ကျွန်တော့်မေးခွန်းကိုမဖြေပဲ နှုတ်ခမ်းတွေက ပြုံးရုံ ပြုံးနေသည်။ ကြည်လင်နေသော နွေးရဲ့မျက်ဝန်းအိမ်က မျက်ရည်များဖြင့် စိုလဲ့လာသည့်အခါ ဖန်သားရောင်လို တောက်ပြောင် လာ၏။ ဘောလုံးသများရုပ်ထုနှင့် ကြေးဖြင့်သွန်းထားသည့် ကလပ်သည် ဘရူနိုင်းနှင့်ချစ်ကြည်ရေးပွဲကစားခဲ့စဉ်က . . . ကျွန်

တော် ရရှိခဲ့သည့် အကောင်းဆုံး ဘောလုံးသမား ဆုတံဆိပ်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်နှစ်ကျော်က ကျွန်တော် . . . နွေး ကိုပေးခဲ့သည့် အမှတ်တရ လက်ဆောင်ဖြစ်သည်။

သည်လက်ဆောင်လေးက . . ကျွန်တော်နှင့် နွေး အတွက် တကယ့်ကို မှတ်မှတ်ရရလည်း ဖြစ်သည်။

ကျွန်တော် . . . နွေးကို အကောင်းဆုံး ကစားသမား ဆုတံဆိပ်လေး လက်ဆောင်ပေးခဲ့သလို နွေးကလည်းကျွန်တော့် အတွက် ကျွန်တော် အတောင့်တဆုံးလက်ဆောင်ကို တုံ့ပြန်ပေးခဲ့သည်မို့လေ။

နွေးရဲ့ အချစ်ကို ရခဲ့သည် ည . . .

အဲသည် ညက မပီတပီနှင်းတွေဝေသည့် ည ၊

ဆောင်းရဲ့ နောက်ဆုံး ကြွင်းသော ရက်တွေဟုလည်း ပြောနိုင်ပါသည်။

မမေ့နိုင်စရာ ညတစ်ည

ကြည်နူး ဆွတ်ပျံ့ဖွယ် ညတစ်ညမို့ မကြာခဏ ပြန်သတိရတိုင်း ရင်ခုန်ချင်သည်။ နွေးလည်း ရင်ခုန်နေရမည်ပေါ့နော်။

အင်းလေ . . .

လင်းသန့်နှင့်နွေးအတွက် အတိတ်ဆိုတာတွေချည်း ကျန်ရစ်မည်ဆိုလျှင် သည့်ထက်ပိုပြီး လွမ်းဆွတ်စရာ ကောင်းနေ

လိမ့်မည်ပေါ့။

ခုတော့. . .

အေးစက်သော နွေးရဲ့လက်ဖဝါးတွေကို တင်းတင်း ဆုပ်ထားရင်း. . .

"သတိရနေတယ် မဟုတ်လား"

တိုးတိုးတိမ်တိမ် မေးမိသည်။ နွေးသည် နှုတ်က အသံမထွက်ပဲ ခေါင်းညိတ်သည် ဆိုရုံမျှ ညင်ညင်သာသာ ညိတ်လျက် ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာ၏။

ဘာကြောင့်ရယ် မသိပဲ. . နွေးရဲ့မျက်ရည်ကို မြင်ရသည် မှာပင် စိတ်ထဲ ကျေနပ်နေမိသည်။

❖❖❖

ဘရူနိုင်းကို ချစ်ကြည်ရေးပွဲကစားဖို့ သွားရမည်ဆိုတော့ ကျွန်တော်အရင်ဆုံး သတိရပြီးနောက်ဆုံးမှ နှုတ်ဆက်ခဲ့သူက နွေးပဲဖြစ်သည်။ အကဲပိုလိုက်တာဟု မေမေမှတ်ချက်ချသလိုပင် အဲသည်အချိန်ကတော့. . ကျွန်တော့် နေ့စဉ် ဝတ္တရားတစ်ခုထဲမှာ မျှော့လင်ခြင်းဆိုတာလည်း အပါအဝင်ဖြစ်သည်။ လေ့ကျင့်ခြင်း၊ စခန်းဝင်ခြင်းမရှိသည့် နေ့ရက်တွေမှာဆို ကျွန်တော်နွေးဆီ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်တတ်ပါသည်။ ကမ္ဘာ့ဖလားပွဲတွေ၊ ပရီမီယာလိဂ်၊ ပွဲစဉ်တွေ၊ ဆီးဂိမ်းမ်တွေ ရုပ်မြင်သံကြားကနေလွှင့်သည့်နေ့ဆိုလျှင်တော့အချိန်ကို ရှောင်လွဲပြီးသွားပေမယ့်လည်း ကျွန်တော်ပြောမိသမျှ ဘောလုံးအကြောင်းတွေချည်းဖြစ် နေတတ်သည့် အခါမျိုးမှာ နွေးကကျွန်တော့်ကို မျက်စောင်းထိုး တတ်သည်။

ဒါပေမယ့် အဲသည် မျက်စောင်းက သိပ်ကို လှပသည်မို့ ကျွန်တော် နွေးကို မျက်စောင်းထိုးရလေအောင် အမြဲလိုကျီစယ်မိ၏။ အဲသည်အချိန်က. . . နွေး . . . ကျွန်တော့်ကို ချစ်နေပြီ ဆိုတာ စိတ်ကသိနေပြီး တရားဝင် အဖြေမရသေးတာကတော့

ကျွန်တော့်အတွက် အောင့်သက်သက် ဖြစ်ချင်စရာ အခြေအနေ တစ်ရပ်ဖြစ်ပါသည်။ (ဒါပေမယ့် ရင်ခုန်ဖွယ်၊ ပျော်ရွှင်ဖွယ် ကောင်း ခဲ့သည်ဆိုတာလည်း အသေအချာပင်) အဖြေမရသေးဘူး ဆိုတော့ ယောက်ျားလေး သဘာဝအတိုင်း (မေမေ ပြောသလိုဆို မျက်စိ နောက်လောက်အောင်)ကျွန်တော် သည်းသည်းလှုပ်ဖြစ်နေခဲ့သည် ထင်ပါရဲ့။

ဘရှူနိုင်းကို သွားရမည်ဆိုတော့ ... ကမ့်မ်ဝင်နေ စဉ်မှာပင် ကျွန်တော် နွေးထံ အကြိမ်ထောင်သောင်းမက ဖုန်းဆက် ခဲ့သည်။ (နွေး ရဲ့ အလုပ်ရှင်ကပင် ငြူစူတာကို မပေါ်လွင်ရအောင် ဖုံးဖိကျီစယ်စကားဆိုခဲ့ရလောက်အောင်ပါပဲ)တဲ့၊ နွေးရဲ့ အလုပ် ပြန်ချိန် နောက်ကျတာကိုလည်း စကတည်းက သိပါလျက် ကျွန် တော် စိတ်ပူပန်၍ မဆုံးနိုင်ခဲ့။

ဒါပေမယ့် အဲသည်အချိန်က ... ကျွန်တော့် ရင်ထဲ က ခံစားချက်တွေက လုပ်ကြံဖန်တီးမှု မပါသည့် ပကတိနှလုံး သား လှုပ်ရှားမှုသက်သက်ဆိုတာ ကျိန်ဆိုဝံ့ပါသည်။ နွေးသည် ကျွန်တော်အာရုံ ကျွန်တော့်နှလုံးအိမ်ကို တစ်ဦးတည်း စိုးမိုးသိမ်း ပိုက်ထားနိုင်ခဲ့ ပြီး. . . တွေးလေရာ အတွေးတိုင်း ကြည့်လေရာ အာရုံတိုင်းမှာ နွေးသာ အရိပ်ထင်ခဲ့သည်ဆိုတာ တကယ့်ကို သေ ချာခဲ့သည့် အဖြစ်တွေပါပဲ။

နောက်ဆုံး ဘရှူနိုင်း သွားခါနီး လေဆိပ်မှာပင်

www.burmeseclassic.com

ကျွန်တော် နွေးထံလှမ်းပြီး ဖုန်းဆက်ခဲ့သည်။ ကျွန်တော် နိုင်ငံခြား ခရီးသွားရဖို့အကြောင်း ကျွန်တော့်မေမေထက် အရင်သိရသူက နွေးဖြစ်ပြီး နိုင်ငံခြားမသွားခင်အထိ ကျွန်တော် နောက်ဆုံး နှုတ်ဆက်ခဲ့သူကလည်း နွေးပဲဖြစ်သည်။ ဒါနဲ့တောင် နွေးက ကျွန်တော် ကြားချင်သည့် စကားကို. . . .

"ခရီး ပြန်လာမှ ပြောပါရစေ"

တဲ့။ တစ်ဆိတ် တွန့်တိုလွန်းသည်ဟု ထင်မိသည်။ ဒါပေမယ့် ကျွန်တော် အတင်းအကျပ် မတောင်းဆိုခဲ့ပါ။ နွေးက ကျွန်တော့်ကို ငြင်းပယ်မှာ မဟုတ်ဘူးဟု ကျွန်တော့်စိတ်က သေချာခဲ့ပြီးပြီ။ အဲသည်လို သေချာတာတောင်မှ ဘောလုံးပွဲ၊ ဆုပေးပွဲတွေအပြီး တည်းခိုရသည့်ဟိုတယ်လ် ပြန်ရောက်ချိန်မှာ ကျွန်တော် နွေးကို သတိရတော့ ရင်ဘတ်ထဲမှာ ထူပူပြီး စိုးရိမ်စိတ်တွေပြည့်သိပ်နေခဲ့သည်။ ကျွန်တော့် စိတ်က ချက်ချင်း မြန်မာပြည် ပြန်ရောက်သည်။ ဘယ်နေရာမှာမှ ကြာကြာ စိတ်မဝင်စားနိုင်ပဲ. . . ယောင်ခြောက်ဆယ်ဖြစ်နေသည့် ကျွန်တော့်အဖြစ်ကို သူငယ်ချင်းတွေ မရိပ်မိအောင်လည်း ကြိုးစားရသည်။ လက်ဆောင်တွေ ဝယ်တော့လည်း နွေးအတွက် လက်ဆောင်ပစ္စည်းဝယ်ဖို့ ကျွန်တော် ဘာကိုမှ စိတ်တိုင်းမကျ။ အလှကုန် ဝယ်ရအောင်လည်း နွေးက အလှကုန်ပစ္စည်း သုံးသူမဟုတ်။ ဘာဘာဝအတိုင်း မျက်နှာကြည်ကြည်လေးကိုပဲ ကျွန်တော်က သဘောကျခဲ့ရတာ မဟုတ်လား။

အဝတ်အထည်တွေ ကျပြန်တော့လည်း ချောရွှတ်ရွှတ် ပြောင်လက် လက်တွေကိုချည်း မြင်မိပြီး နွေးကိုယ်မှာ စိတ်ကူးဖြင့် ဆင်ယင် ကြည့်တော့ လိုက်ဖက်သည်မထင်မိပြန်။ နောက်ဆုံးတော့ . . . သားရေစစ် လက်ကိုင်အိတ်လေးတစ်လုံးကို သဘောကျပြီး ရွေး ဝယ် ခဲ့သည်။ မေမေ့အတွက်လည်း ပိုက်ဆံအိတ်ပဲ ဝယ်ဖြစ်သည်။ ဖေဖေ့အတွက် လက်ဆောင်တစ်ခုခု ဝယ်ဖြစ်ခဲ့ပေမယ့် ဘာပစ္စည်း ဆိုတာ သတိမရတော့။

ကျွန်တော်တို့ မြန်မာပြည် မြေပေါ် ပြန်ရောက်ချိန် က ညနေ ခြောက်နာရီဆိုပေမယ့် ဆောင်းနှောင်းရက်မို့ မှောင်နေ ခဲ့ပြီ။ အဲသည်ညက မြူနှင်းတွေလည်း ဝေနေသည်မို့ လေယာဉ် ပြေးလမ်း မီးတွေကပင် ပြတ်ပြတ်သားသား မဟုတ်ပဲ မှုန်ရီရီ အလင်းထဲ နှင်းမှုန်တွေ ဝေ့ဝဲနေတာကို မြင်ခဲ့ရသည်။ မလိမ်မညာ စတမ်း ဝန်ခံရလျှင် ကျွန်တော့်အိမ်အပြန်လမ်း တစ်လျှောက်လုံး နွေးကိုသာ သတိရနေမိတာ. . .။

နွေးကို စတွေ့သည့် နေ့ကစပြီး နေ့ရက်တွေ တစ် ရက်ချင်း ရုပ်ရှင်ပြကွက်တွေလို မျက်စိထဲ မြင်လာသည်။ ကျွန် တော်ကလည်း လိုလိုချင်ချင် မြင်ယောင်ကြည့်နေမိသည်။ နွေးကို စမြင်ကတည်းက ဖော်ရွေပေမယ့် ပြတ်သားတတ်မည့် မိန်းကလေး ဆိုတာ ကျွန်တော်မှန်းဆမိပြီး။ နွေးသည် ပင်ကိုသဘောကောင်း ပေမယ့် အားနာလိုက်လျောတာမျိုး မရှိတတ်ပဲ စိတ်ထဲရှိသမျှကို

မျက်နှာမှာ ဖော်ပြတတ်သည်။ စကားပြောသည့်အခါ နူးညံ့ပေမယ့် သံပြတ်ဖြင့် ပြောတတ်သည်။

[မင်းအတွက် ဘာမျှော်လင့်ချက်မှ မရှိဘူး၊ အဲတော့ နောက်ထပ် မနှောက်ယှက်ပါနဲ့]

ဆိုသည့် နွေးရဲ့စကားကို ကျွန်တော် ရှင်းရှင်းလင်းလင်း နားလည်သည်။ နွေးက ဟန်ဆောင်တတ်သည့် မိန်းကလေးမျိုး မဟုတ်။ ဟန်များတတ်သူမဟုတ်၊ သို့ကြောင့်လည်း ကျွန်တော် ရှေ့မတိုးရဲခဲ့။ ရှေ့တိုးရသည့် ခြေလှမ်းတိုင်း ကျွန်တော့်အတွက် ကြေကွဲစရာဖြစ်နေလိမ့်မည်ဆိုတာ ကျွန်တော် မှန်းမိသည်။ သည် လိုနှင့်ပဲ ကျွန်တော် ဝေးဝေးကလွမ်းခဲ့ရတာ။ သည်တုန်းကတော့ အသည်းကွဲစိတ်လေပြီး ဘောလုံးကန်ဖို့ကိုတောင် စိတ်မပါ နိုင်ပဲ. . . အနေအစား ပျက်ခဲ့ရသည်။ ယောကျ်ားတစ်ယောက် အသည်းကွဲသည်ဆိုတာ ကာလ ဘယ်လောက် ကြာကြာ ဖြစ်နိုင်မလဲ ကျွန်တော်မသိ။

ကျွန်တော့်အဖို့တော့ ကံကြမ္မာက ဖေးမခဲ့သည်။

တိတ်တိတ်ကလေး အသည်းကွဲနေရပြီးမှ နွေးနှင့် နီးစပ် ပြေလည်ခွင့် ရခဲ့သည်။

အားကစား ဂျာနယ်က ကိုသန်းညွှန့်ရဲ့ ကျေးဇူးပေါ့။

ထို့ကြောင့်လည်း ကျွန်တော်က သူ့ကိုတွေ့တိုင်း

'ကျေးဇူးရှင်ကြီး' ရယ်လို့ ကျီစယ်သလိုလို အတည်လိုလို ခေါ်ရသည်။

"မလုပ်စမ်းပါနဲ့ကွာ. . . မင်းခေါ်တာကြီးက ကျောထဲ စိမ့်စိမ့်လာတယ်၊ ဇာနည်က သူ့ညီမကို အောင်သွယ်ပေးလို့ သိပ်ကြည်တာ မဟုတ်ဘူးကွ"

ကျွန်တော် ကျီစယ်တိုင်း ကိုသန်းညွန့်က ပခုံးတွန့်ပြီး ပြောနေကျ။

နွေးမှာ ရှားရှားပါးပါး အစ်ကိုတစ်ယောက် ရှိပြီး နွေးရဲ့ အစ်ကိုကလည်း ဘောလုံးဝါသနာအိုးမို့သာ . . . ကျွန်တော် နည်းနည်း အသက်ရှူချောင်ရသည်။ နွေးက အိမ်မှာ အငယ်ဆုံးမို့ ဆုံးမတာတွေချည်း နာခံနေရသမျှ ကျွန်တော်နှင့် ဆိုလျှင်တော့ ဩဇာပေးချင်တတ်သည်။

ကျွန်တော့်ကို မောင်လေး . . . တဲ့။ နောက်တော့ လင်း . . . တဲ့။

သူ့ကိုယ်သူတော့ မ, တဲ့။

တကယ်ဆိုတော့ နွေးက ကျွန်တော့်ထက် အသက်ပို မကြီးပါ။ နှစ်လနှင့်ဆယ်သုံးရက်တောင် ငယ်လိုက်သေးသည်။

ကျွန်တော်လည်း ဦးဆောင်လိုသူမို့ မွေးသက္ကရာဇ်တွေ တစ်ယောက်နှင့်တစ်ယောက် သိပြီးနောက်ပိုင်းမှာ နွေးကို မောင်လေး ဟု ခေါ်ခွင့်မပေးတော့။ 'လင်း' ဆိုတဲ့ အခေါ်ကို

www.burmeseclassic.com

တော့ ကိုယ်တိုင် နှစ်ခြိုက်မိသည်။ နားထဲမှာ ချိုစိမ့်သည် ထင်မိ၏။

နွေးကိုလည်း မ, လို့မခေါ်ဖြစ်တော့။

တကယ်တော့လည်း နေရာတကာ အစ်မကြီး နေရာမှာ နေချင်ပြီး ကျွန်တော့်ထက် စိတ်ဓာတ်ရေးရာအရ ရင့်ကျက်သူမို့သာ . . .။ နွေးရဲ့ မျက်နှာလေးကတော့ ကြည်လင်ပြီး မို့မို့ဖောင်းဖောင်းနှင့် သွေးရောင်လွှမ်းနေတတ်တာမို့ နွေးက ကလေးမျက်နှာလေးလို နုနယ်လှပါသည်။

ဒါကိုပင် ကျွန်တော်ရဲ့ မ,က မကျေမချမ်း ဖြစ်နေသေးတာ။

[ဒီမျက်နှာက ဘယ်တော့မှ လူကြီးရုပ်ထွက်လာမယ် မသိဘူး] တဲ့။

ကျွန်တော်က အသည်းကွဲခဲ့သည် ဟု ပြောလျှင် နွေးက ယုံကြည်ဟန်မပြပဲ ရယ်မောနေခဲ့သည်။ တကယ်တော့ ကျွန်တော် မိန်းကလေးများနှင့် မရင်းနှီးဘူးတာ မဟုတ်ပါ။ သို့ပေမယ့် မိန်းမ ဆိုလျှင် တစ်မျိုးတစားတည်း မြင်တတ် တွေးတတ်သည့် လူမျိုးစား လည်းမဟုတ်။ မာယာများလှသည့် မိန်းမတွေကို ကျွန်တော်က မနှစ်သက်။ ထို့ကြောင့်လည်း ကျွန်တော် ပေါင်းသင်းမိလျှင် ယောကျ်ားရှာ လိုလို ပျော်တတ်သည့် ကောင်မလေးတွေ၊ ဘရုတ်ကျသည့် အဖွဲ့တွေနှင့်သာ ပေါင်းမိပြီး ရည်းစားထား

ဖို့ စိတ်မကူး မိပဲ. . ပညာရေးဖုံအလိုက် ဘောလုံးပွဲတွေမှာ အချိန်ကုန်ရင်း . . . တက္ကသိုလ်ကျောင်းသားဘဝကို လွတ်လပ်ပေ့ါပါးစွာ ဖြတ်သန်းခဲ့သည်။ ကျောင်းသားဘဝမှာကတည်းက ဘောလုံး သမားဖြစ်ဖို့သာ တစိုက်မတ်မတ် ကြိုးစားခဲ့သူမို့. . . ဖေဖေက ကျွန်တော့်ကို တစ်ချိန်လုံး ရှုံ့ချတာကိုလည်း ခံခဲ့ရသည်။ ဘောလုံးက ကျွန်တော့်စိတ်နှင့်ခန္ဓာကိုယ်ကို ခိုင်မာစွာ တုပ်နှောင်ထား ခဲ့သည်မှာ နွေးနှင့်မတွေ့ခင် အချိန်ထိပါပဲ။

နွေးကို စွဲလမ်းမိသည့် နောက်ပိုင်းမှာတော့ ကျွန်တော့် ခြေလှမ်းတွေက အလိုလို အေပရယ်ရ်ဆီကိုသာ ဦးတည်နေမိခဲ့ သည်။ မိန်းကလေးတစ်ယောက်အပေါ် အချစ်စိတ်က သည်မျှ ပြင်းထန်စွာ ဖုံးလွှမ်းသွားနိုင်သည်ဆိုတာ ဘယ်လောက် အံ့ဩစရာကောင်းသလဲ။ ကျွန်တော့်အတွက် အချိန်တိုင်းမှာ နွေးရဲ့ ပုံရိပ်သာ လွှမ်းမိုးနေတော့သည်။

နွေးကတော့ သွေးအေးရက်စက်တတ်သူဖြစ်သည်။ အဲသည့် အချိန်ကတော့. . သည်လိုပဲ ထင်ခဲ့သည်။ နွေးကိုယ်နွေး မမြင်နိုင်သည့် တစ်နေရာကနေ တိတ်တိတ်ကလေး စောင့်ကြည့်နေမိတာကို နွေးကဖြင့်မသိပါ။ အပေါင်းအသင်းများနှင့် ရယ်မော နှုတ်ဆက်ခွဲခွာပြီးလျှင်. . ဘေးဘီဝဲယာကို နည်းနည်းမှပင် စောင်းငဲ့ ကြည့်ဖော်မရပဲ. . အိမ်ပြန်နေကျ လမ်းအတိုင်း ဖြောင့်ဖြောင့် တန်းတန်း သွားမြဲပင်။ ကျွန်တော့မှာသာ နွေးမျက်ဝန်းထဲ

www.burmeseclassic.com

တစ်စုံတစ်ယောက်ကို ငေ့ဝဲရှာဖွေသည့်အရိပ်လေး မြင်ရနိုးဖြင့် နေစဉ်လို စောင့်ကြည့်နေခဲ့ရတာ။

လေဆိပ်မှာ မေမေနှင့်ဖေဖေက ကျွန်တော့်ကို ကြိုနေ သည်။ ဂုဏ်ပြုညစာစားပွဲတတ်ရောက်ဖို့ ရှိနေသည့်အတွက် ကျွန်တော်တို့ လေဆိပ်မှာ အချိန်မဖြုန်းနိုင်ပဲ ချက်ချင်း အိမ်ပြန် ရေမိုးချိုးပြီး ပြန်ထွက်ရသည်။ ညစာစားပွဲသည် . . . ကျွန်တော့် အတွက်တော့ ငြီးငွေ့စရာကောင်းလှသည်။ ပြီးခဲ့သည့် ကစားပွဲက ကစားကွက်များကို စမြုံ့ပြန်ရင်း . . လည်ကြပတ်ကြသည့်နေ့က အဖြစ်အပျက်တွေကို ပြန်ပြောင်းပြောရင်းကပင် နွေးဆီ ပြေးထွက် ချင်သည့်စိတ်တွေကို တားဆီးမရ ဖြစ်နေခဲ့သည်။

ညစားစားပွဲက ညကိုးနာရီမှာ ပြီးသည်။ တွန့် လိန်ချိုးနှိမ်ထားခဲ့ရသည့် အလွမ်းစိတ်တွေ လွတ်မြောက်ရပြီမို့ ကျွန်တော်အိမ်မပြန်ပဲ နွေးဆီ တန်းလာခဲ့မိပြီး လမ်းတစ်ဝတ် ရောက်မှ နွေးအတွက်ဝယ်လာသည့် လက်ဆောင် ပါမလာခဲ့သေး တာကို သတိရသည်။

နွေးတို့၏ ကွန်ဒိုတိုက်ခန်းများသည် လမ်းမကျယ် ကြီး၏နံ ဘေးမှာ သီးသန့်ဝင်းနှင့် တံတိုင်းနှင့်ရှိနေပြီး . . . မီးရ ထားဥဩသံ မကြာခဏ ကြားရသည်ကလွဲလျှင် တိတ်ဆိတ်နေ တတ်၏။ ညကိုးနာရီကျော်အချိန်သည် ကားတွေ လူတွေ မပြတ် လှ ပေမယ့် လမ်းမကြီး၏ သည်ဘက်ဝင်းထဲမှာတော့ တိတ်ဆိတ်

နေခဲ့ပြီ။ နွေး တို့တိုက်သည် အပြင်ဘက်အကျဆုံးဖြစ်ပြီး လမ်းမ ကျယ်၏ တစ်ဖက်ကမ်း ဆိုင်ခန်းများဆီသို့ ပြတင်းပေါက်ကနေ လှမ်းမြင်နိုင်သည်။ ကျွန်တော် နွေးတို့ တိုက်ရှေ့မှာ ရပ်မိတော့ ကိုးနာရီ ဆယ့်ငါးမိနစ် ရှိနေပြီ။

နွေး အိပ်ပျော်နေပြီလား။

အိမ်သို့ ရှစ်နာရီကျော်မှ ပြန်ရောက်တတ်သော နွေး သည် ညကိုးနာရီခွဲမှာ အိပ်ရာဝင်တတ်သည်ဟု ကျွန်တော် သိ ထားခဲ့သည်။ မီးချောင်းရောင် လင်းလက်ဆဲဖြစ်သော နွေးရဲ့အိပ် ခန်းကလေးကို စောင့်ကြည့်ရသည်မှာ ကျွန်တော့်အတွက် ရင်ခုန် ကြည်နူးဖွယ်ဖြစ်ခဲ့ပါသည်။ သတင်းစာပို့သမားအတွက် ဝရန်တာ မှာ တွဲလွဲချထားသော ကြိုး၏ထိပ်မှာ ဆိုင်ကယ်ပေါ် အသင့်ပါလာ သော ကျွန်တော့် ဆုတံဆိပ်ကို ချည်လိုက်သည်။ စာရွက်ပိုင်းသေး သေးမှာ စာတစ်ကြောင်းနှစ်ကြောင်း လက်ရေးသော့သော့ဖြင့် ရေး ပြီး သတင်းစာညှပ်သည့် ညှပ်ကလေးမှာ ချိန်တွယ်လိုက်သည်။ ကျွန်တော့်ကို စောင့်ကြည့်နေသူတစ်ယောက်သာ ရှိနေလျှင်တော့ အဲသည် တစ်စုံတစ်ယောက်က ကျွန်တော့်ကို ကျိတ်ပြီး ဟားနေ နိုင်ပါသည်။ ကျွန်တော်ကတော့ကိုယ့်ဘာသာကိုယ် ကျေနပ်နေမိ သည်။

ကျွန်တော့် လက်ဆောင်ကို နွေး ရင်မခုန်ပဲ နေမှာ လား။

နွေး . . .

နွေးအတွက်ကျွန်တော့်ရဲ့ အကောင်းဆုံးလက်ဆောင်ပါ။

ကျွန်တော့်အတွက် နွေးဆီက အကောင်းဆုံးလက်ဆောင်

တုံ့ပြန်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ် . . .

ကျွန်တော်မှတ်မိနေသည့် စာကြောင်းလေးက နှစ်ကြောင်းတည်းသာ ဖြစ်သည်။ စိမ်းနုရောင် ကြွေပြားတွေကပ်ထားသည့် ဝရန်တာလေးမှာ နွေးရပ်လာလျှင် ဘယ်လောက်ကောင်းမလဲ။ ဝရန်တာလက်ရန်းမှာ ခေါင်းလောင်းကလေးတွေ တပ်ထားတတ်ပေမယ့် ခေါင်းလောင်းသံကြားရလျှင် ဝရန်တာသို့ ထွက်လာရပ်မည့်သူက ကျွန်တော့ရဲ နွေးသာဖြစ်ဖို့ လိုအပ်သည်။ အကယ်၍ နွေး မဟုတ်ခဲ့ဘူးဆိုလျှင် ဘယ်လို လုပ်ရပါ့မလဲ။

နွေးရဲ့ ဖေဖေဖြစ်စေ . . . မေမေဖြစ်စေ . . .

နောက်ဆုံး နွေးရဲ့ အစ်ကို ကိုဇာနည်ပဲ ဖြစ်စေ . . .

"နွေးကို ခေါ်ပေးပါ "

လို့ ကျွန်တော် တောင်းပန်ရတော့မှာ။ မတတ်နိုင်ပါ။ ကံကြမ္မာကိုသာ ဇွတ်မှိတ် ယုံကြည်ရတော့မည်။ သည်နေ့သည်ရက်က ကျွန်တော့်အတွက် ထူးခြားသည့် အမှတ်တရတစ်ခု ဖြစ်စေချင် ပါသည်။ သို့ပေမယ့် . . . တွဲလွဲကျနေသောကြိုးမှာ ကျွန်တော် ဆုတံဆိပ်ကို ချည်နေကတည်းက ခေါင်းလောင်းကလေးတွေရဲ့ ခပ်သဲ့သဲ့မြည်သံကို ကြားနေရပြီ။

---

ပြီးလျှင် ကျွန်တော်က အုတ်တံတိုင်းမှာ မှီရပ်လျက် ဝရန်တာဆီ မျှော်လင့်တကြီးစောင့်ကြည့်နေမိသည်။ ကျွန်တော့် ရင်ထဲမှာ ဘယ်လို ဆုတောင်းနေမိသည်ဆိုတာ ကျွန်တော့်ဘာသာ မသိပါ။ ရင်ခုန်သံတွေက နွေးလို့ တစ်ချက်ချင်းမြည်နေသည်ဟု သာ ထင်မိသည်။ ခဏအကြာမှာတော့ ဆံပင်ရှည်တွေ ကျောမှာ ဖားလျားပျံ့လွင်လျက်. . နွေးသည် ဝရန်တာမှာလာရပ်၏။ အ လင်းရောင်ကို ကျောပေးထာသည်မို့ နွေးရဲ့မျက်နှာရိပ်ကို သဲသဲ ကွဲကွဲ မမြင်ရ။ နွေး ဘာအရောင်ဝတ်ထားသည်ဆိုတာ ကျွန်တော် မှန်းရုံသာ မှန်းနိုင်သည်။ မီးခိုးလား. . . အပြာနုလား။

"ဘယ်သူလဲ"

နွေး ဝရန်တာအောက်ဘက် ငုံ့ကြည့်ရင်း မေးနေ သည်။ အုတ်နံရံမှာ မှီရပ်နေသည့် ကျွန်တော့်ကို စက္ကန့်ပိုင်းအတွင်း နွေး မြင်သွား ခဲ့သည်။

"လင်း"

ဟား. . . .

နွေးရဲ့ခေါ်သံ ကြည်ကြည်လေးက လပ်ဟာနေ သည့် ကျွန်တော့်နှလုံးအိမ်ထဲ ကြည်နူးခြင်းတွေပြည့်သိပ်နေအောင် ဖြည့်ပေးခဲ့တော့သည်။

နွေးရယ်. . .

ကျွန်တော် သိပ်ချစ်ရပါတယ်။

 www.burmeseclassic.com

"ဘယ်တုန်းက ပြန်ရောက်လဲ"

"ဒီ ညနေပဲလေ"

"အပေါ်တက်ခဲ့လေ. . အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

"ဟင်အင်း. . . နွေး . . . အောက်ကို ဆင်းလာပါလား"

"အို. . ဘာလုပ်ဖို့လဲ"

ကျွန်တော်က ကြိုးကိုလက်ညှိုးညွှန်ပြရင်း ဆွဲတင်လိုက်ဖို့ အမူအယာဖြင့် ပြလိုက်သည်။ နွေးသည် လျင်မြန်စွာ သဘော ပေါက်သွားပြီး အနည်းငယ် လှုပ်ယမ်းပြီး လည်နေသည့် ပန်း ရောင်ကြိုးကို ဆွဲတင်လိုက်၏။ ဝရန်တာအမိုးခုံးလေးရဲ့ မျက်နှာ ကြက်မီး အလင်းအောက်မှာ ကျွန်တော့် ဆုတံဆိပ်လေးက ပြောင်လက်ပြီး တောက်ပနေလေသည်။ နွေးက ဆုတံဆိပ် အောက်ခြေက အင်္ဂလိပ်စာတန်းကို ဖတ်နေပုံရသည်။ ကျွန်တော့် စာရွတ်လေးကို နွေး မမြင်နိုင်သေးတာက ကျွန်တော့်အတွက် စိတ်လှုပ်ရှားစရာ ဖြစ်သည်။ အလင်းရောင်က နွေးရဲ့ ဟိုဘက်မျက်နှာတစ်ခြမ်းပေါ် ဖြာကျနေပြီး နွေး ပြုံးနေတာကိုလည်း ကျွန်တော် မြင်နိုင်သည်။ နွေးက ကျွန်တော့်ကို လှည့်ကြည့်ပြုံးရင်း တစ်ခုခုပြောဖို့ အားယူစဉ်မှာ ကျွန်တော်က လက်ထဲမှာ ကျန်နေသည့် စာရွတ်ပိုင်းလေးကို မြှောက်ပြလိုက်သည်။

"စာရွတ်လား. . ပါမလာဘူး၊ အောက်ကိုပြုတ်ကျသွားပြီထင်တယ်"

ပထမတော့ နွေးစကားကို ကျွန်တော် ယုံကြည် လိုက်မိသေး သည်။ ဟိုဟိုသည်သည် မျက်လုံးဝေ့ဝဲရှာတော့ နွေးက ကျွန်တော့် ကိုကြည့်ပြီး ပြုံးနေခဲ့မှာပေါ့။ အဲသည်အချိန်မှာ နွေး က ကျွန်တော့် စာကို ဖတ်ပြီးလောက်ပြီ။ ဝရန်တာဆီ ပြန်မော့ ကြည့်တော့ နွေး ဝရန်တာမှာ မရှိတော့ပါ။ ဝရန်တာရဲ့ဟိုဘက် မှာတော့ ခြင် ဆန်ကာ တံခါးတစ်ထပ် အလျှူမီနီယံတွန်းတံခါး တစ်ထပ် ပိတ်ထား သည့် နွေးရဲ့အိပ်ခန်းသည် ခန်းစီးစရှည်တွေ ငြိမ်သက်၊ မီးရောင်လင်းလက်ဆဲပင်။ ကျွန်တော့် တစ်ကိုယ်လုံး နုံးခွေသွားပြီး အုတ်တံတိုင်းကို မှီရပ်လျက် အချိန်အတော်ကြာ အောင် စောင့်နေမိသည်။

ကိုးနာရီ လေးဆယ့်ငါး. . .

အဆောက်အဦး၏ ပေါ်တီကိုအောက်မှာ ရပ်ထားခဲ့ သည့် ဆိုင်ကယ်ဆီကျွန်တော် လျှောက်ခဲ့သည်။

နွေး. . . ကျွန်တော့်ကို စောင့်ဆဲလား။

ကျွန်တော် တက်လာမှာပဲလို့ ယုံကြည်စွာ မျှော်လင့် နေလေသလား။

လှေကားထစ်တွေ အတိုင်း တက်သွားလိုက်ရမ လား။

ဝေခွဲမတတ်သော စိတ်ထွေပြားမှုက ကျွန်တော့်ကို ဖိစီး ထားသည်။ အဲသည်လိုနဲ့ပဲ ဆိုင်ကယ်ဘေးမှာ မိနစ်တွေ အ

www.burmeseclassic.com

တော်ကြာအောင် ခြေစုံရပ်နေမိသေးသည်။ နောက်တော့ ကျွန်တော်သည် မှောင်ရိပ်လွှမ်းသော လှေကားထစ်တွေကို ခပ်ဖြည်းဖြည်း တက်သွားနေမိသည်။ နွေး. . . ကျွန်တော့်ကို ဧည့်ခန်း ထဲမှာ စောင့်နေမှာလားဟူသော အတွေးက မရေရာမသေချာပါ။ ဒါပေမယ့် နွေးဆီက တစ်ခုခုမကြားရပဲ၊ နွေးကို မတွေ့ရပဲ . . . ကျွန်တော် အိမ်ပြန်ရမည်ဆိုလျှင် သည်ညအဖို့ ကျွန်တော် ဘယ်လိုမှ အိပ်ပျော်နိုင်မှာ မဟုတ်ဘူးဆိုတာကတော့ အသေအချာပင်။

အဲသည် စိတ်လေလွင့်မှုကို ကျွန်တော် ဘယ်လို ရင်ဆိုင်မလဲ။

ဘောလုံးလက်ရွေးစင် ကစားသမားအဖြစ် အရွေးခံရပြီး နိုင်ငံခြား ဘောလုံးအသင်းများနှင့် စတင်ရင်ဆိုင်ရမည်ဆိုတော့ ဘောလုံးပွဲတစ်ပွဲကို ဘယ်လိုရင်ဆိုင်ကစားမလဲဟု ကြိုတင် စိတ်စော ရင်ခုန်နေရတာထက် ပိုပြီး ကျွန်တော့် စိတ်တွေ ပင်ပန်းရ သည်။ နောက်ဆုံးမှာ ကျွန်တော်သည် ကိုယ့်ကိုယ်ကို ငဲ့ညှာသနားခြင်းဖြင့် လှေကားထစ်တွေကို စတင် တက်ခဲ့တော့သည်။

ဒါပေမယ့်. . ကျွန်တော် ကံကောင်းခဲ့ပါသည်။

နွေးတို့ အိမ်ခန်း တံခါးရှတ်ရှေ့မှာ ရပ်စရာမလိုပဲ လှေကား တစ်ဆစ်ချိုးကွေ့လေးမှာ ကျွန်တော့်ကို ငုံ့မိုးစိုက်ကြည့်နေသည့် နွေး၏မျက်ဝန်းကြည်ကြည်တစ်စုံကို မြင်ရလေသည်။

❖❖❖

"ဘာဖြစ်လို့ တတ်မလာတာလဲ"

" နွေး. . . ဆင်းလာမယ် ထင်လို့လေ"

" အကြာကြီး စောင့်နေတာ"

"ကျွန်တော်လည်း အကြာကြီး စောင့်နေတာပါပဲ"

ပြီးတော့ ကျွန်တော့်တို့ နှစ်ယောက်လုံးစကားသံ တိတ်ဆိတ်သွားပြီး တစ်ယောက်နှင့်တစ်ယောက် အကြာကြီးစိုက်ကြည့်နေမိကြသည်။ နွေးက လှေကားထစ်ရဲ့ အပေါ်ဆင့်မှာမို့ ကျွန်တော်မြင်ဖူးသမျှ နွေးရဲ့ အပြုံးတွေထဲမှာ အဲသည်ညက အပြုံးလောက် လှပပြီး ရှင်သန်တောက်ပနေတာမျိုး မရှိဖူးဘူးထင်သည်။ အမြဲ ကြည်လင်နေသည့် နွေး၏မျက်နှာနှင့် မျက်ဝန်းလဲ့လဲ့မှာပင် ကျွန်တော့်အတွက် အဖြေကို ရှာတွေ့နိုင်ခဲ့သည်။

"အကောင်းဆုံး ကစားသမားကြီးကို ဂုဏ်ပြုပါတယ် နော်"

နောက်တော့ နွေးက ပြုံးစစ ပြောသည်။

"ဘယ်လို ဂုဏ်ပြုမှာလဲ"

"ဘယ်လို ဂုဏ်ပြုရမှာလဲ"

သည်နေရာမှာ နွေးထက် ပိုပြီး စိတ်ကူးယဉ်ချင်

သည့် ကျွန်တော်က နွေးဆီးက လိုချင်သမျှ ဆုလာဘ်ကို ဖွင့်ပြော ရမှာ ရှက်ပြန်သည်။ မိန်းကလေးတွေနှင့်ပတ်သက်ပြီး ရဲတင်းလွန်း သူ မဟုတ်သည့်တိုင် မတုန်မလှုပ်နေနိုင်သည်ဟု ကျွန်တော်က ကိုယ့်ကိုယ်ကို ထင်ခဲ့တာ။

နွေးနှင့်ကျတော့ ကျွန်တော်ရှက်ပြီး ရင်ခုန်နေရ တာ ဘယ်လိုအရသာမှန်းမသိ။

ကျွန်တော်က နဖူးကို လက်ညှိုးနှင့် ထောက်ပြသည်။

"ဘာလဲ . . . နဖူးကို တူနဲ့ ထုရမှာလား"

ကျွန်တော် ရှက်အမ်းအမ်းဖြင့် ရယ်လိုက်မိသည်။ ကျွန်တော့် မျက်နှာတစ်ပြင်လုံး ပူနွေးနေပါသည်။ နွေးကတော့ ဘယ် အချိန်မဆို ရင့်ကျက်သူတစ်ယောက်ရဲ့ မျက်နှာထားမျိုးနဲ့။

အထက်တန်းကျောင်းသား ချာတိတ်တစ်ယောက် ကို ကြည့်သလို ကျွန်တော့်ကို ခပ်လှောင်လှောင်ကြည့်နေသည်။

"နွေး"

ကျွန်တော့် ခေါ်သံက စိတ်လှုပ်ရှားမှုကြောင့် တုန် ခါနေပါသည်။ လှေကားလက်ရန်းပေါ် ခပ်လျော့လျော့တင်ထား သည့် နွေးရဲ့လက်ချောင်းတွေကို ကျွန်တော် ခပ်ဖွဖွ ဆုပ်ကိုင်ချင် ပေမယ့် မရဲဝံ့ပါ။ နွေးရဲ့ ပြတ်သားသော စိတ်ဓာတ်အကြောင်း ကျွန်တော် သိသည်။ နွေးသည် သူဆုံးဖြတ်ပြီးသမျှအတွက် တွေ

ဝေစွာ နောက်ပြန်လှည့်ကြည့်တတ်သည့် မိန်းမမျိုးမဟုတ်။

"ကျွန်တော့်ကို တစ်ခုခု လက်ဆောင်ပေးနိုင်မလား"

နွေးဆီက ပင့်သက်ရှိုက်သံကို ကြားရသည်။

"ကျွန်တော် . . . နွေးဆီက ဘာကို မျှော်လင့်နေတာလဲ ဆိုတာ နွေးသိပါတယ်"

နွေးက မျက်လွှာချလျက် ငြိမ်သက်နေသည့်အခါ ကျွန်တော် အနည်းငယ်ရဲဝံ့လာပြီး နောက်ထပ်လှေကားတစ်ထစ်ကို တက်လိုက်သည်။ နွေးနှင့်ပို၍ နီးကပ်သွားပြီး နွေး၏ ရင်ခုန်သံကိုပင်ကြားနိုင်သည် ထင်မိ၏။ တကယ်တော့ ကျွန်တော့်ရဲ့ ရင်ခုန်သံလား၊ နွေးရဲ့ရင်ခုန်သံလားဆိုတာ ကျွန်တော် ခွဲခြားမသိခဲ့တာပါ။

နွေးကို ကျွန်တော် အရမ်းချစ်တယ်။ အရမ်းလွမ်းတယ်။ လေယာဉ်ပေါ်က ဆင်းဆင်းချင်း နွေးဆီ ပြေးလာချင်တာ။ ညစာစားပွဲ ရှိနေလို့ . . . ခုညစာ စားပွဲကနေ နွေးဆီကို တန်းလာတာ . . . ။

ဒီနေ့တော့ နွေးဆီက . . . ချစ်တယ်ဆိုတဲ့စကားကို ကြားချင်တယ် နွေးရယ်။ မျှော်လင့်ရတာ ကျွန်တော် မခံနိုင်တော့လို့ပါ။

ဘောလုံးပွဲမှာ ကျွန်တော် အလိုချင်ဆုံးဆုကို ရခဲ့တယ်။ နွေးဆီကလည်း ကျွန်တော် အမျှော်လင့်ဆုံး စကားကို

ကြားချင် တယ်။

“ပြောမယ် မဟုတ်လားဟင် . . . နွေး”

“သိပ်ပြီး သေချာနေတယ်ပေါ့လေ”

နွေးရဲ့စကားသံက စိန်ခေါ်နေသည့် လေသံမျိုးမို့ ကျွန်တော် နှလုံးခုန်ရပ်လုမတတ် တုန်လှုပ်သွားရသည်။

“အဲလို မကျီစယ်နဲ့ နွေး ရာ”

“မချစ်ဘူး လို့ပြောလိုက်မှာကို တစ်ခါမှ မျှော်လင့်မထားခဲ့ ဘူးပေါ့ ဟုတ်လား”

ဝန်ခံဖို့ ခက်ခဲနေခဲ့သည်။

တကယ်တော့ နွေးဆီက အငြင်းစကားကို ကျွန်တော် မမျှော်လင့်ချင်ခဲ့။ သည်နှစ်ယောက်ကြားက ရင်းနှီးမှု၊ တွယ်တာမှုနှင့် နားလည်နိုင်မှုတွေဟာ ဆယ်ကျော်သက်အရွယ် စိတ်လှုပ်ရှားမှုဆိုတာမျိုးနှင့် ပုံသဏ္ဍာန်ချင်းကွာခြားခဲ့ပြီဆိုတာ ကျွန်တော် သိသာနားလည်နိုင်သည်ပင်။ နောက်ပြီးတော့ နွေးဟာ အလွယ်တကူ စိတ်အလိုလိုက်တတ်သည့် မိန်းကလေးမျိုးမဟုတ်ဘူးဆိုတာလည်း သေချာလျက်ပင်။

“အဲလိုပြောမယ် ဆိုရင်တော့ ကျွန်တော် နားမထောင်ချင်ဘူး”

“အံမယ်လေး. . . အကျောကြီးနဲ့ ”

နွေးက ကျွန်တော့် ပခုံးစွန်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး

ဆောင့်တွန်းမည့်ဟန်ပြင်သည်။ ကျွန်တော်က အမှတ်တမဲ့ နွေး လက်မောင်းတွေကို ဆုပ်တွယ်ထားမိ၏။ ကျွန်တော့်နဖူးပြင်က ဆံစမျှင်တွေကြား ထွက်သက်လေနွေးနွေး တိုးဝှေ့သွားသည်။

နွေးရဲ့ သေးသွယ်သောခါးကို ကျွန်တော် သိုင်းဖက်ထား လိုက်၏။ ရင်ခုန်သံများသာ ကျွန်တော်တို့နှစ်ဦးသား ကြားမှာ ရှိသည်။ နွေးဆီက အဖြေကို ပုံသဏ္ဍာန်အမျိုးမျိုးနှင့် မျှော်လင့် ရင်ခုန်မိခဲ့ပေမယ့် တကယ်တမ်း ရင်ဆိုင်တွေ့ကြုံရတော့ . . . ပျော်ရွှင် ရင်ခုန်နေသည့် ကြည်နူးမှုသည် ဘယ်လိုအချိန်အခါ မျိုးနှင့်မှ မတူ။ ဘယ်လိုအတွေ့အကြုံမျိုး၊ ဘယ်လိုရင်ခုန်ကြည်နူးရခြင်း မျိုးမှမမီဘဲ ကျွန်တော့်တစ်သက်တာရဲ့ မမေ့နိုင်ဆုံး ခံစားမှုတစ်ခု ဖြစ်ခဲ့ပါသည်။

ထို့နောက်မှာတော့ ကျွန်တော်နှစ်ယောက် မီးရထားလမ်းဘက် ခဏ လမ်းလျှောက်ဖြစ်ကြသည်။ နှင်းတွေ ဝေနေသည့်အတွက် လမ်းမီးရောင်သည်ပင် မှိန်ဖျော့မှုန်ဝေနေခဲ့၏။

"လင်းရဲ့ လက်ဆောင်က . . . . တို့အတွက် သိပ်ရင်ခုန်စရာ ကောင်းတာပဲ သိလား"

တဲ့။ နွေးရဲ့ အဲသည်လို ပွင့်လင်းဖြူစင်သည့် အကျင့်စရိုက် ကို ကျွန်တော်ချစ်သည်။

"ဘောလုံးသမားတစ်ယောက် အဖို့တော့ ဒါဟာ တန်ဖိုး အကြီးဆုံးလက်ဆောင်ပဲ နွေးရဲ့"

www.burmeseclassic.com

နွေးက ကျေနပ်ရိပ်ဖြင့် ပြုံးနေခဲ့သည်။ ထို့နောက် စကား များစွာမဆိုဖြစ်ပဲ တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင် လျက် အိမ်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။

ချစ်ခြင်းဖြင့် အရာခပ်သိမ်းသည် ကြည်နူးဖွယ် အ တိ ဖြစ်ခဲ့၏။

ထိုချစ်ခြင်းသည် ဘယ်တော့မှ မပျော်ပျက် မ လျော့နိုင်သည့် အရာဟုလည်း ယုံကြည်ခဲ့ဖူးပါသည်။

❖❖❖

"အေး, လာပြီနော်၊ ပြည့်လှည့်ကြစို့လား နွေး"

ကျွန်တော်က ခဏလေးအတွင်းအေးစက်လာသည့် နွေးရဲ့ လက်ဖဝါးတွေကို ဆုပ်ပေးနေရင်း ပြောမိသည်။ နွေးသည် ကျွန်တော့် စကားကို ကြားဟန်မတူပဲ ရထားလမ်းဘေးက ဖျော့တော့လှသော လမ်းမီးရောင်အောက်က ရေကန်ငယ်လေးဆီ ငေးကြည့်နေလေ၏။ ကားတွေ ဖြတ်သန်းသွားရသည့် ရထားလမ်းက အနည်းငယ်မို့မောက်ပြီးဂုံးကလေးဖြစ်နေသည်။ အခန်းငယ်များစွာဖြင့် ဖွဲ့စည်းထားသည့် နွေးတို့ ကွန်ဒို အဆောက်အဦးကြီးကိုတော့ ခပ်ဝေးဝေးမှာ ထင်ထင်ရှားရှားပင် မြင်နိုင်လေသည်။ တချို့အခန်းတွေ မီးလင်းနေပြီး တချို့တော့ မှောင်မိုက်နေပြီ။ နွေးရဲ့ ငေးရီသော ဖြူဖျော့သောမျက်နှာသည် အိပ်မက်ထဲမှာ လမ်းလျှောက်နေသူလိုပင်။

"လင်း. . . ဆက်မလျှောက်ချင်တော့ဘူးလား"

အဲသည် စကားကို ကြားရတော့ ကျွန်တော် ဆတ်ခနဲ တုန်လှုပ်သွားသည်။ နွေးရဲ့ မျက်လုံးတွေထဲ ခပ်စူးစူး စိုက်ကြည့်မိသည်။ နွေးက ကျွန်တော့်ကို လှည့်မကြည့်ပါ။ ဂျင်း(န်)ဂျာ

ကင် အပြာရင့်ရင့်ပေါ် နွေး ဆံပင်ရှည်တွေဝဲဖြာကျနေတာကို ကျွန်တော့် မျက်လုံးထောင့်မှာမြင်သည်။ နွေးက ကျွန်တော့်လက်ဖဝါးတွေထဲက ရုန်းထွက်ပြီး ဂျင်း(န်)ဂျာကင်အိတ်ထဲ လက်နှစ်ဖက်ကို ထည့်ထားသည်။

"နွေး. . . ဖျားမှာစိုးလို့ပါ. . နွေးရယ်"

တကယ်တော့ ပြောစရာ စကားတွေ အများကြီးရှိသည်ပင်။

[ကိုယ်က လျှောက်ချင်တာပေါ့၊ ဒီလို အခွင့်အရေးမျိုးကို စောင့်ခဲ့ရတာ မဟုတ်လား၊ နွေးနဲ့ ကိုယ်အခုလို လမ်းမလျှောက်ရတာ ဘယ်လောက်ကြာနေပြီလဲ၊ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်ကြာကြာခုလို . . . လက်တွဲပြီး လျှောက်နေချင်တယ် ]

ချစ်သူနှင့်အတူ လက်တွဲပြီး လျှောက်ခွင့်ရသည့် အချိန်မျိုးမှာသည်လို ကြည်နူးရွှင်ပျစေမည့် စကားမျိုးကို သာဆိုသင့်သည်မဟုတ်ပါလား . . . တကယ်ဆို နွေးအတွက် စိတ်လက် ရွှင်ပျစေမည့် ဘယ်လို စကားမျိုးကိုမဆို ကျွန်တော် လှိုက်လှိုက်လှဲလှဲ ပြောနိုင်ရမည်။

ကျွန်တော့် လည်ချောင်းတွေထဲ ဘာကြောင့်များ ခြောက်သွေ့ နေခဲ့ပါလိမ့်။

"လမ်းလျှောက်လို့တော့ ကောင်းပါရဲ့၊ ဒါပေမယ့် ခြောက်

ကပ်ကပ်ကြီးနော်"

ကျွန်တော့် ရင်ထဲတုန်လှုပ်မှုဖြင့် တဒိတ်ဒိတ်မြည်လာသည်။

"တို့နှစ်ယောက်ကြားမှာ ပြောစရာ စကားတွေ သိပ်မရှိတော့သလိုပဲ၊ လင်းရဲ့ တိုက်ဂါးဖလား အတွေ့အကြုံတွေတောင် မကြားရတော့ဘူး"

"နွေးက စိတ်ဝင်စားသေးတယ်ပေါ့"

ဘာအဓိပ္ပါယ်မှန်းမသိပဲ ကျွန်တော် မေးလိုက်မိသည်။

"လင်းရယ်. . . နွေးက ဘာတွေ ပြောင်းလဲသွားမှာမို့လို့လဲ လင်းရဲ့ပွဲတိုင်းကို နွေး စိတ်ဝင်စားခဲ့တာပဲ မဟုတ်လား"

"ခုတလောမှာ နွေး အဲဒါတွေကို စိတ်ဝင်စားနိုင်ရဲ့လားလို့ပါ "

ကျွန်တော့်စကား ဆီလျော်သလား မဆီလျော် သလား ဆိုတာ ကျွန်တော့်ဘာသာ နားမလည်နိုင်ပါ။ နွေး ခဏတော့ စကားသံ တိတ်ဆိတ်သွားပြီးနောက်တော့ တိုးလျှသည့် ပင့်သက်ရှိုက်သံလေး ကြားရသည်။

"ဟုတ်သားပဲ နော်။ ဆေးရုံတတ် နေရတာနဲ့ပဲ လောကကြီးနဲ့ အဆက်ပြတ်နေရသလိုပဲ၊ ဒါပေမယ့် လင်းရယ်. . လင်းနဲ့ ပတ်သက်သမျှကိုတော့ နွေးက ဘယ်တော့မှ ဝေးမနေပါ

www.burmeseclassic.com

ဘူး။ လင်း ရဲ့ ဝါသနာကို နွေး စိတ်ဝင်စားဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား၊ ခုတော့ တကယ်ပဲ . . . ဘောလုံးပွဲ မကြည့်ရရင်တောင် မနေနိုင်သလိုပဲ သိလား. . . ”

ကမ္ဘာကျော် ဘောလုံးသမားတွေနဲ့တောင် စိတ်ထဲမှာ တရင်းတနှီးကြီးဖြစ်လို့ ၊ လင်းနဲ့အတူ ဘောလုံးကွင်းထဲမှာ ထိုင်ကြည့်လိုက်ချင်တာ၊

ဒီတစ်ခါ လင်းရဲ့ပွဲကိုတော့ လိုက်ကိုကြည့်ဦးမယ်၊ သုဝဏ္ဏကွင်းထဲအထိ လိုက်ကြည့်ရအောင် ကြိုးစားမယ် . . . နော် . . . လင်း”

“တကယ်လား”

နွေးရဲ့စကားသံက တက်ကြွ လှုပ်ခတ်လာသည်။ ပြီးတော့ နွေးသည် လက်ချောင်း ပိန်နွဲ့နွဲ့ကလေးများဖြင့် ကျွန်တော့် လက်မောင်းမှာ မှီတွယ်လာ၏။ မျက်နှာလေးမှာပင် သွေးရောင် လွှမ်းလာသည် ထင်မိသည်။ သို့ပေမယ့် ကျွန်တော့်လည်ချောင်း တွေ သွေ့ခြောက်နေဆဲ။ နှုတ်ခမ်းတွေ ကြမ်းရှုဆဲ။ နွေးကိုပြော ဖို့ စကားတွေ သည်မျှရှားပါးလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့မိပါ။ ဘယ်လိုမှထင်မထားခဲ့မိပါ။

လွန်ခဲ့သည့် နှစ်နှစ်ကျော် ကာလကတော့ သည်နေရာမှာ. . သည်လိုအချိန်မှာ ကျွန်တော်တို့နှစ်ဦး သည်လိုပဲ လက်ချင်းဆုပ်ကိုင်လျက် နွေးက ကျွန်တော့်ကို နွဲ့မှီလျက် လမ်းလျှောက်

www.burmeseclassic.com


ခဲ့ကြဖူးသားပင်။ အဲသည်တုန်းကလည်း ခုလိုပင် စကားသံ တိတ်ဆိတ်လျက် ခြေလှမ်းတွေသက်သက်သာ . . ရေတွက်ခဲ့ကြသည် မဟုတ်လား။

ဒါပေမယ့် . . .

သိသိသာသာ ခြားနားခဲ့သော ခံစားမှုတွေကို ကိုယ့်ကိုယ်ကို မလိမ်ညာစတမ်း သိနေရသည်။ ဟိုစဉ်က ကြည်နူးမှုတွေအစား ခုတော့ . . .

ဘာတွေလဲ . . . ။

ရင်ထဲက ဝေဒနာတွေကို အဖြေမထုတ်နိုင်ပဲ ကိုယ့်ကိုယ်ကို မကျေနပ်သည့် အားမလိုအားမရစိတ်ကိုသာ ဖမ်းဆုပ်မိသည်။ ပျော်ရွှင်တတ်ကြွခြင်းဆိုတာ လင်းသန့်ရဲ့ စိတ်အမြုတေမှာမရှိသည် မဟုတ်ပါပဲ ခုလောလောဆယ်မှာတော့ ဘယ်ဆီလွင့်ပါးပျောက်ဆုံးနေသည် မသိ။

"တကယ်ပေါ့ လင်းရဲ့၊ နွေး မရှိတော့တဲ့ အချိန်မှာ လင်းအတွက် နွေးနဲ့ပတ်သက်တဲ့ အမှတ်ရစရာ တစ်ခုခုတော့ ကျန်ရစ် စေချင်တယ်"

"ဘာပြောတယ်"

ကျွန်တော် ရုတ်တရက် ထိတ်လန့်သွားခဲ့ပေမယ့် နွေးက ရယ်မောနိုင်သေးသည်။ အထိတ်တလန့် ဖြစ်သွားသည့်

ကျွန်တော့ နှလုံးအိမ်သည် ချောက်ချားအေးစက်မှုများဖြင့် ရုတ်ခြည်း ပြန်လည်ငြိမ်သက်သွားပြန်၏။ ပြီးတော့ သေချာမှုတစ်ခုဆီ အမြန်ဆုံး ရောက်ချင်သည့်ဆန္ဒသည် ကျွန်တော့်ကိုယ် ကျွန်တော်ပင် မသိလိုက်ပဲ စိတ်ရဲ့အတွင်းပိုင်း တစ်ခုလုံးကို ဖုံးလွှမ်းလာသည်။

"လင်း"

နွေးက ခြေလှမ်းတွေကို ရုတ်တရက် ရပ်ပစ်လိုက်သည်။

"တို့တွေ. . . ကိစ္စကို. . ဖျက်လိုက်ကြရအောင်လား"

"နွေး"

"နွေး မသေခင်မှာလင်းရဲ့ အမုန်းကို မရချင်ဘူး"

"နွေးရယ် . . . ဘာတွေ ပြောနေတာလဲ"

နွေးရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ဖျစ်ထားမိသည်။ မျက်ရည် စိုစွတ်နေသော နွေး၏မျက်ဝန်းအိမ်တွေက ကြည်သည်ထက်ပိုပြီး ကြည်လင်တောက်ပနေတာမို့ သလင်းကျောက်တုံးက အရောင်တဖျပ်ဖျပ် တောက်ပနေသလိုပင်။ ကျွန်တော့် နှလုံးအိမ်က ဖျစ်ညှစ်ခံရသလို နာကျင်လာသည်။

ကျွန်တော်က နွေးကို သည့်ထက်ပိုပြီး လှိုက်လှဲ နွေးထွေးစွာ မနှစ်သိမ့်နိုင်ရသည်လဲ။

နွေးဟာ ကျွန်တော်ကိုယ်တိုင် နှစ်သက်စွဲလမ်းစွာ

ရွေးချယ်ခဲ့သည့်ချစ်သူ။

နွေးရဲ့ အချစ်ကို မရနိုင်ခင်က ကျွန်တော့်နှလုံးအိမ်မှာ လောင်မြိုက်ရသည့် သောကနှင့်ကြေကွဲမှုတွေကို ကျွန်တော်ဘာကြောင့် ပြန်မလိုချင်တော့တာလဲ။

"တို့ နှစ်ယောက် သူငယ်ချင်းတွေပေါ့ လင်းရယ်၊ ဘယ်တော့မှ မမုန်းတဲ့ သူငယ်ချင်းတွေပေါ့ ၊ လင်းရဲ့ ပွဲတိုင်းကို နွေးက လိုက်ကြည့်မယ်။ အားပေးမယ် ၊ လင်းကို မိတ်ဆက်တဲ့ ကောင်မလေးတွေရှေ့မှာ နွေးကို လင်းမျက်နှာပူစရာ၊ အားနာစရာ မလိုတော့ ဘူးပေါ့ "

"တော်တော့. . တော်တော့ . . . အရူးစကားတွေ မဖြစ်နိုင်တာတွေ လာမပြောနဲ့၊ သူငယ်ချင်းလိုလည်း မနေနိုင်ဘူး ၊ တို့နှစ်ယောက်က လက်ထပ်တော့မှာလေ၊ သိပ်မကြာခင် လက်ထပ်တော့ မှာလေ"

"သိပ်မကြာခင်ဆိုတာ ဘယ်တော့လဲ၊ နောင်ဘဝမှာလား"

နွေးရဲ့ မျက်ရည်တွေ လျှင်မြန်စွာ ခန်းခြောက်သွားပြီး နှုတ်ခမ်းတွေက ခပ်မဲ့မဲ့ ပြုံးလာပါသည်။

"နွေး. . သေသွားရင် လင်းက လိုက်သေမှာလား၊ အဲလိုတော့ မပြောနဲ့နော်၊ နွေး မယုံဘူး သိလား၊ ဘယ်လိုမှ မယုံနိုင်ဘူး ဟား ဟား"

နွေးက ကောင်းကင်ကို မော့ကြည့်လျက် . . . ခပ်

www.burmeseclassic.com

ကျယ်ကျယ် ရယ်မောပစ်လိုက်သည်။

"နွေး ဘယ်လိုဖြစ်တာလဲကွာ"

ခေါင်းကို ယမ်းခါလျက် နွေးက ခပ်အက်အက် ရယ်လျက် ပင်။ မီးရထားလမ်းနှင့် ကားလမ်းမဆုံရာ ကုန်းကလေး အထက်မှာ အရာခပ်သိမ်းသည် အမှောင်လွှမ်း အသက်မဲ့လျက် သွေ့ခြောက်နေခဲ့၏။

"ဘာဖြစ်လို့ နွေးက သေရမှာလဲ၊ ခု . . . နွေး နေကောင်း နေသားပဲ၊ နွေး နည်းနည်းလေမှ မချို့ယွင်းဘူး၊ အားလုံး ပုံမှန် အတိုင်းပဲ"

"နွေးက အမှန်တရားကို ဘာဖြစ်လို့ ရှောင်တိမ်းနေရမှာလဲ လင်းရဲ့၊ နွေးဟာ သူများပြောတိုင်း ယုံပြီးခေါင်းညိတ်ရ မယ့်၊ ကိုယ့်အခြေအနေ ကိုယ်မသိတဲ့ နလပိန်းတုံးမိန်းမမှ မဟုတ်ပဲ"

ဒါပေမယ့်၊ လင်းရယ် . . .

လင်း စိတ်ဆင်းရဲနေရတာကို နွေး မမြင်ချင်ပါဘူး ၊ နွေး အပေါ်မှာ လင်း တဖြည်းဖြည်း စိတ်ပျက်ပြီး မုန်းတီးလာ မှာကိုလည်း နွေး မခံယူချင်ပါဘူး၊ နွေးရင်ထဲမှာ လင်းရဲ့ အချစ်တွေ အကြင်နာတွေကိုပဲ သိမ်းထားချင်တယ်၊ နွေး အပေါ်မှာ ငဲ့ညှာတဲ့ မြတ်နိုးတဲ့ ချစ်သူလို့ပဲ လင်းကို "

နွေးကို ရင်ခွင်ထဲမှာ ဝှက်ထားရင်း နွေးရဲ့ နှုတ်ခမ်း

www.burmeseclassic.com


တွေကို ပိတ်ပစ်လိုက်သည်။ အဲသည် စကားလုံးတွေကို ကျွန်တော် ခံနိုင် ရည်ရှိလိမ့်မည် ဟု နွေး ထင်ခဲ့လျှင် ဒါဟာ အချစ်ကြောင့် အထင်ကြီးခြင်းသက်သက်သာဖြစ်လိမ့်မည်။

လင်းသန့်ဟာ နွေးအပေါ်မှာ ငဲ့ညှာတဲ့ချစ်သူ . . . တဲ့လား။

❖❖❖

နွေးကို ပထမဆုံးအကြိမ် ဆေးရုံတင်ပြီး သွေးသွင်းရတော့ ကျွန်တော် သိပင် မသိလိုက်ရ။ ဇုံနယ်အလိုက် မိုးရာသီဘောလုံးပွဲတွေမှာ ကျွန်တော် စိတ်ရောကိုယ်ပါ နစ်မြုပ်နေရသည့်အချိန်ဖြစ်သည်။ အုပ်စုအလိုက် ရှုံးထွက် ပွဲစဉ်တွေ ဆက်တိုက်ကစားနေစဉ်မှာ ကျွန်တော်နှင့် နွေး အဆက်အသွယ် ပြတ်နေခဲ့သည်။တယ်လီဖုန်းနှင့် ဆက်သွယ်နိုင်ပေမယ့် . . . ပညတ်ချက်တွေများလှသည့် ကျွန်တော့်ရဲ့နွေးက အကြောင်းထူးမရှိပဲ အောပရယ်ရ်ကို ဖုန်းမဆက်ရဘူး ဆိုတော့ . . . ကျွန်တော်လည်း နံနက်ခုနှစ်နာရီကနေ ညခုနှစ်နာရီအထိ (ရှစ်နာရီကျော်မှ အိမ်ပြန်ရောက်တတ်သည့်) ချစ်သူဆီ ဖုန်းမဆက်ဖြစ်တော့။ ပြီးတော့. . . ဘယ်လိုပဲ ချစ်သူကိုခင်တွယ်သည် ဆိုပေမယ့်. . . ကျွန်တော်တို့ယောကျ်ားလေး(အများစု)သည် ဝါသနာနှင့်ပတ်သက်လျှင် . . . ထမင်းမေ့ဟင်းမေ့ (ချစ်သူကိုပါ မေ့ထားတတ်ကြတာမို့) အချိန်အတော်တော်များများမှာနွေးဆီ တယ်လီဖုန်းဆက်ဖို့ ကျွန်တော်မေ့လျော့နေတတ်ပါသည်။ ညရောက်ပြန်တော့လည်း တစ်နေကုန်ပင်ပန်းခဲ့သမျှ မောမောပန်းပန်းနှင့် အိပ်ပျော်ရပြန်တာမို့ နွေးရဲ

ကျန်းမာရေး ဆိုတာကို ကျွန်တော် ယောင်ယမ်းပြီး အိပ်မက် မမက် ဖြစ်ခဲ့ပါ။

နောက်ပြီး . . . နွေးက ဘယ်တော့မှ ခေါင်းမူး ခေါင်း ကိုက်တတ်သူ မဟုတ် နှာစေး ချောင်းဆိုးဖြစ်တတ်သူမဟုတ်။ ထို့ကြောင့်လည်း . . .

"နွေးကို ဆေးရုံတင်လိုက်ရတယ်"

ဆိုသည့် သတင်းကို ကျွန်တော် အံ့ဩတကြီး ဖြစ် နေမိတာ။

သည်သတင်းကို ကျွန်တော် သိရစဉ်က ကျွန်တော် ခပ်ကြောင်ကြောင်ဖြစ်သွားသလား ဟူ၍ပင် သူငယ်ချင်းတွေက ထင်ကြသည်။ ကျွန်တော် ဝင်ကစားသည့် အောက်မြန်မာပြည်ဖုံက ဆီမီးဖိုင်နယ်လ်ပွဲအပြီး ကျွန်တော်တို့အသင်းအတွက် သေချာ သည့် အဖြေတစ်ခု ထွက်လာသည့်အချိန်မှာမှ ကျွန်တော့်ဆီ အဲ သည် သတင်း ရောက်လာခဲ့ခြင်းဖြစ်သည်။ ဖေဖေ ရေးလိုက်သည့် စာတိုလေးက အဝတ်လဲခန်းထဲမှာ ကျွန်တော့်ကို စောင့် ကြိုနေပါ သည်။ စာကိုဖတ်ပြီး ကျွန်တော် မတ်တပ်ကြီး ဘယ်လောက် ကြာကြာ မေ့လျော့နေသည် မသိ။ ကျွန်တော်တို့ ဂိုးသမား ထိန် လင်းကျော် က . . .

"မင်း . . . ဖားသားကြီး အပြင်မှာ စောင့်နေတယ် . . . တဲ့"

ဆိုမှ . . . ကျွန်တော် သတိပြန်ဝင်သည်။ ကွင်းထဲ

www.burmeseclassic.com

မှာ ပြေးခဲ့လွှားခဲ့ရသည့် အချိန်ကထက်ပိုပြီး ကျွန်တော့် နှလုံးခုန်သံတွေ မြန်ဆန်ပင်ပန်းနေခဲ့သည်။

❖❖❖

"သွေးတွေ ဆက်တိုက် သွင်းထားရတာ၊ ခြောက်လုံး ရှိပြီ ၊ ဒီကြားထဲ သွေးလှူမယ့်သူတွေ ဆက်တိုက် ရှာထားရသေးတယ်၊ အခြေအနေက သိပ်ဆိုးနေပြီ ထင်တယ်၊ သွေးသွင်းနေတဲ့ကြားထဲက သွေးဖောက်စစ်ရသေးတယ်၊ ခုထိလည်း အဖြေ တိတိကျကျ မသိရသေးဘူး၊ သွေးဖြူဥ များနေတယ်လို့ ပြောတာပဲ "

"ကျွန်တော့်ကို ဘာလို့ အကြောင်းမကြားတာလဲ ဖေဖေရာ"

"အကြောင်းကြားတော့ရော မင်းက မင်းရဲ့ ပွဲစဉ်တွေကို ဖျက်ပြီး လာမှာမို့လား"

ဖေဖေ့မအမေးကို ကျွန်တော်ချက်ချင်း ပြန်မဖြေနိုင်ပါ။ လမ်းဘေးမှာ တရိပ်ရိပ်ကျန်ခဲ့သည့် ဓာတ်တိုင်တွေ၊ အိမ်တွေ ခြံဝင်းတွေကို မျက်စိထဲ မြင်သည်လည်းမဟုတ်ပဲ ငေးမောရင်းပင် ကျွန်တော်နှုတ်ဆွံ့ခဲ့ရသည်။ ခုချိန်မှာ ဖေဖေက သည်လိုမေးတော့ ကျွန်တော် ဘယ်လို ဖြေနိုင်ပါ့မလဲ။ တကယ်သာ အကြောင်းကြားခဲ့လျှင် ပွဲစဉ်ကို မဖျက်နိုင်လျှင်တောင် လေ့ကျင့်ချိန်တွေမှာ ကျွန်တော် အပြေးသွားနိုင်မှာပဲ။

---

www.burmeseclassic.com

ဒါပေမယ့်. . . အားတက်သရော . . . နောက်ကြောင်း ဖြောင့်ဖြောင့် ကစားနိုင်ပါ့မလား။

"နွေးက မင်းရဲ့ ပွဲတွေပြီးမှ အကြောင်းကြားပါလို့ ပြောထားတယ်လေ ၊ တို့လဲ အခြေအနေကိုစောင့်ကြည့်နေတာပေါ့ကွာ၊ အခြေအနေက ဆိုးပြီး သူ ကိုယ်တိုင်ကလည်း မင်းကို သိပ်တွေ့ချင်နေတယ် ဆိုရင်တော့. . . တို့က အကြောင်းကြားရမှာပေါ့ ၊ သူကတော့ သူ့ကြောင့် မင်း ဖြောင့်ဖြောင့် မကစားနိုင်ပဲ အပြစ်တင်ခံရမှာကို စိတ်ပူနေတာထင်ပါရဲ့ ၊ လူက ဖျော့နေပေမယ့် စိတ်ဓာတ်ကတော့ ခပ်မာမာပဲ "

"သူကတော့ ဘာကိုမဆို တည်တည်ငြိမ်ငြိမ်ပါပဲ"

အဲသည်လို ပြောမိသည့် ကျွန်တော့်အသံတွေ အက်ကွဲ တုန်ခါနေခဲ့သည်။ နွေးက ကျွန်တော့်ကို အကြောင်းကြားဖို့ မတောင်းဆိုခဲ့ဘူးဆိုတာကို ကျွန်တော် ယုံကြည်နိုင်ပါသည်။ ကျွန်တော် လေ့ကျင့်ခန်းကာလတွေ ကစားပွဲစဉ်တွေ . . . ဆက်တိုက်ရှိနေလည်း နွေးသည် ကျွန်တော့်ကို ငြိုငြင်သည်မဟုတ်။ ကျွန်တော်နှင့် ဝေးနေသည့် အခိုက်အတန့်မှာ နွေး. . . ကျွန်တော့်ကို နည်းနည်းမှ သဝန်မတိုတတ်ဘူးလား ဆိုတာကို တွေးပြီး မချင်မရဲဖြစ်ရသည်။ ကမ့်မ် ဝင်ဖို့ တခြားကိစ္စ ထူးထူးခြားခြား မရှိလျှင် ညခုနှစ်နာရီဆို ကျွန်တော့် **SUZUKI** လေးက အေပရယ်ရဲ့ ရှေ့

ရောက်မြဲပင်၊ ဒါတောင် ကျွန်တော် အိမ်အပြန် မကြိုနိုင်သည့်နေ့တွေဆို . . . ကျွန်တော့်မှာ ပူပန်စိတ်ဖြင့် နေမရ။

"လင်းရဲ့ မျက်နှာကြည့်တော့ ခပ်တည်တည် အေးစက်စက်နဲ့၊ အဲလို သဝန်ကြောင်တတ်တဲ့သူလို့ မထင်ရပါဘူးနော်"

တစ်ခါတစ်ရံမျှား မေးခွန်းတွေ သုံးလေးခု ဆက်တိုက်မေးလျှင် နွေးက ကျွန်တော့်ကို အဲသည်လို စကားဖြင့် လှောင်တတ်သည်။ ကျွန်တော်သည် ဘယ်လိုပဲ ချစ်သူမိန်းကလေး အပေါ် နှမြောဝန်တိုစိတ်ရှိလည်း ကျွန်တော် စိတ်ဝင်စားသည့် ကမ္ဘာ့ဖလားပွဲတွေ၊ ပရီမီယာလိဂ် ပွဲစဉ်တွေနှင့် နွေး အလုပ်ပြန်ချိန်တွေ တည့်တည့်ကြုံလျှင် ရုပ်မြင်သံကြားရှေ့က မခွာနိုင်ဖြစ်မြဲပင်။ နွေး ကို ကြိုဖို့ မေ့လျော့ နောက်ကျမြဲပင်။

ဒါကို နွေးက ဘယ်တော့မှ အပြစ်မမြင်။

သိထားပြီးသားပဲ ဆိုသည့် မျက်နှာထားမျိုးနှင့်သာ ကျွန်တော့်ကို အမြဲကြိုဆိုသည်။

ထို့ကြောင့်နွေးရဲ့ ခွင့်လွှတ်နားလည်နိုင်မှုကပင် ကျွန်တော့်ကို နွေးနှင့်ပတ်သက်ပြီး မပူပန်တတ်သည့် အနေအထားမျိုးရောက်အောင် တွန်းပို့ခဲ့သည် ထင်၏။

"ဘာဖြစ်လို့မျှား ဒီလောက် ဆိုးဆိုးရွားရွား ဖြစ်သွားတာပါလိမ့်"

နားမလည်နိုင်စွဲပဲ ညည်းထွား ရေရွတ်မိသည်။

www.burmeseclassic.com

ကျွန်တော့်စိတ်တွေ ခန္ဓာကိုယ်မှာ မကပ်ငြိပဲ ရန်ကုန်ဆေးရုံကြီး သွေးရောဂါ ကုသဆောင်သို့ ဘယ်လိုရောက်မှန်းမသိ။

သီးသန့်ခန်းကလေးထဲမှာ ဖျော့တော့ ဖြူလျော်နေသည့် အဝတ်ဖြူစ,တစ်စလို နွေးကို မြင်ရတော့ ကျွန်တော့်လည်ချောင်းထဲ ရင်ဘတ်ထဲမှာ ဆို့နှင့်ပူလောင်လာပြီး ဟန်မဆောင်နိုင်လောက်အောင်ပဲ ချောက်ချား ထိတ်လန့်ခဲ့ရသည်။ နွေးကတော့ ကျွန်တော့်ကို ဖြူရော်ရော် နှုတ်ခမ်းတွေက အားပါးတရ ပြုံးလျက် နှုတ်ဆက်ခဲ့ပါသေးသည်။

ပြတင်းပေါက်တွေ မရှိပဲ ကျဉ်းမြောင်းလှသော အခန်းငယ် လေးထဲ ပန်းနုရောင် အိပ်ရာဖုံပေါ်မှာ လဲလျောင်းနေရသည့် နွေးသည် အဲသည်လို ပုံစံနှင့် မအပ်စပ်ဘူး ထင်မိသည်။ ကျွန်တော့်ရဲ့ နွေးက အမြဲတက်ကြွ လန်းဆန်းနေပြီး ဟိတ်ဟန်ကြီးလှသည့် ကြန္တေရှင်မကြီးပုံစံနှင့်. . . အဲသည်လို . . နွေးက. . .

ခုတင်ဘေးမှာ ဆေးဖြူသုတ်ထားသည့် သံထောက်တိုင်တစ်ခုနှင့် ချိတ်လျက်သား သွေးရည်အိတ်တစ်ခု။

သွေးရည်အိတ်ထဲမှာ နီစွေးစေးပျစ်သော သွေးရည်တွေက ပိုက်ကြည်ကြည်မှ တစ်ဆင့် တစ်စက်ချင်း ကျနေခဲ့သည်။ သွေးပုလင်းတွေ အများကြီး သွင်းခဲ့ပြီးပြီဆိုသည့် နွေးရဲ့နှုတ်ခမ်းတွေက ဖြူလျော်နေဆဲပင်။ ကြံ့ခိုင် တောင့်တင်းသည့် နွေးရဲ့ ခန္ဓာကိုယ်သည် . . . ခုတော့ ကြိုးပြတ်သွားသည့် ရုပ်သေးရုပ်လိုပင်

ခုတင်ပေါ်မှာ လျော့ရဲစွာ ရှိနေသည်။

"လင်း"

နွေးရဲ့လေသံကတော့ ချိုမြကြည်လင်ဆဲပင်။

"ဒီနေ့ . . ဘယ်နှစ်ဂိုး နိုင်လဲ"

ကြည့်စမ်း . . .

ဟုတ်ပါရဲ့ . . .

ကျွန်တော့်ရဲ့ အရှုံးကို ကျွန်တော် မေ့လျော့နေခဲ့သည်။ ဘောလုံးကွင်းထဲက ထွက်ခွာခဲ့စဉ်ကတော့ . . . ဗိုလ်လုပွဲ မတတ်နိုင်သည့် အခြေအနေကို မကျေမနပ်နှင့် ကျွန်တော့် တစ်ကိုယ်လုံး လောင်မြိုက်မီးသင့်နေခဲ့တာ။

ဒါပေမယ့် . . . ကျွန်တော်ရဲ့ ဒေါသမီးတောက်တွေကို စာတစ်စောင်က ချက်ချင်း ပျောက်လွင့်စေခဲ့သည်။

နောက်တော့ လောင်မြိုက်ခြင်းတွေ အသွင်တစ်မျိုးပြောင်းပြီး သောကအဖြစ် ပူပန် ကူးစက်ရပြန်သည်။

"ရှုံးတယ် နွေးရယ်"

"ဟုတ်လား တစ်ဖက်က သိပ်တော်နေလို့ ဖြစ်မှာပေါ့"

"အင်း . . . ကိုယ်တို့ဘက်က ရှော်တာလည်းပါ,ပါတယ်"

"လင်း . . စိတ်ညစ်နေတယ်ပေါ့ ၊ ဒီလိုပေါ့ လင်းရယ်၊ လောကကြီးမှာ အစဉ်အမြဲဆိုတဲ့နေရာ ဘယ်ရှိနိုင်မှာလဲ၊ ရှုံးတဲ့အလှည့်ရှိရင် နိုင်တဲ့အလှည့်လည်း ရှိဦးမှာပေါ့"

www.burmeseclassic.com

ဆေးရုံခုတင်ပေါ်က နွေးသည် ကျွန်တော့်ကို နှစ်သိမ့်မြဲ အတိုင်းပင် နှစ်သိမ့်နိုင်သေး၏။ နွေး၏မျက်နှာက ဖြူဖျော့နေပေမယ့် နွမ်းရော်မနေပါ။ သွေးကြောထဲ အပ်ချောင်းစိုက်ဝင်လျက် ပလာစကာတွေ ကပ်ထားသည့် နွေးရဲ့ လက်ဖျံကို မြင်ရသည်၌ပင် . . . ကျွန်တော့်ခံနိုင်စွမ်းရည်က မခိုင်မာချင်တော့။ အားကစားသမားတစ်ယောက်မို့ တော်ရုံတန်ရုံ ထိခိုက်နာကျင်ရသည့် ဒဏ်ရာဒဏ်ချက်တွေကို မဖြုံပေမယ့် . . . ကျွန်တော့် နှလုံးကတော့ ခံနိုင်ရည်နည်းပါးသည် ထင်ပါရဲ့။ ပြီးတော့ ဆေးရုံတွေ ဆေးထိုးအပ်တွေကိုလည်း ကျွန်တော် ကြောက်သည်။ ဘယ်လိုမှ မနှစ်မြို့နိုင်ဘူးဆိုလျှင် ပိုပြီး မှန်လေမလားမသိ။

"ထားပါတော့. . ပြီးသွားပြီပဲ နွေးရယ်၊ ကိုယ့်စိတ်ထဲမှာ ဘယ်လိုမှ မနေပါဘူး၊ နွေးကိုပဲ ကိုယ်စိတ်ပူတယ်၊ ဘယ်လို ဖြစ်ရတာလဲ နွေးရယ်"

"မသိပါဘူး လင်းရယ်၊ ရင်ထဲက လှိုက်လှိုက်ပြီးမောနေတာ ပဲ၊ သိပ် မဖြစ်လောက်ဘူးထင်ပြီး ခပ်ပေ့ါပေ့ါနေလိုက်တာ၊ နောက်ဆုံး နှုတ်ခမ်းတွေပြာပြီး အသက်ရှူမရလောက်အောင် မောလာတော့မှ ဆေးခန်းပြစ်တော့တယ်၊ ချက်ချင်းဆေးရုံတတ်ပြီး သွေးစစ် သွေးသွင်းရတော့တာပဲ၊လင်းကို မပြောတာက လင်း. . စိတ်အနှောက်အယှက်ဖြစ်မှာ စိုးလို့ပါ"

"သိပါတယ်. . . သိပါတယ်. . နွေးရယ်၊ နွေးကိုယ့်ကို စိတ်မပူစေချင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် . . . ကိုယ် မစိုးရိမ်ပဲ ဘယ်နေနိုင်ပါ့မလဲ "

အခိုက်အတန့်မှာ ပတ်ဝန်းကျင်ကိုလည်း မေ့လျော့မိသည်။ အခန်းလေးထဲမှာ ဘယ်သူတွေ ရှိနေသည်ဆိုတာ သတိမထားမိ။ နွေးရဲ့လက်ချောင်းတွေကို ခပ်ဖွဖွဆုပ်ထားရင်း လှုပ်ရှားထိတ်လန့်နေသည့် စိတ်ကိုကြိုးစားထိန်းရင်း . . . မျက်လုံးအိမ်တွေ ပူနွေးလာသည်ကို မျက်တောင်တွေ တဖျပ်ဖျပ်ခတ်လျက် မျက်ရည်မကျအောင် ထိန်းရသည်။ ကျွန်တော့် မျက်စိရှေ့က နွေးချက်ချင်း လွင့်ပါးပျောက်ကွယ်သွားမှာလားဆိုတာ တွေးမိလျှင် ကျွန်တော့် ရင်ဘတ်ထဲ တစ်ခုခု ဖိသိပ်ခံရသလို နာကျင်လာတော့သည်။

"အို. . . လင်းကလည်း သွေးသွင်းပြီးရင် ကောင်းသွားမှာပဲဥစ္စာ ၊ မစိုးရိမ်ရပါဘူး လင်းရဲ့"

တကယ်. . မစိုးရိမ်ရတော့ဘူးလား. . .

တို့တွေ. . လက်ထပ်ရတော့မှာနော်။

ဒီတစ်နှစ်. . . ဝါကျွတ်ပြီးရင်. . . ။

နွေးရဲ့ နှစ်သိမ့်ပြုံးကပင် ကျွန်တော့်ကို လှောင်နေသလို ထင်သည်။ ကျွန်တော့်ရဲ့ သတိုးသမီးလေးကို နှီ့နှစ်ရောင်ဇာဝတ်စုံလေးဆင်မြန်းပြီး မရေမတွက်နိုင်အောင် စိတ်ကူးယဉ်အိပ်

www.burmeseclassic.com

မက်တွေ မက်ခဲ့ပြီးပြီ။ ကျွန်တော်တို့ နှစ်ယောက်အတွက် ဘယ်လို အနှောက်အယှက်မျိုးမှ မတွေ့ရပဲ ချောမွေ့ခဲ့သည့် အနာဂတ် အတွက် ကံကြမ္မာကို ကျေးဇူးတင်နေမိပြီးတော့မှ. . .။

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . . ကိုယ့်ဇနီးလောင်းလေးက ဘယ်တော့မှ စိတ်ဓာတ်မကျတတ်ဘူးဆိုတာ ကိုယ်သိပါတယ်"

နွေးကိုတော့ ရယ်ပြုံး ဟန်ဆောင်ရသည်။ ဒါပေမယ့် နွေး ကိုယ်တိုင် ကျွန်တော့်ရှေ့မှာ အားတင်းပြုံးရယ်နေရသည် ဆိုတာ လည်း ကျွန်တော်က သိနေရပြန်သည်။ နွေးရဲ့ ခန္ဓာကိုယ်ထဲ စီးဝင်နေသည့် နီစွေးစွေးသွေးကိုစောင့်ကြည့်နေရင်း ကြေကွဲ ခြင်းဖြင့် နှုတ်ဆိတ်ငြိမ်သက်နေမိသည်။ ကျွန်တော်တို့နှစ်ဦး၏ ကောင်းကင်ယံမှာ အုပ်မိုး မှိုင်းညို့လာသည့် တိမ်လိပ်မည်းညို တွေကိုသာ အာရုံထဲမှာ မြင်နေရသည်။

အဲသည် အချိန်တုန်းကတော့ နွေးသည် ကျွန်တော့်ကို လျင်မြန်စွာ ခွဲခွာထွက်သွားလိမ့်မည်ဟု ထင်မိပြီး နွေးရဲ့ အရိပ် ကိုပင် ဖမ်းဆုပ်ချုပ်နှောင်ထားချင်မိတော့သည်။

❖❖❖

www.burmeseclassic.com

"ဘာဖြစ်လို့လဲ၊ နွေးကိုမှ ဘာဖြစ်လို့ ဒီလိုရောဂါမျိုး ဖြစ်ရတာလဲ၊ မေမေ ကျွန်တော်တို့ လက်ထပ်ရတော့မှာလေ၊ နွေးကို ဘာဖြစ်လို့ပြန်မရနိုင်ရမှာလဲ၊ ဘာဖြစ်လို့ မရတော့တာလဲ"

မေမေဟုပင် ခေါ်ရသော( ကျွန်တော်ကိုယ်တိုင်ကလည်း နှစ်သက်လိုလားစွာ ခေါ်ချင်သည်ဖြစ်၍) နွေး၏ မိခင်သည် မျက် ရည်ဖြင့် ရွှဲနင့်ပြီးဖြစ်သော လက်ကိုင်ပဝါဖြင့်ပင် ပါးပြင်ပေါ် ကျလာသည့် မျက်ရည်စတွေကိုသုတ်လျက် . . . ကျွန်တော့်ကို တစ်ခုခု ဖြေသိမ့်စကားပြန်ရန် ပြင်သည်။ ကျွန်တော် ကိုယ်တိုင်လည်း တစ်ခုခု ကြားရဖို့ မျှော်လင့်မိသည် ထင်၏။

"ကံအကြောင်းပေါ့ကွယ်၊ သူရဲ့အတိတ်ကံပါလာရင် ရှောင်လွှဲလို့မရနိုင်ပါဘူး"

ဟင့်အင်း. . .

သည်စကားမျိုး မကြားချင်ဘူး။

နွေးကို ကယ်နိုင်ရမယ်။

နွေးမှာ သည်လောက် ဆိုးရွားတဲ့ ကံတရားမျိုး မပါ

www.burmeseclassic.com

စေရဘူး။

[သွေးသွင်းပြီးရင် ကောင်းသွားမှာပဲ ဥစ္စာ၊ မစိုးရိမ်ရပါဘူး လင်းရဲ့]

ဒါဟာ . . . ညာနေတာပေါ့နော်။

နွေးလည်း ကိုယ့်ကို ညာနေတာပေါ့။

မျက်ရည်မကျဖို့ ကျွန်တော် ဘယ်လိုမှ ထိန်းမထားနိုင်ပါ။ တစ်ပတ်မှာ တစ်ရက်နားရသည့် အလုပ်အားရက်မှာ သိုးမွေး ချည်ခင်များ အပ်များဖြင့် နွေး ထိုင်လေ့ရှိသည့် ဝရန်တာက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း . . ကျွန်တော့် လက်ဖဝါးထဲ မျက်နှာကို နှစ်ထားလျက် . . . မျက်ရည်တွေသာ အဆက်မပြတ်ကျနေမိသည်။ သည်နေ့ နက်ဖြန် ဆိုသလို နွေးသည် ကျွန်တော့်ဘဝထဲ အချိန်မရွေး ထွက်သွားနိုင်သည် ဆိုသည့် အတွေးမျိုး ကျွန်တော် ဘယ်တုန်းကမှ တွေးမထားဖြစ်ခဲ့ပါ။ ဗိုလ်ချုပ်ဈေးထဲ သွားပြီး လက်ထပ်သည့်နေ့မှာ ဝတ်ဖို့ ဝတ်စုံ ရွေးခဲ့ကြတာကိုပင် မနေ့တစ်နေ့ကလို ထင်မှတ်နေခဲ့သေးတာ။

နွေးက ပုလဲရောင်လေးကို ရွေးချယ်သည်။ ကျွန်တော့်ကို တစ်သက်မှာ တစ်ခါပဲဖြစ်စေ . . . ပုဆိုးနှင့်တိုက်ပုံ ဝတ်ရမည်လို့ ဆရာမကြီးက အမိန့်ထုတ်ပြီးသားမို့ ကျွန်တော့်အတွက်လည်း တိုက်ပုံစ ရှာရသည်။

"တော်သေးတာပေါ့၊ ရိပ်သာမှာ မင်္ဂလာဆွမ်းကျွေးရုံမို့ပဲ၊

ယုဇနဂါးဒင်းတို့၊ ဆီဒိုးနားတို့မှာသာဆို ဘယ်လောက်များ ပင်ပန်း လိုက်မလဲ . . . လို့ ”

နွေးက သည်လို ပြောပြီး နှစ်ယောက်သား ရယ်မော ဖြစ်ခဲ့ သေးတာ။ တွေးမိရင် ဘယ်လောက်ကြည်နူးစရာ ကောင်း သလဲ။

နွေးနှင့် ကျွန်တော့်ကြားမှာ ပြဿနာဖြစ်စရာ စိတ် သဘောချင်း မတိုက်ဆိုင်စရာ အကြောင်းအရာဆိုတာ ရှာမတွေ့ နိုင်ခဲ့။ လူအများစုအတွက် အဓိကပြဿနာဖြစ်နေတတ်သည့် ငွေ ရေးကြေးရေးဆိုတာကိုပင် ကျွန်တော်တို့နှစ်ယောက် အခက်အခဲ တစ်ခုလို မမြင်တတ်ခဲ့။ ကျွန်တော်တို့နှစ်ဦးစလုံးသည် အခြေခံကျ သည့် လိုအပ်ချက်တွေကလွဲပြီး ဘာကိုမဆို ရောင့်ရဲနိုင်သူတွေဖြစ် နေတာကပင် ကျွန်တော်တို့အတွက် ကံကောင်းစေခဲ့သည်။

“မေမေတို့လည်း မမျှော်လင့်ဘူး ၊ သာမန် သွေးအားနည်း တဲ့ ရောဂါလို့ပဲ ထင်ထားခဲ့တာ၊ မေမေ့သမီးလေး ကံနည်း တယ် ထင်ပါရဲ့”

“မဟုတ်ဘူး. . . အဲလို မဖြစ်ရဘူး၊ ကျွန်တော်တို့ ရအောင် ကုရမှာပေါ့ ၊ သွေးနဲ့မှ အသက်ရှင်နိုင်မယ်ဆိုရင်. . . ကျွန် တော် သွေးရအောင် ရှာမှာပေါ့။ မေမေ. . နွေး အသက်ရှင် နေမှာပါ။ အသက်ရှင်နေဦးမှာပါ၊ ဒီမှာ မရရင်. . နိုင်ငံ ခြား ခေါ်ပြီး ကုမှာပေါ့ ၊ ကျွန်တော့်အစ်ကိုတွေဆီ လှမ်းပြီး

www.burmeseclassic.com

အကူအညီ တောင်းမယ်”

“အေးလေ. . စောင့်ကြည့်သေးတာပေါ့ကွယ်”

မရေရာသည့် ဖြေသိမ့်စကားတစ်ခုကိုပင် ကောက်ရိုးတစ်မျှင်လို ဆုပ်တွယ်ထားမိသည်။ တကယ်တော့ မေမေ့ကို ကျွန်တော်ကသာ နှစ်သိမ့်ရမည် မဟုတ်လား။ မေမေနှင့် ဖေဖေသည် နွေးအတွက် ပူပန်သောကကို စက္ကန့်နှင့်အမျှ ရင်ဆိုင်ရင်းပင် တစ်ဖက်ကလည်း ကျွန်တော့်ကို ဖျောင့်ဖျနှစ်သိမ့်ဖို့ ကြိုးစားရှာသည်။ နွေး . . . ဖေဖေ ဦးကျော်မင်းက နီရဲပူနွေးနေသော ကျွန်တော့်မျက်လုံးအိမ်ထဲ စူးစိုက်ကြည့်လျက်. . .

“မင်းတို့ ကိစ္စတော့ . . . ရက်ရွှေ့ထားလိုက်ရတော့မှာပဲ၊ ဘယ်အထိ ဆိုတာတော့ မပြောနိုင်ဘူးပေါ့ကွယ်”

ဟုဆိုတော့. . လောလောလတ်လတ် လောင်မြိုက်နေသည့် မီးလျှံကြားကနေ ကျွန်တော် ထွက်ပြေးချင်မိတော့သည်။

❖❖❖

ဖုံအလိုက် ဘောလုံးပြိုင်ပွဲတွေကနေ အိမ်ပြန်နားရသည့် ရက်တွေမှာ ကျွန်တော် အိမ်မှာ ကောင်းစွာ နားရသည်မရှိပဲ ဆေးရုံနှင့် နွေးတို့အိမ်သို့ ကူးချည်သန်းချည် ရှိနေခဲ့သည်။ အိပ်ချိန်တွေလောက်သာ ကျွန်တော် အိမ်ပြန်ရောက်သည်။ ခန္ဓာကိုယ်ထဲ သွေးအားပြည့်သွားသည့်အခါ နွေးသည် လူကောင်းပကတိလိုပင် မျက်နှာလေး ရွှင်လန်းကြည်လင်လာသည်။ သွေး သွင်းရန်မလိုတော့ပေမယ့် မကြာခဏ သွေးဖောက်စစ်နေရသေးသည်။ အဆုပ်ရောဂါဌာနမှာ တာဝန်ကျနေသည့် နွေးရဲ့ အထက်တန်းကျောင်းက အတန်းဖော် သူငယ်ချင်း ဒေါက်တာ သန်းသန်းဝင်းက မကြာခဏ လာကြည့်ပေးနေရင်း တစ်ညနေမှာတော့ ကျွန်တော်တို့နှစ်ဦး သွေးရောဂါကုသဆောင် ဘေးဘက် လမ်းကလေးပေါ်မှာ အချိန်အတော်ကြာအောင် စကားပြောခဲ့ကြသည်။ ဒေါက်တာ သန်းသန်းဝင်းသည် နွေးလို အရပ်မရှည် ပါ။ အရပ်ပုပု ခါးကိုင်းကိုင်း . . . ကိုင်းမပါသည့် မျက်မှန်လေးနှင့် ဖြစ်ပေမယ့် မျက်မှန်ကြည်ကြည်အောက်က သူမရဲ့ မျက်ဝန်းတွေ ကတော့ ထက်မြတ်စူးရှနေလေသည်။ အသားဖြူဖြူ လူက ပုညှက် ညှက်လေးဆိုတော့

www.burmeseclassic.com

ကျွန်တော်နှင့်ယှဉ်လျှင် အတော်ကြီး ကွာဟ နေသလို ထင်ရသည်။ သို့ပေမယ့် သူ၏ ရယ်သံက သေးသေးစူးစူးနှင့် ရယ်လိုက်လျှင် လူနာတွေပြည့်နေသည့် ဟောဟ်တစ်ခုလုံး လွှမ်းသွားမတတ်ပင်။ အဲသည်နေ့ကတော့ သန်းသန်းဝင်းရဲ့မျက်နှာမှာ အပြုံးရိပ်မရှိပါ။ နွေးလိုပင် သူမကလည်း ကျွန်တော့်ကို သူမထက် ငယ်ရွယ်သော ကောင်လေးတစ်ယောက်လိုသာ သဘောထားဟန်ရှိသည်။ ကျွန်တော့်ကို သူမက 'လင်းသန့်' ဟုခေါ်ပြီး နင် . . . ငါနှင့် ပြောဆိုတတ်သည်။

"အမှန်အတိုင်းပြောရရင် လင်သန့်ရဲ့ နွေးနွေးရောဂါက ချက်ချင်းဆိုသလို ပျောက်နိုင်တဲ့ ရောဂါမျိုးမဟုတ်ဘူး၊ ဒီရောဂါ မျိုးဆိုတာက နှစ်ရှည်လများ ကုသရတဲ့ ရောဂါမျိုး၊ အဲဒီလို ကုနေတဲ့ကြားက တဖြည်းဖြည်းတိုးတတ်ပြီး ကောင်းရင်လည်း ကောင်းသွားမယ်၊ ဒီထက် ဆိုးချင်လည်း ဆိုးလာမယ်၊ လုံးလုံးကြီး လူကောင်းပကတိလို ဖြစ်လာဖို့ ဆိုတာ မလွယ်ဘူး၊ တချို့ ဒီရောဂါသည်မျိုးကတော့ ကလေးဘဝကနေ အသက်နှစ်ဆယ်ကျော်အထိ ဒီလိုပဲ သွေးနဲ့ ဆက်ပြီး ကုနေရတာပဲ၊ သွေးသွင်းရတဲ့ အချိန်ကာလတွေ ခြားခြားသွားတဲ့ သူရှိသလို တဖြည်းဖြည်း စိပ်လာတဲ့ သူတွေလည်း ရှိတယ်"

သန်းသန်းဝင်းကို ကျွန်တော် မေးခွန်းတွေ မေးချင်

ပေမယ့် မမေးရဲခဲ့ပါ။ သန်းသန်းဝင်းက ဆင်ဝှေ့ရန်ရှောင် ပြော တတ်သူမျိုးမဟုတ်။ နွေးလိုပင် စကားပြောအဆို ပွင့်လင်းရိုး သားသည်။ ပြီးတော့ သူမမျက်နှာပေါ်မှာ အဖြေတစ်ခုခုကို တွေ့ ရမှာလည်း ကျွန်တော် ကြောက်သည်။ ထို့ကြောင့်သန်းသန်းဝင်း ရဲ့ မျက်မှန် အောက်က မျက်ဝန်းတွေကိုလည်း ရင်ဆိုင်မကြည့်ရဲ။

နွေးသည် ပထမအုပ်စုထဲမှာလား. . . ဒုတိယအုပ်စု ထဲမှာလား၊ကိုယ်ဘာသာ အဖြေထွက်လာမလား . . . စဉ်စားရင်း ကျွန်တော့်ခြေဖျား လက်ဖျားတွေ အေးစက်ပြီး ခေါင်းတွေအုံခဲလာ သည်။ သန်းသန်းဝင်းက နားကြပ်ထည့်သည့် သားရေအိတ် က လေးကို လက်ဖဝါးပေါ်မှာ ခပ်ဆဆကိုင်ရင်း. . .

"ကိုယ်ဝန်ဆောင်ရင်လည်း အန္တရာယ်ရှိနိုင်တယ်"

ဟု တစ်လုံးချင်း ပြောသည်။

"အိမ်ထောင်မပြုသင့်ဘူး ဆိုတဲ့ သဘောလား"

ကျွန်တော် အရဲစွန့်ပြီး ပြောလိုက်မိသည်။

"ရောဂါရှင်းရှင်း မပျောက်မချင်း အိမ်ထောင်မပြုရင် အ ကောင်းဆုံးပဲ၊ သွေးပေါင်အတတ်အကျက ချက်ချင်းဆို သလိုလည်း ဖြစ်နိုင်တယ်၊ ကိုယ့်ကိုယ်ကို သတိမထားမိပဲ သွေးပေါင်ကျနေတာမျိုး. . . ရုတ်တရက် သွေးဖိအား ကျ သွားတာမျိုး ဖြစ်နိုင်တယ်၊ မကြာခဏ သွေးစစ်ကြည့်နေရ မယ် ။ သွေးထဲမှာ အယ်လ်ပြူမင် လျော့သွားတဲ့ရာခိုင်နှုန်း

www.burmeseclassic.com

အမြဲ သတိထားနေရမယ်။

ဒါမျိုးက ပိုးမွေးသလို ဂရုတစိုက် မွေးနေရတဲ့ ရောဂါမျိုးပဲ လင်းသန့်ရဲ့”

“နွေး သိပြီးပြီလား”

ကျွန်တော် အထိတ်ထိတ် အလန့်လန့်ဖြင့် မေးလိုက်ပါသည်။

“တို့တော့ မပြောဘူး၊ ဒါပေမယ့် သိနေမယ် ထင်တာပဲ၊ သူလည်း ပညာတတ်တစ်ယောက်ပဲ ၊ ပြီးတော့ ကျန်းမာရေး ဗဟုသုတ နည်းတဲ့သူလည်း မဟုတ်ဘူး”

နွေးကို မပြောဘူး။

အနည်းငယ် စိတ်ပေါ့ပါးသွားသလို ထင်မိပေမယ့်။ ချက်ချင်းပဲ ကျွန်တော့်ကို သိစေချင်သည်လား ဆိုသည့် အတွေးက ခေါင်းထဲ ရောက်လာသည်။

“ဒါဆို . . . ကျွန်တော်တို့ . . . ကိစ္စ”

သန်းသန်းဝင်းက ကျွန်တော့်ကို အားတုံ့ အားနာ ကြည့်လျက် ပြုံးသည်။ သူမရဲ့ အပြုံးက သက်တောင့်သက်သာ မရှိလှပါ။

“မဖြစ်နိုင်ဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ ရောဂါပျောက်မှ လို့ပြောရအောင်လည်း ဘယ်လောက်ကြာမလဲ၊ အချိန်ကာလ ရှည်မလား တိုမလား မပြောနိုင်ဘူး၊ လောလောဆယ်

မှာတော့ အိမ်ထောင်ပြုဖို့ကိစ္စကို မစဉ်းစားသေးရင်ကောင်းမယ်”

“ကုလို့ မရနိုင်တဲ့ ရောဂါမျိုးလား”

သန်းသန်းရဲ့ ခေါင်းအယမ်းမှာ မင်သက်လျက် . . . ဘယ်လို အဓိပ္ပါယ်ဆိုတာကိုတော့ ကျွန်တော် မစဉ်းစားတတ်။

“တို့ပြောပြီးပြီလေ၊ ရေရှည်ဆွဲပြီး ကုရတဲ့ရောဂါမျိုးလို့၊ သူ့သွေးထဲက သွေးနီဥ ဖျက်ဆီးတဲ့နှုန်း တဖြည်းဖြည်း နည်းသွားအောင် လုပ်နိုင်မယ်ဆိုရင် အခြေအနေကောင်းပြီလို့ ပြောလို့ရတယ်၊ တဖြည်းဖြည်း စိတ်လောရင်တော့ ပုံမှန်ဖြစ်နေရင် ကောင်းတယ်၊ သွေးလှည့်ပတ်မှု မမှန်တော့ဘူးဆိုရင် ကျောက်ကပ် ဖျက်ဆီးရာကနေ တခြား (site effect) ဆိုက်အဖက်တွေ အများကြီး ရနိုင်တယ် . . . ခုလောလောဆယ်မှာတော့ သွေးအားနည်း ရောဂါ ပေါ့ ၊ သွေးအားနည်းပြီး ကျောက်ကပ်ကို သွေးလိုသလောက်မရောက်နိုင်ဘူးဆိုရင် ကျောက်ကပ်ပျက်စီးမှာပဲ၊ အဲဒါကြောင့် . . သွေးနဲ့ဆီးကို မပြတ်စစ်ဆေးနေရတာလေ . . . တို့ပြောတာက အခြေအနေကို စောင့်ကြည့်ရဦးမှာ၊ သိပ်လည်း စိတ်ပူမနေနဲ့ဦး”

“သွေး ခဏခဏ ဖောက်နေရတာက အဲဒါကြောင့်လား”

"ဟုတ်တယ်လေ၊ သွေးကျော့နှုန်း၊ သွေးခဲနှုန်းတွေကို အမြဲ စစ်နေရတယ်လေ၊ ကျောက်ကပ်ကို မထိသေးပါဘူး၊ ဂရု တစိုက်နဲ့ မကြာခဏ သွေးစစ်၊ သွေးသွင်း ဆေးမှန်မှန်စား နေရင် အသက်ရှည်မှာပါ၊ ဒါပေမယ့် ဒီလိုပဲ မကြာခဏ ဆေးရုံတက် . . . သွေးသွင်း . . . "

အသက်ရှည်မှာပါ . . .

ဒါက ဘာအဓိပ္ပါယ်လဲ . . .

သန်းသန်းဝင်း ဘာတွေပြောနေသည်ဆိုတာ ကျွန် တော် မကြားမိတော့။ နားထဲမှာ လေတိုးနေသလို နားတွေအူပြီး နှလုံး ခုန်နှုန်းတွေ တဒိတ်ဒိတ် မြည်လာသည်။ ခန္ဓာကိုယ်ထဲက သွေး ကြောတွေ ပူနွေးလျက် မျက်နှာတစ်ပြင်လုံး ရှိန်းဖိန်းနေပြီး လည်ချောင်းထဲမှာ ဆို့ကျပ်လာသည်။

"နင်. . . သူ့ကို စိတ်ရှည်ရှည် စောင့်နိုင်ဖို့ လိုတယ်"

"ဟင်"

"ဩော်. . . အခြေအနေ ကောင်းသွားပြီဆိုပြီး လက်ထပ်ဖို့ နားပူနားဆာ မလုပ်နဲ့ . . . လို့ ''

"ကျွန်တော်က . . . . . . . . . "

"သူ့အခြေအနေ စိတ်ချရတဲ့အချိန်အထိတော့ စောင့်ရမှာ ပေါ့ဟယ်၊ နင် စောင့်နိုင်ပေါ့မလား"

သန်းသန်းဝင်း၏ ပြုံးစစ မျက်နှာသည် ကျွန်တော့်

www.burmeseclassic.com


အမြင်မှာ မှုန်ဝါးလျက်နေသည်။ စကားတွေကလည်းချောင်းဝမှာသာ စုပြုံတွန်းထိုးနေ၏။

ဘာဖြစ်လို့ မစောင့်နိုင်ရမလဲ။

ဒါပေမယ့် . . .

နွေးအတွက် ဒိထက်ကောင်းတဲ့ ဒိထက်သေချာတဲ့ အဖြေတစ်ခု မရနိုင်တော့ဘူးလား။

"ဟဲ့ . . . လင်းသန့်"

သူမက ကျွန်တော့်လက်မောင်းကို ဖျက်ခနဲ ရိုက်သည်။

"အံမယ်လေးလေး . . . အဲလောက်လည်း စိုးရိမ်တကြီးဖြစ်စရာ မဟုတ်ပါဘူးနော်၊ နင်တို့ယောကျ်ားတွေက ဒီလိုပဲ၊ တွေ့လိုက်ရရင် အသည်းအသန်ချည်းပဲ၊ နောက်တော့သာ သန်းသန်းဝင်းရေ . . . ငါတော့ မစောင့်နိုင်တော့ဘူး ဆိုပြီး"

"ဟင်အင်း . . ကျွန်တော်က အဲလို လူစားမျိုး မဟုတ်ဘူး"

ခါးသီးစွာ ငြင်းဆန်ခဲ့မိသည်။

"အေးပါ . . . အေးပါ . . . မဟုတ်ဘူးဆိုရင် ငါက ဝမ်းသာရမှာပေါ့၊ နွေးလည်း အရမ်းဝမ်းသာမှာပေါ့၊ နင်စိတ်ရှည်ရှည်ထားပြီး နွေးအနားမှာ နေပေးနော်၊ ရောဂါနဲ့လူဆိုတာ စိတ်တိုလွယ်တယ် ၊ ဝမ်းနည်းလွယ်တယ် ၊ ပြီးတော့ အဖော်လည်း သိပ်ခင်တာ သိလား"

www.burmeseclassic.com

"ဟုတ်ကဲ့ပါ . . . ဒေါက်တာ "

ကျွန်တော်ပြုံးရယ်ဖို့ကြိုးစားပေမယ့် နှုတ်ခမ်းတွေက ဟန်ချက်ပျက်ပြီး ခပ်အက်အက်စကားသံသာ ထွက်လေသည်။

"ငါက သတိထားရမယ့် အခြေအနေကိုသာ ပြောတာပါ၊ နင်အရမ်းလည်းစိတ်ပူမနေနဲ့ဦး၊ နင့်ကြည့်ရတာ နွေးကို တော်တော် ချစ်ပုံပဲ"

ကျွန်တော့်ကို သူမက ဖြေသိမ့်ပေးချင်ဟန် တူပါသည်။ သို့ပေမယ့် ဘယ်လို တတ်နိုင်မှာလဲ၊ သူမက ရောဂါကိုသာ ကုတတ်သော ဆရာဝန်တစ်ယောက်ဖြစ်သည်။ နှလုံးခုန်နှုန်းကို စမ်းသပ်နိုင်သော ဆရာဝန်တစ်ယောက်သာ ဖြစ်သည်။

"ကဲ . . ငါ . . ဝါ့သ်ထဲသွားလိုက်ဦးမယ်၊ လိုတာရှိရင် ငါ့ကို လာပြောနော်၊ သွေးလိုရင်လည်း ငါ့ဆီလာခဲ့၊ ငါ ဘလပ်ဘင့်(ခ်) (**Blood Bank**) ကို လှမ်းပြောပေးမယ်"

ဒါပဲပေါ့ . . .

သည့်ထက်ပိုပြီး သူမရော ဘာများတတ်နိုင်မှာလဲ။

သန်းသန်းဝင်း ထွက်သွားသည့်အခါ ကျွန်တော် အရုပ်တစ်ရုပ် လို ကြောင်ငေးငေး ရပ်လျက် ကျန်ရစ်ခဲ့သည်။ ထို့နောက်မှာ တော့ကျွန်တော် . . . နွေးကို ရင်မဆိုင်ရဲစွာပင် တိတ်တဆိတ် အိမ် ပြန်ရောက်ခဲ့ရသည်။ နွေးရဲ့ အသက်ရှင်သန်ခြင်းနှင့် သေခြင်းတရားကြားမှာ ခပ်ပါးပါး ကန့်လန့်ကာတစ်ခုသာ ရှိနေ

သည်ဆိုတာ နွေးကို မသိစေချင်ပေမယ့် . . . ကျွန်တော့်ဘာသာပင် ဘယ်လိုရင်ဆိုင်အားပေးရမည်ဆိုတာကို မသိတတ်နိုင်လောက်အောင်ပင် ကျွန်တော် ချောက်ချားခဲ့ရသည်။

နွေး မရှိလို့ မဖြစ်ဘူး။

ကိုယ့်ရဲ့ဘဝမှာ နွေးမရှိလို့ မဖြစ်ဘူး။

ကိုယ် . . . ရူးသွားလိမ့်မယ် ထင်ပါရဲ့ နွေးရယ်။

❖❖❖

www.burmeseclassic.com

ရှုးသွားလိမ့်မယ် ထင်ပါရဲ့။

တစ်ချိန်တုန်းကလည်း . . . သည်လိုပဲ ရေရွတ်ခဲ့ဖူးသည်ပင်။ ဒါပေမယ့် သည်ကနေ့အထိတော့ လင်းသန့်သည် စိတ်ဖိအားများစွာ၏ နှိပ်စက်မှုအောက်မှာ အလူးအလိမ့်နှင့် ရပ်တည်နေရဆဲပင်။ တကယ်တမ်း ရပ်တည်နေချင်သည့် လောကကြီးထဲမှာ ကျွန်တော့်ရဲ့ စိတ်က လွင့်ချင်သလို လွင့်လျက် . . . ရပ်နားချင်သည့် နေရာရယ်လို့ မရှိ။ စက္ကန့်တိုင်းမှာပင် မျက်နှာဖုံးတစ်ခုစွပ်ထားရသလို ကိုယ့်ကိုယ်ကို ထင်နေမိသည်။

မီးရထားသံလမ်းတစ်ခု အနားက ခွာခဲ့ပြီးသော အခါ . . . ကျွန်တော်သည်မီးရထားသံလမ်းတွေပေါ်က ဂုံးတံတား တစ်ခုမှာ ရပ်နေမိပြန်၏။ မီးရထား မောင်းခုတ်သံကိုတော့ မကြားရ။ ညသည် မှောင်သည်ထက် မှောင်ပေမယ့် သည်နေရာမှာတော့ မာကျူရီမီးရောက်တွေ ထိန်လင်းဆဲပင်။ လည်တံရှည်ငှက်တွေ ကိုက်ချီထားသည့် မီးသီးများသည် သစ်သီးများနှင့်တော့ ဘယ်လို မှ မတူနိုင်ဘူး ထင်မိသည်။ သို့ပေမယ့် . . . လှပသည်ပင်။ ဂုံးတံတား၏ ဟိုဘက်အောက်မှာ နိမ့်လျှောဆင်းသွားသော လမ်းမ

၏ တစ်ဖက်တစ်ချက် နေရာသည် ကျွန်တော် အရင်းနှီးဆုံး နေရာတွေထဲက တစ်ခုပင်။ ဒါပေမယ့် . . . ကျွန်တော့် သံယောဇဉ်တွေက ဘယ်အရာမှာမှ နင့်နင့်နဲနဲ တွယ်ငြိမနေချင်တော့ဘူး ထင်ပါရဲ့။

လင်းသန့်အတွက် ကမ္ဘာလောကကြီးမှာ အသက်ရှူစရာ အောက်ဆီဂျင်တွေ တဖြည်းဖြည်း ခန်းခြောက်လာနေသည်။

လူသွားလမ်း ပလက်ဖောင်းမှာရော . . . ကားလမ်းမပေါ်မှာပါ ကားတွေ လူတွေ ရှင်းလင်းနေပြီ။ ဘောလုံးကွင်းတစ်ခုလုံး နေ့အလား လင်းထိန်နေအောင် အလင်းရောင်ပေးနိုင်သည့် ဆလိုက်စင်ကြီးတွေလည်း အိပ်ပျော်နေသည်။ ဆိုင်ကယ်ကို ပလက်ဖောင်းအစပ်မှာ ဒေါက်ထောက်ရပ်ထားပြီး ဆံပင်တွေ ဖွာလွင့်နေအောင် တိုက်လာသည့် ညလေကိုပဲ နှစ်သက်စွာ ခံစားနေမိသည်။ တံတားပေါ်မှာ ခြေစုံရပ်နေရသည့် အရသာကတော့ မဆိုးလှပါလား။

ဘဝလမ်းမပေါ် ခြေစုံရပ်နေရသည့် အဖြစ်ကတော့ ခံရခက်ပြီး ငြီးငွေ့ဖွယ်ကောင်းလှသည် ထင်မိ၏။

သို့ပေမယ့် . . . ကျွန်တော့် ခြေအစုံကို တုပ်နှောင်ထားသည့် အရာများစွာ ရှိနေသည်။ ကျွန်တော် ဘယ်လို ရှေ့ဆက်လျှောက်ရပ့်မလဲ။

[လင်း စိတ်ဆင်းရဲမှာကို နွေး မမြင်ချင်ပါဘူး၊ နွေး အပေါ်

မှာ လင်း တဖြည်းဖြည်း စိတ်ပျက် မုန်းတီး လာမှာကိုလည်း နွေး မခံယူချပါဘူး]

မြတ်စွာဘုရား. . .

ကျွန်တော့်နှလုံးသားက ရက်စက်နိုင်တဲ့ အင်အား တွေ မရှိပါလား။ ဒါဆို ကျွန်တော်ဟာသည်လိုပဲ လမ်းမပေါ် ခြေစုံရပ် နေ ရတော့မှာလား။

မဟုတ်ဘူး. . .

လင်းသန့်ဟာ သစ္စာမဲ့တတ်သူ မဟုတ်ဘူး။

မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားကို၊ ဘဝကို၊ အချစ်ကို ဖျက်ဆီးချေမွရက်တဲ့လူမျိုး မဟုတ်ရဘူး။

အထူးသဖြင့် အနာဂတ်မဲ့နေတဲ့ မိန်းကလေးတစ် ယောက် ကို ပိုပြီး နာကျင်အောင် မလုပ်ရဘူး။

ဒါပေမယ့်

မဖြစ်သင့်ဘူးဆိုသည့် ဆင်ခြင် ထိန်းချုပ်ခြင်းတွေ အောက်မှာ ကျွန်တော့်ခံစားမှုတွေ ဆိတ်သုဉ်းခဲ့ရတော့သည်။ ကျွန် တော် ရင်ခုန်ခဲ့ဖူးသည့် မိန်းကလေး၏ ကြည်လင်နေသော မျက် နှာပေါ်က ဖန်သားလို မျက်ဝန်းတစ်စုံကို လွမ်းမိသည်။ နှင်းဆီ ရောင်နီစွေးသည့် နှုတ်ခမ်းလွှာလေးများ၏ နုဖတ်စိုအိသည့်အတွေ့ ကို လွမ်းမိသည်။ လွတ်လပ်သော. . . ပေါ့ပါးသော ရယ်မောသံ လွင်လွင်ကို လွမ်းမိသည်။

---

"တို့ နှစ်ယောက် လက်ထပ်ပြီးရင်လေ. ."

ဟု ကျွန်တော်က အစချီလျှင်ရှက်နိုးနိုးနှင့် မရှက်ဟန်ဆောင်ရသော ပန်းသွေးရောင် မျက်နှာလေး ကိုလွမ်းမိသည်။

လွမ်းစရာတွေချည်းပါပဲ နော်။

ကိုယ် . . . နွေးကို လွမ်းနေပါတယ်ကွယ်။

သို့ပေမယ့်လည်း ထိုအလွမ်းနှင့် ဆွတ်ပျံ့သော ခံစား မှုသည် အတိတ်ဆီမှာသာ ဝေ့ဝဲလျက် ပစ္စုပ္ပန်ဆီ ခေါ်လာမရ။ ကျွန်တော့် စိတ်အစဉ်သည် အတိတ်ဆီသာ ပြန်ပြေးချင်ပြီး . . . လတ်လတ်ဆတ်ဆတ် ခံစား၍ ရနိုင်သော ကြည်နူးမှုကို ရှာမတွေ့။

ပစ္စုပ္ပန်မှာတော့ လင်းသန့်သည် မျှော်လင့်ချက်မဲ့လျက်. . . ကောင်းကင်ဆီ တိမ်တိုက်တွေဆီ . . . ဟိုးပင်လယ်တွေဆီ လွင့်မျောလျက်သာ နေချင်၏။ အနီးပတ်ဝန်းကျင်မှာ ပန်းရနံ့တွေမရှိ။ အရောင်စုံသောလိပ်ပြာတွေ မရှိ။ သစ်ရွက်စိမ်းသော လောကမရှိ။ အရိပ်မဲ့ပြီး သွေ့ခြောက်သော ရှင်သန်နေသည့်အရာဘာတစ်ခုမှမရှိသော လမ်းမရှည် တစ်ခုသာ ရှိသည်။ အဲသည် လမ်းမသည် အဆုံးကို မမြင်နိုင်လောက်အောင် ရှည်လျား၏။ ရှေ့တိုးလျှောက် လေ . . . ပိုပြီးဝေးလေဖြစ်သော လမ်းမတစ်ခုဖြစ်၏။

သည်လိုဆို . . . ကျွန်တော်. . . ဘာကို ဆုတောင်းရမည်လဲ။

မိုက်မဲလှစွာသော ဆုတောင်းတစ်ခုက ကျွန်တော်

www.burmeseclassic.com

တို့နှစ်ယောက် အဖြစ်ကို အဆုံးသတ်လိုက်မှာလား . . .

ဟင့်အင်း..

အဲသည်လို မဖြစ်ရဘူး။

မျက်ခွံတွေကို တင်းတင်းပိတ်ပစ်ပြီး တံတားဘောင်ကို မှီရပ်လိုက်သည်။ မျက်လွှာတွေကို ပြန်ဖွင့်ကြည့်သည့်အခါ ကြယ်တွေစုံသော ကောင်းကင်ဆီ ထိုးထွက်နေဟန် ရွှေအဆင်း အတိဖြင့် သပ္ပါယ်လှသည့် ရွှေတိဂုံစေတီတော်သည် . . . ဟိုး ဝေး ဝေး ဆီကနေ အာရုံထဲ တဖြည်းဖြည်း နီးကပ်လာနေ၏။

အခိုက်အတန့်တော့ စိတ်သက်သာရာရမိသည်။ သို့ပေမယ့် ဆုပ်ကိုင်ထားသည့် အရာတွေကို လွှင့်ပစ်ရလောက်အောင် အထိတော့ကျွန်တော် မပြတ်သားနိုင်သေး။ ကျွန်တော့်အတွက် သောကဆိုသည့် မီးလျှံကိုပင် ကျွန်တော်က ဆုပ်ကိုင်ထားချင်ဆဲပင်။

အဲသည် သောက၏ မူလ အရင်းခံကိုလည်း မစမ်းစစ်မိ။

သေခြင်းတရားကသာ ကျွန်တော့်အတွက် အဆုံးအဖြတ် တစ်ခုကို ပေးနိုင်မည်လား။ သည်လို တွေးမိလျှင် ကျွန်တော့် ရင်ထဲမှာ တဖျစ်ဖျစ်မြည်ပြီး ကွဲကြေလွင့်ထွက်မတတ် နာကျင်သည်။

နွေးက ကျွန်တော့်ကို ခွဲခွာသွားမည် ဆိုပါတော့။

— — — — — — — — — — — — — — — — — —

ဘယ်မှာလဲ. . .

ကျွန်တော့် အနာဂတ်က ဘယ်မှာလဲ။

လင်းသန့်ရဲ့ ပျော်ရွှင်ခြင်းတွေ ဘယ်လို အဓိပ္ပါယ် ရှိတော့မှာလဲ။

အရှုံးတစ်ယောက်လိုပင် အော်ဟစ်ရယ်မိသည်။

[နွေး. . သေသွားရင် လင်းက လိုက်သေမှာလား၊ အဲလို တော့ မပြောနဲ့နော်၊ နွေး မယုံနိုင်ဘူး သိလား]

သည်စဉ်က နွေးမျက်ဝန်းထဲက နာကျင်ရိပ်ကို မြင်ခဲ့ရသည်။ တစ်ယောက်တည်း သွားရမည့်ခရီးအတွက် နွေး အဆင်သင့်ဖြစ်နေပြီဟု ကျွန်တော် မထင်ပါ။

နွေးဟာ . . . လင်းသန့်ကို လိုအပ်ဆဲပေ့ါ။

ဘယ်ကိုပဲသွားသွား အနားမှာ ချစ်သူကို အဖော် အဖြစ် ရှိစေချင်မှာပဲ။

မဖြစ်နိုင်ဘူး. . .။

ကျွန်တော့် ကျောထဲ စိမ့်သွားပြီး သည်နေရာက ထွက်ခွာဖို့ ပြင်လိုက်သည်။ ဆိုင်ကယ်ဘေးမှာ ကားဖြူတစ်စီးရပ် လာ၏။

"အဖော် ရှာနေတာလား"

ဟုမေးသံကြားသည်။ အဲသည် အမေးသည် ကျွန် တော့် နှလုံးအိမ်အတွင်းထိ နက်ရှိုင်းစွာ ဝင်ရောက်သွားခဲ့၏။

www.burmeseclassic.com

ကျွန်တော် လိုအပ်သမျှအတွက် တစ်ခုခုပေးဖို့လို အပ်လျှင် ကျွန်တော် မတွန့်တိုပဲ ပေးရမည်သာ။

သို့ပေမယ့် ...

ကျွန်တော်က ဘာကို လိုချင်မှန်း မသိ။

❖❖❖

www.burmeseclassic.com

မေမေသည် ကျွန်တော့် အိမ်အပြန်ကို တမင်ပဲ ထိုင်စောင့်နေဟန်ရှိ၏။ ညဥ့်နက်လှပြီဖြစ်လျက် အိမ်အောက်ထပ် စက်ခန်းထဲမှာပင် အိပ်တတ်သော ဦးလေးရွှေကို မမြင်။ မေမေက ကျွန်တော့်ကို တံခါးဖွင့်ပေး၏။ ဆိုင်ကယ်ကို အိမ်ထဲသွင်းယူလာသည်အထိ စိတ်ရှည်လက်ရှည် စောင့်နေသည်။

"သားကို စောင့်နေတာလား မေမေ"

ဟု ကျွန်တော်က မေးမိတော့ . . . မေမေက . . .

"ဟုတ်တယ်. . . . သား"

ဟု ခပ်ရိုးရိုးပင် ဖြေ၏။ မေမေ့ မျက်နှာမှာ ကျွန်တော့်အတွက် အကြောင်းထူးတစ်စုံတစ်ရာ ရှာမတွေ့။ နွေးရဲ့အခြေအနေ မေးဖို့ပဲဟု ကျွန်တော်က ထင်သည်။ အိမ်ရှေ့ တံခါးသော့ခတ်ပြီးသည့်အခါ မေမေက ကျွန်တော့်အခန်းထဲအထိ လိုက်လာသည်။ အနည်းငယ် အေးစိမ့်သော ရာသီမှာပင် မေမေက ပါတိတ်တစ်ပတ်နွမ်း လက်ပြတ်ရင်စေ့အင်္ကျီနှင့် ဆင်တူထဘီကို ဝတ်ထားပါသည်။ ပါတိတ်က ချည်ထည်စစ်စစ်မို့ ပေါ့ပါးပြီး အနေအေးသည်ဟု မေမေမကြာခဏ ပြောသံကြားရသည်။ ကျွန်တော့် အစ်

ကိုတွေလည်း မေမေပါတိတ် ကြိုက်မှန်းသိသည်မို့ မေမေ့အတွက်ဆို ပါတိတ်တွေသာ များများပို့ပေးတတ်ကြသည်။ အတွေးအခေါ်မှာ ရိုးစင်းပေမယ့် အဆင်အပြင်မှာ ခေတ်နှင့်လိုက် လျောညီထွေ ရှိတတ်သည့် မေမေသည် အသက်ငါးဆယ်တစ်နှစ် ရှိလာပြီဆိုပေမယ့် ဆံပင်ရှည်မထား ဆံထုံးမထုံးပဲ ပခုံးသာသာဆံပင်ကို အတွန့်အလိပ်တွေဖြစ်အောင် ကောက်လျက် ကလစ်လှလှဖြင့် စုချည်ထားတတ်၏။ မေမေက အသာဖြူသူမို့ လိုက်ဖက်သည်ထင်မိသည်။ ချွေးမလောင်းကိုပင် . .

"မေမေကတော့ ဆံပင်ရှည်ထားတာကို မကြိုက်ပါဘူးကွယ်၊ ခေါင်းလျှော်ပြီး ဆံပင်ရှင်းရတာ သိပ် စိတ်မရှည်ချင်ဘူး"

ဟုပြောတတ်သူ ဖြစ်သည်။ နွေးကတော့ မေမေ့ဒီဇိုင်းကို ကြိုက်သတဲ့။

"လင်းရဲ့မေမေက ဘယ်အချိန်ဖြစ်ဖြစ် သန့်ပြန့်မွေးကြိုင်နေတာပဲ၊ လင်းနဲ့တော့ တစ်ခြားစီပဲ"

"ဩော . . . ကိုယ်ကတော့ ညစ်ပတ်နံစော်နေတာပေါ့လေ"

"ဘောလုံးပွဲပြီးရင်ပြောတာပါ . . . လင်းရဲ့"

"အိပ်ရာဝင်ရင်တော့ ကိုယ်က အမြဲ ရေချိုး သွားတိုက်ပါတယ် . . . ကွာ"

နွေးက ကျွန်တော့်ကို တွန်းတိုက် ရယ်မောခဲ့သည်။ ပြီးတော့ ကြည်လင်နေသည့် အရေပြားတွေ နီမြန်းမြန်းဖြစ်လာ

သည်ကို မျက်နှာ ဝှက်ကွယ်ထားခဲ့သေးသည်။ နွေးက မျက်နှာ ကြည်လင် သူ အရေပြား ပါးလွှာသူမို့ သွေးခုန်နှုန်း မြန်လာလျှင် သိသာစွာ မျက်နှာ နီမြန်းလာသည်။

ဒါပေမယ့် . . ခုတော့ . . .

"လင်းသန့်"

"ဗျာ. . . မေမေ"

"သား ဘယ်သွားနေတာလဲ"

"ဗျာ"

မေမေ့အမေးက ထူးဆန်းလှသည် ထင်မိလျက် . . . ကျောခိုင်းထားရာကနေ လှည့်ကြည့်မိသည်။ မေမေသည် အိပ်ခန်း တံခါးကို ပြန်စေ့လျက် ကျွန်တော့် ခုတင်ခြေရင်းမှာ ထိုင်၏။ ကျွန်တော့်အိပ်ခန်းထဲမှာ ပရိဘောဂဟူ၍ ခုတင်တစ်လုံးနှင့် နံရံကပ် ဘီရိုသာရှိသည်။ ဘီရိုသည် နံရံနှင့် အပြည့်ဖြစ်ပြီး အကန့်သုံးကန့် ပါ၏။ အလယ်ကန့်သည် တံခါးရွက်မရှိ၊ မှန်တစ်ချက်သာရှိ သည်။ အပိတ်ဖြစ်သည်။ ကျန်သည့် နံရံများမှာတော့ ဘောလုံး သမားပို့စတာများနှင့် တင်းနစ်ရိုက်တံတစ်စုံ. . . အားကစားအလံ တချို့သာရှိသည်။ ဆုတံဆိပ်နှင့် ဓာတ်ပုံတွေကတော့ ကျွန်တော် တို့ အိမ်ဧည့်ခန်းအတွင်းမှာသာ ရှိလေသည်။

မေမေသည် သားတွေချည်း သုံးယောက်မွေးထား သည့်မိခင်မို့ ယောက်ျားလေးတွေ စရိုက်သဘာဝကို ထုံပေနေသည်

www.burmeseclassic.com

မို့လား မသိ။ ကျွန်တော်တို့ အပြင်ထွက်လျှင် အိမ်ပြန်နောက်ကျလျှင် မေးခွန်းတွေ သိပ်များများ မေးလေ့မရှိ။ ထို့ကြောင့်လည်း သည်နေ့ မေမေ့မေးခွန်းကို ကျွန်တော်စိတ်ထဲထူးဆန်းနေပြီး မလုံမလဲဖြစ်နေမိသည်။ သားတွေရဲ့အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး မေမေက လုံးလုံးလျားလျား ပါဝင်စွတ်ဖက်သည်မဟုတ်။ သို့ပေမယ့် အိမ်ထောင်မကျခင်မှာတော့ မေမေက ဆုံးမစကား ဆိုတတ်သည်။

[သူများ သားပျို သမီးပျိုကို . . . လိုက်လျှောတာပဲဆိုပြီး အခွင့်အရေး မယူနဲ့၊ လက်မထပ်ခင်မှာ. . . မလွန်ကျူးနဲ့၊ လက်ထပ်မယ် ရည်စူးထားပြီး လူသိခံပြီးမှ သစ္စာမဲ့တာမျိုး မလုပ်နဲ့၊ အိမ်ထောင်ရေး ဖောက်ပြန်တာကိုတော့ မေမေ ခွင့်မလွှတ်နိုင်ဆုံးပဲ]

ခုလည်း . . . ကျွန်တော်ကို မေမေက သည်စကားပဲ ဆိုလေမည်လားမသိ။ ကျွန်တော့်ဘက်က မေမေစိုးရိမ်ရလောက်အောင် ဘာတစ်ခုမှမတိမ်းစောင်းခဲ့သေးဘူး ဟု ကိုယ့်ကိုကိုယ် အားပေးသည်။ ပြီးတော့ မေမေ့ကို သမရိုးကျ မျက်နှာမျိုးနှင့် ရင်ဆိုင်နိုင်အောင်ကြိုးစားသည်။တကယ်တော့ အဲသည် မျက်နှာသည်ပင် မျက်နှာဖုံးတစ်ခု ဖြစ်နေလေသလား မသိ။

"နွေးတို့အိမ် သွားတယ်မေမေ"

" ပြီးတော့ရော . . . "

ကျွန်တော် ဆတ်ခနဲ တုန်သွားပြီးမေမေကို မေးခွန်းတစ်ခုဖြင့် ကြည့်လိုက်မိသည်။ မေမေ့ အေးစက်စက်အကြည့်က ကျွန်တော့်ကို ကျုံ့ဝင်သွားစေသည်။ သို့ပေမယ့် ကျွန်တော်တို့သားအမိ နှစ်ယောက်ကြား မပြောရဲသည့် စကားမရှိပါ။

"ဘာဖြစ်လို့လဲ မေမေ"

"ဘာမှမဖြစ်ပါဘူး၊ နွေးက သားပြန်သွားတာ မိုးချုပ်နေလို့စိတ်ပူပြီး အိမ်ပြန်ရောက်နေပြီလားလို့ ဖုန်းဆက်တာ"

"ဩော်"

ကျွန်တော့်ကို နွေးက စိတ်ပူသည်တဲ့။

ကျွန်တော် ဆိုင်ကယ်စီး ကျွမ်းကျင်မှန်း နွေး သိပါသည်။ နောက်ပြီး ကျွန်တော် အရက်လည်း မူးမနေပါ။ ကျွန်တော် နွေး ဆီက ပြန်ခဲ့သည့်အချိန်သည် လမ်းမပေါ်မှာ ကားတွေကျဲပါးချိန်လည်း ဖြစ်သည်။

ဒါပေမယ့် . . . နွေး စိတ်ပူနေသည်ဆိုတာလည်း မဖြစ်နိုင်သည့် အရာမှ မဟုတ်ပဲ။ ဟိုးအရင်ကတော့ ကျွန်တော် အိမ်ပြန်ရောက်ရောက်ချင်း (ကိုးနာရီ၊ ဆယ်နာရီထက် နောက်ကျလျှင်) နွေးဆီ ဖုန်းလှမ်းဆက်တတ်သည်။ ကျွန်တော်ပြန်ရောက်ကြောင်း သိစေရုံပါပဲ။

"သုဝဏ္ဏဘက် ခဏသွားတာ မေမေ"

"သား အဖွဲ့တွေ ရှိလို့လား"

www.burmeseclassic.com

"မဟုတ်ပါဘူး. . . တံတားပေါ် ခဏသွားထိုင်နေတာ"

ညာ, ပြောသင့်သည်လား။ စဉ်စား မရပါ။ မေမေ့ကိုညာဖို့ အကြောင်းမရှိဘူးထင်သည်။ ညာလည်းမညာဖြစ်ပါပဲ ကျွန်တော့် စိတ်ထဲမလုံမလဲဖြစ်ရသည်။ ကျွန်တော့်အဖြေကို မေမေက ထူးခြားဟန်မပြပေမယ့် ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောလိုဆဲ . . . ကျွန်တော့်ခုတင်မှာ ထိုင်ဆဲပင်။ ခပ်မြန်မြန် အင်္ကျီလဲလိုက်ပြီး ကျွန်တော် မေမေ့အနား ဝင်ထိုင်သည်။

"မေမေ. . ဘာပြောမလို့လဲ"

မေမေက ကျွန်တော့်ကို မျက်လုံးတွေထဲ သိမ်မွေ့စွာစူးစမ်း၏။

"ခုတလော သားကိုကြည့်ရတာ တစ်မျိုးပဲ"

"ဗျာ"

"သားရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး. . . ခုအနေအထားကို သးာစိတ်ပျက်လာပြီလို့ မေမေထင်တယ်၊ သား တခြား မိန်းကလေးတစ်ယောက်ယောက်များ တွေ့နေပြီလား"

"ဟာဗျာ. . . မေမေ့ကို ဘယ်သူပြောလဲ"

မေမေက ဝက်ဝုတ္တိကို နားမလည်သလို ကျွန်တော်ကလည်း စကားကို အဆင်ချောအောင် ပြောတတ်သူ မဟုတ်ပါ။

"ဘယ်သူမှ မပြောပါဘူး သားရဲ့၊ ဒါပေမယ့် သားကို ကြည့်ရတာ အရင်လို တက်တက်ကြွကြွမရှိဘူး၊ နွေးနဲ့ပတ်သက်

ရင် အရင်က သည်းသည်လှုပ်ဖြစ်သလောက် ခုတော့အေး စက်စက်နဲ့လိုပဲနော် ”

“ဟုတ်လား . . . တကယ်ပဲ အဲလိုဖြစ်နေသလားမေမေ ”

ကျွန်တော် ဘယ်သူ့ရှေ့မှာမှ ဟန်ဆောင်မရတော့ ဘူး ထင်ပါရဲ့။ ဒါမှမဟုတ် မေမေကပဲကျွန်တော့်ရဲ့ အရိပ်အကဲ ကို သိလွန်းတာလား။

ကျွန်တော်ကရော . . .

ကျွန်တော်တကယ်ပဲ ခုအခြေအနေကို စိတ်ပျက် လက်ပျက် ဖြစ်နေတာလား။ မေမေ့မျက်ဝန်းတွေထဲမှာ ကျွန်တော့် ကိုယ် ကျွန်တော် မြင်နိုင်မလား ရှာဖွေမိသည်။

“မေမေ့ကိုတော့ မင်း ဖုံးကွယ်ထားဖို့ မသင့်ဘူး”

“ဘာကိုလဲ မေမေ”

“ဘာကိုပဲ ဖြစ်ဖြစ်ပေါ့၊ မင်းနဲ့ နွေးရဲ့ကိစ္စကို မင်းဘယ်လို အဆုံးသတ်ဖို့ ကြံစည်နေသလဲဆိုတာ . . . ”

“ဟာဗျာ. . မဟုတ်ပါဘူး မေမေရာ”

“ဒါဆို နွေးကို ဆက်စောင့်မယ်ပေါ့”

ကျွန်တော် မဖြေမိ။ ဘာကြောင့် မဖြေမိသည်လဲ။ ကျွန်တော့်မှာ ဖြေစရာ အဖြေ မရှိတော့တာလား။ ရှိလျက်နဲ့ မဖြေ ချင်တာလား။

ဘာဖြေရမှန်းကို မသိတာဖြစ်မှာ . . .

"မသိဘူး မေမေ"

ကျွန်တော့်ဘာသာ ဘာဖြေလိုက်မှန်းမသိပဲ ဖြေမိသည်။ မေမေသည် ကျွန်တော့် အဖြေကို ဘာတစ်ခွန်းမျှ မတုံ့ပြန်ပဲ နှုတ်ခမ်းတွေက ခပ်ရေးရေး ပြုံးလာ၏။

"မေမေ ဘာပြုံးတာလဲ"

ကျွန်တော့်လက်မောင်းကို လှမ်းဆုပ်လျက် မေမေက ကျွန်တော့် မျက်လုံးတွေထဲ ထွင်းဖောက်ကြည့်သည်။

"သား ဟိုတုန်းက ပြောခဲ့တဲ့စကားကို မေမေ သတိရလို့ပါ တစ်ချိန်တုန်းကလည်း သားကို ဒီလိုပဲ မေးခဲ့ဖူးတယ်လေ၊ နွေးရဲ့ အခြေအနေကို ရေရေရာရာမသိရသေးခင်အချိန်က၊ သူ ကျန်းမာလာမှ လက်ထပ်ပါလို့ . . . ဟိုဒေါက်တာမလေး ပြောခဲ့တဲ့ အချိန်က . . . သားကို မေမေတို့ ဒီလို မေးခဲ့ဖူးတယ် မဟုတ်လား၊ အဲဒီတုန်းက သားဘယ်လို ဖြေခဲ့သလဲ၊ သားမှတ်မိသေးလား"

မှတ်မိတာပေါ့ . . .

သိပ် မှတ်မိတာပေါ့ မေမေ . . .

ဒေါသတွေနဲ့၊ နာကျင်မှုတွေနဲ့၊ မျက်ရည်တွေနဲ့ . . .

ကျွန်တော် ပေါက်ကွဲဆူပွက်နေခဲ့တယ်လေ။

[ဘယ်လို အခြေအနေပဲ ဖြစ်ဖြစ် နွေး အနားမှာ ကျွန်တော် အမြဲနေမယ်၊ ဒီလိုအချိန်မှာမှ ကျွန်တော်က နွေးကို ထား

ခဲ့ရမှာလား၊ လက်တွဲဖြုတ်ပစ်ခဲ့ရမှာလား၊ ကျွန်တော် ဘယ်
လို ကောင်လဲ၊

နွေးကို ကျွန်တော်က စ,ချစ်ခဲ့တာ၊ နွေးကို လက်ထပ်ဖို့
ကျွန်တော်က တောင်းဆိုခဲ့တာ၊ နွေး သေသည်ဖြစ်စေ၊
ရှင်သည်ဖြစ်စေ . . . နွေးဟာ ကျွန်တော့် လက်တွဲဖော်ပဲ]
အဲသည်မေးခွန်းကိုကျွန်တော် ခါးသက်ခဲ့သည်။

သောကတွေအပြင် . . . နောက်ထပ်ဒေါသနာကျင်
မှုများဖြင့် လောက်မြိုက်ခဲ့သည်။ သည်လို မေးရလောက်အောင်
ရက်စက်တတ်သူတွေလား လို့ အမျက်သင့်ခဲ့သည်။ နောက်နေ့
များစွာမှာ နွေးရဲ့ဖျော့တော့ ကြုံလှီသော လက်ချောင်းကလေးတွေ
ကို ဖွဖွဆုပ်ကိုင်ရင်းကျွန်တော် မျက်ရည်ကျခဲ့ရသည်။

ဒါတွေဟာ . . . သိပ် မဝေးလှသေးဘူးလား
အဝေးကြီးမှာ ကျန်ခဲ့ပြီလား။

"နွေး ပြန်ပြီး ကျန်းမာလာမှ ကိုယ်တို့ လက်ထပ်ကြစို့နော်၊
ခုလောလောဆယ်မှာ နွေးရဲ့ကျန်းမာရေးလောက် ဘယ်
ဟာမှ အရေးမကြီးတော့ဘူး သိလား"

လို့ ကျွန်တော် နွေးကို နှစ်သိမ့်ရင်း ငိုချင်နေခဲ့သည်။

"နွေးက တစ်သက်လုံး လူမမာကြီး ဖြစ်နေရင်ကော"

"ဟာကွာ. . . အဲလို နိမိတ်မရှိတဲ့စကားတွေ မပြောစမ်းနဲ့

နွေးရာ”

“ဟုတ်ပါဘူး လင်းရဲ့၊ စိတ်ကူးကြည့်တာပါ။ အဲဒါဆို . . . လင်းက တစ်သက်လုံး လူပျိုကြီး လုပ်နေမှာလား ”

“အင်းပေါ့”

“ဟုတ်ပါ့မလား မောင်ကာဠု ရဲ့’

နွေးရဲ့ ကျီစယ်စကားကို ကျွန်တော်က နားမလည်ပါ။ နွေးကတော့နားဝေးလှသော ကျွန်တော့်ကိုကြည့်ပြီး ရယ်ပင်ရယ်နေလိုက်သေးသည်။ နွေးကိုပဲ ငေးကြည့်နေရင်း ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် နွေးကိုချစ်နေသည့် အချစ်က လျော့မသွားနိုင်ဘူးဟု သေချာခဲ့သည်။

သနား ဂရုဏာစိတ်က ထပ်ဆင့်ပြီး နွေးအနားက ခွာမသွားရက်နိုင်အောင်ပင် အဖြစ်သည်းခဲ့ရသည်။ အဲသည် ခံစားမှုတွေကို ကျွန်တော်က မေ့ပစ်ခဲ့သည် မဟုတ်ပါပဲ။ ဝေးခဲ့ပြီဟု ထင်သော အတိတ်သည် လျင်မြန်စွာ ပြန်လည်နီးကပ်လာပြီး ကျွန်တော့်ရင်ထဲနွေးထွေးလှိုက်လှဲလာစေသည်။ လင်းသန့်ရဲ့ အနာဂတ်မှာနွေးရဲ့ အရိပ်ပျောက်ကွယ်သွားခဲ့လျှင်ဟု တွေးမိလိုက်တိုင်း ရင်ထဲမှာ လှပ်ဟာနာကျင်ရသည့် ခံစားမှုမျိုးကို ပြန်ရသည်။ ဒါပေမယ့် နွေးသည် လင်းသန့်အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခု ဟုတ်သလား မဟုတ်သလား ဆိုတာကိုတော့ ကိုယ့်ကိုယ်ကို ပြန်မမေးချင်။

"မေမေဘာပြောချင်တာလဲ မေမေ၊ သားက ကွေ့ကွေ့ကောက်ကောက်တွေ သိပ်နားမလည်ဘူးနော်"

"သိတာပေါ့. . . မေမေ သိပ်သိတာပေါ့ လင်းသန့် ရယ် သားက သွယ်ဝိုက်တာ တန်ဆာဆင်နာတွေ မူယာမာယာများတာတွေကို မကြိုက်ဘူး၊ အဲဒါကြောင့်လည်း ရိုးရိုးပွင့်ပွင့်လင်းလင်းရှိတဲ့ နွေးကို မင်း . . . စိတ်ကြိုက် ရွေးခဲ့တာ မဟုတ်ဘူးလား၊ နွေးနွေးကိုပဲ တစ်သက်လုံးပဲ လက်တွဲမယ်လို့မင်း ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် . . . မေမေရဲ့၊ ခု သားက ဘာဖြစ်နေလို့လဲ"

"သား. . . ဘာမှ မဖြစ်ဘူးလို့ ညာမလို့လား၊ အေးလေ. . ကိုယ်ချင်းမစာလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်ကွယ် . . . အဖော်ဆိုတာ . . . ဘဝမှ ကောင်းတူဆိုးဖက် ခံစားသင့်တာ မဟုတ်လား၊ အကောင်းကို မျှယူသလို အဆိုးကိုလည်း မျှယူနိုင်ရမှာပေါ့"

"ဟုတ်ပါတယ် မေမေ၊ ကျွန်တော်လည်း အဲဒီလိုပဲ ခံယူထားပါတယ်၊ မေမေက ကျွန်တော့်ကို သစ္စာမရှိဘူးလို့. . . . ပြောချင်တာလား၊ နွေးကွယ်ရာမှာ ဖောက်ပြန်နေတယ်လို့ စွပ်စွဲချင်တာလား"

"ဖောက်ပြန်နေတယ်လို့ ပြောရလောက်အောင် အခြေအနေမျိုးမှ မဟုတ်သေးဘဲ သားရယ် . . . ဒါပေမယ့် . . . နွေး

www.burmeseclassic.com

ကို စိတ်ထိခိုက်စေမယ့် ကိစ္စမျိုး မလုပ်စေချင်ဘူး နော်"

"မေမေ"

ခုချိန်မှာ နွေး ဘယ်လိုခံစားရမည် မသိပေမယ့် . . . တကယ်တမ်း စိတ်ထိခိုက်ရသူက ကျွန်တော်သာ ဖြစ်ကြောင်း . . . မေမေနားလည်နိုင်အောင် ဘယ်လိုပြောရမည် မသိချေ။

မျက်ရည် လွယ်သော်လည်း ခေါင်းမာတတ်သည့် ကျွန်တော် သည် မေမေ့ ရင်ခွင်မှာ မျက်နှာအပ်လျက် ငယ်စဉ်က လို ငိုကျွေး ချင်မိသည်။ မေမေက ကျွန်တော့် ပခုံးကြောတွေကို လက်ချောင်းများဖြင့် ဖိလျက် နှိပ်နယ်နေရင်း ကျွန်တော့်ကို . . .

"စိတ်မတိုပါနဲ့ သားရယ်၊ သားကို သစ္စာကြီးသူ ဖြစ်စေ ချင်လို့ပါ"

ဟု ခပ်တိုးတိုးပြောလေသည်။

"ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်လို သတင်းတွေများကြား ရလို့လဲ မေမေရယ်"

"မိန်းကလေးတစ်ယောက်က သားကို တော်တော်လေး အ ရေးတယူ ရှိနေတယ်ဆို ၊ ဒါပေမယ့် သားကတော့ ထိန်း သိမ်းနိုင်ပါတယ် . . . တဲ့"

"ဒါနဲ့များ မေမေရယ်"

ကျွန်တော့် စကားသံက စိတ်ပျက်လက်ပျက် ညည်း ညူးသံတစ်ခု ဖြစ်နေသည်။

— — — — — — — — — — — — — — — — — — — —

"ထိန်းသိမ်းနိုင်တယ် ဆိုတဲ့အတွက် မေမေက ချီးကျူးပါတယ်၊ ဒါပေမယ့် အဲဒီလို ထိန်းသိမ်းနိုင်တယ်ဆိုတာက သားကိုယ်တိုင် စိတ်ပါလက်ပါဖြစ်စေချင်တယ်၊ စိတ်ကို ဖိသိပ်ချိုးနှိမ်ထား ရတာဆိုရင်တော့ တစ်နေ့နေ့မှာ ပေါက်ကွဲပြီး ထိန်းသိမ်းမရ ဖြစ်တတ်တယ် သားရဲ့"

ကျွန်တော့်တစ်ကိုယ်လုံး နိုးခွေချိနဲ့သွားသည် ။ မေမေသည် ကျွန်တော့်ကို ကျွန်တော့်ထက်ပိုပြီး နားလည်နိုင်သူဖြစ်သည်ဆိုတာ သံသယ ဖြစ်စရာမရှိ။ သို့ပေမယ့် အဲဒါကို ဝန်ခံဖို့ကျတော့ ခက်လှသည်။ ဘောလုံးတစ်လုံးကို တစ်ဖက်အသင်း၏ ခြေထဲကနေ လိမ်ခေါက်ဆွဲယူပြီးကွင်းတစ်ကွင်းဖြတ်လျက် သယ်ဆောင်ခဲ့သည့်အရည်အချင်းကိုကျွန်တော် အမြဲ ဂုဏ်ယူခဲ့သည်။ တကယ် တမ်းကျတော့ ကျွန်တော်သည် ဘောလုံးကလွဲပြီး ဘာကိုမှ ပိုင်နိုင်သူမဟုတ်။

"ကျွန်တော် . . . နွေးကို သစ္စာ မဖောက်ပါဘူး မေမေ"

မေမေက ပြုံးလျက်သာ နေသည်။ မေမေ့ အပြုံးသည် လှောင်ပြုံးတစ်ခု မဟုတ်ဘူးဟု မေမေကိုယ်တိုင် သေချာနိုင်ပါရဲ့လား။ မသိ။ ထို့နောက်မှာတော့ မေမေက ကျွန်တော့်ကို တခြား ရောက်တတ်ရာရာစကားတွေ လွှဲဖယ်ပြောလျက် . . . စိတ်လွတ်မြောက်စေခဲ့သည်။ဒါပေမယ့်. . . သည်ညအဖို့တော့ မေမေ့အပြုံးနှင့် မေမေ့စကားများစွာသည် ကျွန်တော့်အတွက် ချောက်

www.burmeseclassic.com


အိပ်မက် တစ်ခုဖြစ်နေတော့မည်။

❖❖❖

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com



www.burmeseclassic.com

လင်း . . . အိမ်ပြန်မရောက်သေးဘူးဟု ကြားရသည့်အခါ ကျွန်မစိတ်ရဲ့ ယောင်ယက်ခတ်မှုက ကျွန်မ ကိုယ်တိုင်ပင် ပြန်ပြီး အံ့သြရလောက်အောင်ဖြစ်သည်။ ဆေးရုံ သုံးလေးခေါက် တက်ပြီးသည့်အခါ . . . ကျွန်မသည် ကျွန်မခန္ဓာကိုယ်ရဲ့ အခြေအနေကို အမှန်အတိုင်း သိမြင်လာပြီး အဲသည်အသိကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်အောင် ကြိုးစားရသည့်အထဲ လင်းနှင့်ပတ်သက်သည့် နှောင်ဖွဲ့မှုသည် ကျွန်မအတွက် အခက်ခဲဆုံး၊ အပင်ပန်းဆုံးပင် ဖြစ်သည်။

တယ်လီဖုန်း အနားမှာ ကျွန်မ ခြေပစ်လက်ပစ်ထိုင်ပြီး စိတ်တွေ ကစဉ့်ကလျား ဆောက်တည်ရာမဲ့နေချိန်သည် ညဆယ်နာရီ ကျော်ကျော်ရှိနေပြီ။

လင်း . . .

ဘာကြောင့် အိမ်ပြန်မရောက်သေးတာလဲ။

ဆိုင်ကယ်ကို အရှိန်ပြင်းပြင်း မောင်းပြီး အက်ဆီး

ဒင့် ဖြစ်သလား။

လမ်းမှာ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွေ့နေသလား။

ညဆယ်နာရီဆို . . . ဘီလီယက်ခုံတွေလည်း ပိတ်လောက်ပြီ ထင်ပါရဲ့။

သည်လိုမှ မဟုတ်လျှင် . . .

ကျန်းမာသန်စွမ်းဆဲ ယောကျ်ားပျိုတစ်ယောက်ရဲ့ အိမ်ပြန်ချိန်က သိပ်ညဉ့်နက်နေပြီဆိုလျှင် . . .

ရင်ထဲက လှိုက်ပြီး မောပန်းလာသည်။ ကျွန်မရဲ့ အသိဉာဏ်တွေက ကျွန်မကိုဆုံးမဖို့ သိပ်အရာမဝင်တော့ဘူး ထင်ပါရဲ့၊ လင်းကို နှမြောတွယ်တာစိတ်တွေကို တဖြည်းဖြည်းလျှော့ပစ်ဖို့ဆိုတာ ကျွန်မ အသိတရားရဲ့ တိုက်တွန်းချက်သာဖြစ်ပြီး နှလုံးသားကတော့ လုံးလုံးလျားလျား လက်မခံခဲ့ချေ။

လင်းရဲ့ အသက်သာ နှစ်ဆယ့်ခြောက်နှစ် ကျော်ခဲ့ပြီ။

လင်းနှင့်ကျွန်မ စပြီး ဆုံစဉ်က . . . လင်းသည် အသက် နှစ်ဆယ့်သုံးနှစ်အရွယ် ကလေးမျက်နှာလေးလို နုပျိုဆဲဖြစ်၏။ သုံးနှစ်တာ ကာလအတွင်းမှာ ကျွန်မထံက လင်း မျှော်လင့်သမျှ ရနိုင်ခဲ့လိမ့်မည်ဟု ကျွန်မမထင်ပါ။ အနာဂတ်ဆိုတာလည်း လင်းအတွက် မျှော်လင့်စရာ သိပ်မကျန်ရစ်တော့။ လင်း

ဟာ ကျွန်မကို ဘာကြောင့် တွယ်တာနေရဦးမှာလဲ။

အင်းလေ . . .

ဘာကြောင့် တွယ်တာ နေရဦးမှာလဲ . . .

အမြဲတမ်း သွေးနှင့် အသက်ဆက်နေရည့် မိန်းမ တစ်ယောက် . . .

အသက်ရှည်ဖို့ပင် မရေရာသည့်မိန်းမတစ်ယောက်ကို . . .

ဒါပေမယ့် . . . လင်းက ကျွန်မကို ချစ်နေဆဲပဲလေ။

တယ်လီဖုန်းကို ဆုပ်ကိုင်ထားသည့် လက်တွေထဲ ချွေးများဖြင့် စေးထန်းလာသည်။ တယ်လီဖုန်းကို ပြန်ချပြီး . . . အနားက ဆက်တီမှာ ခန္ဓာကိုယ်ကို မှီထားလိုက်ရ၏။ ဧည့်ခန်း မီးသာ လင်းလက်နေပြီး တစ်အိမ်လုံး မီးတွေမှောင်နေပြီ။ မေမေ သည် အိပ်ခန်းထဲကနေပြီး ကျွန်မရဲ့လှုပ်ရှားသံသဲ့သဲ့ကို နားစွင့် နေလိမ့်မည်။ ကျွန်မအိပ်ပျော်နေပြီလားဆိုတာ မကြာခဏ လာစမ်း ကြည့်လိမ့်မည်။ ကျွန်မ ခုတင်ဘေးမှာ တိတ်ဆိတ်စွာရပ်ပြီး ကျွန်မ ရဲ့ နှလုံးခုန်သံ၊ အသက်ရှူသံကို နားစွင့်နေလိမ့်မည်။

ကျွန်မကို ငြိမ်ငြိမ်သက်သက် စောင့်ကြည့်နေသည် ကလွဲလျှင် မေမေသည် ကျွန်မရဲ့ စိတ်ဆန္ဒအတိုင်း . . . အပြုအမူ တွေ ဘာတစ်ခုကိုမှ တားမြစ်လိမ့်မည်မဟုတ်။

"ဘုရားစင်မှာ နှင်းဆီ အဝါရောင်လေးတွေ ကပ်ချင်တယ်

www.burmeseclassic.com

မေမေ”

ဟု ဆိုလျှင် ဈေးသို့ပြေးပြီး နှင်းဆီပန်း ဝယ်ပေးမည်။ ဘုရားအိုးမှာ လှလှလေး ထိုးစိုက်ဖို့ အရွက်တွေ ဆူးတွေကို ကတ်ကြေးဖြင့် ညှပ်ပေးမည်။

“ပင်လယ်ငါး ကင် စားချင်တယ် မေမေ”

ဟု ဆိုလျှင် ဖေဖေ့ကို လွှတ်ပြီး ကျွန်မ နှစ်သက်သည့် စမ်းချောင်းက အကင်ဆိုင်မှာ ပြေးဝယ်ခိုင်းမည်။ မိခင်တစ်ယောက်၏ မေတ္တာနှင့်အကြင်နာသည် သားသမီးတွေအပေါ် ထာဝရရှင်သန် လွှမ်းခြုံမြဲဆိုပေမယ့် ကျွန်မအတွက် လိုလေသေးမရှိ ဖြည့်ဆည်းပေးနေသည့် ဖေဖေနှင့်မေမေ့ အကြင်နာတွေကိုတော့ ကျွန်မ ယူကြုံးမရ ခံယူရလေသည်။

ကျွန်မ သိနေနိုင်သားပဲ။

ဖေဖေ မေမေ အရိပ်အောက်က ထွက်ခွာသွားရမည့်အချိန်မှာ ကျွန်မ နှုတ်ဆက်စကားပင် ဆိုနိုင်ပါ့မလား။ ဘယ်လိုနာကျင်မှုမျိုး၊ ဘယ်လို မောပန်းမှုမျိုး၊ ဘယ်လို အသိတရားကင်းမဲ့ပုံမျိုးနှင့် ထွက်ခွာသွားရမည်ဆိုတာ ဘယ်သူက ကြိုသိနိုင်မှာလဲ။ သေချာမှုတစ်ခုကတော့ အဲသည်ခရီးမှာ ကျွန်မတစ်ယောက်တည်းသာ ဖြစ်လိမ့်မည်။

ဘယ်သူ့ကိုမှ အဖော်ခေါ်ခွင့် မရှိ။

တစ်ယောက်တည်း ထွက်ခွာသွားရတော့မည့် သမီး

ငယ်အတွက် မေမေ ကရုဏာတွေ ပိုနေတာပေ့ါ။

နေ့စဉ်နှင့်အမျှ ကြောင့်ကြ ငိုကျွေးနေရတာပေ့ါ။

တကယ်တော့ မခွဲချင်ဘူး . . .

ဘယ်သူနဲ့မှ မခွဲချင်ပါဘူးကွယ်။

မျက်ရည်တွေ စီးကျလာပေမယ့် ငိုရှိုက်ခွင့် မရှိ။ တိတ်ဆိတ်စွာပင် ပါးပြင်က မျက်ရည်တွေကို တို့သုတ်ရသည်။ ကျွန်မရင်ထဲက သောကကို ဘယ်သူမှ မမြင်စေရ။

[နွေးရဲ့ မျက်နှာက ကြည်လွန်းလို့ အဲဒီ မျက်နှာလေးက တစ်ဆင့် နွေးရဲ့ စိတ်ကိုတောင် မြင်နေရတယ်] . . . တဲ့။

လင်းက သည်လို ပြောဖူးတယ်နော်။

လင်း . . . နှစ်လိုသည့် မျက်နှာလေးကို အမြဲပင် ကြည်လင်နေစေချင်သည်။ ခုတော့ ကျွန်မနှင့် လင်းသည် အရင်ကလို လင်းက ကျွန်မကို အရိပ်လိုကြည့်ရသည့် အခြေအနေမျိုး မဟုတ်တော့။ မျက်နှာပြင်က ကြည်လင်နေသလို ကျွန်မ စိတ်တွေ ကြည် လင်မနေနိုင်တော့သည့်အခါ လင်းအပေါ် လျှို့ဝှက်ဖို့ ကျွန်မ ကြိုးစားတတ်လာပြီ။

အို . . .

ဘယ်သူ့အပေါ် မဆို ကျွန်မ ဖုံးကွယ်တတ်လာပြီ။

နောက်ဆုံး သေခြင်းတရားမှာ ကျွန်မ သွေးပျက် ကြောက်လန့်နေသည့်အဖြစ်ကိုတောင် ကျွန်မဘာသာ လိမ်ညာနေ

www.burmeseclassic.com

တတ်ပြီပဲ။ ပြီးတော့ ကျွန်မ စိတ်ချမ်းသာဖို့ ဘာကိုမဆို ကျွန်မ ကိုယ် ကျွန်မ လိမ်ညာဝံ့လာသည်။

ဒါဆို . . . ခု ရော . . .

လင်းက အိမ်ပြန်ရောက်မလာဘူးတဲ့။

လင်းသန့်သည် ကျွန်မရဲ့ ပိုင်ဆိုင်မှုမှ မဟုတ်ပဲ နော်။ ကျွန်မ ဘာတတ်နိုင်မှာလဲ . . . ။

ဒါပေမယ့် . . . ကျွန်မက လင်း . . . ကျွန်မအပေါ် သစ္စာ မြဲနေသေးသည် ဆိုတာကိုသာ အလိုရှိသည်လေ။

မျက်ရည်တွေကိုလက်ဖဝါးဖြင့် ပွတ်ပစ်လိုက်ပြီးသည့်အခါ ကျွန်မရင်ထဲက တုန်လှုပ်မှု နည်းနည်း သက်သာလာသည်။ အော်ဟစ်ငိုပစ်ဖို့ အခွင့်အရေးကို ကျွန်မဘယ်လောက်ကြာကြာ ဆုံးရှုံးရမည်မသိ။ နောက်ဆုံး အချိန်အထိပဲ ထင်ပါရဲ့။

တယ်လီဖုန်းသံက ရုတ်တရက် ကျယ်လောင်စွာ မြည်လာသည်။

ကျွန်မ ထိတ်လန့်သွားပေမယ့် ချက်ချင်း ကောက်ကိုင် လိုက်၏။

"ဟဲလို"

"နွေး"

လင်းရဲ့အသံက အေးစက် အက်ရှနေလေသည်။

"လင်း"

ရုတ်တရက် ဝမ်းနည်းသွားပြီး မျက်ရည်တွေ ပြို ဆင်းလာပြန်သည်။ တကယ်တော့ ကျွန်မက အလွယ်တကူ မျက်ရည်ကျတတ်သူ မဟုတ်ပါ။

"ပြန်ရောက်ပြီလား"

"အင်း . . . ပြန်ရောက်ရောက်ချင်းပဲ၊ နွေး ငိုနေတာလား"

"မဟုတ် . . . . . ."

"အသံဝင်နေတာလား၊ ငိုနေတာထင်တယ်၊ နွေး ဘာဖြစ်လို့ ငိုနေတာလဲ၊ ကိုယ် ပြန်မရောက်သေးဘူး ထင်လို့လား"

မဟုတ်ဘူး . .

မဟုတ်ဘူး လင်း ရယ် . . .

နွေး . . . ငိုရတဲ့အကြောင်းပြချက်တွေ များလွန်းလို့ မသိချင်ပါနဲ့တော့။ ဒါပေမယ့် . . . နွေးကိုယ်တိုင်လည်း သေချာ မသိခဲ့ပါဘူးလေ။

"လင်း . . . ဆိုင်ကယ် ပျက်နေသလားလို့ပါ"

"နွေး ရယ်"

ပင့်သက်ရှိုက်သံပဲ ထင်သည်။ တော်ပြီ . . . နောက် ကို ဖုန်း မဆက်တော့ဘူး။

ဒါပေမယ့် . . . လင်းရယ် . . .

အတူနေခွင့်ရတဲ့ အခိုက်အတန့် ဆိုတာက . . . တို တောင်းလွန်းသလိုပါပဲ။

— — — — — — — — — — — — — — — — — —

**စေတနာစာပေ**

www.burmeseclassic.com

[တို့ နှစ်ယောက် လက်ထပ်ကြရအောင်]

လို့ ပြောရင် . . . လင်း . . . ကျိတ်ရယ်မှာလား။

"ဟိုစဉ်းစား ဒီစဉ်းစားနဲ့ လျှောက်ပြီး စိုးရိမ်မနေနဲ့၊ ကိုယ့်ကိုယ်ကို နေကောင်းအောင်နေပါ နွေးရယ်"

"နေကောင်းပါတယ် လင်းရဲ့၊ လင်း ပြန်သွားတာက . . . နောက်ကျနေပြီမို့ပါ။ ပြီးတော့ ကိုကို ပြန်လာတော့မှာတဲ့ အဲဒါလည်း ပြောချင်လို့"

"ဟုတ်လား . . . ကိုဇာနည် ပြန်လာတော့မှာလား"

"အင်း . . . ကြိုတဲ့နေ့ . . . လင်းလည်း လိုက်ခဲ့နော်"

"လိုက်မှာပေါ့ . . . ဘယ်တော့ လာမှာလဲ"

"မသိဘူး လင်းရဲ့၊ ဆယ်ရက်အတွင်း ပြန်ရောက်မယ်တဲ့၊ ဖုန်းထပ်ဆက်ဦးမှာ . . . တဲ့၊ ကိုကိုက နွေးတို့ လက်ထပ်ပြီးပြီလား . . . လို့ မေးနေတယ်"

စကားပြောရင်းပင် စိတ်လှုပ်ရှားမှုကြောင့် မောပန်းလာသည်။ လင်းရယ်သံသည် ဖုန်းထဲမှာမို့လားမသိ. . . ဖျော့တော့လှ၏။

"ကိုကို့ကို စောင့်နေတာလို့ ပြောလိုက်ပါလား"

"အင်း . . . ပြောလိုက်တာပေါ့"

"တကယ်လား . . . ဒါဆို ဝတ်စုံတွေ ချုပ်ထားလိုက်ရအောင်လေ"

www.burmeseclassic.com


ကျွန်မ ကြိုးစားပြီး ရယ်ပစ်လိုက်သည် ။ လင်းက စကားသံ တိတ်သွားပြန်၏။ အတော်ကြာမှ . . .

"နက်ဖြန် ကိုယ်လာခဲ့မယ်"

တဲ့ . . . ။

"ဝတ်စုံ သွားချုပ်မယ်လေ"

ဆိုတော့ လင်းက . . .

"အင်းပေါ့"

တဲ့။ ကျွန်မ မိုက်မဲစွာ ကျေနပ်ပျော်ရွှင်မိလေသည်။ လင်းက ကျွန်မရဲ့စိတ်ကို သိတတ်သူပဲ။

ဒါပေမယ့် ကွယ် . . .

သည်လောက် အသက်အရွယ်နဲ့ လင်းကို 'မုဆိုးဖို' ဆိုတဲ့ နာမည်တစ်ခု တပ်မပေးနိုင်ပါဘူး။ သိပ်ကို မတရားရာ ရောက်မှာပေါ့။ စိတ်ကူးတွေ တကယ် ဖြစ်ခွင့်အတွက် ကျွန်မ ဘယ်လိုမှ မဖန်တီးနိုင်ခဲ့ပါလား . . . နော်။

"တို့နှစ်ယောက်တည်း သိမယ်နော် "

စိတ်လှုပ်ရှားမှုက . . . ကျွန်မကို မောပန်းစေသည်။ လင်းကို မျက်စိမှိတ်ပြီး ယုံချင်နေသည့် မိန်းကလေးပဲလေ။ ကျွန်မက တကယ်ပဲ သည်လို ဖြစ်စေချင်သည်ဆို လင်းက အရောက်လာမှာပဲဖြစ်သည်။ ခဏလေး ပျော်ရွှင်ခွင့် ရမည်လား။

နောက်တော့ . . .

"နွေး . . . စိတ်ချမ်းသာမယ်ဆို . . . ပျော်မယ်ဆို ပြီးတာပဲ တို့ တိတ်တိတ်ကလေး လက်ထပ်ကြမယ်လေ၊ လူကြီးတွေကိုတော့ နွေး နေကောင်းလာမှ ဖွင့်ပြောကြတာပေါ့"

လင်းရဲ့ အသံက တကယ့်ကို တိုးတိုးကလေး . . . [နွေး စိတ်ချမ်းသာမယ်ဆို . . . ပျော်မယ်ဆို . . . ပြီးတာပဲ] ဟင်အင်း . . .

အဲသည်လို လိုက်လျောမှုမျိုးကို လိုချင်တာ မဟုတ်ဘူး။ နွေးကို ပုံမှန်လူတွေနဲ့ ခွဲခွာပြီး ညှာတာလိုက်လျောနေရတဲ့ အခွင့်အရေးမျိုးကို မရချင်ဘူး။

တကယ့်ကို မရချင်ပါဘူး။

"လင်း"

ကျွန်မ စိတ်အထင်မို့လား မသိ။

သက်ပြင်းရှိုက်သံလေး ဖုန်းထဲအထိ ကြားနေရသည်။

"တစ်ခါတလေတော့လည်း ကလေးတွေကို ပေါက်ကရလေးဆယ် စိတ်ကူးကြည့်မိတာပေါ့နော်၊ ကဲ . . . လင်း . . . အိပ်ရေး ပျက်တော့မယ် အိပ်တော့"

ဝမ်းနည်းငိုချင်မိသည့် စိတ်တွေကို အနိုင်နိုင်ထိန်းပြီးပြောရသည်။ သည်အချိန်မှာ လင်းရဲ့မျက်နှာကို တကယ်ပဲ မြင်ချင်မိသည်။ ကျွန်မ ရှေ့မှာဆိုလျှင်တော့ လင်းက လှိုက်လှဲမှု

တွေ ပြည့်နေသည့် မျက်နှာမျိုးနှင့် နေမှာပေါ့။

ဒါပေမယ့် လင်းမျက်ဝန်းထဲမှာ ခံစားမှုတွေ အေးစက်သေဆုံးနေတာကိုတော့ ကျွန်မ သိနေခဲ့ရတာ ကြာပါပြီကွယ်။ လင်းရဲ့ နှုတ်ခမ်းတွေ ပြုံးရယ်ချိုမြနေပေမယ့် . . . လင်းရဲ့ မျက်လုံးတွေထဲမှာ နူးညံ့လှသည့် နွေးထွေးလှသည့် ချစ်အရိပ်တွေ ပျောက်ဆုံးခဲ့ပြီ။ ကျွန်မအတွက် ပျောက်ဆုံးခဲ့ပြီးလို့သာ ဆိုချင်ပါရဲ့။

"ကိုယ်က ပြဿနာမရှိပါဘူး၊ နွေးသာ အိပ်ရေးပျက်ရင် အားနည်းနေမယ် ၊ အိပ်တော့ . . . နက်ဖြန် ကိုယ် လာခဲ့မယ်"

"လင်း"

"ဗျာ"

လင်းရယ် . . .

နွေးကို ချစ်နေသေးရဲ့လား . . .

အရင်ကလို ချစ်နေသေးရဲ့လား ကွယ် . . .

ဆန္ဒတွေ မရောင့်ရဲနိုင်ခြင်းတွေ များလှသည်ရယ်လို့ ကိုယ့်ကိုယ်ကို သတိပေးချင်ပေမယ့် . . . မေးချင်သည်။ လင်းရဲ့ နှုတ်ခမ်းဖျားက စကားကိုပင် အမှန်လို့ ယုံချင်သည်။

မိန်းမတွေဟာ အချစ်နဲ့ပတ်သက်ရင် မိုက်မဲရူးသွပ်လှသည် နော်။

"နွေး"

www.burmeseclassic.com

အင်း . . .

လင်းရဲ့ခေါ်သံကတော့ စိုးရိမ်မှု အပြည့်နဲ့ပါနော်။ ကျွန်မသည် ကိုယ့်ဘာသာ အော်ဟစ်၍ပင် ရယ်ချင်မိပြန်သည်။

"ဘာဖြစ်လို့ အသံတိတ်သွားတာလဲ . . . ဘာပြောမလို့လဲ"

အသက်ရှူ မြန်လာပြီး ကျွန်မ တစ်ကိုယ်လုံး ပူနွေး ရှိန်းမြ လာသည်။

"အရင်လို ချစ်သေးရဲ့လား ဟင်"

တစ်ဖက်က အသံတိတ်သွားသည်ကို တစ်ကမ္ဘာလောက် ကြာမြင့်လှသည်ဟုပင် စိတ်က ထင်မိ၏။

❖❖❖

www.burmeseclassic.com

မှန်ထဲမှာ မြင်ရသည့်မိန်းမသည် မျက်ဝန်းကြည်ကြည်တွေက လွဲပြီး ဘာတစ်ခုမှ ကျန်းမာသည့်လက္ခဏာ မကျန်ရစ်တော့သည့် နာတာရှည် လူမမာတစ်ယောက်ဖြစ်သည်။ မျက်ဝန်းတွေကသာ နဂိုရှိရင်းစွဲအတိုင်းမို့ ကြည်ရသည်။ တောက်ပ ရွှန်းလဲ့သည့် ကြည်လင်ခြင်းမျိုးမဟုတ်၊ သွေးရောင်ဖျော့သည့် ဖြူလျော်ကြည်လင်ခြင်းမျိုးသာဖြစ်သည်။ အချိန်မရွေး ကာလမရွေး လောကကို ဘဝကို ခွဲခွာသွားနိုင်ပြီး သည်လိုအတိုင်း သူတစ်ပါး၏ အရိပ်ကြည့်ခံ . . . ပြုစုခံဘဝမျိုး အနေအထားမျိုးနှင့် အကြာကြီးနေချင်လည်း နေရလိမ့်မည်။ သေချာသည်ကတော့ ထိုမိန်းမသည် အရင်ကလို တက်ကြွပျော်ရွှင်ခဲ့ဖူးသော အခြေအနေမျိုးကို နောက်တစ်ကြိမ် ပြန်မရနိုင်တော့။

ဘယ်လိုမှ ပြန်မရနိုင်တော့။

မှန်ထဲမှာ မြင်ရသည့် ပုံရိပ်သည် ကျွန်မ ကိုယ်တိုင်ပင် ဖြစ်နေသည်ကို ရင်ထဲက အော်ကလီဆန်အောင် စက်ဆုပ်နေမိတော့သည်။ ရှေးရှေးဘဝက ကံကြွေးတင်ခဲ့သည်ဆိုလျှင် ကျွန်မသည် ဘယ်လောက် ဆိုးရွားသည့် အပြုအမူမျိုး ဖျက်ဆီးခြင်းမျိုး

ကို ပြုလုပ်ခဲ့သူပါလိမ့်။ မှန်ထဲက ပုံရိပ်မှာ မျက်ဝန်းက မျက်ရည်များဖြင့် စိုစွတ်လာသည်။ တော်ရုံတန်ရုံဖြင့် စိတ်ဓာတ်ကျတတ်သူ မဟုတ်ပါပဲ ခုတော့ ကျွန်မသည် လိုတိုင်းမရနိုင်သည့် ခန္ဓာကိုယ်ကို စိတ်ပျက်ခြင်း၊ သိမ်ငယ်ဝမ်းနည်းခြင်းများဖြင့် အချိန်များစွာကို ဖြုန်းတီးပစ်နေရသည်။

ကျွန်မ ကိုင်တိုင် မခင်တွယ်ချင်သည့် ခန္ဓာကိုယ်ကို ဘယ်သူကရော ခင်တွယ် တန်ဖိုးထားနေဦးမှာလဲ။ မှန်ရှေ့က ခွာလိုက်လျှင် ကျွန်မ ခုတင်ခြေရင်းမှာ အရုပ်ကြိုးပြတ် ထိုင်လျက်ကျသွားသည်။

]ဟိုအရင်တုန်းက . . . လိုပါပဲ]

ဟင့်အင်း . . .

မဟုတ်တော့ဘူး . . . နော် . . .

ခပ်စောစောလေးက တယ်လီဖုန်းထဲမှာ ကြားလိုက်ရသည့် အသံက ကျွန်မကို စက္ကန့်မလပ် နှိပ်စက်ကျီစယ်နေလေသည်။ လင်းရဲ့စကားသံကို မှန်ကန်စွာ သရုပ်ခွဲတတ်သည့် အတတ် ပညာမျိုး ကျွန်မ ဘယ်တုန်းကတည်းက ရလာမှန်းမသိပါ။ လင်း အပေါ် တွယ်တာစိတ်သည် ကျွန်မ ကျန်းမာရေးချို့ယွင်းလာသည့်ကာလတွေမှာ တစ်စ တစ်စ ပိုပြီးတိုးလာသည် ထင်မိ၏။ လင်းရဲ့ မျက်နှာကိုပဲ အရိပ်လို ကြည့်ချင်မိတာလား။ ဒါမှမဟုတ် လောကကြီးအပေါ် မိမိဝန်းကျင်နှင့် အသိုက်အမြုံအပေါ် တွယ်ငင်

စိတ် ကြီးမားလာသည့် ကျွန်မ ကိုယ်တိုင်ကပဲ အရာရာကို သံသယ စိတ်ဖြင့် ဝန်တိုလာမိသည်လားမသိ။ လင်းရဲ့ ကျွန်မအပေါ်ထား သည့် အချစ်မှာ မရောင့်ရဲနိုင်တော့တာတော့ ကျွန်မရဲ့ ကြီးမားစွာ ပေးဆပ်ရသည့် အရှုံးပါပဲနော်။

လင်းရဲ့ တိုးလျသော စကားသံကို ကြားလိုက်ရပြီး သည့်အခါ တိတ်တဆိတ် ရင်ခုန်မျှော်လင့်ခဲ့ရသော ကျွန်မရဲ့နှလုံး အိမ်က ပြုန်းခနဲ အေးစက်သွားပြီး ကျွန်မခန္ဓာကိုယ်ကတော့ ရှက် ရွံ့မှုကြောင့် သွေးတွေ ပူနွေးလာခဲ့သည်။

တကယ်တော့ ကျွန်မ မမေးသင့်တော့ဘူး နော်။

သည် မေးခွန်းကြောင့် လင်းရင်ခုန်ရမှာလို့ မျှော် လင့်မထားသင့်ဘူး နော်။

(အရင်တုန်းကလို . . . )

အရာတိုင်း စက္ကန့်နဲ့အမျှ ပြောင်းလဲနေသည့် ဟော သည် လောကကြီးထဲ လင်းရဲ့အချစ်တွေကို မပြောင်းလဲရဘူးလို့ ကျွန်မ က အမိန့်ပေးနိုင်မည်လား။ ကျွန်မ ကိုယ်တိုင်ပင် ဟိုးအရင် က နွေးနွေးမှ မဟုတ်တော့ပဲ။

ကျန်းမာသန်စွမ်းသည့် နွေးနွေးနေခြည်မှ မဟုတ် တော့ပဲ။

သည်လိုဆို လင်းရဲ့အချစ်ကို ဆုံးရှုံးရမည်ပေါ့။

ရင်ထဲက ပြင်းစွာ ပူလောင်လာသည့်အခါ ကျွန်မ

www.burmeseclassic.com

သည့် စာအုပ်ပေါင်းများစွာ ဖတ်ရှုံဖြင့် . . . ဘဝအပေါ် ခင်တွယ်မှု တဏှာကို တကယ်တမ်းမှာ မပျက်စီးစေနိုင်ဘူးဆိုတာ သေချာ သဘောပေါက်လာရသည်။ တကယ်တမ်း ဆုံးရှုံး လက်လွှတ်ရ တော့မည်ဆိုသည့်အချိန် ရင်ထဲမှာ လောင်မြိုက်ရသည့် မီးတောက်က ပူပြင်းလှပါလား။

အမြဲလို ကျွန်မ တစ်ယောက်တည်း နေသားကျခဲ့သည့် အိပ်ခန်းက အခုတော့ ချောက်ချားဖွယ် ဖြစ်နေသည်။ ညသည် ပိုပြီးတိတ်ဆိတ်နေ၏။ မီးရထားလမ်းဘက်ဆီက ရထားဥသြသံ . . . ရထားခုတ်မောင်းသံကို မကြားရ။ ကားတွေ တဂျုန်းဂျုန်း ဖြတ်သွားသံကိုပင် မကြားရ။ ကျွန်မသည် ကြိုးပြတ်နေသည့် အရုပ်တစ်ရုပ်လို ထိုင်နေရင်းပင် အသက်ရှူရ ခက်ခဲလာသည်။ အော်ဟစ် ပေါက်ကွဲပြီး ငိုပစ်လိုက်ချင်သည်။ ကျွန်မ ဘဝမှာ. . (ကလေးဘဝကလွဲပြီး) သည်းသည်းထန်ထန် ငိုပစ်ရမည့် အခြေအနေမျိုး မှတ်မှတ်ရရ မကြုံခဲ့ဘူးပါ။ အရာရာသည် သက်တောင့်သက်သာ ပျော်စရာတွေချည်း ရှိနေပြီးမှ ရုတ်တရက် မိုးတွေညို့ပြီး တောင်ကျရေစီးဆင်းလာသလို ကံဆိုးမိုးမှောင်ကျသည့် အချိန်ကာလတွေကို ရင်ဆိုင်ရတော့ ကျွန်မ ဘာတစ်ခုမှ အဆင်သင့်မဖြစ်ခဲ့။

ခုတော့ ကျွန်မ အော်ဟစ်ငိုပစ်ချင်လာသည်။ ပိတ်ထားသည့် ပြတင်းပေါက်တွေကြောင့် အခန်းထဲမှာ အောက်ဆီ

ဂျင်တွေ ခန်းသွားပြီဟူ၍ပင် ထင်မိသည်။ ပြတင်းပေါက်တွေကို ဖွင့်ဖို့ ကျွန်မ အားယူထလိုက်မိ၏။ ဘီရိုပုကလေးပေါ်က ကြေး ဖြင့်သွန်းထားသည့် ဆုတံဆိပ်ကလေးကို လက်ဖျားဖြင့် ခတ်မိ သည်။ လက်ချောင်းထိပ်တွေက နာကျင်ရုံမဟုတ်ပဲ ကျွန်မ ရင်ထဲက ခါးသက်နာကျင်သွားခဲ့၏။

တကယ်တော့အချစ်ဆိုတာမှာ အကန့်အသတ်၊ အ တိုင်း အတာတွေ ရှိတတ်သည်ဆိုတာ ကျွန်မ ခုမှပဲ သဘောပေါက် နား လည်ရသည်။ ယောကျ်ားတွေရဲ့ အချစ်က မှတ်ကျောက်တင် မခံ နိုင်တာလား၊ ဒါမှမဟုတ်. . . လူ့ရဲ့အတွင်းမနောမှာကိုက. . . ပြောင်းလဲတတ်သည့်သဘာဝ ရှိနေသည့်မို့လား . . . ။

လင်း. . . သာ ကျွန်မ နေရာမှာဆိုလျှင် . . . ကျွန်မ လင်းအပေါ် ခုလိုပဲ စွဲမြဲနေနိုင်မှာလား။

လင်းရယ် . . .

ကိုယ့်ဘာသာ နားလည်နိုင်သည့် အဖြေတစ်ခုကို ရတော့ ကျွန်မ ကျိတ်ပြီး ဝမ်းနည်းရပြန်သည်။ ခုချိန်မှာတော့ ကိုယ့်ဘာသာ လိမ်ညာနေဖို့ ဆိုတာကလွဲပြီး ကျွန်မ စိတ်တွေကို သက်သာအောင် ဘယ်အရာကမှ လုပ်နိုင်မည် မထင်ပါ။

အကောင်းဆုံး ဘောလုံးသမား ဆုတံဆိပ်ကလေး သည် လင်း နှင့်ပတ်သက်သည့် သက်မဲ့ပစ္စည်းတွေထဲမှာ ကျွန်မ အမြတ်နိုးဆုံး အရာလေးပင်ဖြစ်သည်။

---

စေတနာစာပေ

နွေးအတွက် ကျွန်တော့်ရဲ့ အကောင်း ဆုံးလက်ဆောင်ပါ။ ကျွန်တော့်အတွက် နွေးဆီက အကောင်းဆုံး လက်ဆောင် တုံ့ပြန်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ် . . .

အို . . .

ကျွန်မရဲ့ မှတ်ဉာဏ်တွေက သိပ်ကောင်းနေဆဲပါ လား။

ပြတင်းပေါက်ဆီ လျှောက်သွားလိုက်ပြီး ပိတ်ထားသည့် မှန်တံခါးနောက်မှာ ရပ်လိုက်သည့်အခါ ကျွန်မ ရင်ထဲမှာ ကြည်နူးမှုပါးပါးမျှင်မျှင်ကလေး ဖြတ်စီးသည်။ ကျွန်မ မြင်နေရသည့် အုတ်တံတိုင်းနှင့် ကွန်ကရိလမ်းပေါ် မှောင်ရိပ် သမ်းနေပေမယ့် . . . ကျွန်မကို စိတ်လှုပ်ရှားစွာ စောင့်မျှော်နေသည့် လင်းကို ကျွန်မ သေချာမြင်ရသည်။ သည်တုန်းက မျှော်လင့်ခြင်း၊ တက်ကြွ ခြင်းဖြင့် ပြည့်သိပ်နေသည့် လင်းရဲ့မျက်နှာသည် လတ်လတ် ဆတ်ဆတ်ပင် ပြန်လည်နီးကပ်လာနေ၏။ ပြတင်းပေါက်ကို ဖွင့် လိုက်သည့်အခါ အာရုံမှာ ထင်နေသည့် လင်းရဲ့ပုံရိပ်က ဖျတ်ခနဲ ပျောက်သွားပြန်သည်။ ချစ်ခြင်းဖြင့် လှုပ်ရှားပြောင်းလဲနေသည့် လင်းရဲ့ မျက်နှာရိပ်ကို မြင်ခဲ့ရစဉ်ကတော့ . . . ကျွန်မ ရင်ခုန်ကြည် နူးခဲ့ရသည်။ ကျွန်မ ကိုယ်တိုင်လည်း လင်းရဲ့အချစ်မှာ ပျော်ဝင် ကျေ နပ်လျက် လင်းရဲ့အချစ်ကို ခံယူဖို့ အဆင်သင့်ဖြစ်နေသလို ကျွန်မ ရင်ထဲက အချစ်ကို လင်းသိစေဖို့လည်း မျှော်လင့်နေမိခဲ့

ပြန်သည်။ ဘယ်လောက် စိတ်ကြည်နူးဖွယ် ကောင်းလိုက်သလဲ။

တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ပြီး လမ်းလျှောက်ခဲ့ကြသည့် ချစ်သူဘဝ အစ, နေ့ရက်မှာ နှင်းတွေဝေပြီး စိမ့်အေးနေခဲ့သည်။ ကျွန်မ ရင်ထဲမှာလည်း ကြည်နူးချမ်းမြခဲ့ရသည်။ သမရိုးကျ အတွေး . . . ရိုးစင်းသော မျှော်လင့်ချက်ဖြင့်ပင် ကျွန်မတို့ရဲ့ နှစ်ဦးသားဘဝကို ရင်ဆိုင်ဖို့ ပြင်ဆင်ခဲ့တာတွေက မထင်မှတ်သည့် လမ်းချိုးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရပြီးသည့်နောက်မှာ အားလုံး ဆုံးရှုံးခဲ့ရတော့သည်။

ပြတင်းပေါက်က ဝင်လာသည့် လေပြည်သည် . . . ဆံစတွေကို ဝေ့ဝဲဖွာလွင့်စေ၏။ ပြတင်းပေါက်၏ ဟို တစ်ဖက်ခြမ်းမှာတော့ မီးရောင်လက်ဖြာလျက် ဆိတ်ငြိမ်နေသော ဝရန်တာကလေးရှိသည်။ အဲသည် ဝရန်တာကလေးမှာ ကျွန်မကရပ်လို့ . . .

မှောင်ရိပ်ထဲမှာ ရှိနေသည့် လင်းက ကျွန်မကို ရင်ခုန် စိတ်မောစွာ မော်ကြည့်လို့ . . .

ကုန်လွန်ခဲ့ပြီဆိုပေမယ့် အဲသည် အဖြစ်အပျက်တွေ အမှန် တကယ် ဖြစ်ခဲ့ဖူးသည်ဆိုတာကို ကျွန်မ ရင်ထဲက ထုတ်မပစ်နိုင်ပါ။

လင်းရယ် . . .

နောက်ဆုံးတော့ အတိတ်ကိုပဲ ပိုင်ရပိုင်ရ . . . လင်းနဲ့ ပတ်သက်သမျှကိုတော့ အမှတ်တရ သိမ်းချင်ပါတယ်ကွယ်။

ကျွန်မ နာကြည်းစွာ ရှိုက်ငိုပစ်လိုက်မိသည်။

အဲသည် နာကြည်းမှုက . . . ဘာအတွက်လဲ။ ဘာကြောင့်လဲ . . . ကိုယ်တိုင် ရေရေရာရာ မသိ။ လင်းကိုတော့ အပြစ်မရှိဘူးဟု ယုံကြည်ချင်သည်။ လင်း . . . ကျွန်မကို ချစ်နေဆဲဘဲ ဆိုတာကို ကျေနပ်စွာ သိမ်းချင်သည်။

ကျွန်မ ရှိုက်ငင်သံကို ဘယ်သူမှ မကြားနိုင်ဘူးဟု ယုံကြည် ရသောအခါ ကျွန်မ ပြတင်းဘောင်မှာ ခေါင်းမှီလျက်. . . လှိုက်လှိုက်လှဲလှဲ ငိုပစ်လိုက်တော့သည်။ ကျွန်မ ရင်ထဲမှာတော့ ဆုံးရှုံးမှုကြောင့် နာကျင်နေသည်။ အဲသည် ဆုံးရှုံးမှုသည် ကျွန်မ တစ်ယောက်တည်းသာ နားလည် ခံစားရသည်မျိုးမို့. . . တခြားသူတွေရှေ့မှာ ဖွင့်ဟငိုကျွေး၍ မဖြစ်ပါ။

အထူးသဖြင့်တော့ လင်းရဲ့ရင်ခွင်ထဲ တိုးဝင်မှီနွဲ့နေစဉ်မှာ. . . ကျွန်မ မငိုမိအောင် အတတ်နိုင်ဆုံး ထိန်းချုပ် နိုင်ရမည်။

တစ်နေ့နေ့တော့ . . . ကျွန်မ လင်းကို ရဲရဲဝံ့ဝံ့ စွန့်လွှတ် နိုင်ရမည်။ လင်းနှင့် မျက်နှာချင်းဆိုင်ပြီး ကျွန်မ . . . လင်းကို လွှတ်လပ်ခွင့်ပေးလိုက်ပြီ ဆိုတာ လင်း သိအောင် ပြောနိုင်ရမည်။

အင်းလေ . . .

ယောကျ်ားတစ်ယောက်ကို ဘယ်အရာနဲ့များ ချုပ်နှောင်ထားနိုင်မှာလဲ။

---

လင်းရဲ့အနာဂတ်သည် ကျွန်မနှင့် သီးခြားစီဖြစ်နေပြီးမှ လှပ ပြည့်စုံသည့်ကမ္ဘာတစ်ခု ဖြစ်လိမ့်မည်ဆိုတာကို ဇွတ်မှိတ် နားလည် ယုံကြည်ရသည့်အခါ ကျွန်မ နှလုံးအိမ်တွေ မွမွကြေမတတ် နာကျင်ရပါသည်။

တစ်နေ့နေ့မှာတော့ ဆိုပေမယ့် . . . ထိုတစ်နေ့နေ့သည် ကျွန်မအတွက် အဆောတလျင် ရှိလှသည်ဟု ထင်ချင်စရာပင် ဖြစ်သည်။ ကျွန်မ ကိုယ်တိုင်က လင်းကို တစ်စုံတစ်ရာဖြင့် ချုပ်နှောင်ထားသည်ဟု ထင်မိနေပြီး . . . အဲသည်အတွေးကို သေချာစေသည်က ကျွန်မ ကိုယ်တိုင် မယုံကြည်ချင်သည့် ကျွန်မအမြင်အာရုံရှေ့က မြင်ကွင်းဖြစ်နေသည်။

အရင်ကလိုပဲ ကိုယ့်ကိုယ်ကို လိမ်ညာချင်ပေမယ့် သည်တစ်ကြိမ်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သေချာလှသည်။

ကျွန်မ ဘယ်လို ဖြေသိမ့် ရပ့ါမလဲ . . . လင်းရယ်။

ကျွန်မ ဘယ်လို ဆက်ပြီး ရပ်တည်နေရပ့ါမလဲ။

❖❖❖

ရွှေတိဂုံစေတီသည် ကျွန်မ အလုပ်လုပ်ခဲ့ဖူးသည့် အောပရယ်ရ်နှင့် သိပ်မဝေးလှပါ။ ထို့ကြောင့်မို့လည်း ကျွန်မ အရောက်ပေါက် နည်းပါးသည်လား မသိ။ အဝေးက နေ့စဉ်သာ လက်အုပ်ချီဖူးမြော်ရပြီး ဘုရား ရင်ပြင်တော်ပေါ်ကိုတော့ ရောက်ဖြစ်သည်ရယ်လို့မရှိ။ ကျန်းမာရေးအတွက် ယတြာချေဖို့ ရွှေတိဂုံစေတီသို့ ရောက်ဖြစ်သောအခါ အရာရာတိုင်းသည် . . . သစ်လွင်တောက်ပနေပြီး ဘုရားဖူးများနှင့် ပြည့်နှက်နေသည့် အလုပ်နားရက် စနေညနေခင်းတစ်ခု၏ သက်ဝင်စည်ကားမှုကို ကျွန်မ ကြုံရသည်။

သဘော် တစ်ခေါက်နားပြီး မြန်မာပြည် ခေတ္တပြန်ရောက်နေသည့် ကိုကိုက ကျွန်မကို လိုက်ပို့ပေးသည်။ ကိုကို မို့ ပြန်ရောက်လာလျှင် ကျွန်မတို့ မောင်နှမနှစ်ယောက် သည်လိုပဲ လမ်းရှာ ထွက်မြဲ။ ကလေးတွေလို လွတ်လပ်ပျော်ရွှင်မြဲပင်။ မောင်နှမနှစ်ယောက်တည်းမို့ တစ်ယောက်ကိုတစ်ယောက် တွယ်တာလှသော်လည်း ကိုကိုက ခုထိအဖော်မရှာပဲ ကျွန်မကို ကလေးတစ်ယောက်လို အလိုလိုက်ဆဲကို ကျွန်မကမရောင့်ရဲနိုင်ပဲ . . . ကိုကို့

မေတ္တာ ကိုတော့ လောဘတကြီးလိုချင်သည်။ ကိုကို အိမ်ထောင်ပြုသွားမှာကို တိတ်တိတ်ကလေး စိုးရိမ်သည်။ ကျွန်မ ကိုယ်တိုင်ကျတော့ ကိုကို မရှိသည့်အခိုက်မှာ လင်းအပေါ် တွယ်တာမိသည့် စိတ်ကြောင့် ကိုကို့အပေါ် နည်းနည်းမှ မငဲ့ညှာမိ၊ ကိုယ်ချင်းမစာမိပဲ ချစ်သူ တစ်ယောက်ရခဲ့သည်။ သို့ပေမယ့် ကိုကိုက ကျွန်မကို အပြစ်မဆိုပါ။ ကိုကိုသည် ကျွန်မထက် ပိုပြီး ရင့်ကျက်နားလည်တတ်သူဖြစ်၏။ ပြီးတော့ မျိုသိပ်နိုင်သူလည်းဖြစ်သည်။ ကိုကို ပြန်ရောက်သည့်အခိုက်အတန့်မှာတော့. . . ကျွန်မ လူကောင်းပကတိလို ဖြစ်ရသည်။ ကိုကိုကလည်း ကျွန်မရဲ့ ဝေဒနာသည်ဘဝကို မေ့လျော့ထားလျက် ကျွန်မတို့မောင်နှမ နှစ်ယောက် အချိန်အားရသမျှ အတူသွားလာလည်ပတ်ရင်း . . အားလပ်ရက်တွေမှာ . . . အစားအသောက်တစ်ခုခု လုပ်စားရင်း တစ်ချိန်ချိန်မှာ ရင်ဆိုင်ရမည့် ခွဲခွာခြင်းဆိုတာကို ကျွန်မ မေ့ထားနိုင်လေသည်။ ကိုကိုက ကျွန်မကိုငဲ့ညှာသည်ကြောင့်ပင်. . ကျွန်မရဲ့ ဝေဒနာကို အစမဖော်ပဲ နေသည်ဟု ကျွန်မ နားလည်သည်။

ဗေဒင်တွေ၊ ရှေ့ဖြစ်အဟောတွေကို အယုံအကြည် အစွဲအလမ်းမရှိပေမယ့် ကိုကိုက ကျွန်မအပေါ် နားလည်လိုက်လျောမှုဖြင့် ကျွန်မယတြာချေဖို့ကိစ္စကို အားတက်သရော ကူညီပေးသည်။ ဆီးညွန့် . . . ကံ့ကော်ညွန့် စသည့် ကျွန်မတို့ ပတ်ဝန်းကျင်မှာ ရှားပါးသည့် အရွက်တွေကိုပင် ကိုကိုက လိုလိုချင်ချင်

ရှာဖွေပေးသည်။ လင်းကတော့ အဲသည်ရက်တွေမှာ . . . ကလပ် အသင်းလိုက်ခြေစမ်းပွဲတွေ ရှိနေပြန်သည်ဆိုပြီး ကိုကို့ကို ရှောင်လွှဲနေချင်ပြန်သည်။ ဒါကို ကိုကိုကတော့ မရိပ်မိ။ ကိုကို ရောက်သည့် တစ်ရက် နှစ်ရက်သာ မြင်ရသည့် လင်းကို ကိုကိုက ချီးမွမ်းနေတာကိုပင် ကျွန်မက ကျေနပ်ဆဲဖြစ်သည်။ ကျွန်မရဲ့မိသားစုသည် လင်းအပေါ် သံသယစိတ် (ကျွန်မလို . . . ) စိုးစဉ်းမျှ မရှိစေချင်။ လင်းသည် ကျွန်မအပေါ်မှာ အနှံ့တာခံသည့် သစ္စာမြဲသည့် ချစ်သူရယ်လို့သာ အမြဲ သတ်မှတ်စေချင်သည်။ ထို့ကြောင့်လည်း ကျွန်မ ရင်ထဲက မရေရာသည့် သံသယသည် အစိုင်အခဲအဖြစ် ကြီးထွားနေလျက်က . . . ချေမွ ဖောက်ခွဲခွင့် မရှိ။

“လင်းသန့်က သိပ်ပြီး စိတ်ထားတည်ကြည်တယ်နော်၊ အမှန်ပြောရရင် . . . အရင်က ကိုကို သူ့ကို သိပ်အထင်မကြီးဘူး၊ ညီမလေးနဲ့လည်း ဒီလောက်ကြာကြာ . . . မြဲနေမယ်မထင်ဘူး၊ လက်ထပ်တော့မယ် ဆိုတော့တောင် အံ့ဩနေသေးတယ်၊

ဒီတစ်ခေါက် သူ့ကို မြင်ရတာ သူ့အပေါ်မှာ ကိုကို့အမြင်တွေ တော်တော် ပြောင်းလဲသွားတယ်၊ ခေတ်လူငယ်လေး ဆိုပေမယ့် သူဟာ ပေါ့ပေါ့တန်တန်သမားတော့ မဟုတ်ဘူး”

ကိုကို့ ချီးမွမ်းစကားက ကျွန်မရဲ့ စိတ်အာဟာရ

www.burmeseclassic.com

တစ်ခု ဖြစ်ခဲ့သည်။ အလိုလိုနေရင်း လင်းအပေါ် သံသယတွေပွား နေတတ်တာကို ကိုယ့်ဘာသာ ကျိတ်ပြီး အားနည်းနေပြန်သည်။

ဟုတ်သားပဲ . . .

လင်းဟာ . . . ဟောဲ့ဟော့ ရမ်းရမ်း နေတတ်သူ မ ဟုတ်ပါဘူး။

ပြီးတော့ . . . လင်းရဲ့အချစ်ကို ယုံနိုင်စရာ ကျွန်မ မှာ ဘာများအထောက်အထား ရှိသလဲ။

ဒါပေမယ့် . . . ကျွန်မအတွက် လင်းရဲ့အကြည့်တစ် ချက်၊ စကားတစ်ခွန်းကပင် သေချာလှသည့် အထောက်အထား တွေဖြစ်နေခဲ့တော့သည်။ ကျွန်မ ကိုယ့်ကိုယ်ကို အားငယ်စိတ် ဝင်နေတာများလား၊ ကျွန်မရဲ့ ကျန်းမာရေး အခြေအနေကြောင့် လင်းအပေါ် တစ်ဖက်သတ် သဝန်တိုနေမိတာများလား . . .။

လင်းနှင့် ပတ်သက်လာလျှင် ကျွန်မစိတ်က မရေ ရာမှုများအားလုံး ရွှေတိဂုံစေတီ၏ အရိပ်မှာ အဆုံးသတ် သွားရ သည်မတော့ မသင့်လျော်သည့် ကိစ္စတစ်ခုဖြစ်ပါသည်။

❖❖❖

"လူတွေ စည်ကားလိုက်တာနော် ၊ စိတ်ထဲမှာ ဒီလောက် စည်ကားနေလိမ့်မယ်လို့ မထင်မိဘူး"

ကိုကိုက စေတီတော် ရင်ပြင်တွင် ပြည့်နှက်နေသည့် ဘုရားဖူးများကို မြင်ပြီး အံ့သြတကြီး ပြောသည်။ ကိုကို့လိုပင် ကျွန်မလည်း စိတ်ထဲမှာ အံ့သြကြည်နူးနေမိပါသည်။ နိုင်ငံခြားသား ဧည့်သည်တွေလည်း နေရာတိုင်းမှာ ပြည့်နေသည်။ ဂြိုလ်တိုင်တွေမှာလည်း ရေလှူဒါန်းသူတွေ၊ ရေသပ္ပါယ်သူတွေ၊ ပုတီးစိတ်နေသူတွေ၊ ဘုရားအာရုံပြုနေသူတွေ အပြည့်၊ တန်ဆောင်းတွေထဲမှာလည်း ဘုရားဖူးတွေအပြည့် ဖြစ်သည်။ စေတီတော်ရင်ပြင်တစ်ခုလုံးလည်း . . . စေတီတောကြီးမှ ရွှေရောင်အစင်းတော်၏ တောက်ပလွှမ်းခြုံမှုဖြင့် ရွှေရောင်လင်းလတ်နေသည်ဟုပင် ခံစားမိသည်။

"ဟုတ်တယ် နော် ကိုကို . . . ညီမလေးလည်း မရောက်တာကြာလှပြီ၊ အားလုံး သစ်လွင်တောက်ပပြီး စိတ်ကြည်နူးစရာ ကောင်းလိုက်တာ"

"လူရှင်းတဲ့ အာရုံခံတန်ဆောင်းတစ်ခုခုမှာ ထိုင်ပြီး စိတ်

www.burmeseclassic.com

အေးလက်အေး ဖူးကြရအောင်”

“ညီမလေးက ရေသပ္ပါယ်ရဦးမှာ”

“ဟုတ်ပြီလေ . . . ဒါဆိုလည်း ပေါက်စ လုပ်စရာရှိတာ အေးအေးဆေးဆေး လုပ် . . . ကိုကို ရင်ပြင်မှာပဲ ထိုင်စောင့်နေမယ်”

ကိုကိုက စည်းနှောင်ထုပ်ပိုးပြီး ယူလာသည့် . . . ဖယောင်းတိုင်၊ အမွှေးတိုင်တွေ၊ သစ်ရွက်ညွှန့်တွေကို ကျွန်မ လက်ထဲ လှမ်းပေးရင်း ပြောသည်။

“ကိုကိုက ဖယောင်းတိုင်ကူစိုက် ပေးဦးလေ”

“အေးပါဟ . . . စိုက်ပေးမှာပေါ့”

“ပြီးရင် . . . ကိုကို ဓမ္မာရုံထဲ ဝင်စောင့်နေပေါ့၊ ညီမလေး ပုတီးစိပ်ရဦးမယ်”

“အေးပါ . . . အေးပါ . . . ရည်းစားရလို့ ဒီအလုပ်တွေ ဝင့်ကျွတ်ပြီလား အောက်မေ့တယ်၊ ခုထက်ထိ . . . နောက်က လိုက်တုန်းပါပဲလား”

“ကိုကိုကလည်း . . . ”

ကျီစယ်စကား ဆိုပေမယ့် ကျွန်မရင်ထဲ ဝမ်းနည်းထိခိုက်သွားသည်။

“လင်းက မအားလို့ပါ၊ နေ့ခင်းက ထရိန်နင် ဆိုတော့ . . . ညဘက်ဆို နားချင်မှာပေါ့ ၊ ဒါပေမယ့် . . . အကျိုးအ

ကြောင်းပြောပြီး ခေါ်ရင်တော့ လာမှာပါ၊ ညီမလေးက ကိုကိုလည်း ရှိနေတော့ ကိုကိုနှင့်အတူ သွားချင်လို့”

“အပြောကတော့ သိပ်ကောင်း”

ကိုကို့အပေါ် နွဲ့နေကျမို့နွဲ့လိုက်မိပေမယ့် . . . လင်းနှင့်အတူဆိုလျှင် . . . ဆိုသည့် အတွေးကို မတွေးပဲ မနေနိုင်ပါ။ လင်းနဲ့သာဆိုလျှင် တစ်မျိုး ပိုပြီး ကြည်နူးရမှာပဲ။ မှတ်မှတ်ရရ ကျွန်မရဲ့ နှစ်ဆယ့်ငါးနှစ်မြောက် မွေးနေ့မှာ လင်းနှင့်အတူ ရွှေတိဂုံဘုရားတက်ဖြစ်ကြသည်။ မွေးနေ့လည်းမွေးနေ့ . . . ချစ်သူနှင့် ဘုရားအတူဖူးရသည်မို့ ကြည်နူးရွှင်ပျဆဲ စိတ်အစဉ်သည် ဘုရားပေါ်က ဆင်းလျှင် ပျောက်လွင့်ရတော့သည်။

ကျွန်မ မွေးနေ့မို့ ကားကလေးနှင့် ဣန္ဒြေ ရရ လည်ပတ်ဖို့ သူ့ဖေဖေဆီက ငှားလာခဲ့သည့် တိုယိုတာ (ပျားအုံ)ကားကလေးရဲ့ ရှေ့ဖုံးပေါ်မှာ တပ်ထားသည့် . . . မီးသီးလေးနှစ်ခုက ပျောက် ဆုံးနေတော့သည်။ ကားပစ္စည်းဆိုင်မှာ အလွယ်တကူဝယ်တပ်လို့ ရပေမယ့် စိတ်အနှောက်ယှက်ကတော့ အနည်းနှင့်အများ ဖြစ်ရတာပါပဲ။ လင်း . . .

“ကိစ္စမရှိပါဘူးကွာ၊ နွေးကို ပြန်ပို့ပြီး အပြန်ကျ ကိုယ်ဝယ်တပ်လိုက်မယ်”

သို့ပေမယ့် ပစ္စည်းကို ရိုသေပြီးစည်းစနစ်ကျသည့် (လင်းကိုလည်း သိပ်ဘဝမကျလှသည့်) လင်းရဲ့ ဖေဖေ အဆူ

www.burmeseclassic.com

အပြောကိုတော့ ခံရဦးမှာပါပဲ။ အဲသည် အခိုက်အတန့်မှာပင် . . . ကျွန်မ မပျော်ရွှင်နိုင်တော့။ ကားပစ္စည်း ခိုးယူသည့် သူခိုးတွေကို လည်း အကုသိုလ်ပွားရသည်။ ကျွန်မမျက်နှာ နီမြန်းနေသည်ကို လင်းက ကျီစယ်ရယ်စရာ လုပ်ပစ်လည်း ကျွန်မ စိတ်တွေ ကြည် လင်မလာ နိုင်တော့။ ဘယ်လို ပြောပြော . . . သားအဖချင်းပင် မာနကြီးလှသည့် လင်းစိတ်ထဲမှာလည်း ဒါဟာ . . . အနှောက် အယှက် တစ်ခုဖြစ်မှာ အသေအချာပါပဲ။

"ကဲ . . . ဒေါ်ပေါက်စ . . . လုပ်စရာရှိတာ လုပ်တော့လေ၊ ဂြိုလ်တိုင်မှာ လူရှင်းနေပြီ၊ ရေလှူရဦးမှာ မဟုတ်လား"

"သြော် . . . အင်း . . . အင်း"

"ငါ . . . ဒီမှာ ဖယောင်းတိုင် စိုက်ထားပေးမယ်၊ ပြီးရင် ဟိုး က ဓမ္မရုံလှေကားမှာ ထိုင်စောင့်နေမယ်နော်"

" ဟုတ်ကဲ့ . . . ဟုတ်ကဲ့ "

ကိုကို သတိပေးမှ လင်းကို သတိရနေသည့်အတွေး တွေ လွင့်ပြေးသည်။ ကျွန်မရဲ့ တနင်္ဂနွေဂြိုလ်တိုင်က တန်ဆောင်း ဘေးမှာမဟုတ်ပဲ ရင်ပြင်တော် အလယ်မှာဖြစ်သည်။ ရေကုသိုလ် ပြု သည့် တနင်္ဂနွေ သားသမီးတွေကလည်း များမှများ။ လူရှင်း အောင် အတော်စောင့်ရသည်။ ကျွန်မ ရေလှူဒါန်းပြီးသည့်အခါ ရင်ပြင်မှာ ကိုကို့ကို မတွေ့တော့။ ကျွန်မအတွက် ဖယောင်းတိုင် တွေတော့ ကိုကို စိုက် ပေးသွားခဲ့သည်မို့ မီးပူဇော်သည့် သံတန်း

ကလေးတွေပေါ် ဖယောင်းတိုင်ဖြူဖြူလေးတွေ အစီအရီရှိနေသည်။ ကျွန်မအနီးမှာ ကိုကိုမရှိတော့သည့်အခါ . . . မိခင် ပျောက်သည့် ကလေးလို ကျွန်မ မျက်လုံးတွေက ကိုကို့ကို ဝေ့ဝဲရှာမိသည်။

ခုတော့ ကျွန်မသည် အားငယ် ဝမ်းနည်းလွယ်သည့် မိန်းမတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေတော့သည်။ ဘယ်သူမှ မသိပေမယ့် တစ်ယောက်ယောက်ကို အမြဲမှီတွယ် ဆုပ်ကိုင်ထား ချင်သည့် အားနည်းစိတ်ကို ကိုယ့်ဘာသာ ကျိတ်ပြီး ဖြေဖျောက် ရသည်။

ကျွန်မ တစ်ယောက်တည်း နေတတ်ဖို့ သတ္တိမွေး ရမည်။

ကျွန်မ တစ်ယောက်တည်း သွားရမှာ မဟုတ်လား။

ကျွန်မမျက်ဝန်းအိမ်ထဲ ကိုကို့ကို ရှာမတွေ့ခင်မှာ ကျွန်မ အမြဲ မျှော်လင့်နေရသည့် လင်းကို မြင်ခဲ့ရတာပေါ့။

အို . . .

ကျွန်မရဲ့ လင်း. . .

မဟုတ်ဘူး . . .

ခုတော့ဖြင့်. . . ကျွန်မရဲ့လင်း . . . မဟုတ်နိုင်တော့ ပါဘူးလေ။ ကျွန်မက ကိုယ့်ကိုယ်ကို အထင်ကြီးမိခဲ့သည် မဟုတ် လား။ ကျွန်မရဲ့ချစ်သူ လင်းဟာ သစ္စာကြီးသူတစ်ယောက်လို့။

ဒါပေမယ့် . . . သည်လို အဖြစ်မျိုး . . . တစ်နေ့နေ့

www.burmeseclassic.com

ကြုံလာနိုင်သည် ဆိုတာကိုလည်း ကျွန်မ အမြဲ စောင့်နေမိသားပဲ နော်။

လင်းက ညှိုရင့်ရင့် ဘောင်းဘီရှည် (**JORDIANO** ချည်သား ဘောင်းဘီ ပွပွ)နှင့် အဖြူ အညို အပြာ သုံးရောင်တွဲထား သည့် လာကို့စ် စပို့ရှပ်နှင့် ဂျင်း(န်)ဝေ့စ်ကုတ်လေးတပ်လို့ . . . သူ့လမ်းလျှောက်ဟန်အတိုင်း ခပ်သွက်သွက် လျှောက်လာသည်။ လင်းရဲ့နံဘေးက အရပ်ခပ်ပုပုကောင်မလေးက လင်းရဲ့ခြေလှမ်း ကို မီအောင် အပြေးတစ်ပိုင်း လိုက်လျှောက်ရသည်။ (လင်းက ဘောလုံးသမားမို့လား မသိ။ ခြေလှမ်းကျဲကျဲနှင့် မြန်မြန်လှမ်း တတ်သည်။ ကောင်မလေးက လင်းကို မော့ကြည့် မော့ကြည့်နှင့် စကားတွေလည်းပြော ရယ်လည်းရယ်။ လင်းကလည်း ကောင်မ လေးကို တစ်ချက် တစ်ချက် လှည့်ကြည့်ပြီး ပြုံးရယ်လို့ . . . ။

ကောင်မလေးက ခေတ်ဆန်သူဖြစ်ပြီး လင်း . . . မကြိုက် တတ်သည့် နှုတ်ခမ်းဆိုးဆေး၊ မိတ်ကပ်များဖြင့် ရောင်စုံ မျက်နှာလေးက မို့ဖောင်းဖူးရွှနေသည်။ လည်ပင်းကျယ်ကျယ် နှစ် ထပ်အင်္ကျီ ဝါဖျော့ဖျော့နှင့် ခြေမျက်စိမှာ ရှပ်တိုက်နေသည့် ပျော့ တွဲတွဲ စကတ်ထဘီနှင့်ချစ်စရာ လှပသည့် အရွယ်ငယ်ငယ်ကောင် မလေး ဖြစ်သည်။

လင်း. . . ရယ်လို့ သေချာလိုက်သည့်အခိုက်မှာ. . . ကျွန်မ ဘာဖြစ်သွားမှန်း မသိပါ။ ကျွန်မကို လင်းက မမြင်ပဲ. . .

---

သူတို့နှစ်ယောက် လူအုပ်ထဲ ရောနှောသွားသည့်အခါ လင်းရဲ့ပုံ ရိပ်ပျောက်ကွယ်သွားမှာကို စိုးရိမ်ပြီး ကျွန်မ သူတို့နှစ်ယောက်ကို အသည်းအမည်း လိုက်ကြည့်မိသည် ထင်ပါရဲ့။ ကျွန်မရဲ့ မျက်ဝန်း ထဲမှာ၊ ကျွန်မရဲ့အာရုံထဲမှာ . . . လင်းရဲ့ပုံရိပ်က တော်တော်နှင့် မပျောက်။ကောင်မလေးက လင်းရဲ့ လက်မောင်းကို ဆုပ်ထားသည် လား။

မဟုတ်ပါ . . .

မဟုတ်ဘူး ထင်ပါရဲ့ . . .

သေချာ မြင်လျက်နှင့် ကျွန်မ ဇဝေဇဝါ ဖြစ်ရပြန် သည်။ ရင်ထဲမှာ လင်း . . . ရယ်လို့ ထပ်ကာ ထပ်ကာ ဆိုမိလျက် ကျွန်မရဲ့ လက်ရှိအနေအထားကို မေ့လျော့ပြီး သူတို့နှစ်ယောက် ဘုရား ရင်ပြင်တော်ပေါ် ဟိုဘက်သည်ဘက် ပြည့်ညပ်နေသည့် လူအုပ် ကြားထဲ ရောနှော ပျောက်သွားသည်ကို ကြောင်ငေးရပ် ကြည့်နေမိ၏။ ကျွန်မ မျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့် လျှံလာသလား၊ ငိုနေမိသလား ဆိုတာကိုပင် မသိနိုင်လောက် အောင် ကျွန်မခန္ဓာ ကိုယ်နှင့် သိစိတ်က ကင်းကွာလျက် . . . အခိုက် အတန့် သေဆုံးသူလို ဖြစ်ခဲ့ရသည်။

လင်းဟာ ကျွန်မကို တကယ်ပဲ စွန့်ပစ်ခဲ့ပြီပေါ့။

ကျွန်မကအပေါ် ထားသည့် အချစ်တွေကို ရုပ်သိမ်း ခဲ့ပြီပေါ့။

---

အို . . . ကျွန်မ . . . လင်းကို အမှန်တကယ် ဆုံးရှုံးလိုက်ရပြီ။ လင်း . . . ကျွန်မကို စိတ်ကုန်နေပြီ။ လင်း. . . ကျွန်မကို မစုံမက်တော့ဘူး။ လင်း . . . ကျွန်မကို တန်ဖိုးမထားတော့ဘူး။ လင်း . . . ကျွန်မကို . . .

နာကျင်ဝမ်းနည်းသည့် စိတ်တွေက ချက်ချင်း အေးခဲသွားသည်။ ရင်ပြင်တော်ပေါ် လူအုပ်တွေကြားထဲ သူတို့ပျောက်ကွယ် သွားပြီး အချိန်အတော်ကြာသည်အထိ ကျွန်မ ကိုယ့်ကိုယ်ကို ထိန်းသိမ်းမရနိုင်လောက်အောင် စိတ်တွေ လွင့်မျောကြေကွဲနေပြီးသည့်အခါ . . . နှလုံးအိမ်တွေ လှိုက်ကျဉ်နေလျက်ကပင် တည်ငြိမ်နိုင်ဖို့ ကြိုးစားခဲ့ရသည်။

ဘာလုပ်ရမှာလဲ . . .

လင်း . . . နောက်ကို ပြေးလိုက်သွားရမှာလား။ ရက်စက်လိုက်တာ လင်းရယ် . . . လို့ မျက်ရည်ကျပြရမလား။ ဟိုမိန်းကလေးကို အချစ်ခိုးသူလို့ စွပ်စွဲ ရန်စကားဆိုရမှာလား။ လင်းကိုပဲ နာနာကျင်ကျင် ရိုက်ပစ်ရမလား။

တကယ်တော့ . . . ကျွန်မ ကိုယ့်ကိုယ်ကို မေးခွန်းတွေ အဲသည်လောက်များများ မမေးနိုင်ခဲ့ပါ။ ကျွန်မ ရင်ထဲမှာ ပူနွေးနေရာကနေ မီးတောက်တွေ အရှိန်ပြင်းပြင်းတက်လာသလို တစ်ကိုယ်လုံး ပူလောင်လာပြီး . . . သည်နေရာမှာ ဆက်ပြီးမရပ်တည်နိုင်လောက်အောင် ခြေထောက်တွေထဲ အင်အားတွေ ဆုတ်

ယုတ်လျက် ဆောက်တည်ရာမဲ့ဖြစ်နေခဲ့သည်။ ဒါပေမယ့် ကျွန်မ ဖယောင်းတိုင်မီး ပူဇော်ရမည်ဆိုတာကိုတော့ မမေ့ခဲ့။

ငိုချင်နေပေမယ့် မျက်ရည်ကျ၍မဖြစ်သော အခြေအနေမို့ သည်နေရာမှာ သည်လိုကြုံရသည်ကိုပင် ကျေးဇူးတင်ရသည်။ များပြားလှသော ဘုရားဖူးပရိသတ်ကြားမှာ ကျွန်မ ကိုယ့်ကိုယ်ကို ဟန်မပျက်အောင် ထိန်းထားနိုင်ခဲ့ပါသည်။

"ပေါက်စ"

ဘုရား . . .

လင်းကို တွေ့ရစဉ်ပင် . . . တုန်လှုပ်ကြေကွဲမှုကြောင့် နှလုံးခုန် မမြန်ခဲ့သော ကျွန်မသည် ကျွန်မနံဘေးမှာ ကပ်လျက်ခေါ်လိုက်သည့် ကိုကို့အသံကြောင့် ရင် ဆောင့်ခုန်သွားခဲ့သည်။

"ဘာလုပ်နေတာလဲ"

"ဟင်အင်း"

အလိုက်သင့် ခေါင်းခါမိပြီး ဖြစ်နေသည်။

"မီး . . . မပူဇော်ရသေးပါလား"

"ဟို . . . ကိုကို ပျောက်သွားလို့"

မဟုတ်ပါဘူးလေ . . .

တကယ်တော့ . . . အချစ် ပျောက်သွားတာပါ။

"ငါ...ဟိုဘက်မှာ ရှိနေပါတယ်၊ ခေါင်းလောင်းကြီးဘက်

www.burmeseclassic.com

သွားထိုင်နေတာ”

“အင်း . . . အင်း . . . ညီမလေး ဘုရား ကန်တော့လိုက်ဦး မယ်”

ကိုကို့ မျက်လုံးတွေထဲ ကြည့်ချင်ပေမယ့် မကြည့်ရဲ။

“ကိုကို မြင်လိုက်သလား”

လို့ မေးချင်သည်။ ကိုကို မမြင်လိုက်ဘူး ထင်ပါရဲ့။ ဒါဆို . . . ကျွန်မ အကြည့်က မှားခဲ့သည်ဆိုလျှင်ရော။ စိတ်က စွဲပြီး မြင်မြင်ရာမှာ လင်းရဲ့အရိပ်ထင်နေတာများလား။

သွားစမ်းပါကွာ . . .

အဲသည်လို ကိုယ့်ကိုယ်ကို ဖြေသိမ့် လိမ်ညာနေသည့် အတွေးတွေက မထိရောက်တော့ပါဘူး။

ကျွန်မ ရင်းနှီးခဲ့ပြီးသား အဝတ်အစား အဆင်အပြင်နှင့် မြတ်နိုးစိတ်ကြောင့်ပဲ စွဲမြဲနေခဲ့သည့် . . . ဟန်ပန်တွေကို ကျွန်မ မှားယွင်းရဦးမှာတဲ့လား။

ရယ်စရာပဲ နော်။

ကျွန်မ အရူးတစ်ယောက်လို ကိုယ့်ကိုယ်ကို လှောင်ရယ် ရယ်ပစ်လိုက်သည်။ ကိုကို ကျွန်မကို စောင့်ကြည့်နေသည်ဆိုတာကိုလည်း မေ့မေ့လျော့လျော့ပင်။ ထို့နောက်မှာတော့ ကျွန်မ ဖယောင်းတိုင်များကို စတင်မီးညှိလေသည်။ ရှည်လျားစွာ မီးညွှန့်

တက်နေသည့် မီးလျှံထဲ လောင်ကျွမ်းရသူက ကျွန်မ ကိုယ်တိုင် ဖြစ်နေခဲ့သည်။

လင်းရဲ့ ပြုံးမြသော မျက်နှာ၊ လင်းရဲ့ ကြည်နူးရိပ်ရွှန်းလက်သော အကြည့်တွေက ကျွန်မ နှလုံးအိမ်ကို တင်းကျပ်စွာ ချည်နှောင်လိုက်သော ကြိုးပင်ဖြစ်သည်။ ဘယ်လောက်ထိနာကျင်ရသည်ဆိုတာ ကျွန်မကိုယ်ကျွန်မပင် မသိပါ။

တစ်နေ့နေ့မှာ ဖြေလျှော့ပစ်နိုင်မည် ထင်ခဲ့သည့် ကြိုးက ပိုမိုတင်းကျပ်လာပြီး လင်းကို ကျွန်မ ဘယ်တော့မှ မဆုံးရှုံးချင်ဘူးဆိုတာ . . . တကယ့် အရှုံးနှင့် ပြက်ပြက်ထင်ထင် ရင်ဆိုင်ရသည့်အချိန်မှာမှ သေချာ သိခွင့်ရလေသည်။

လင်းရယ် . . .

တို့ရဲ့ နောက်ဆုံးအချိန်အထိ . . . တို့ လင်းကိုမဆုံးရှုံးပါရစေနဲ့။ လင်းရဲ့လက်ဖဝါးကို ဆုပ်ကိုင်ပြီး တို့ရဲ့ နောက်ဆုံးနေ့ ရက်တွေကို ရင်ဆိုင်ပါရစေလား။

❖❖❖

အိပ်ခန်းတံခါးသည် အကြိမ်ကြိမ် ပွင့်၍ အကြိမ်ကြိမ် ပြန်ပိတ်သွားခဲ့သည်။ သည်တစ်ကြိမ် အိပ်ခန်းတံခါး ပွင့်သွားသည့် အခါမှာတော့ . . . ကျွန်မ၏ အချစ်ခဲ့ရဆုံးမို့ နာကြည်းခဲ့ရပြီလည်းဖြစ်သော ချစ်သူကို မြင်ရလေသည်။ သူက ကျန်းမာရေးမှာ ပြန်ပြီး နာလန်မထူတော့ပြီဖြစ်သော၊ ဆုတ်ယုတ်ပြီဖြစ်၍ ကြည့်ပျော်ရှုပျော်ပင် မဖြစ်နိုင်သော . . . သူကိုယ်တိုင် ရွေးချယ်ထားခဲ့သည့် ချစ်သူကို ဖြေသိမ့်ဖို့ အပြုံးတစ်ခုကို ပြင်ဆင်လာခဲ့လေသည်။ သူ့အပြုံးသည် ကျွန်မကို နှစ်သိမ့်ဖို့ လုံလောက်ပြီလား။ တခြား မိန်းကလေးတစ်ယောက်အတွက် ပြုံးမြမြနှင့် ချိုသောနှုတ်ခမ်းတွေက ခုတော့ . . . ကျွန်မကို နှစ်သိမ့်ဖို့အတွက် အဆင်သင့်ဖြစ်နေပြန်သည်။

ဘုရားပေါ်မှာ မြင်ခဲ့ရသည့် (**JORDIANO** အညိုရင့်ရင့် ဘောင်းဘီကိုပင် သူ့ခါးပေါ်မှာ မြင်ရသည်။ အကျႌကတော့ အပြာနုရောင် တီရှပ်ဖြစ်သည်။ ကျန်းမာခြင်းဖြင့် ပြည့်စုံနေသော သူ့ မျက်နှာသည် သွေးရောင်လျှမ်းလျက် ကြည်လင်နေ၏။ (သူကိုယ်တိုင်က အားကစားသမားမို့ ကျန်းမာရေးကို အလေးထားသူ

www.burmeseclassic.com


ဖြစ်သည်) လင်းသည် နုပျိုသွက်လက်သည့် ကျွန်မကို ကျန်းမာခြင်းဖြင့် ကြည်လင်နေသည့် အသားအရေကြောင့် စတင်စွဲလမ်းခဲ့သည် . . . ရယ်လို့ မကွယ်မဝှက် ဝန်ခံခဲ့ဖူးသည်။ ခုတော့ . . . ကျွန်မ အသားအရေက သွေးခန်းခြောက်ခြင်းကြောင့် ဖြူလျော်ပြီး သွေ့ခြောက်ခဲ့ပြီ။

"နွေး . . . ဘယ်လို နေသေးလဲ"

ကျွန်မ အနားသို့ သူ လျှင်မြန်စွာ ရောက်လာခဲ့သည်။

"ဒီလိုပါပဲ"

"ဆေးရုံမှာ သွေးပြန်စစ်ရဦးမှာ ဆို"

လင်းက ကျွန်မနှင့် မျက်နှာချင်းမဆိုင်ပဲ မေမေ့ကို လှမ်းမေးလေသည်။ ခုတင်ပေါ်မှာ အဝတ်ဖြူစ တစ်စလို ပုံကျနေသည့် ကျွန်မကိုကြည့်ရင်း မေမေက တိတ်တခိုး ပင့်သက်ရှိုက်သည်။ ရင်ထဲမှာ ခါးသက်စွာ အလိပ်လိပ် တက်လာသည့် နာကြည်းစိတ်တွေကို ကျွန်မ ပြန်မျိုချပစ်နေရသည်။

လင်းမှာ အပြစ်မရှိပါဘူးလေ။

လင်းဟာ လူငယ်တစ်ယောက်၊ သာမန်ယောကျ်ားတစ်ယောက်ပဲ။

ဒါပေမယ့် . . .

လင်း . . . ကျွန်မကို ညာခဲ့တယ်။

www.burmeseclassic.com

ရင်ထဲမှာ နင့်အောင့်သွားပြီး မျက်နှာလွှဲပစ်လိုက်မိသည်။

"အေးကွယ် . . . ဆရာဝန်ကတော့ နက်ဖြန်ဆို ဆေးရုံတက်စေချင်တယ် . . . တဲ့"

"ဟုတ်လား . . . တက်ရမှာပေါ့၊ သွေးသွင်းဖို့ လိုလည်းဘာဖြစ်လဲ၊ ကျွန်တော် သွေးလှူမယ့်သူ ရှာထားမယ်၊ နွေးနဲ့ သွေးအုပ်စုတူတဲ့သူတွေ ကျွန်တော့်သူငယ်ချင်းတွေထဲမှာ အများကြီးရှိတယ်"

"သူကတော့ ထုံးစံအတိုင်းပေါ့ကွယ်၊ ဆေးရုံမတက်တော့ဘူးချည်း ပြောနေတယ်"

"ဘယ်ဖြစ်မှာလဲ နွေးရဲ့"

ဟုတ်လား . . . ဘာကြောင့် မဖြစ်ရမှာလဲ . . . လင်းရဲ့။

တို့နှစ်ယောက်လုံးအတွက် အဆုံးသတ် တစ်ခုခုတော့ လိုအပ်နေပြီ မဟုတ်လား။

"သူကတော့ သိပ်ခေါင်းမာတာပဲ လင်းသန့်ရေ၊ ခု . . . နေမကောင်းဖြစ်မှ ပိုပြီးတော့တောင် ခေါင်းမာလာသေးတယ်၊ အစ်ကို ပြန်ရောက်လာတော့ အားကိုးတစ်ခု ရသွားပြန်တာပေါ့၊ သူ့အစ်ကိုလည်း ဖျောင့်ဖျောင့်ဖျဖျ ပြောပြီးပြီ၊ အဲဒါကို ဂျစ်ကန်ကန် လုပ်နေတယ်"

"နွေးက ကိုကို ပြန်လာလို့ . . . ကလေးလို နွဲ့နေတာဖြစ်မှာ ပေါ့ မေမေ၊ ဒါပေမယ့် လူကြီးတွေ စိတ်ညစ်ရအောင် လုပ်မှာ မဟုတ်ပါဘူး၊ နွေးက လိမ္မာပါတယ်"

လင်းက ကျွန်မ လက်ဖဝါးကို ဆုပ်ဖျစ်လိုက်သည့် အခါ ကျွန်မ ဓါတ်လိုက်ခံရသူလို ကျဉ်တက်သွားခဲ့သည်။ မျက်ဝန်းတွေ မျက်ကောင်းဖျားတွေ စိုစွတ်လာပြီး နှလုံးအိမ်ထဲ ဝမ်းနည်းမှုတွေ နင့်သည်းပြည့်သိပ်လာပြန်လေသည်။ ကျွန်မ မျှော်လင့်ထားသည့် အတိုင်းပင် မေမေက လင်းနှင့်ကျွန်မကို ထားရစ်ခဲ့ပြီး အခန်းထဲ က ထွက်သွားသည်။ မေမေ့မျက်နှာသည် သည်တစ်ကြိမ်မှာတော့ ဘယ်လိုမှ လန်းဆန်းမလာနိုင်တော့ပါ။

"နွေး"

အဲသည် ခေါ်သံက ကျွန်မရဲ့ နုံးချိနေသည့် နှလုံးအိမ်ကို ပိုပြီး မောပန်းစေပါသည်။ ကိုယ့်ကိုယ်ကို အားတင်းပြီး ကျွန်မ လင်းကို ရင်ဆိုင်လိုက်သည်။ သွေးဖျော့ပြီး ညို့ရောင်သန်းနေသည့် ကျွန်မ၏ မျက်ဝန်းတစ်စုံသည် လင်းထံက နွေးထွေးနူးညံ့သည့် အချစ်ရိပ်ကို ဝေတ်မွတ်စွာရှာဖွေနေခဲ့သည်။ လင်းရဲ့မျက်ခုံးဘေးက အနာရွတ်ကလေးကို လက်ညှိုးထိပ်ဖြင့် ထိသည်ဆိုရုံ စမ်းချင်မိသည်။ လုံးဝန်းသည့် နှာသီးထိပ်ကလေးကို ဖျစ်ညှစ် ကစားချင်မိသည်။ လင်းနှင့်ကျွန်မရဲ့ အနာဂတ်ဆိုတာကို တွေးမိတိုင်း ဖိုလှိုက် ရင်ခုန်ရသည့် ကြည်နူးမှုသည် ခုတော့ ဘယ်ဆီ

ရောက်နေသည် မသိချေ။

"မောနေသေးလား"

မျက်ခွံတွေကို ပိတ်ထားပြီး ခေါင်းညိတ် လိုက်သည်။

"ရုတ်တရက်ကြီးလိုပဲနော်၊ အရင် ဒီလောက် မနီးပါဘူး"

လင်း ဘာကိုဆိုလိုသည်ဆိုတာ ကျွန်မ နားလည်နိုင်ပါသည်။ ခြောက်သွေ့နေသော နှုတ်ခမ်းတွေကို လျှာဖြင့်သပ်လျက် . . .

"နီးပါပြီ လင်းရဲ့"

ဟု တိုးတိုး ပြောမိသည်။

"ဘာကိုလဲ"

"သေဖို့လေ"

"နွေး"

ကျွန်မ လက်တွေကို ဆုပ်ဖျစ်လိုက်သည့် လင်းရဲ့ လက်ချောင်း တွေ အင်အားကြီးလှသည်မို့ ကျွန်မ နာကျင်သွားရသည်။ ဒါပေမယ့် နာကျင်သည့်ကြားကပင် ကျွန်မ ရယ်ပစ်လိုက်သည်။ အဲသည် အရယ်ကိုပင် ကျွန်မ နှလုံးအိမ်က လက်မခံနိုင်တော့ပါ။ ကျွန်မ ရင်ဘတ်ထဲရော လည်ချောင်းထဲမှာပါ ဆို့ကျပ်အောင့်မျက်လာသည်။ နှာခေါင်းတွေ ပိတ်နေသလို ထင်မိပြီးပါးစပ်ကိုဖွင့်လျက် အသက်ရှူကြည့်တော့လည်း သိပ်မထူးခြားပါ။

www.burmeseclassic.com


လင်းကိုပင် ကျွန်မ ပြောချင်သမျှ အကုန်အစင်ပြော နိုင်ပါတော့မလား။

ကျွန်မ ရင်ထဲက စကားတွေ ကျန်ရစ်မှာကို စိုးရ ပါသည်။ လင်း ဘယ်လိုပဲ ဟန်ဆောင် ဟန်ဆောင် ကျွန်မ သိနေ ပြီဆိုတာ လင်းသိအောင် ပြောရမည်လား။ ဒါမှမဟုတ် ကျွန်မ ပြောစရာမလိုပဲ လင်းက သိနေနိုင်ပြီလား။

လင်းရင်ထဲ ကျွန်မ မမြင်နိုင်အောင် လင်းက ဟန် ဆောင်ကောင်းခဲ့ပေမယ့် ကျွန်မကတော့ စိတ်ထဲမှာ ရှိသမျှ မျက် လုံးတွေ၊ မျက်နှာတွေက ဖုံးဖိနိုင်သည် မဟုတ်ပါ။ ကျွန်မ စိတ် ထဲမှာ ရှိသမျှ လင်းက အလွယ်တကူ သိမြပင်။

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟင်အင်း"

အဓိပ္ပါယ် မရှိ ငြင်းဆန်မိသည်။

"အဲလို မပြောရဘူး နွေးရယ်၊ နွေးမသေနိုင်သေးပါဘူး၊ ဒီ ရောဂါမျိုးဆိုတာမပျောက်နိုင်တဲ့ရောဂါမှ မဟုတ်ပဲ၊ ကင်ဆာလည်း မဟုတ်ဘူး"

လင်းက ကျွန်မ နဖူးပေါ်က ဆံစလေးတွေကို က လေးတစ်ယောက်လို ပွတ်သပ်ပေးနေသည်။ လင်းရဲ့မျက်ဝန်းထဲ မှာ ကရုဏာရိပ်တော့ ရှိသားပင်။ အိမ်မွေး ကြောင်ကလေးတစ် ကောင် ဝေဒနာ ခံစားနေရသည်ကို သနားနေပုံမျိုး ထင်ပါရဲ့။

www.burmeseclassic.com

"ဒါပေမယ့် . . . နွေးက သွားရတော့မှာပါ . . . လင်းရယ်"

ဝမ်းနည်းလာပြန်ပြီ။

မောနေသည့်ကြားက ငိုချင်စိတ်မို့ . . . ပင်ပန်းလှသည်။ မျက်ရည်တွေကျလိုက်ရလျှင် ရင်ဘတ်ထဲ တင်းကျပ်နေတာတွေ လျော့ပြေသွားမလား။

ဒါပေမယ့် . . . မငိုရဘူးနော် . . .

လင်းကို မသိစေနဲ့။

"မဟုတ်တာတွေ . . . သွေးသွင်းလိုက်ရင် ကောင်းသွားမှာ၊ အရင်အခေါက်တွေတုန်းကလိုပဲပေါ့၊ ကိုယ် နက်ဖြန် လာခဲ့မယ်၊ နက်ဖြန်ကစပြီး ဆေးရုံမှာ ကိုယ် နေ့တိုင်းစောင့်မယ်၊ ကိုကို ဇာနည်လည်း သင်တန်းတွေ တက်ရဦးမှာဆို၊ အားမှာ မဟုတ်ဘူး"

'ဟုတ်တယ် . . . ဟုတ်တယ် . . . နောက်ဆို ငါက အားမှာ မဟုတ်ဘူး"

ဟော . . .

ကိုကို ပြန်ရောက်လာပြီ။

ပင်ပန်းစွာ အသက်ရှူနေရသည့် ကြားက ကိုကို့ မျက်လုံးထဲက အရိပ်ကို အဓိပ္ပါယ်ဖော်ဖို့ စိတ်စောနေမိသည်။ လင်းက ကျွန်မ လက်ချောင်းတွေကို ဖြေလွှတ်လိုက်သည်။ ကိုကိုသည် ရုတ်တရက် ကျွန်မခေါင်းရင်းဘက် ရောက်လာပြီး ကျွန်မ

က တမင် မော့ကြည့် မှသာ မြင်နိုင်သည့် ခုတင်စောင်းမှာ မှီရပ်၏။

လင်းရဲ့မျက်ဝန်းထဲ တစ်ခုခု သိမ်းကွယ်လိုက်သည်ဟု ကျွန်မက နားလည်နေသည်။ ခုတော့ ကျွန်မသည် လင်းရဲ့ဟန်ဆောင်တတ်သည့် ပညာကိုမသိနားမလည်နိုင်လောက်အောင် မတုံးမအတော့။ ဒါပေမယ့် အဲသည်လို ပါးနပ်လာခြင်းကပဲ ကျွန်မအတွက် ဆိုးရွားခံခက်စေသည့် ဝေဒနာမျိုးတွေကို ပေးနိုင်ပြန်သည်။

လင်းက ကိုကို့ကို မော်မကြည့်ပဲ ကျွန်မရဲ့ ဘီရိုပုပေါ်က ဆုတံဆိပ်ကို ကြည့်နေသည် ထင်ပါရဲ့။

လင်းမျက်လုံးတွေရဲ့ ဦးတည်ရာကို ကျွန်မ မှန်းမိနေသည်။

"ပေါက်စနဲ့ အဖော်လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ သူ့အနားမှာ အမြဲရှိနေမယ့် အဖော်တစ်ယောက်တော့ လိုတယ်လေ၊ ဟုတ်တယ် မဟုတ်လား လင်းသန့်ရဲ့"

"ဟုတ်ပါတယ် ကိုကို"

လင်းအသံက ခပ်အက်အက် နိုင်လှသည်။

"ရည်းစားထားတယ်ဆိုတာ အဖော်ရဖို့ပဲ မဟုတ်လား၊ တစ်သက်လုံး အဖော်လုပ်ဖို့ပဲ မဟုတ်ဘူးလားကွာ၊ ကောင်းတူဆိုးဖက်ပေါ့"

ကိုကို ဘာတွေပြောနေပါလိမ့်။

www.burmeseclassic.com

မျက်လွှာချနေသည့် လင်းရဲ့မျက်နှာက ကျွန်မ အာရုံမှာ ဝေဝါးလာသည်။

"တစ်နေ့က ရွှေတိဂုံဘုရားမှာ ယတြာသွားချေဖို့ကို မင်းကိုတော့ နေ့လယ်ဘက် ထရိန်နင်ဆင်းနေရလို့ ဆိုပြီး . . ."

မြတ်စွာဘုရား . . .

အသက်ရှူတွေ မြန်ပြီး မူးမိုက် ပြာဝေလာတော့သည်။ လင်း ဘယ်လိုနေသည်ဆိုတာ မြင်ချင်လှသည်မို့ ကျွန်မ ဝေဒနာကို အောင့်ခံရင်း . . . လင်းရဲ့မျက်လုံးတစ်စုံကိုသာ မျက်တောင်မခတ် ငေးကြည့်မိသည်။ လင်းသည် ကိုကို့ကို ခပ်အမ်းအမ်း မော့ကြည့်လိုက်ရင်းကနေ နှုတ်ခမ်းထောင့်စွန်း လေးတွေ ကော့တက်ရုံ ပြုံးလာသည်။

ဒါပေမယ့် . . .

လင်းရဲ့မျက်လုံးတွေကတော့ . . .

"ဘုရားက ပြန်လာကတည်းက ခေါင်းကိုက်တယ်၊ ဖျားချင်သလိုလိုပဲ ဆိုပြီး အိပ်ရာထဲ ဝင်ခွေနေတာပဲ"

လင်း . . .

လင်း ရင်ထဲရှိသမျှ ထုတ်ပြောလိုက်စမ်းပါ လင်းရယ်။

လင်းကို ကျွန်မအပြစ်မတင်ပါဘူး။ အပြစ်အတင်ရက်ပါဘူး။

---

လင်းဟာ လူပီသတဲ့ လူတစ်ယောက် ဆိုတာထက် ပိုပြီး လင်းကို နာမည်ဆိုး မတပ်ချင်ပါဘူး။

ဒါပေမယ့် . . . လင်းရဲ့ ဟန်ဆောင်ထားတဲ့မျက်လုံးတွေကတော့ ကျွန်မကို နာကျင်စေတယ်။

မျှော်လင့်ထားပြီးသားပါ။

လင်းကို တစ်နေ့နေ့မှာ ဆုံးရှုံးရလိမ့်မယ်လို့ မျှော်လင့်ထားပြီးသားပါ။

"ဖုန်းဆက်လိုက်ရောပေါ့၊ ကျွန်တော် အိမ်မှာ ရှိနေတာပဲ"

မဟုတ်ဘူး . . .

လင်း ညာတယ်။

❖❖❖

လင်းရဲ့ လိမ်ညာစကားက ခပ်တဲတဲသာ ကျန်သော ကျွန်မရဲ့ နောက်ဆုံးမျှော်လင့်ချက်ကို ရိုက်ချိုးပစ်လိုက်သလိုပင် ဖြစ်သည်။ ကျွန်မကပဲ စိတ်ကူးယာဉ်လွန်းသည်လား မသိ။ ကျွန်မသည် ချစ်သူကို အကောင်းဆုံးဆိုတာတွေချည်း မျှော်လင့်ထားခဲ့လျက် အဲသည်အတိုင်း မလွဲမသွေ ဖြစ်လာလိမ့်မည် ဆိုတာကိုလည်း ယုံကြည်ခဲ့သည်။ ခုတော့ . . . ကျွန်မရဲ့ အချစ်က မျက်ကန်းတစ်ယောက်လိုပါပဲ။

မဟုတ်သေးဘူး . . .

လူတစ်ယောက်ဟာ လုံး၀ ပြည့်စုံ အပြစ်ကင်းစင်နေရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

ကျွန်မ လင်းကို ခွင့်လွှတ်ရမယ်။

"လင်း"

ကျွန်မသည် လင်း၏အရိပ်ကိုပင် အာရုံမှာ မသဲကွဲသည့်ကြားက အားတင်းကြိုးစားပြီး လည်ချောင်းတွေထဲက အသံကို ညှစ်ထုတ်လိုက်သည်။ အံ့ဩဖွယ်ကောင်းသည့် တိုးတိမ်လှုပ်ခတ် နေသည့်အသံလေးကြောင့် ကျွန်မကိုယ်ကျွန်မပင် မယုံကြည်

နိုင်ခဲ့။ သည်လောက်ထိ လျင်မြန်စွာ အင်အားတွေဆုတ်ယုတ်သွားခဲ့ပြီလား။

ဘုရားကနေ အိမ်ပြန်ရောက်ခဲ့သည့် ညကစခဲ့တာ။ ကျွန်မ ရင်ထဲမှာ ရှင်လျက်နှင့် ငရဲတွေ့ခဲ့ရသည့် အပူသည် ဘယ်လိုအပူနှင့်မျှ မတူ။ ကျွန်မ စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားတည်ဆောက်မရနိုင်သည့်ကြားထဲ အိမ်သားတွေမသိအောင် ထိန်းချုပ်မျိုသိပ်ထားခဲ့ရသည့်အဖြစ်က ကျွန်မကို ပိုပြီး ပင်ပန်းစေခဲ့တာ။

လင်းက ကျွန်မ လက်ဖဝါးတွေကို ပိုပြီး တင်းတင်းဆုပ်ကိုင်သည်။

ဆုပ်ကိုင်လိုက်သည်ဟုပဲ ထင်ပါသည်။

ခုချိန်မှာ ကျွန်မ အာရုံထဲ ဘာဆိုဘာမျှ မသဲကွဲတော့။ ကျွန်မရဲ့ အသက်ရှူလမ်းကြောင်းထဲက ဟောသည် ကျွန်မပတ်ဝန်းကျင်မှာ ရှိနေသည့် လောကကြီးထဲ အောက်ဆီဂျင်တွေတစ်စက်မှ ရောက်မလာတော့ဘူး ထင်ရလောက်အောင်ပင် ရင်ဘတ်ထဲမှာ ဆို့ကျပ်နေသည်။

“နွေး”

လို့ လင်း ခေါ်လိုက်သလား . . .

ကျွန်မရဲ့ နားသယ်စပ်မှာ လေပူငွေ့ငွေ့ ဖြတ်ပြေးသည်ကိုတော့ သေချာသိသည်။

www.burmeseclassic.com

“လင်း . . . သွားတော့”

“ဟင်အင်း”

“လင်း . . . သွားပါတော့၊ လင်းနဲ့တို့ . . . မဆိုင်တော့ဘူး၊ တို့ နှစ်ယောက်ကြားက . . . အားလုံး . . . ပြီးသွားပြီး”

“နွေး”

ခေါ်သံက ကျွန်မ နား,အနားကပ်ပြီး ပေါက်ကွဲသွားသည်။ ထို့နောက်မှာတော့ ကျွန်မရဲ့ဝေဒနာ ပင်ပန်းဆင်းရဲမှုကိုသာ သတိရလျက် ဝေဒနာတွေကြားမှာ ကျွန်မ လူးလွန့်နေရပြန်လေသည်။

ကျွန်မအတွက် ဆုံးရှုံးရတဲ့ဝေဒနာက ပြင်းထန်ခဲ့ပြီးပြီ။

ကျွန်မရဲ့ ခံနိုင်ရည်တွေ ကျိုးပျက်ခဲ့ပြီးပြီ။

သည့်ထက် အဆပေါင်းများစွာ ပြင်းထန်သည့် ဝေဒနာတွေကို ကျွန်မ ခံနိုင်ရည်ရှိဖို့က ပြင်ဆင်ဆဲ ကျွန်မအတွက်. . . နောက်ဆုံးဆိုသည့် အချိန်က လျင်မြန်စွာ ရောက်ရှိလာခဲ့ပြီ ထင်ပါရဲ့။

အဲဒါ . . . လင်းကြောင့် . . .

မဟုတ်သေးပါဘူး . . . .

“နွေး . . . နွေး . . . ဘာတွေ ပြောနေတာလဲကွယ်၊ နွေး ဘာမှ မဖြစ်ဘူး . . . ဘာမှ မဖြစ်ရဘူး နော်”

---

အဲသည် အသံကိုပင် ကျွန်မ နှလုံးက ခါးသက်လျက် နာကျင်အောင့်မျက်သွားရသည်။ ရေလှိုင်းတွေ ပြေးလာနေသည့် ပင်လယ်ကမ်းစပ်က ကျောက်တုံးပေါ်မှာ ရပ်ရင်း ကျွန်မမျက်နှာကို မော့ အာခေါင်ကိုခြစ်လျက် . . .

"လင်း . . . သွားတော့"

ဟု အင်အား ကုန်ခန်းလုမတတ် အော်ဟစ်နေခဲ့သည်။

မိုးကုပ်စက်ဝိုင်းဆီမှာ လင်းရဲ့ပုံရိပ် ထင်သည်။ အဲသည် ပုံရိပ်သည် ကျွန်မဆီ ပြေးကပ်လာလိုက် . . . အဝေးကြီး ဝေးသွားလိုက် . . . ။

အဲသည် ပုံရိပ်ကို ငေးကြည့်ရင်း လိုက်ရှာရင်းပဲ ကျွန်မ မောပန်းနေပြန်သည်။

❖❖❖

ကိုကိုက ကျွန်မကိုကြည့်သည့်အကြည့်သည် တကယ့် ဗလာသက်သက်။ ဒါပေမယ့် ကျွန်မ နားလည်သည်။

ထို့အတူပဲ ကျွန်မကိုလည်း ကိုကို နားလည်နိုင်လိမ့်မည် ထင်သည်။

"အဲလောက်ထိ ကိုယ့်ကိုယ်ကို စိတ်မလျှော့လိုက်နဲ့လေ"

"ရှင်"

ကိုကိုက အောက်ဆီဂျင် ဖြတ်နေသည့် ပုလင်းငယ်ထဲက လေပုလုံစီတွေကို ငေးကြည့်နေရင်းပဲ အေးစက်စက်ပြောသည်။ အေးစက်သည် ထင်ချင်စရာပေမယ့် တကယ်တော့ ကိုကို့အသံက ကြေကွဲနေခဲ့တာပါ။ မုန်းတီးသော်လည်း သည်လို အနေကြာပြီး နှာခေါင်းယဉ်နေပြီဖြစ်သော ဆေးရုံနံ့သည် တစ်ချက်တစ်ချက်မှာ ပို၍ စူးရှလာ၏။

"လင်းသန့်ဘက်ကိုလည်း ဘာမှ မပြောမဆိုရသေးဘူး"

"ပြောစရာ မလိုတော့ဘူး ထင်ပါတယ် ကိုကို"

"သတင်းစာထဲ ထည့်မယ် ဆိုရင်တော့ ပြောရတော့မှာပေါ့"

"သူ . . . လိုအပ်မယ် ထင်ရင် လုပ်ပါစေ၊ ဒီကြော်ငြာလေး

ကို ညီမလေးကိုယ်တိုင် ရေးပေးလိုက်တာလို့ ပြောပြပါ ၊ သူ့ အနေနဲ့ သူ့ရဲ့အနာဂတ်ကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိ သွားပြီပေါ့"

"သူ . . . အဲဒီလို ရွေးချယ်ချင်လိမ့်မယ်လို့ ညီမလေး ထင်သလား"

စိတ်တင်းထားလျက်က ကျွန်မ ဆတ်ခနဲ တုန်သွားသည်။

"မသိဘူး . . . ဒါပေမယ့် သူ့ကို လွတ်လပ်ခွင့် ပေးသင့်ပြီလို့ ထင်တယ်လေ၊ ဒီလို ဝေဒနာသည်တစ်ယောက်ကို သူ ဘယ်လောက်ကြာအောင် အဓိပ္ပါယ်မဲ့ စောင့်နေရမှာလဲ၊ တကယ်တော့ အဆုံးသတ်တစ်ခုကို စောင့်နေရတာ မဟုတ်လား . . . ၊

ကိုကိုသာ ဆိုရင် . . . ကော . . . ၊ စောင့် . . . မှာလား"

ကိုကိုက ခဏ ကြောင်ငေးနေပြီးမှ ဟက်ခနဲ ရယ်လေသည်။

"မသိနိုင်ဘူးလေ . . . ငါ့မှာက အဲသလိုဖြစ်ဖို့ ရည်းစားတောင် မရှိခဲ့ပဲနဲ့"

ကျွန်မ ကိုကို့ကို အားနာသွားရသည်။

"အေးလေ . . . ဒါတွေဟာ ဘာမှ မဆန်းတဲ့ သဘာဝတရားတစ်ခုလို့ မှတ်ယူထားနိုင်ရင်တော့ အကောင်းဆုံးပါပဲဟာ၊

www.burmeseclassic.com

တွယ်တာစိတ်တွေဆိုတာ သိပ်ပူလောင်လွန်းပါတယ်၊ နှင် ပြောသလိုပဲ . . . လင်းသန့်ကို နှင် အမှန်တကယ် လွတ် လပ်စေချင်တယ် ဆိုရင်လည်း တစ်မျိုးကောင်းတာပါပဲ၊ နှင့်စိတ်လည်း လွတ်လပ် သွားတာပေါ့ ။

ဒါပေမယ့် . . . သူကတော့ နှင့်ကို ချစ်ရှာပါတယ်၊ ဒီအချိန် အထိ နှင့်အပေါ် စိတ်မပျက်ပဲ၊ သစ္စာလည်း မပျက်ပဲ အ လေးအနက် ထားနေတဲ့ ယောကျ်ားတစ်ယောက်ကို နှင် . . . တစ်ကယ်ပဲ လက် လွှတ်နိုင်လို့လား၊ သံယောဇဉ် ဖြတ်နိုင်လို့ လား"

မျက်လုံးတွေ မှိတ်ထားလိုက်ရင်း ကျွန်မ နှုတ်ခမ်း တွေက ကော့တက်လာသည်။

ခုတော့ ကျွန်မ နာကျင်စွာ ပြုံးတတ်ပြီ။

နက်ရှိုင်းစွာ သိုဝှက်တတ်ပြီ။

ကျွန်မဟာ လင်း မြတ်နိုးသည့် ရိုးစင်းကြည်လင် သူလေး မဖြစ်နိုင်တော့။

"တစ်နေ့နေ့မှာတော့ အားလုံးကို လက်လွှတ်ရမှာ မဟုတ် လား ကိုကိုရယ်"

ကျွန်မ . . . ကိုကိုအပေါ်မှာတော့ သည်မျှသာ ရင်ဖွင့် နိုင်လေသည်။

"ဒါပေမယ့် . . . ခုတော့ စောပါသေးတယ်ဟာ"

ကိုကို နှစ်သိမ့်စကား မဆိုတတ်ဟု ကျွန်မ ထင်သည်။

ကိုကိုသည် ကျွန်မကို သမရိုးကျ မိန်းမငယ်လေး တစ်ယောက် အဖြစ်ထက် ပိုပြီး ကရုဏာသက်ဟန်ငဲ့ညှာဟန်မပြပဲ ကျွန်မရဲ့ စိတ်ဓာတ်ကို ကျားကန်ပေးခဲ့သည်ကိုပင် ကျွန်မက နှစ်သက်နေမိသည်။

နောက်ဆုံးချိန်အထိ အဲသည်လိုပဲ . . .

ဖြေသိမ့်စကားတွေ မပြောစမ်းပါနဲ့ ကိုကိုရဲ့။

"အင်း . . . ဟုတ်တာပေါ့၊ စောသေးတယ်၊ ကိုကိုနဲ့အတူ နိုင်ငံခြားလိုက်လည်ဦးမှာ ကိုကိုရဲ့၊ လင်းကိုတော့ သနားလို့၊ အိပ်ရာထဲ လဲနေတဲ့ ဝေဒနာသည် တစ်ယောက်ကို ရည်းစားအဖြစ်ရတာ ဘယ်လိုလုပ် ကံကောင်းနိုင်မှာလဲနော် ကိုကို . . .

ပြီးတော့ သူက ငယ်သေးတယ်၊ အားကစားသမားမို့ ကျန်းမာသန် စွမ်းတယ်၊ နုပျိုပြီး မျှော်လင့်ချက်တွေ ပြည့်နေတဲ့ သူ့ဘဝကို ကြိုးချည်မထားချင်တော့ပါဘူး ကိုကိုရယ်"

သည်စကားတွေ ပြောတော့ ရင်ထဲက အမှန်တကယ်ကြည်နူးလာသည်။ လင်းအပေါ် ကရုဏာသက်မိပုံကလည်း တကယ့် မောင်လေးအရင်းလို ကိုယ်ချင်းစာမိပုံမျိုးမျိုး၊ မေတ္တာစိတ်ဆိုတာ ဒါမျိုး ထင်ပါရဲ့။

www.burmeseclassic.com

ဒါပေမယ့် . . . ဆေးရုံကို လင်း ရောက်မလာခဲ့ရင်

'နွေး' လို့ နား,နားကပ်ပြီး တိုးတိုးဖွဖွခေါ်မယ့်အသံလေး မကြားရရင် . . .

လက်ဖဝါးထဲ နွေးထွေးစွာ ဆုပ်ညှစ်ထား ခံရတဲ့ အင်အားလေး မရရင် . . .

နဖူးပြင်အစပ် ဆံစတွေ လှုပ်ခတ်အောင် ပြေးဆော့ကစားတဲ့ လေပူနွေးလေး မထိရင် . . .

အို . . .

တကယ့် . . . ကန္တာရပဲ . . .

ကျွန်မရဲ့ နှလုံးအိမ် သွေ့ခြောက်ပြီး တဖြည်းဖြည်း အက်ကွဲ ကြေမွရတော့မှာပေါ့။

"နင်က သူများကိုချည်း သနားနေတာကိုး၊ ကိုယ့်ကိုယ်ကိုလည်း သနားဦးလေ"

"ဟင်အင်း . . . ဘာရှိမှာလဲ"

"လူဆိုတာက သံယောဇဉ်တွေ၊ အချစ်တွေနဲ့တစ်ယောက်နဲ့ တစ်ယောက် မှီခိုနေထိုင်ကြတာမျိုးပဲ ဆိုတော့. . . အင်းလေ . . . နင့်ဘက်က နင့်ဘာသာ တစ်ဖက်သတ် ဆုံးဖြတ်တာ၊ သူက လက်ခံဦးမှကိုး"

"ကိုကိုက သူ နားဝင်အောင် ပြောပေးပေါ့"

"ငါက . . ."

"အင်းလေ"

ကိုကိုက မျက်နှာရှုံ့မဲ့ တစ်ဖက်လှည့်သွားလျက်

"ဒီလို ကိစ္စမျိုး . . . ငါက လုပ်ရမယ်"

ဆိုပြီး ညည်းညူနေလေသည်။

အနားမှာ ကိုကို ရှိနေသည်ကို အခိုက်အတန့် မေ့လျော့သွားပြီး ကျွန်မ အားတင်းထားရသည့်စိတ်ကို ဖြေလွှတ်လိုက်သည်။ ကျွန်မရဲ့ စိတ်အာရုံက လင်းဆီသို့ လွင့်ခနဲ မျောလေသည်။ ရွှေရည်လျှမ်းနေသလို အလင်းအောက်မှာ လင်းရဲ့ ကြည်နူးရိပ်ခြယ်သည့် အပြုံး . . .။

တစ်ချိန်ကတော့ သည်လို အပြုံးတွေကို ကျွန်မလည်း လက်ခံရယူခဲ့သားပဲ။

ဘာမှမထူးဆန်းပါဘူးနော်။

လူတစ်ယောက်ဟာ သူ ပိုင်ဆိုင်သမျှ ပေးချင်သူကို ခွဲဝေပေး လို့ရတာပဲ။

လင်းဟာလည်း လင်းရင်ထဲက အချစ်ကို နှစ်သက်သူ ဘယ်သူ့ကိုဖြစ်ဖြစ် ပေးနိုင်သည် မဟုတ်လား။

ဒါပေမယ့် . . .

လင်း . . .

ကျွန်မကို မချစ်တော့ဘူးထင်ရဲ့ နော်။

အခန်းထဲမှာ ကျွန်မ တစ်ယောက်တည်းလိုပင် ရှိုက်

www.burmeseclassic.com

ငင်ပိုကျွေး မိတော့သည်။

တကယ်လည်း တစ်ယောတည်းပါပဲ။


တိမ်တိုက် မှောင်တွေထဲ ကျွန်မ ပျောက်သွားသည့် အခါ ယောင်ယမ်းဖမ်းဆုပ်ဖို့ လက်တစ်စုံကိုမျှ မတမ်းတရတော့ဘူးလားကွယ်။

❖❖❖

www.burmeseclassic.com

# အပိုင်း (ယာ)

www.burmeseclassic.com



www.burmeseclassic.com

ကိုကို့ မျက်လုံးတွေက ကျွန်တော့် ရင်ဘတ်ထဲ ဖောက်ဝင်ပြီး အူတွေ ကလီစာတွေကနေ နှလုံးအိမ်အတွင်းပိုင်း အထိ စူးရှစွာ ထိုးဖောက်ဝင်သွားသလို ခံစားလိုက်ရ၏။ ကျွန်တော့် ဆံပင်မွေး တွေ ထောင်ပြီး ဖြုန်းခနဲ ကြက်သီးထသွားပေမယ့် . . . ချက်ချင်း ပြန်ပြီး သတိဝင်သည်။

"ဘာဖြစ်လို့လဲ ကိုကို"

နွေးရဲ့ မိသားစုဝင်တွေကို ကျွန်တော်က နွေးခေါ် သလို ရင်းနှီးစွာခေါ်သည်။ စိတ်ထဲမှာ ခေါ်လည်း ခေါ်ချင်သည် ဖြစ်၍ အဲသည်အခေါ်အဝေါ်ကြောင့်ပဲ သူတို့နှင့်ကျွန်တော် ပိုမို ရင်းနှီးသလို ခံစားရသည်။

သို့ပေမယ့် . . . ခုတော့ ကိုကို့မျက်လုံးတွေက အစိမ်း သက်သက်။ အဲသည် မျက်လုံးတွေထဲက ဘယ်လိုခံစားချက်ကိုမှ ကျွန်တော်ဖမ်းယူ၍မရချေ။ ဆိုင်ရှေ့က အနီတစ်ကန့် အပြာတစ်

www.burmeseclassic.com

ကန့် အဝါတစ်ကန့် ပလတ်စတစ်ထီး အနားတွေ တဖျပ်ဖျပ်လွင့်နေသည်ကို သူက ဖျတ်ခနဲလှည့်ငေးရင်း . . .

"မင်းတို့နှစ်ယောက် ကိစ္စ . . . ရပ်လိုက်ကြဖို့ပဲ"

ဟု တုံးတိတိ ပြောလိုက်တော့ . . . ကျွန်တော် . . . ကျောက်ရုပ်တစ်ရုပ်လို ကြက်သေ သေသွားပြီး ရင်ဘတ်ထဲမှာတော့ ပင်လယ်ကမ်းစပ်က ကျောက်ဆောင်တွေဆီ ရေလှိုင်းတွေ တဝုန်းဝုန်းလာရိုက်သလို ပြင်းထန်စွာ လှုပ်ခတ်သွားခဲ့လေသည်။

❖❖❖

"စေ့စပ်ကြောင်းလမ်းခြင်းကို နှစ်ဦးသဘောတူ ရုပ်သိမ်းခြင်း"

အနက်ရောင် . . . မှင် . . .

ခပ်ရှည်ရှည် သေးသေး . . . ကဗျာ လက်ရေး။

နွေး ကိုယ်တိုင် . . . ရေးခဲ့တာ . . . တဲ့။

တိမ်စိုင် တိမ်လိပ်တွေကြားထဲ ကျွန်တော် ရောက်နေသည်။ တိမ်လိပ်တွေက တစ်ဟုန်ထိုး ပြေးလာပြီး ကျွန်တော့် မျက်နှာ၊ ခန္ဓာ ကိုယ် . . . ခြေလက်တွေထဲ တိုးဝှေ့ဖြတ်သန်း ရွေ့လျားသွားကြသည့်အခါ ကျွန်တော် အထိတ်တလန့် ဖြစ်လာပြီး ကျွန်တော် ကိုယ်ပေါ်မှာ အတောင်ပံတွေကို ရှာကြည့်မိသည်။ ကျွန်တော့် ကိုယ်မှာ တောင်ပံတွေ ရှိမနေပါ။ လေယာဉ်တစ်စင်းစင်းပေါ်မှာလည်း ကျွန်တော် ရှိမနေပါ။

အဲသည် ဟင်းလင်းပြင်အတိုင်း ရွေ့လျားလျက် နိမ့်ချည်မြင့်ချည်ဖြင့် မျောပါလျက် ကျွန်တော့်နှလုံးက ရွေ့လျားမှုအတိုင်း အေးခနဲ အေးခနဲ လိုက်ခုန်နေသည်။ ထို့နောက်မှာတော့ တဖြည်းဖြည်း အလင်းရောင်ကင်းမဲ့ မှောင်မိုက်လျက် ရုတ်ခြည်း

ပင် ပိန်းပိတ်သော အမှောင်ထဲသို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာသည်။ ဓာတ်လိုက်ခံရလို ကျွန်တော့်တစ်ကိုယ်လုံး လှုပ်ခါတုန်ခိုက်နေလေသည်။ နှလုံးအိမ်ကို ဆုပ်ဖျစ်ထားသလို နာကျင်ဆို့ကျပ်လာသည်။

"ဒီအခြေအနေ. . . ဒီအချိန်အထိ မင်း . . . နွေးအပေါ် စိတ်ရှည်ခဲ့တယ်၊ လိုက်လျောခဲ့တယ်၊ နားလည်ခဲ့တယ်၊ စောင့်ထိန်းခဲ့တယ် . . .

ဒါတွေအားလုံးအတွက် ကိုကို မင်းကို ကျေးဇူးတင်တယ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ ပြောရရင် . . . မင်း ကိုယ့်ညီမလေးအပေါ် သစ္စာမြဲနေနိုင်တာကို ကိုယ် ချီးကျူးပါတယ် လင်းသန့်ရယ်"

မဟုတ်ဘူး . . .

ကျွန်တော့်ကို ချီးကျူးဖို့ မတန်ပါဘူး . . .

ကျွန်တော့်ကို အဲဒီလို စကားလုံးတွေနဲ့ မပစ်ပေါက်ပါနဲ့။

"ခုတော့ ပေါက်စ ကိုယ်တိုင်က မင်းကို လွတ်လပ်ခွင့်ပေးချင်တယ်၊ နှစ်ဖက်မိဘ ရှေ့မှာ စေ့စပ်ထားတယ်ဆိုတဲ့ကြိုးနဲ့ မင်း ကို တုပ်နှောင်မထားချင်တော့ဘူးတဲ့၊ မင်း . . . ပေါက်စကို စောင့်နေဖို့ မလိုတော့ဘူး"

"ဗျာ"

"လူကြီးတွေကို ပြောပြီး မင်းတို့ စေ့စပ်ထားတာကို ဖျက်သိမ်းကြောင်း . . . မင်းဘက်ကို ကြေညာလိုက်ဖို့ပဲ၊ တို့ဘက်က တော့ အားလုံး သိပြီးပါပြီ၊ မင်း ဆန္ဒရှိရင် သတင်းစာထဲ ထည့်နိုင်ပါတယ်"

"ဟင်အင်း"

သွက်သွက် . . . ခေါင်းရမ်းပစ်လိုက်မိသည်။ ဟန်ဆောင်နေတာလား . . .။ ဟုတ်တယ် မဟုတ်လား။

ဟိုး . . . ပြာလွင့်တဲ့ ကောင်းကင်ပြင်ကြီးထဲက ငှက်တစ်ကောင်လို လွတ်လပ်စွာ လေဟုန်စီးမျော . . . သည်လို ခံစားရမှာလား . . .။

ကျွန်တော်သည် နံရံများအလယ်မှာပင် ရှိနေသည့် အဖြစ်ကို ကိုယ့်ဘာသာ နားမလည်နိုင်ပဲဖြစ်လျက် ကိုကို့မျက်လုံးတွေကို ရီဝေဝေ ငေးကြည့်နေမိသည်။

"နွေး . . . က . . ."

ကယောင်ကတမ်း ဘာတွေ ရွတ်မိမှန်းလည်း မသိ။

"နွေးက ကျွန်တော့်ကို မလိုတော့ဘူးတဲ့လား"

သည်လို ရေရွတ်မိသည် ထင်၏။ မျက်ဝန်းအိမ်တွေ ပူနွေး လာသည်ထင်၏။ ဘာကြောင့်မှန်းမသိ။

"နွေးက မင်းကို မလိုအပ်တော့ဘူး၊ အင်း . . . အဲလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

www.burmeseclassic.com

သည့်စကားက မေးခွန်းတစ်ခုနှင့်သာတူလေသည်။

"ဒါမှမဟုတ် . . . မင်းက သူ့ကို မလိုအပ်တော့တာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

ကျွန်တော် ပြောဖို့ စကားများစွာ နှုတ်ဖျားမှာရှိသည်။ ပြောဖြစ်ဖို့လည်း ကြိုးစားခဲ့သည်။ သို့ပေမယ့် တကယ်တမ်းမှာ စကားလုံးတွေက အသံအဖြစ်ထွက်မလာ။ အခင်းမရှိပဲ ပေါလစ်ရှ် ဖြင့် ပြောင်လက်နေသည့် စားပွဲမျက်နှာပြင်မှာ ရှုံ့တွယိုင်ယွဲ့နေ သော ကျွန်တော့်မျက်နှာအရိပ်ကို ကျွန်တော် ပြန်မြင်ရသည်။

"တို့တွေ အမှန်တရားကို အမှန်အတိုင်း ရင်ဆိုင်ကြဖို့ အချိန်ရောက်ပြီလေ လင်းသန့်ရဲ့၊ ဖုံးကွယ်ဝှက်ထားဖို့ အခြေအနေ မဟုတ်တော့ဘူး၊ ပေါက်စဟာ ဒီပုံစံနဲ့ပဲ နောက်ထပ် နှစ်နှစ် သုံးနှစ် အသက်ရှည်ချင်လည်း ရှည်ဦးမယ် ၊ ဒါပေမယ့် ပကတိ ပြန်ကျန်းမာလာမှာ မဟုတ်တော့ဘူး၊ ဒီထက် ဆုတ်ယုတ်ဖို့ပဲ ရှိမယ် . . .
ဒါကြောင့်မို့ အဲဒီအချိန်တွေကို မင်း . . . စောင့်နေစရာ မလိုတော့ဘူး"

"ဟင်အင်း . . . သူ . . . သူ အဲလို ဆုံးဖြတ်တာကို ကျွန်တော် မလိုချင်ဘူး၊ သူ ဘယ်လို ခံစားနေရမလဲ"

ကျွန်တော်တို့ နှစ်ယောက်ကြားမှာ စကားသံ ရုတ်

www.burmeseclassic.com

တရက် တိတ်ဆိတ်သွားခဲ့ပြီး ကမ္ဘာကြီးတစ်ခုလုံး ပေါက်ကွဲပြီး ငြိမ်သက် သွားသလို ချောက်ချားဖွယ် ငြိမ်သက်တိတ်ဆိတ်မှုမျိုး အချိန် အတော်ကြာ တည်ရှိနေခဲ့သည်။

နွေး . . .

ဘယ်လို ခံစား နေရမလဲ။

အမြဲ . . . လူကြီးတစ်ယောက်လို ရင့်ကျက်တည်ငြိမ်နိုင်ဖို့ ကြိုးစားတတ်တဲ့ နွေး . . .

အချစ်ဟာ ဂရုတစိုက် စောင့်ရှောက်ထားရတဲ့ ဖန်ထည် လှလှလေးတစ်ခုလိုပဲ။ ကွဲရှ ထိခိုက်လွယ်ပြီး ပြန်ဆက်လို့ မရဘူး။

"ငါ မသိဘူး၊ သိလည်း မသိချင်ပါဘူး၊ မိန်းမတစ်ယောက်ရဲ့ နှလုံးသားဟာ ဘယ်လောက်ထိ ခံနိုင်ရည်ရှိသလဲဆိုတာ... ငါ တစ်ခါမှ မစမ်းသပ်ဖူးဘူး၊ လင်းသန့် . . . မင်း ရော စမ်းသပ်ဖူးသလား"

ကိုကိုက မေးခွန်းနှင့်အတူ . . . ပြုံးလိုက်သည်။ အဲသည် အပြုံးကကျွန်တော့်နှလုံးသားအတွက် မိုးကြိုးသွားတစ်ခုပင် ဖြစ်၏။

"ကိုယ့်ညီမက သတ္တိတော့ ကောင်းတယ်ကွ"

---

ရေနွေးပန်းကန် ကိုင်ထားသည့် ကျွန်တော့် လက်ချောင်းတွေ တုန်ယင်လာသည်။

“သူ့ရဲ့ နောက်ဆုံးအချိန်ကို သူ တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ သွားနိုင်အောင် ပြင်ဆင်နေတယ်လို့ ကိုယ် ထင်တယ်၊ တို့ သူ့ကို အနှောက်အယှက် မပေးသင့်ဘူး”

“ဒါပေမယ့် . . . ဒါပေမယ့် . . . သူ ခံနိုင်ပါ့မလား”

“ဒါဆို . . . မင်းက သူ့အတွက် ဘာလုပ်ပေးမယ် စိတ်ကူးသလဲ၊ ဘယ်လောက်အထိ အဖော် လုပ်ပေးနိုင်မလဲ၊ သူ သွားမယ့် လမ်းကျတော့ မင်း ကျန်ရစ်ခဲ့ရမှာပဲ မဟုတ်လား၊ သူ . . . သံယောဇဉ်ပြတ်ပါစေတော့ လင်းသန့်၊ သူ ကိုယ်တိုင် သူ့ရဲ့ ကြိုးတွေကို ဖြည်ဖို့ ကြိုးစားနေတာကို တို့ ဒီလိုပဲ စောင့်ကြည့် နေရမှာပဲ”

လက်ဖဝါး နှစ်ဖက်ထဲ မျက်နှာကို ဝှက်ထားလိုက်မိသည်။ ခုအခါမှာ ကျွန်တော် တိမ်စိုင်တွေထဲမှာလား၊ အမှောင်ထု ထဲမှာလား၊ ပင်လယ်ထဲမှာလား ကိုယ့်ဘာသာ မသိ။

အဆုံးသတ်တစ်ခုကို စောင့်မျှော်ရသည်က အချိန်တွေ တာရှည်လှသည်ဟု ထင်ခဲ့ဖူးသည်။ ခုတော့ ထင်မှတ်မထားသည့် ပုံစံမျိုးဖြင့်သည်အဆုံးသတ်က . . . ကျွန်တော့်ရင်ကို ကောင်းစွာ နှိပ်စက်နိုင်ခဲ့လေသည်။

တို့နှစ်ယောက်ကြားမှာ ကြိုးတွေအထပ်ထပ် ရှိနေ

www.burmeseclassic.com


သားနော်။

ကြည့်စမ်း . . .

ကိုယ် မသိနိုင်ခဲ့ပါလား နွေးရယ် . . .။

❖❖❖

www.burmeseclassic.com

မြင်ဖူး . . . ရင်းနှီးဆဲ . . .

ဘယ်လို အတေးအမျက်မျိုးမှ မရှိသော်လည်း အဲသည် မျက်နှာတွေက ခုတော့ စိမ်းသက်နေသည်။ ကျွန်တော့်ကို လက်တွေ ဆန့်တန်းတားထားသလို ရှိ၏။

"ဘာဖြစ်လို့လဲ"

စိတ်ထဲက မေးမိသည်လား . . . လည်ချောင်းထဲက အသံထွက်သလား . . .

ကျွန်တော် တကယ်မသိ . . .

မတွေ့ချင်ဘူး . . . မတွေးတော့ဘူး . . . တဲ့။

ပြီးရောပေါ့ . . . ပြီးပြီပေါ့ . . . လှည့်ပြန်တော့လေ။

ဒါပေမယ့် . . . ရင်ကဘာကြောင့်နာကျင် နေရတာလဲ။ ဘာကြောင့် လှိုက်ဟာ နေရတာလဲ။

ဟိုး . . . ရှေ့မှာ လင်းသန့်ရဲ့ အနာဂတ် ရှိသည်။ အဲသည် အနာဂတ်သည် မှုန်ဝါးပြီး ပျောက်ကွယ်လုမတတ် ဖြစ်နေရာကနေ တဖြည်းဖြည်း အရိပ်တွေထင်လာ၏။ ပြီးတော့ တဖြည်းဖြည်း နီးကပ်လာနေသည်။

ဟော . . .

အသက်ရှူသံ . . .

ခပ်ပြင်းပြင်း အသက်ရှူသံ . . .

'လင်း . . . သွားတော့ 'တဲ့။

[သူကိုယ်တိုင် သူ့ရဲ့ကြိုးတွေကို ဖြည်ဖို့ ကြိုးစားနေတာကို တို့ ဒီလိုပဲ စောင့်ကြည့်နေရမှာပဲ]

ကျွန်တော်ကတော့ သည်လိုမထင်ပါ။

နွေး ရင်ထဲမှာ ကျွန်တော့်အတွက် အချစ်က လွဲသည့် အရာမရှိနိုင်ဘူးဟု ထင်ခဲ့သည်။ ခုတော့ . . . နာကြည်းခြင်းတွေများ အစားရောက်ခဲ့သည်လား မဆိုနိုင်။

"လင်းသန့်"

ပခုံးပေါ် လက်တစ်ဖက် ရောက်လာသည့်အခါ . . . ပိန်းပိတ်သော အတွေးတွေ၊ သောကတွေ၊ ပူလောင်မှုတွေကြားက အခိုက်အတန့် လွတ်မြောက်ခွင့်ရသည်။ သို့ပေမယ့် နွေးရဲ့ . . . ဆေးရုံအခန်းငယ် တံခါးသည် လျှင်မြန်စွာ ပြန်လည်စေ့ပိတ်သွားခဲ့၏။

"ကျွန်တော် ခဏ ဝင်ကြည့်ပါရစေ ကိုကို"

"လာပါကွာ . . . ကိုယ်တို့ တစ်ခုခု သွားစားရအောင်၊ ငါ မနက်စာ မစားရသေးဘူးကွ"

"ကိုကို"

www.burmeseclassic.com

မျက်လုံးချင်း ဆုံမိတော့ ကိုကို့မျက်လုံးထဲ မှုန်ဝါး သီဝေနေသည်ဟု ထင်မိသည်။

❖❖❖

"ကျွန်တော့်ကို ဘာကြောင့် ပေးမဝင်တာလဲ"

လှေကားထစ်တွေက ဆင်းဆင်းချင်းပင် မေးဖြစ်သည်။

"နွေးက ကျွန်တော့်ကို မတွေ့ချင်ဘူးဆိုတာ ကျွန်တော် မယုံဘူး"

တဖွတ်ထိုး ခေါင်းမာသည်ပဲဆိုစေ . . . တံခါးအပြင်က မျက်လုံးတွေကို ကျွန်တော် မယုံပါ။

နွေး . . . ကျွန်တော့်ကို ဘယ်လောက် ချစ်ခဲ့သလဲ။

သည်လို အချိန်မျိုးမှာ နွေးဟာ ကျွန်တော့် လက်ဖဝါးက ကြင်နာမှုကို တမ်းတနေမှာ အသေချာပဲ။ နွေးထွေးသော ကျွန်တော့်လက်ဖဝါးတွေက ခပ်ကြမ်းကြမ်းပေမယ့် လုံခြုံမှုပေးနိုင်သည်လို့ နွေးကတော့ အမြဲ ပြောတတ်သည်။ သွေးရောဂါ ကုသဆောင်၏ အောက်ထပ်တံခါးကို လွန်လွန်ချင်း သန်းသန်းဝင်းနှင့် မျက်နှာချင်းဆိုင်ရတော့ . . . သူက ကျွန်တော့်ကို အားပေးပြုံးတစ်ခုဖြင့် နှုတ်ဆက်ရင်း ကိုကို့ကိုပါ ပြုံးပြနှုတ်ဆက်သည်။ သူ . . . နွေးကို သွားကြည့်မှာပေါ့။

---

www.burmeseclassic.com

လင်း . . . ရောက်နေတယ် လို့ သူက နွေးကိုပြော မှာပါ။ အဲသည်အခါကျလျှင် . . . နွေးက လင်းကို တွေ့ပါရစေ လို့ တောင်းဆိုမှာလား။

ကျွန်တော် နောက်ဆုံးကြားခဲ့ရသည့်စကားကတော့

[လင်း . . . သွားပါတော့]

ဆိုသည့် တုန်ခိုက်ချိနဲ့သည့် နွေးရဲ့ အသံလေးသာ ဖြစ်သည်။

"လင်းသန့်"

ပလက်ဖောင်းပေါ်မှာ ဈေးဆိုင်တချို့ ရှိတတ်ပေ မယ့် ကိုကို က အဲသည်ကို မသွားပါ။ နံနက်စာ မစားရသေးဘူး ဆိုသည့် ကိုကိုဇာနည်က . . . ကျွန်တော်နှင့်အတူ ရေတမာပင်ရိပ် အောက်မှာရပ်သည်။ ဗိုလ်ချုပ်လမ်းမသည် မီးပွိုင့်မှာကားတွေ အဆက်မပြတ် စည်တန်းရှည်လျားလျက် သူ့သရုပ်သကန် ပီပြင် စွာရှိသည်။ ကျောင်းလွှတ်ချိန် မဟုတ်သေးတာမို့ လမ်းပေါ်မှာ ဂျာနယ်ရောင်း သည့် ကောင်လေးတချို့နှင့်ဖြတ်သွားဖြတ်လာများ သာရှိသည်။

"မနေ့က ကိုယ် ပြောခဲ့ပြီးသလိုပဲ၊ သူ့ကို ပြီးပြီးပျောက် ပျောက် ထားလိုက်ပါတော့ကွာ၊ သူ မင်းကိုလုံးဝ စိတ်ဖြတ် ပြီးပြီ၊ ပြီးတော့ ကိုယ် ထင်တယ်လေ၊ တို့ မိသားစုဝင် အားလုံးကိုလည်း သူ တဖြည်းဖြည်း သံယောဇဉ်ဖြတ်ပြီး

www.burmeseclassic.com


သူ့လမ်းကို သူလျှောက်သွား တော့မယ်လို့ ထင်တယ်၊ ခုထိတော့ သူ့ကိုယ်သူ ကြိုးစားတည်ဆောက်နေရပုံပဲ၊ မင်းကိုလည်း မေ့လို့တော့ ရမှာ မဟုတ်သေးဘူး၊ ဒါပေမယ့် . . .”

“သူ ဘာဖြစ်လို့ ဒီလောက်ထိ အပင်ပန်းခံနေတာလဲ၊ ကျွန်တော် သူ့ရဲ့ နောက်ဆုံးချိန်အထိ . . . သူ့ အနားမှာ . . .”

“ဒါပေမယ့် . . . မင်းက သူနဲ့အတူ လိုက်သွားနိုင်မှာမှ မဟုတ်တာ”

တစ်ကိုယ်လုံး ဖြုန်းခနဲ ပူနွေးပြီး ဆူဝေတက်လာသည်။ ကိုကို့ နှုတ်ခမ်းက အပြုံးသည် မခိုးမခန့်နိုင်လှ၏။ ပြီးတော့ ချက်ချင်း ရိပ်ခနဲပင် ပျောက်ကွယ်သွားသည်။

“ခု အခြေအနေအထိ မင်းစိတ်ရှည်ရှည် စောင့်လာတာကိုပဲ ကိုယ်က မင်းကို ကျေးဇူးတင်လှပါပြီ၊ ဒီထက် ပိုပြီးတော့လည်း စိတ်မရှည်သင့်တော့ဘူးမဟုတ်လား”

“ဗျာ”

“နောက်ပြီး . . . ပေါက်စလေးက မင်းနဲ့ပတ်သက်ရင် သိပ်ပြီးမျှော်လင့်ချက်ကြီးတယ်၊ အမြဲ အကောင်းချည်းမြင်ချင်တယ်၊ မင်းဝင်ကစားတဲ့ပွဲတိုင်းမှာ နိုင်စေချင်တယ်၊ အဲသလိုပေါ့ကွာ၊ မင်းဟာ သူ့အပေါ်မှာ အချစ်ကြီးတယ်၊ သစ္စာကြီးတယ် ဆိုတာကို ပဲ မှတ်ကျောက်တင်ခံချင်တယ်၊ အဲဒါ

ကြောင့်လည်း မင်းဖက်က စပြီး စိတ်ပျက်လာတာမျိုး၊ အချစ် ပြယ်လာတာမျိုးကို သူမခံရချင်ဘူး၊ မင်းကို သူနဲ့ပတ်သက်သမျှ လူအားလုံးက ချီးမွမ်းစကားပဲ ဆိုစေချင်တယ် ထင်ပါရဲ့ . . .

ကိုယ် မှန်းကြည့်ရတာပဲလေ၊ ခုတော့ . . . သူက . . . မင်းကို လုံးဝ မတွေ့တော့ဘူးတဲ့၊ သူနဲ့ မင်းကြားမှာ ဆက်နွယ်မှု ရှိခဲ့တယ် ဆိုတာကို မေ့လိုက်ပါတဲ့"

"ကိုကို ပြောတာတွေကို ကျွန်တော် နားမလည်ဘူး"

ကိုကိုက ကျွန်တော့် မျက်ဝန်းထဲ စူးစိုက် ကြည့်သည်။ အဲသည်အကြည့်မှာပင် တည်ငြိမ်မှုကို ပြန်ရသည်။ ကိုယ့်ကိုယ်ကို ပြန်မြင်နိုင်သည်။ စိတ်တွေ ချည်တိုင်မရှိ ယောက်ယက်ခတ် လွင့်ပါးနေပြီး . . . ကိုယ့်ဘာသာပင် နားမလည်နိုင်လောက်အောင် ရှုပ်ထွေးနေခဲ့တာမို့ ကိုကို့စကားတွေကိုရော ဘယ်လိုနားလည်နိုင်မည်လဲ။

ခုထိတော့လည်း ကိုယ့်ဘာသာ နားမလည်နိုင်ရှိဆဲပင်။

သို့ပေမယ့် အထိုက်အလျောက်တော့ တည်ငြိမ်လာပြီ။

"နွေး . . . မသွားသေးပါဘူး၊ နွေး . . . မသေနိုင်သေးပါဘူး၊ နောက်ထပ် အချိန်တွေ အကြာကြီး နေရဦးမှာပါ"

"ဟုတ်ပါတယ် လင်းသန့်ရဲ့၊ ဒါပေမယ့် . . . သူကတော့ မင်းကို နောက်ထပ် တစ်စက္ကန့် တစ်မိနစ်တောင် ထပ်မစောင့် စေချင်တော့ဘူး"

"မသိဘူးဗျာ . . . ကျွန်တော် နားမလည်ဘူး"

"မင်း . . . သူ့ကို ဖွတ်အတင်းဝင်တွေ့ရင် သူ . . . မင်း အပေါ် သံယောဇဉ်ဖြတ်ဖို့ ကြိုးစားထားရသမျှတွေ အလကားဖြစ်ကုန်လိမ့်မယ်၊ အဲဒါ ဘယ်လောက် ပင်ပန်းသလဲဆိုတာ မင်းလည်း သိမှာပါ"

"ဘာတွေလဲဗျာ . . . ဘာတွေလဲ . . . "

"လင်းသန့်"

သူက ကျွန်တော့်ကို ဖက်ပြီး ပခုံးစွန်တွေကို ခပ်ကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

"ဒီလို အဖြစ်ကနေ မင်းထွက်ပြေးချင်နေတယ် ဆိုရင်လည်း ကိုယ်မင်းကို အပြစ်မတင်ဘူး၊ မင်းကို ဘယ်သူကမှ အပြစ်တင်နေတာ မဟုတ်ဘူး၊ မင်းဟာ လူတစ်ယောက်၊ ယောကျ်ားတစ်ယောက် . . . မျှော်လင့်ပြီး စောင့်တယ်ဆိုတာ အတိုင်းအတာ ရှိတယ် . . .

မင်း . . . ခုထက်ပိုပြီး စိတ်ရှည်နိုင်လိမ့်မယ်လို့ ကိုယ် မထင်ဘူး၊ မင်း ညီမလေးအတွက် အတတ်နိုင်ဆုံး ပေးဆပ်ပြီးပါပြီ၊ တော်လောက်ပြီလို့ ကိုယ် ထင်တယ် "

www.burmeseclassic.com

နေခဲ့ပါ . . . လို့ သူက မပြောပဲ . . . ကျွန်တော့်ကို ထားရစ်ခဲ့သည်။ ရေတမာပင်ပုကလေးအောက်မှာ ခြေစုံရပ်ရင်း ဗိုလ်ချုပ်လမ်းမပေါ်က ကားများစွာကို ကြောင်အမ်းငေးမောနေဖြစ်၏။

နောက်ထပ် တွေ့ဝေစရာ မရှိတော့။

ကျွန်တော့် တွေဝေမွန်းကျပ်မှုတွေကို ဖောက်ခွဲပစ်ခဲ့သူက နွေးကိုယ်တိုင်ပင်ဖြစ်သည်။

❖❖❖

www.burmeseclassic.com

နန္ဒာလေးသည် ဆေးရောင်မဲ့သော နှုတ်ခမ်းများက နေကြာစေ့ကို တဖောက်ဖောက် ကိုက်နေရင်း . . .

"ခုတလော သိပ်မရှင်သလိုပဲ နော်"

တဲ့။ ကျွန်တော့်ကို ရည်စူးပြောသည် ထင်၏။ ကျွန်တော်ကတော့ မျိုးစန္ဒီကျော်ရဲ့ အဝါရောင်မျက်နှာနှင့် နေကြာစေ့ထုပ်လေးကို ငေးကြည့်နေမိသည်။ နန္ဒာက နေကြာစေ့ သိပ်ကြိုက်သည်။ နေကြာစေ့က သွေးအားနည်း စေသတဲ့။ သည်လိုကြားဖူးတာ မှန်သလား မှားသလား သေချာ မသိ။ ဒါပေမယ့် နန္ဒာလေးမှာ ဘာရောဂါမှ ရှိပုံမပေါ်ပါ။ နွေးကတော့ နေကြာစေ့ဆို လုံးဝ မကြိုက်။နွေးရဲ့မျက်နှာလေးမှာ အမြဲ သွေးရောင်လွှမ်းနေတာ . . .

ဒါပေမယ့် . . . နွေးရယ် . . .

ဘယ်လိုများ ဖြစ်ရတာပါလိမ့်။

"နှုတ်ခမ်းဆိုးတာ မကြိုက်ဘူး"

ဟု ကျွန်တော် ပြောထားတော့ နန္ဒာက . . . ဆေးရောင်မဲ့သော နှုတ်ခမ်းဖြူလျော်လျော်လေးနှင့် ဖြစ်နေသည်။ နွေးရဲ့ နှုတ်ခမ်းတွေကတော့ အမြဲ သွေးရောင်စိုနေတတ်တာ၊ နှုတ်ခမ်း

www.burmeseclassic.com

ဆိုးဆေးရဲ့ ဓာတုပစ္စည်းတွေ မထိခိုက်ခဲ့လို့ ဖြစ်မှာ။ နန္ဒာကတော့ နှုတ်ခမ်းဆိုးနေကျမို့ ခုလို နှုတ်ခမ်းမဆိုးပဲ နေသည့်အခါ . . . နှုတ်ခမ်းသားတွေက တင်းရင်းနီစွေးမနေပဲ ကြည့်မကောင်းလှချေ။

"ဘောလုံးသမား ဆိုတော့ ကွင်းထဲမသွားရရင် ဘောလုံးနဲ့မှ မထိရရင် . . . နေလို့ မရဘူးထင်တယ် နော်"

"အင်း"

ကျွန်တော် ရေပြင်ကိုသာ ငေးနေမိသည်။ ပြန်ပြောဖို့စကား မသွက်။ စေ့စပ်ခြင်းကို ဖျက်သိမ်းပြီးသည့်အခါ ကျွန်တော် နန္ဒာကို စကားများစွာ ပြောနိုင်လိမ့်မည်ဟု ထင်ပေမယ့် တကယ်တမ်းကျ တော့ ပိုပြီး နှုတ်ဆိတ်ခဲ့သည်။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်သည် အပြီး ကွယ်ပျောက်ခဲ့ပြီလား ကျွန်တော်မသိ။

ကျွန်တော့်နံဘေးက မိန်းကလေး၏ လက်ဖဝါးကို ကိုင်ဆုပ်လျက် ဘယ်လို ခရီးမျိုးမဆို အတူတူ ဆက်ကြမည်ဟု ကျွန်တော် တစ်ခါမျှ အိပ်မက် မမက်ဘူးခဲ့။

နန္ဒာလေးရဲ့နှုတ်ခမ်းလှလှတွေ ချိုမြကြောင်း၊ ပါးပြင်လေးတွေ နူးညံ့မွှေးမြကြောင်း၊ လည်တိုင်အစပ်က ရေမွှေးတံဆိပ်အကြောင်း ကျွန်တော်သိကျွမ်း မြည်းစမ်းခွင့်ရဖူးလည်း . . . သည့်ထက်မက ကျွမ်းဝင်ရင်းနှီးလည်း. . . သည့်ထက်မက ရင်ခုန်ဖြစ်ခဲ့ပေမယ့်လည်း . . . ကျွန်တော့် မျှော်လင့်ချက်တွေမှာ နန္ဒာ မပါဝင်ချေ။

---

"ဟိတ် . . . ဘယ်လို ဖြစ်နေတာလဲ အေးစက်စက် . . . နဲ့"

နန္ဒာက ပခုံးစွန်းနှင့် တွန်းတိုက် မေးသည်။

"နန္ဒာ"

"ရှင့်"

"ကျွန်တော် အက်ဆီဒင့်ဖြစ်ပြီး အိပ်ရာထဲလဲတဲ့ . . . ဒါမှမဟုတ် ခြေထောက်တွေ မလှုပ်ရှားနိုင်တဲ့ လူမျိုး ဖြစ်သွားရင်. . နန္ဒာ ကျွန်တော့်အပေါ် ပြောင်းလဲသွားမှာ မဟုတ်လား"

ပြောင်းလဲသွားမှာလား. . . ဟူ၍ပင် မမေးဖြစ်တော့။ ပြောင်းလဲသွားမှာ ဟူသော သေချာသည့် အတွေးက ဘယ်က ရောက်လာတာပါလိမ့်။

"ဘာကို ပြောင်းလဲရမှာလဲ၊ ကျွန်မရဲ့ အချစ်လား"

"ဟုတ်တယ်လေ . . . နာတာရှည် ရောဂါသည်တစ်ယောက်နဲ့တစ်သက်လုံး အတူနေဖို့ဆိုတာ တွေးကြည့်ရင်တောင် ရှုံ့ချင်စရာ ကောင်းတယ် မဟုတ်လား"

"ဒါတော့ . . . ဒါပေါ့ . . . ဒါပေမယ့် . . . အချစ်ဆိုတာ အဲလောက် အထင်သေးစရာ မဟုတ်ပါဘူးနော်"

နန္ဒာ့စကားက ဘာကို ဆိုလိုသည် မသိ။ ကန်ထဲမှာ ဒိုက်တွေ မျော်တွေ ဆယ်နေသည့် အဖွဲ့တွေက ပိုက်တွေကိုဆွဲပြီး ကမ်းပေါ်တက်လာကြသည်။ နောက်တော့ . . . ကျွန်တော်တို့

နှစ်ယောက် ကို ကွက်ကြည့် ကွက်ကြည့်ဖြင့် လျှောက်သွားကြ၏။ နန္ဒာက နေကြာစေ့ စားမပျက်။

စကားတွေထဲ ခဏ လွင့်ပြေးပြီး . . . ခုချိန်ဆို နွေးသက်သာပြီလား၊ ဆေးရုံမှာလား၊ အိမ်မှာလား . . . ဆိုတာကို တွေးကြည့်နေသည်။ မှောင်ရိပ်ကျနေသော လှေကားထစ်ကလေး၏ပင့်သက်ရှိုက်သံများကို ပြန်သတိရသည်။ သတိရခြင်း သက်သက်လား. . . အလွမ်းတွေပျော်ဝင်သေးလား ဆိုတာကိုတော့ ကျွန်တော်ကိုယ်တိုင် သေချာမသိ။

သေချာတာ တစ်ခုက . . .

တစ်နေ့နေ့မှာ ကျွန်တော် အိမ်သူတစ်ယောက်လိုလာမည် ဆိုပါတော့။

ကျွန်တော် မိန်းမတစ်ယောက်ကို လက်ထပ်ဖြစ်လိမ့်မည်။ သို့ပေမယ့် အဲသည် မိန်းမသည်း ဘယ်တော့မှ နွေးနွေးနေခြည် မဖြစ်နိုင်တော့။

အော့အန်ချင်စရာ ကောင်းသော သွေးရည်အိတ်တွေကို မမြင်ရတော့။ ဖြူလျော် ရှုံ့တွနေသော နှုတ်ခမ်းများကို (အားပေး ရုံသက်သက်ဖြစ်စေ) ပါးပြင်မှာ မထိကပ်ရတော့ . . .။

အိုဗာတင်း ဖျော်ပေးရတာတွေ၊ ကြက်ပေါင်းရည်ခွံ့တိုက်ရ တာတွေ၊ ဖျော့တော့စွာ အသက်ရှူနေသည့် ခန္ဓာကိုယ်တစ်ခုအနားမှာ တစ်ညလုံး မအိပ်ပဲ စောင့်ရတာတွေ။

[နွေး မရှိတော့တဲ့ အချိန်မှာ လင်းအတွက် . . . နွေးနဲ့ပတ်သက်တဲ့ အမှတ်ရစရာ တစ်ခုခုတော့ ကျန်ရစ်စေချင်တယ်]

အမှတ်ရစရာတွေက တစ်ခုမကပါဘူး နွေးရယ် . . .

အများကြီး . . . အများကြီး ကျန်ရစ်မှာပါ။

"ကျွန်မကတော့ ကိုလင်းသန့်ရဲ့ ဘဝကိုရော၊ ပျော်ရွှင်မှုကို ရော၊ စိတ်ညစ်စရာတွေရော . . . သုခ ဒုက္ခ အားလုံးကို ခွဲဝေယူ ရမယ်ဆိုရင် ယူချင်ပါတယ် နော်၊ ဘဝရဲ့ အဖော်ဆိုတာက အကောင်းအဆိုး အားလုံးကို မျှယူခံစားရမှာပဲ မဟုတ်လား၊

သာယာနေတဲ့ အချိန်မှာတော့ သုခကို အတူ မျှယူချင်ပြီး မုန်တိုင်းထန်တဲ့ အချိန်ကျမှ ဒုက္ခကို မယူချင်ရင် ဘယ်လိုလုပ်ပြီး အဖော်ကောင်း ဖြစ်တော့မှာလဲ"

"ဟုတ်တယ်"

အသံကျယ်ကျယ် အော်မိသည် ထင်ပါရဲ့။

နန္ဒာလေးက မျက်လုံးဝိုင်းဝိုင်းဖြင့် ကျွန်တော့်ကို ကြည့်သည်။ အဲသည် အကြည့်မှာ ရင်တွေခုန်လာပြန်၏။ သို့ပေမယ့် နှလုံးအိမ် မှာ ထင်သော အရိပ်သည့် နှုတ်ခမ်းဆိုးဆေး အမြဲဆိုးတတ်သည့် နန္ဒာ မဟုတ်။

ကျွန်တော်ဟာ နွေးအတွက် အဖော်ကောင်း တစ်ယောက် မဟုတ်ခဲ့ဘူးနော်။

---

"ကျွန်တော်ဟာ နန္ဒာ့အတွက် အဖော်ကောင်းတစ်ယောက် ဖြစ်နိုင်မယ်လို့ မထင်ဘူး နန္ဒာ၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော်ဟာ ရှောင်ပြေးတတ်သူ တစ်ယောက်လည်း ဖြစ်နိုင်တယ်၊ တစ်ကိုယ်ကောင်းဆန် တဲ့သူလည်း ဖြစ်နိုင် တယ်၊ လိမ်ညာ ဟန်ဆောင်တတ်တဲ့ သူလည်း ဖြစ်နိုင်တယ် . .

ကျွန်တော့်ကို ချစ်တဲ့ မိန်းကလေးတွေအတွက် ကျွန်တော် ကတော့ အလကားပဲ၊ နောက်ဆုံးသစ္စာမဲ့တဲ့သူတောင်ဖြစ် ရင် ဖြစ်နိုင်တယ်"

ကျွန်တော့် ညည်းတွားသံကို နန္ဒာက ခပ်ကြောင်ကြောင် မျက်လုံးများဖြင့် စူးစိုက် ငေးကြည့်နေလေသည်။ ကျွန်တော်က အကျီအိတ်ထဲက စာရွက်ခေါက်လေးကိုထုတ်ပြီး နန္ဒာ့ လက်ထဲ ထည့်ပေးလိုက်သည်။ စက်ဆုပ်ရွံရှာသည့်စိတ်သည် ခြေဖျားက ငယ်ထိပ်အထိ အဆိပ်ပျံ့သကဲ့သို့ ပျံ့နှံ့လေ၏


"တကယ်တော့ ကျွန်တော်က ကျွန်တော့်ရည်းစား သေမယ့် နေ့ကို တစ်ချိန်လုံး ထိုင်စောင့်နေတာဗျ"

ခပ်အက်အက် ရယ်မောသံသည် အုန်းလက်တွေကြားထဲ တိုးဝှေ့လျက် ကောင်းကင်ဆီ တက်သွား၏။ ကောင်းကင်မှာ ချက်ချင်းညို့မှိုင်း အက်ကွဲလာသလို ထင်မိသည်။ နန္ဒာ့ဆီက မေးခွန်း တွေ မလာခင်မှာ ကျွန်တော် နန္ဒာ့အနားက ခွာဖြစ်သည်။

❖❖❖

# အပိုင်း (၈)

www.burmeseclassic.com



လင်း ရေ . . .

မျက်လုံးတွေထဲ အရိပ်တွေ ရေးရေးပဲ ထင်တယ်။

မောလိုက်တာ . . .

ဟော . . . နှာခေါင်းမှာ ပိုက်ကြီး တပ်ထားသားပဲ ဆိုပြီး . . .

ရင်ဘတ်ထဲက ရှိုက်ရှိုက်ပြီး ရှုရတော့ . . . ရင်ဘတ် တစ်ခုလုံး လည်း အောင့်နေတာပဲ။ ဘာမှမရှိတဲ့ ဟင်းလင်းပြင်ထဲ ထွက်ပြေး သွားလိုက်ချင်တယ် . . .

ရောက်ရတော့မှာ ထင်ပါရဲ့လေ . . .

ဒါပေမယ့် လင်းကို မြင်ရချင်သေးတယ် . . . ။

လူအုပ်တွေ အများကြီးကြားထဲကနေ လင်းကို မြင် နေရတယ်။ လင်းကအကျႌအနီ . . . ဘောင်းဘီ အဖြူ အနက်ကြား နဲ့။ လင်းရဲ့ နံပါတ်ကတော့ ကိုးလား ခြောက်လား . . . ။ ဘောလုံး

www.burmeseclassic.com

ကို လိမ်ခေါက်ပြီး ပြေးသွားလိုက်တာ။ လင်းကိုကြည့်ရင်း နွေးမောလာသည်။ အနားမှာ ခေါ်သံလေးကြားတယ်။“သမီး”. . . တဲ့ ‘ညီမလေး’ တဲ့။ ‘နွေး’ဆိုတဲ့ . . . နားနားကပ်ခေါ်တဲ့ အသံမျိုးတော့ မဟုတ်ဘူးနော်။

ဩော် . . . လင်းမှ ရောက်မလာတော့ပဲ။

လင်းဟာ ငှက်ကလေးပဲ။ ငှက်ကလေးကို တောင်ပံလေးတွေ တပ်ပေးလိုက်ပြီ။

လင်း ပျော်မှာပါ နော်။

တို့ကတော့ နောက်ကြောင်းပြန်လှည့်သွားတတ်တဲ့ ရထားလေးတစ်စင်း. . .။ဘူတာစဉ်တစ်ခုမှာရပ် . . . အတိတ်ကို ပြန်ကြည့် . . .

ဟော . . . လင်း . . . ရယ်လေ . . .

အေပရယ်ရ်ရဲ့ ရှေ့မှာ . . . ဆိုင်ကယ်လေး ဒေါက်ထောက်ရပ်လို့။ နွေးကို ခပ်စိမ်းစိမ်း စိုက်ကြည့်လို့ . . .။

နောက်တော့ လာလည်လို့ ရမလား . . . တဲ့။

နောက်ထပ်ဘူတာတစ်ခု ရောက်တော့ . . . သင်္ကြန်မှာ လင်းနဲ့ လည်ရတာလေ။ လင်းတို့အဖွဲ့တွေက ကားနောက်မှာ တစ်ပြုံကြီး။ လင်းက အသည်းပိုပြီး နွေးကို ရင်ခွင်ထဲ အတင်းဝှက်ထားတော့ အသက်ရှုကျပ်တာပေါ့။

အသက်ရှုရ ခက်လိုက်တာ လင်းရယ် . . .

---

လွှတ်စမ်းပါဦး . . . မွန်းတယ် . . . မွန်းပြီး ကျပ်နေတယ်။ ရေနစ်နေသလိုပဲ။

"ဘီပီ ကိုင်းစမ်း"

"နှလုံးကို ညှစ်ပေး ဆက်ညှစ်ပေး"

"ပရက်ရှာ တအား ထိုးကျနေပြီ"

"ဆော်လျူ ကော့တက် အင်ဂျက်ရှင်း"

ဘာတွေလဲ ကွယ် . . .

သိပ် မဆူကြနဲ့ . . .

စကားသံ တိုးတိုးကတောင် ကျွန်မရဲ့နှလုံးကို ထိတိုက် တိုးဝှေ့သွားရသလိုပဲ မောပန်းစေတယ်။

"သမီးလေး . . . ဘုရား တရား သံဃာကို အာရုံပြု ရွှေတိဂုံစေတီတော်ကြီးကို အာရုံထဲမှာ မြင်အောင်ဖူးနော်"

"သမီးရဲ့ ရှေ့အထက်တည့်တည့် နံရံမှာ . . . ရွှေတိဂုံစေတီတော်ကြီး ရှိနေတယ်၊ သမီး ဖူးလိုက် . . . အားရပါးရ ဖူးလိုက်"

ရွှေတိဂုံ စေတီတော် . . .

ဟုတ်တယ် . . .

ရွှေရောင်တွေ ဝင်းလဲ့ လွှမ်းခြုံနေတဲ့ ရွှေတိဂုံစေတီတော်ကြီး . . .

ဘုရားဖူး ပရိသတ်တွေ ရင်ပြင်တော်ပေါ်မှာ ပြည့်

www.burmeseclassic.com

ညက်လို့၊ တန်ဆောင်းတွေလည်း စေတီတော်ကြီးရဲ့ ဖြန့်ကျက်တဲ့ ကျက်သရေနဲ့ ရွှေရောင်တွေတဖိတ်ဖိတ်လက်လို့ . . . လက်မှုအနုပညာတွေက နေရာတိုင်းမှာ . . .

ကြည်နူးလိုက်တာ . . .

စိတ်ထဲ ချမ်းမြေ့လိုက်တာ . . .

ဒါပေမယ့် လာကို့စ် စပို့ရှပ်ပေါ် ဂျင်း(န်)ပြာရင့်ရင့် ဝေ့စ်ကုတ်လေးထပ်လို့ . . . **GORDIANA** ဘောင်းဘီ ညိုညိုလေးနဲ့ လင်းကို မြင်လာရပြန်တယ်။ ပြီးတော့ ပြန်မမြင်ချင်တဲ့ လင်းရဲ့နံဘေးက ဆေးရောင်စုံ မျက်နှာဖူးဖူးလေး . . .

[ကျွန်တော် . . . အိမ်မှာရှိနေတာပဲ]. . . တဲ့။

အဲဒီ စကားက ကျွန်မရဲ့ နောက်ဆုံးတောင့်ခံထားတဲ့ အင်အားတွေ အားလုံးကို ဆုံးရှုံးစေခဲ့တာပါ . . . လင်းရယ်။

ကျွန်မ အမြဲ ယုံကြည်မြတ်နိုးခဲ့တဲ့ လင်းကို ဆုံးရှုံးလိုက်ရပြီလို့ နားလည်လိုက်မိတဲ့ ကျွန်မရဲ့ ခံစားချက်ကို လင်းကိုယ်ချင်းစာနိုင် မှာ မဟုတ်ပါဘူး။ ကျွန်မ နှမြောမိတာက လင်းကိုမဟုတ်ဘူး။ ကျွန်မ လေးစားမိတဲ့ . . . ကျွန်မ အမြဲ အထင်ကြီးခဲ့ရတဲ့ လင်းရဲ့ တည်ကြည်ခိုင်မတ်တဲ့ ယောကျ်ားပီသမှု . . .။

အေးလေ . . . ကျွန်မဟာ ကိုယ့်ဘက်ချည်း ဆွဲတွေးတတ်တဲ့ တစ်ကိုယ်ကောင်းသမား ဖြစ်မှာပါ။

လင်းဟာ ကွန်ပျူတာထဲကထွက်လာတဲ့ စံပြ . . .

ယောက်ျား ရုပ်မှ မဟုတ်ပဲ နော်။

လင်းမှာ ကျန်းမာတဲ့ အသွေးအသား ခန္ဓာကိုယ်ဖွံ့ စည်းပုံ နဲ့ . . . လိုအပ်ချက်တွေ မျှော်လင့်ချက်တွေနဲ့။

လင်း . . .

တို့ . . . လင်းကို မုန်းလည်းမမုန်း၊ နာလည်း မနာ ကြည်းခဲ့ပါဘူးကွယ်။

အဆိုးဆုံး အပြစ်ကတော့ မမေ့နိုင်တာပဲ။

နွေးနွေးနေခြည်နဲ့ လင်းသန့်ကို ခွဲပြီး တို့တစ်ခါမှ မမြင် မကြည့်နိုင်ခဲ့ဘူး။

လင်း . . .

လင်းရဲ့ လက်ဖဝါးလေးတစ်ဖက် . . . ဘယ်မှာလဲ။

❖❖❖

နောက်ဆုံးချိန်တွေမှာ ကျွန်မရဲ့ သတိ မချွတ်ယွင်းနိုင်သည်က အတော်ကို ဆိုးရွားပါသည်။ သည့်ထက်ပိုပြီး ဆိုးရွားသည်ကတော့ ကျွန်မအပါးမှာ ရှိနေကြသည့် မိသားစုတွေထက် ပိုပြီးလင်းကို တမ်းတမိခြင်းပင်။

လင်းနှင့် ကျွန်မဝေးနေတာ . . . ဘယ်လောက်များကြာပါလိမ့်။

ကျွန်မအထင်တော့ ရက်တွေ လတွေ နှစ်တွေ အကြာကြီး ကြာပြီဟုပင် အောက်မေ့မိသည်။ ကျွန်မကိုယ်တိုင်က ကျွန်မတို့ နှစ်ဦးသားကြား နှောင်ကြိုးတွေကို ဖြည်ပစ်ခဲ့ပြီးနောက်ပိုင်းမှာ လင်းရဲ့အရိပ်မှန်သမျှကို ခပ်ဝေးဝေးသို့ ပို့ပစ်ခဲ့သည်။ လင်းရဲ့ ဓာတ်ပုံတွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းတွေ အလွမ်းပြေစာ အတိုအစတွေ၊ ပြီးတော့ . . . အကောင်းဆုံး ဘောလုံးသမားဆုတံဆိပ် . . . အဲသည် ပစ္စည်းတွေအားလုံးကို မေမေ ဘယ်နေရာပို့ပစ်လိုက်သည်ဆိုတာ ကျွန်မ မသိပါ။ အမှိုက်ပုံထဲ ရောက်မသွားပါစေနဲ့ . . . လို့ ဆုတောင်းခဲ့မိသေးတာတော့ ကျွန်မရင်ထဲက လျှို့ဝှက်သော မပြတ်သားနိုင်မှုပင် ဖြစ်သည်။

---

ထို့နောက်မှာတော့ ကျွန်မ လင်းကို မေ့ဖျောက်ဖို့ စတင်ကြိုး စားလေသည်။ စာအုပ်တွေ၊ သော့တွဲတွေ၊ လက်သည်း ညှပ်လို ပစ္စည်းတွေကို နေရာအထားမှားပြီး မကြာခဏ မေ့လျော့ တတ်သည့် ကျွန်မ . . . ငယ်ငယ်က သူငယ်ချင်းတွေကို လမ်းမှာ ပြန်တွေ့လျှင် နာမည်မေ့လျော့တတ်သည့် ကျွန်မက လင်းကိုကျ တော့ စက္ကန့်ပိုင်းမျှပင် မေ့မရတာ အံ့ဩစရာနော်။

"ညီမလေး . . . စိတ်တွေကို အပင်ပန်းမခံပါနဲ့၊ တစ်ယောက် တည်း ဇွတ်ကျိတ်မှိတ်ပြီး ခံစားမနေပါနဲ့၊ နင် ကြာရင် ပိုဆိုးမယ်၊ လင်းသန့်ဟာ နင့်ကို ဒီနေ့လက်ထပ်မယ် ပြောရင် ချက်ချင်း လက်ထပ်မယ့် လူမျိုးပါ"

တဲ့။ ကိုကိုက ကျွန်မရဲ့ ရင်ထဲကို မြင်နေသည်။

ဟုတ်တယ် နော်။

လင်းဟာ . . . ကျွန်မက တောင်းဆိုရင် လက်ထပ် မှာပဲ။ ပြီးရင် ကျွန်မကို ပိုးကောင်လေး မွေးသလို ဂရုစိုက် အရိပ် ကြည့် ဟန်ဆောင်နေဦးမှာပဲ။ သစ္စာဆိုတဲ့ ကြိုးကို လင်းက ဘယ် လိုသဘောပေါက်သည်လဲ မသိ။

ပြီးတော့လင်းဟာ . . . နာတာရှည်ဇနီးသည်ကို အိမ် မှာ ထားပြီး ဘောလုံးကွင်းထဲမှာ၊ စားသောက်ဆိုင်တွေမှာ၊ ဗိုလ်ချုပ် ဈေးထဲမှာ၊ ဘုရားရင်ပြင်တော်ပေါ်မှာ . . . ။

ဒါတွေဟာ သဘာဝတရားတွေပဲလို့ ကျွန်မက ဖြေ

www.burmeseclassic.com

သိမ့်ရဦးမည်။ ဇနီးသည်ကမှ သူလိုအပ်သမျှ ဖြည့်ဆည်းမပေးနိုင်ပဲ လို့ . . . အားနာ ရဦးမည်။ ဒါပေမယ့် . . . လင်းရဲ့စိတ်ကို ကျွန်မက မပိုင်နိုင်။ လင်းကို မေ့ချင်သည့် ကျွန်မရဲ့စိတ်ကိုပင် ကျွန်မက မစေစားနိုင်ပါပဲ . . .

လင်းအပေါ် မတရားသဖြင့် ချုပ်နှောင်မထားချင်ပါဘူးကွယ်။

"လင်း . . . လက်ထပ် သွားပြီလား"

လို့ ကျွန်မ စိတ်ထဲက မကြာခဏ မေးဖြစ်ခဲ့သည်။ ထို့နောက်မှာတော့ . . . ကျွန်မသည် သွေးပုလင်း၊ သွေးပိုက်များ၊ အောက်ဆီဂျင် ပိုက်များနှင့် ဝေးကွာနေ၍ မရသော အတွင်းလူနာအဖြစ်သို့ ပြောင်းလဲခဲ့ရတော့သည်။

အို . . .

လင်းဘယ်လောက်များ ပျော်ရွှင်လိုက်မလဲ။

လှေကားက တစ်လှမ်းချင်း တက်လာသည့် လေးကန် လှသည့် ခြေသံတစ်စုံကို ကျွန်မ စိတ်မော မျှော်လင့်စောင့်ကြိုရသည့် နေ့တွေကို လွန်ခဲ့ပြီ။ ခုတော့ ကျွန်မသည်လင်းကို ချစ်သည့် အချစ် သက်သက်သာ ရှိနေပြီး ပိုင်ဆိုင်လိုသည့်လောဘတွေ၊ ဆုံးရှုံးရမည့် သောကတွေ၊ ဝန်တိုစိတ်တွေ၊ မီးလျှံတွေ မရှိတော့။

ကျွန်မ . . . လင်းကိုအမှန်တကယ် ချစ်မြတ်နိုးခဲ့တာပါလား။

---

ခုတော့ . . .

မေ့ဖို့လည်း မကြိုးစားချင်တော့ပါဘူး လင်းရယ်။

ကျွန်မရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲမှာ လင်းရဲ့လက်ဖဝါး တစ်ဖက် . . .

ကြမ်းတမ်းပေမယ့် . . . နွေးထွေးလုံခြုံတဲ့ လက်ဖဝါး တစ်ဖက်နဲ့ ကျွန်မကို နှုတ်ဆက်လှည့် . . .

ဟော . . . ဟိုမှာ မှောင်မိုက်ပြီး အဆုံးအစမဲ့တဲ့ ဟင်းလင်းပြင် . . .

ကျွန်မ လွင့်သွားတော့မယ် လင်း . . .

ကျွန်မကို ဖမ်းဆုပ်ထားပါ . . .

ကြောက်တယ် . . .

သိပ်ကြောက်တယ် . . .

ကျွန်မ တစ်ယောက်တည်း မသွားရဲဘူး လင်းရယ်။

❖❖❖

နှလုံးဆီက ဆို့ကျပ်မှုသည် တစ်စထက်တစ်စ ပြင်းထန်လာနေတော့သည်။ အသက်ရှူရခက်သည့် ဝေဒနာမျိုးကို . . . ကိုယ်ချင်းစာပေးဖို့ဆိုတာ သိပ်မလွယ်ကူပါ။ နှာခေါင်းမှာတေ့ထားသည့် အောက်ဆီဂျင်ပိုက်က အောက်ဆီဂျင်ကို မှန်မှန်ထုတ်ပေးနေပါလျက် ကျွန်မ အသက်ရှူသွင်းရာ ပြွန်လမ်းကြောင်းတွေက ပိတ်ဆို့နေလေပြီလား မသိ။

ဘုရား . . . ဘုရား . . .

ပင်ပန်းလှပါလား။

ရင်ဘတ်ဆီမှာ တစ်ခုခုနှင့် တင်းတင်းကျပ်ကျပ်စည်းနှောင် ခံထားရသလို ထင်မိသည်။ ခန္ဓာကိုယ်ပေါ်မှာ ရှိသမျှဆွဲထုတ်ခွာ ပစ်ချင်သည်။ ရင်ကိုဖွင့်ပြီး တအားကုန်ရှိုက်ငင်ပေမယ့် ခပ်ပါးပါး လေအမျှင်တန်းကလေးပင် မဝင်နိုင်တော့ဘူးထင်သည်။ ကျွန်မ ခန္ဓာကိုယ်ထဲ ဘာတွေများ ပိတ်ဆို့နေပါလိမ့်။

အရေးမကြီးဘူး။

သိပ် မပင်ပန်းပဲ . . .

သည်လောက် မပင်ပန်းပဲ ကျွန်မ လျှောက်သွားလို့

ရမယ့်လမ်း မရှိတော့ဘူးလား။

ဆက်တိုက်ရှိုက်ငင်နေရင်းပဲ နှလုံးအိမ်က တဖြည်းဖြည်း ငြိမ်သက်သွားသည်။ တစ်နေရာမှာ ဆစ်ခနဲ နာကျင်သွားသလိုလို။

နောက်ထပ် ဆော်လျှူကော့တက်လား . . .

တော်ပါတော့ကွယ် . . .

မျက်ခွံတွေ လေးပင်သည့်ကြားက . . . ဖွင့်ကြည့်မိသည်။ အိပ်ချင်စိတ်လိုလိုပင်။ တစ်ကိုယ်လုံး လေးလေးလံလံဖြစ်လာသည်။ ကျွန်မသည် ရပ်တန့်နေသည့်အရိပ်တွေကို မြင်ရ၏။ အရိပ်တွေက အနည်းငယ် မှောင်နေသည်။ နောက်တဖြည်းဖြည်း လင်းလာလိုက် ပြန် မှိန်ကျသွားလိုက် . . .။

ကျွန်မ အနားမှာ အားလုံးရှိနေသည် ထင်ပါရဲ့။

လင်းက လွဲလို့ပေါ့။

ကျွန်မရှေ့က ဟင်းလင်းပြင်သည် ကျွန်မ အိပ်မက်တွေထဲမှာ ထိတွေ့ ခံစားဖူးသည့်အတိုင်းပင် ပိန်းပိတ်အောင် မှောင်လျက် ရှိ၏။ အဲသည် ဟင်းလင်းပြင် အမှောင်ထုမှာ ကျွန်မ ဘာကိုမှ မမြင်ရ။

ကျွန်မလက်တွေကို မြှောက်ကြည့်ပေမယ့် မတွေ့ရ။

ကျွန်မ အနားမှာ တစ်ယောက်ယောက် ရှိနေသ

လား။

ဘယ်သူမှ မရှိတော့ဘူးလား။

ကျွန်မ ဘယ်လောက်ကြာကြာ အဲသည် အမှောင်ထုကို လျှောက်သွားရမှာလဲ။ အဲသည် အမှောင်ထုထဲမှာ နောက်ထပ် ဘယ်လို ချောက်ချားစရာတွေများ တွေ့နိုင်ဦးမလဲ။ ကျွန်မတစ်ယောက်တည်း. . . ကျွန်မတစ်ယောက်တည်း . . . ရင်ဆိုင်ရမှာနော်။

ဘာကိုမဆို . . . ကျွန်မ တစ်ယောက်တည်း . . .

အဖော် . . .

မှုန်ဝါးနေသည့် ပုံရိပ်တွေကြားထဲ ကျွန်မ . . . လင်းကို ရှာမိသည်။ ဖေဖေနှင့်မေမေ. . . ကိုကို . . သူတို့ကြားမှာ လင်းကို မြင်နိုင်မလားပေါ့။ တကယ်တော့ ကျွန်မ သူတို့ကိုပင် သဲသဲကွဲကွဲ မမြင်ရတော့ပါ။ ကျွန်မ အာရုံထဲမှာ အမှောင်ရိပ်သာ တဖြည်းဖြည်း လွှမ်းလာသည်။

ကျွန်မ လက်တွေကို ခါယမ်းနေမိသည်။ တစ်စုံတစ်ယောက် က ကျွန်မရဲ့ လက်ဖဝါး တစ်ဖက်ကို လှမ်းဆုပ်သည်။

ခပ်ကြမ်းကြမ်း ရှတတနှင့် နွေးထွေးသည့်အတွေ့။

ကြီးမားကျယ်ပြန့်သည့် လက်ဖဝါးနှင့် လက်ချောင်းရှည်ရှည် တွေ . . .

လင်း . . .

— — — — — — — — — — — — — — — — — — — —

**စေတနာစာပေ**

ဒါဟာ . . . လင်း ပဲပေါ့။

လင်း . . . ရောက်လာတယ်ပေါ့ နော် . . .

"နွေး"

ဘယ်မျှတိုးတိမ်သည် ဖြစ်စေ . . . အဲသည် ခေါ်သံကို ကျွန်မကြားရသည်။ လင်းရဲ့ လက်ဖဝါးထဲ ကျွန်မ ရှိသမျှ အင်အားဖြင့် အားကုန်ဖျစ်ညှစ် ဆုပ်ထားမိလျက် . . . လင်း. . . လင်း. . . ဟု ရင်ထဲမှာ ပြည့်သိပ်နေအောင် ခေါ်မိသည်။ ကျွန်မ လက်ဖဝါး တစ်ပြင်လုံး ချွေးစေးဖြင့် စိုကပ်စေးထန်းနေ၏။

အဲသည် လက်ဖဝါးပြင်ကို ကျွန်မ တမ်းတခဲ့ရတာ။

လင်းဟာ . . . ကျွန်မရဲ့ အဖော် . . .

လင်းဟာ ကျွန်မရဲ့ အင်အား . . .

"နွေး ကိုယ်ရှိနေတယ်၊ နွေးရဲ့အနားမှာ ကိုယ် အမြဲရှိနေမယ်၊ ဘယ်တော့မှ မခွဲဘူးနော်"

တကယ်လား လင်းရယ်။

ဘယ်အထိလဲ . . . ဘယ်လောက်ထိ အနားမှာ ရှိနေပေးနိုင်မှာလဲ။

ဟော . . .

လေတွေ ကြမ်းလာပြီ။ ကြမ်းလိုက်တာမှ ဟောဟော ဟဲဟဲနှင့် အသံတွေ မြည်ဟီးလို့ . . .

လင်း . . . ကျွန်မ လက်ကို တင်းတင်းဆုပ်ထားပါ

www.burmeseclassic.com

နော်။ ကျွန်မ လွင့်သွားတော့မယ်။

လင်းရဲ့ လက်ဖဝါးကို ဆုပ်ထားမိသည့် လက်တွေက အင်အားတွေ ကုန်ခန်းဖျော့တော့ပြီ လျော့ပြေချင်လာသည်။ လင်းရဲ့ခေါ်သံ . . . ခေါ်သံတွေကို ကြားရသည်။

မေမေ့ ငိုရှိုက်သံ တိုးသဲ့သဲ့ . . . ။ ဖေဖေက . . .

"တရား နှလုံးသွင်း နော် သမီး"

တဲ့။ လင်းကတော့ ကျွန်မ လက်ဖဝါးကို တင်းနေအောင် ဆုပ်ဖျစ်ထားလေသည်။

အဲသည် အင်အားနှင့်ပဲ ကျွန်မ ရင်က ကြောက်စိတ် အတော်အတန် လွင့်ပြယ်လေသည်။

ဘယ်လိုပဲ ဖြစ်ဖြစ် . . .

လင်းနဲ့ ကျွန်မဟာ ချစ်သူတွေပဲ နော် . . .

အဖော် . . . ရယ်လို့ ခေါ်နိုင်မလား . . . လင်း . . .

လက်တွေ လွတ်ထွက်သွားတော့မယ်။ ကျွန်မတစ်ကိုယ်လုံး လွင့်နေပြီ။

ဆုပ်ထားပါ လင်းရဲ့ . . .

ကျွန်မရဲ့ လက်တွေကို ဆုပ်ထားပါ။

❖❖❖

www.burmeseclassic.com

အားကုန် ဆုပ်ဖျစ်ထားခဲ့သည့် လက်ချောင်းလေးတွေကို တစ်ချောင်းချင်းဖြုတ်ယူရသည်။ ကျွန်တော့် လက်ဖမိုးမှာ ဆုပ်ဖျစ်ထားသည့် နီမြန်းမြန်းအရာထင်ရစ်၏။ နွေးထွေးဆဲလက်ချောင်းကလေးတွေကို ဖြုတ်လိုက်လျှင် နွေးတစ်ယောက်တည်းအားငယ်ထိတ်လန့်ရှာလေမလားဟု ရင်ထဲနာကျင်စွာ တွေးမိသည့်ခဏ၌ အသက်မဲ့ပေမယ့် နူးညံ့ဆဲ လက်ဖမိုးပေါ် မျက်ရည်စက်တို့လွင့်ကျသည်။

ခွင့်လွှတ်ပါ နွေးရယ် . . .

ကိုယ်ဟာ နွေးအတွက် အဖော်ကောင်းတစ်ယောက် မဟုတ်ခဲ့ဘူး။

နွေးရဲ့ သက်မဲ့ခန္ဓာနံဘေးမှာ လူမမြင်အောင် မျက်ရည် သိမ်းမိဆဲ . . . ကိုကိုက ကျွန်တော့်ပခုံးကို ခပ်ဖွဖွပုတ်လျက်

"ပြီးသွားပါပြီ"

တဲ့ . . . ။

ကျွန်တော်ဟာ ချစ်သူအတွက် မျက်ရည်တောင်ကျခွင့် မရှိခဲ့ဘူးပေါ့။

မျက်ရည်ကို သိမ်းဆည်းပြီး နွေးကို ကျွန်တော် ချန်ထားရစ်ခဲ့သည်။ နွေးသည် မဆုံးနိုင်သည့် ဟင်းလင်းပြင်ထဲ မျော

www.burmeseclassic.com

လွင့်ရင်း ဆုပ်ကိုင်တွယ်ဖက်ထားဖို့ လက်ဖဝါးတစ်ခုကို ရှာနေလေဦးမှာလား။ ကြောက်မက်ဖွယ် နောက်ဆုံး ကုန်သမျှအင်အားဖြင့် ကျွန်တော့်လက်ဖဝါးကို ဆုပ်ဖျစ်ထားသည့် တင်းကျပ်စုပ်ယူထားသော ခံစားမှုသည် အံ့သြဖွယ်ကောင်းလောက်အောင် ကျွန်တော့် နှလုံးသားထဲမှာ စွဲမြဲကျန်ရစ်၏။ အရေပြားပေါ်က နီမြန်းမြန်း ထင်ရစ်သော အမှတ်သညာသည် သိပ်မကြာခင်မှာ ပျောက်ကွယ်သွားနိုင်ပေမယ့် . . . နွေးရဲ့ နောက်ဆုံးအင်အားနှင့် မှီတွယ်အားကိုးခြင်းကတော့ ကျွန်တော့်တစ်သက်တာအတွက် မပျောက်ပျက်နိုင်သည့် အမှတ်သညာပင်ဖြစ်သည်။

❖❖❖

အဖော်ဆိုတာ . . .

ကောင်းခြင်း ဆိုးခြင်း လောကဓံကို

အတူမျှယူ ခံစားရဲဖို့ သတ္တိရှိရမယ် . . .


**ရှား**

**အဖော်**

**4th DECEMBER**

**TUESDAY**

---


www.burmeseclassic.com
ရှား